

အဘိဓမ္မာ ဆရာစိန်

အဘွဝါဒဒုဋ်

တာဝင်းသာ အဘိဓမ္မာ



ပင်းယစာပေတိုက်

ထုတ်ဝေသူ

ဦးသိန်းရွှေ (၀၁၁၇) မြ
ပင်းယစာပေတိုက်
၂၀၉-ဘားလမ်း၊ ရန်ကုန်။

ပုံနှိပ်သူ

ဦးအောင်ခင် (၀၃၄၅)
သိန်းသန်းပုံနှိပ်တိုက်
၇၇၉၊ ၅-ရပ်ကွက်
တောင်ညွန့်လာပ၊ ရန်ကုန်မြို့။

<u>မျက်နှာဖုံးပန်းချီ</u>

ထိပ်တာင်စော ရန်ကုန်။

နိဒါန်း

ဘူဇိဿတာ အပရာမဋ္ဌတာ။
ပရိပုဏ္ဏတာ အာဝဇ္ဇပသာဒ သဒ္ဓါ။ ။

ဘုံဘဝတို့ကို တပ်စွဲသော တဏှာဥပါဒါန်တရားတို့ ချုပ်ငြိမ်းအောင်လုပ်ကြ၊ ဘုံဘဝတို့ကို တပ်စွဲနေသော တဏှာ ဥပါဒါန်တို့၏လက်အောက်မှ လွတ်မြောက်အောင် ရုန်းထွက်ကြ၊ ကိုယ်နှုတ်နှလုံး သုံးပါးလုံးတို့ကို အစွဲဥပါဒါန်တရားတို့မှ ကင်းငြိမ်းအောင်လုပ်ကြ၊ ၎င်းအစွဲ ဥပါဒါန်တရားတို့မှ ကင်းငြိမ်း သွားရာသည် သာလျှင် နိဗ္ဗာန်ဟူ၍ မှတ်ကြကုန်လော့ ဟူသော ဗုဒ္ဓရှင်၏နှုတ်ခွန်းတော် မြွက်ချွေချက်ကို အခြေခံ၍ တဏှာဥပါဒါန်တရားတွင် အရင့်သန်ဆုံး အပြင်းထန်ဆုံး အကြီးမားဆုံး ဖြစ်သည့် ဘုံဘဝအစွဲအလန်းများကို ချုပ်ငြိမ်းကင်းစင်အောင် လုပ်နိုင်ကြရန် လူသားတို့အဘို့ အရေးကြီးလှပေသည်။

ဘာသာတရားကို လိုက်စားသူ တဦးတယောက်သည် ၎င်းအယူဝါဒ ယုံကြည် ဆည်းကပ် ကိုးကွယ်မှုကို လက်ခံကျင့်သုံးဆောက်တည်သူ တဦးတယောက်သည်၎င်း အဓိကအားဖြင့် မိမိအတွက် ဒုက္ခမှကင်းငြိမ်းရေး ချုပ်ရေး သုခချမ်းသာ ပျော်ရွှင်မှုကို လက်ခံရရှိရေးတို့ အတွက်သာလျှင် ဖြစ်ချေသည်မှာ မှန်ပေသည်။

သို့သော် အစွဲဥပါဒါန် တန်းလန်း ဘုံဘဝများအတွက် ရလိုသော အမျှော်တရားများ တန်းလန်း၊ ထိုအဖြစ် ဤအဖြစ် မိမိမနှစ်သက်ဘွယ်ရာသော အဖြစ်ဆိုးဘဝဆိုးများသို့ ကျရောက်ရမည်ကို စိုးရိမ်ကြောက်လန့်မှုကြီး တန်းလန်း၊ ဖြစ်မှဖြစ်ပါမည်

လော ရောက်မှ ရောက်ပါမည်လော ရမှရပါမည်လော စသည့် ဝိစိကိစ္ဆာကြီး တန်းလန်း များဖြင့် သို့မဟုတ် ဆင့်ကဲကြီးမား ထူပြော စေခြင်းအားဖြင့် ရည်မှန်းချက် ပန်းတိုင် ဖြစ်သော ဒုက္ခမှငြိမ်းရေး ဒုက္ခမှလွတ်မြောက်ရေး ချမ်းသာသုခ ရရောက် ရေးတို့ကိုမူ တွေးတောကြံဆ စည်းစားမိကြမည့်သူကား ရှားပါး ခြင်းကြီးမက ရှားပါးလှပေမည်၊ သို့စင်လျက်ပင် ဒုက္ခမှငြိမ်းလို သူ သုခလမ်းစခန်းသို့ ရရောက်လိုသူ အဘယ်လူသားတယောက် သည် ဗုဒ္ဓဂေါတမနှင့်ကျောယောခိုင်းလျက်လျှောက်မိလျက်သား ဖြစ်ကြရသည်မှာ ထူးဆန်းလှပြဿနာ မဟုတ်တော့ချေတကား--

အမှန်အားဖြင့် ဆိုသော် ဗုဒ္ဓဘုရားရှင်၏ လမ်းစဉ် မှန်သည် ကား ဘုံဘဝတို့ကို တပ်စဲနေခြင်း၊ တဏှာဥပါဒါန်တောထဲတွင် နစ်မုန်းနေခြင်းများမှ ဖယ်ခွါလျက် ဒုက္ခ၏ အဖြစ်သဘောကို ၎င်း၊ ဒုက္ခဖြစ်ခြင်း၏ အကြောင်းရင်းခံ သမုဒယကိုရှင်း၊ အမှန် မြင် အမှန်သိပြီးလျှင် ငြိမ်းချမ်းမှု နိဗ္ဗာန်အတွက် ငြိမ်းချမ်းလွတ် မြောက်ရာအမှန်ဖြစ်သည့် မဂ်လမ်းစဉ်ကို ဆတ်ဆတ်မသွေ ကျင့် သုံးရေးသာလျှင် ဖြစ်ပေသည်။

ကောင်းလှပေသည်၊ ဗုဒ္ဓရှင်၏ဝါဒလမ်းစဉ်နှင့် ကျိမည်ဟု ဆရာစိန် ရေးသားတင်ပြသည့် "အတ္တဝါဒနှင့် တာဝတိံသာ အာဘဓမ္မာ တို့သည် မည်သူ့ သကဆိုင်လေသနည်း၊ အဟုတ်တကယ်မူ မည်သို့မျှမသက်ဆိုင်ပါချေ၊ သို့သော် ထိုမသက်ဆိုင်သည့် အတ္တဝါဒနှင့် တာဝတိံသာ အာဘိဓမ္မာများသည် ယနေ့အများစု လက်ခံထားကြကုန်သော မိရိုးဖလာ ဗုဒ္ဓဘာသာ စာပေလောကများအတွင်း ရောထွေးယှက်တင် ပါဝင်လျက်ရှိယုံမျှမက အခိုကဖြစ်သော ဗုဒ္ဓဘုရားရှင်၏ ဒုက္ခ-သမုဒယ-မဂ္ဂ-နိဗ္ဗာန-သစ္စာ ၄

ပါး တရားမြတ်ကိုပင် ဖုံးအုပ်လွှမ်းမိုး ချယ်လှယ် ကြီးစိုးလျက် ရှိသည်များကို လေ့လာတွေ့ရှိရပေရာ ဤအချက်ကိုပင် ဆရာစိန်က အလေးအနက် ကိုင်တွယ်၍ ခဲထုတ်ရှင်းလင်း တင်ပြလိုက်ခြင်း ဖြစ်ပေသည်။

စတုသစ္စာ ဝိနိမုတ္တာ ဓမ္မာ နာမနတ္ထိ။

သစ္စာလေးပါး တရားမြတ်မှ တပါးသောတရားသည် မရှိဟူ အဆိုရှိသည့်အတိုင်း ဓမ္မတရားခွင်တွင် သစ္စာ ၄-ပါးဖြင့် ဘောင်ခပ်၍ ကြည့်လိုက်လျှင် ထိုမည်သော အစဉ်ပါဒါန် နယ်အတွင်းမှ တနည်းအားဖြင့်ဆိုရသော် တကယ်မရှိ အဟုတ်မရှိ ယုတ်ယုတ္တာ ဆင်၍ ထားကြကုန်သော ထိုထိုကာမ ဘဝ ဝိဘဝ တည်းဟူသော တဏှာဇာတ်လမ်းကြီးများ ဖြစ်ကြသည့် ဘုံဘဝအဆောက် အအုံတို့နှင့်တကွ ထိုအဆောက်အအုံတို့၏ အရှင်သခင် ဝိညာဉ် ပြဿနာများကို ဤစာအုပ်တွင် ဆရာစိန်က ရှင်းလင်းစွာ ၎ဖေါ် ထုတ်ပြသထားခြင်း ဖြစ်ပေသည်။

အကြောင်းကို အစိရင်ခံရသော် ဤကျမ်းစာအုပ်ကို စီရင် ရေးသားသူ ဆရာစိန်သည် သမ္မာဒိဋ္ဌိသုတေသနအဖွဲ့ချုပ် ဗဟို သဘာပတိအဖွဲ့ ပညာရေးကော်မီတီဝင် တဦးဖြစ်သည်၊ သမ္မာ ဒိဋ္ဌိသုတေသနအဖွဲ့၏ အဘိဓမ္မာရေး ဆွေးနွေးပွဲများတွင် အများ အားဖြင့် ဆရာစိန်သည် ဆွေးနွေးမှု၏ အခြေခံဖြစ်သော အဘိ ဓမ္မာရေး ခံယူချက်များကို မူကြမ်းအဖြစ် ခေါင်းဆောင် တင်ပြ လေ့ရှိခဲ့သည်၊ ယခုကျမ်းပါ အယူအဆနှင့် ရေးသား ပါရှိချက် များမှာ ဆိုခဲ့သည့်အတိုင်း ကျင်းပလေ့ရှိသော အဘိဓမ္မာ ဆွေး နွေးပွဲများအနက်မှ တရပ်သော တင်ပြချက်ဖြစ်သည်၊ ဤတင်ပြ

တကယ်မရှိ အဟုတ်မရှိ စိတ်ကူးယာဉ် ဝါဒများအတွင်း၌ ပေါ လောကြီးမြော၍ ပေါ်လာရပေသည်၊ ဤစိတ်ကူးယဉ် ဝါဒမှာ ဗုဒ္ဓလမ်းစဉ် ဗုဒ္ဓ၏ဝါဒမဟုတ် ဗုဒ္ဓလမ်းစဉ် ဗုဒ္ဓဝါဒနှင့် ဆန့်ကျင် ဘက်ဖြစ်သော အတ္တဝါဒသမား ဟိန္ဒူဗြဟ္မဏများ၏ အယူအစွဲ မျှသာဖြစ်ကြောင်း ပြဆိုလိုက်ပေသည်။

ထို့ကြောင့် ယခုဆရာစိန်၏ ပြုစုရေးသား တင်ပြချက်များ နှင့်ပတ်သက်၍ သုတေသီ ပုဂ္ဂိုလ်အပေါင်း တို့သည် အလေး အနက် ဆက်လက် လေ့လာဆည်းပူး သုတေသနပြုလျက်မိမိတို့၏ အဓိကလမ်းစဉ်ဖြစ်သော သံသရာမှလွတ်ရေး ပြတ်ရေး ဒုက္ခမှ ငြိမ်းရေး ကင်းရေး ဖြစ်သည့် သန္တိသုခအေးငြိမ်းရာ အမှန်လမ်း ဖြတ်မဟာကို လက်တွေ့ ဆတ်ဆတ် ရှာဖွေတွေ့ရှိ ကျင့်ကြံ အား ထုတ်နိုင်ကြရန် အထူးသဖြင့် လိုအပ်လှကြောင်း ရေးသားတင် ပြလိုက်ရ ပါသတည်း။

ကိုကိုလေး

၂၀-၅-၆၅

အမျိုးလေးပါးခွဲခြားခဲ့ပုံ

ဗုဒ္ဓဂေါတမ မပွင့်ပေါ်မီ ရာစုနှစ်ကာလများတွင်ရှေးဟောင်း ဗြဟ္မဏ တို့၏ အယူ ဝါဒ ရေး ဆိုင်ရာ အဖြာဖြာ တို့ကို စုပေါင်း ရေးသားထားကြသော ကျမ်း များ မှာ၊ ဝေဒကျမ်း ဥပနိသျဒ် ကျမ်း ဘဂဝါဂီတကျမ်း ပုရိဿသုတ်ကျမ်း စ သည် တို့ ဖြစ် ကြ သည်၊ ထို ကျမ်း များ သည် ထိုခေတ် ထိုအချိန် အခါ များက အိန္ဒိယ နိုင်ငံတဝှမ်းလုံးတွင် အထူးပင် ထင်ရှား ကျော်ဇော လှပေ သည်၊ ထိုကျမ်းများ၏ ဖွင့်ဆို မိန့်ဟချက် များကို ဟိန္ဒူ ဗြဟ္မဏ ဝေဒတို့သည် နှစ်နှစ်ကာကာ စွဲမြဲလက်ခံ ယုံကြည် ကြကုန်သည်။

ထိုအချိန်အခါက ဗြဟ္မဏဝေဒ တို့သည် လူသားထု အပေါ်၌ အပေါ်စီး ရရှိထားသူများ ဖြစ်ကြသည့် အားလျော်စွာ အမျိုး မျိုးသော ဇာတ်အယူဝါဒများ ခွဲခြားသီးသန့်၍ ထား ကြ လေ သည်။ ၎င်းတို့မှာအကျဉ်းအားဖြင့် ဗြဟ္မဏ-ခတ္တိယ-ဝဿ-သုဒ္ဓဟူ၍ ဖြစ်သည်၊ အ ပေါ် စီး တွင် ရရှိ နေ ကြ သော ဗြဟ္မဏ တို့သည် ကျန်ဇာတ်အမျိုး သုံးပါးကို လူမျိုးရေးအားဖြင့်၎င်း-အယူဝါဒ ရေးအားဖြင့်၎င်း အစဉ်လွှမ်းမိုးလျက်ထားရှိကြသည်၊ ထိုဗြဟ္မဏ တို့သည်ပင် အထက်ပါ နှစ်နှစ်ကာကာယုံကြည်စွဲမြဲ လက်ခံထား

ကြကုန်သော ကျမ်းများအနက်မှ ပုရိဿသုတ်ကျမ်းတွင် ပါဝင်သော အယူဝါဒရေး ဆိုင်ရာ အမျိုးဇာတ် ခွဲခြားထားပုံ များကို အထောက်အထားပြုကြကုန်သည်။

ပုရိဿသုတ်ကျမ်းပါ ဂါထာမန္တန်ကား—

ဗြဟ္မဇောသမုခမာသီ၊
ဗာဟူရာဇညောကတော။
ဦရူတဒဿယံဝေဿော၊
ပါဒေဟိသုဒ္ဓေါအဇာယိ။ ။

အဓိပ္ပါယ်မှာ။ ။ဗြဟ္မဇာပုဏ္ဏားမျိုးသည် ဗြဟ္မာမင်း၏ခံတွင်းမှ ဆင်း သက် ပေါက်ဖွား၍ လာသည်။ ။ခတ္တိယ မျိုး တို့ သည် ဗြဟ္မာကြီး၏ လက်ျာ လက်ရုံးမှ ပေါက်ဖွား၍ လာသည်။ ဝဿ မျိုးတို့သည် ဗြဟ္မာ၏ ဝမ်းဗိုက်မှ ပေါက်ဖွား၍ လာသည်၊ သုဒ္ဓ ခေါ် အမျိုးတို့ကား၊ ဗြဟ္မာ၏ ခြေသလုံးမှ ပေါက်ဖွား၍လာသည် ဟုဆိုသည်။

ဤကဲ့သို့ အမျိုးဇာတ်တွင် ခွဲခြားထားရုံသာ မဟုတ်ဘဲအမျိုး ဇာတ်အလိုက် လုပ်ကိုင်ဆောင်ရွက်ကြရမည့် အလုပ် အကိုင်များ ကိုပါ ခွဲခြားသတ်မှတ်၍လည်း အယူအစွဲများ ရှိကြ သေးသည်။

ဗြဟ္မဇာမျိုးတို့သည် ထာဝရမဟာဗြဟ္မာဘုရားကြီး၏ခံတွင်းမှ ဆင်းသက်လာသောကြောင့် အဖြူစင်ဆုံး အသန့်ရှင်းဆုံး အမြင့် မြတ်ဆုံးသော သူများ ဖြစ်ကြသည့် အတွက် ဝေဒ ကျမ်းပေါင်း မြောက် မြား စွာ တို့မှ ညွှန် ပြ ထားသော ပရိတ် မန္တာန်များ ကို ရွတ်ဘတ် ပေးခြင်း၊ ယတြာချေပေးခြင်း၊ ဓါတ်ရိုက် ဓါတ်ဆင်

ပြုလုပ်ပေးခြင်း၊ အင်းအိုင်ခလဲ့ လက်ဖွဲ့မျှား ပြုလုပ်၍ မန်းမှုတ်ပေးခြင်း၊ စုံးတစ္ဆေ ကဝေ မြေဘုတ်ဘီလူးမျှား ကို ယာဇ်ပူဇော်ခြင်း၊ ဗလိနတ်စာကျွေးခြင်း၊ ပန်းဆီမီးပူဇော်ခြင်း၊ ဆုတောင်းခြင်း၊ ဆုပေးခြင်း၊ သားဆုပန်ခြင်း စသော လုပ်ရပ်မျှားကို လူသားမျှား၏ ကိုယ်စား ၎င်းတို့က ပြုလုပ် ဆောင်ရွက်ပေးကြရပေသည်။

ခတ္တိယအမျိုး ဇာတ်တို့သည်ကား၊ ထာဝရ နတ်ဗြဟ္မာကြီး၏ လက်ခြာ လက်ရုံးမှ ပေါက်ဖွား လာသော လူ မျိုး မျှား ဖြစ် ခြင်း ကြောင့် ၎င်းတို့လုပ်ကိုင်ဆောင်ရွက်ရမည့် အလုပ်မှာ၊ တိုင်းပြည် မြို့ရွာဇနပုဒ်တို့ကို ကြီးကြပ်ကွပ်ကဲကြရမည်၊ ၎င်းနောက် ခတ္တိယ မင်းမျှား အုပ်ချုပ်သည့် လက်အောက်ခံနယ်ပယ်ဒေသရှိ လူသား မျှားထမှ အခွန် အကောက်မျှား ကောက်ခံစား သုံး ရပေမည်၊ ဤမျှနှင့် မင်းလုပ်စိုးအုပ်ကာ၊ အခွန်ကောက်ခံ စားသုံးခြင်းဖြင့် လည်းမပြီးသေး၊ တပါးသော တိုင်းနိုင်ငံ မျှားမှ ကျူးကျော် တိုက် ခိုက် လာလျှင်လည်း စစ်သည် အလုံး အရင်း စုဆောင်း၍ ဦးဆောင်တိုက်ခိုက်ကြရမည်။

ဝဿ အမျိုး ဇာတ် ကား ထာဝရ ဗြဟ္မာကြီး၏ ဝမ်းပိုက်မှ ပေါက်ဖွားလာသောကြောင့်၊ ရောင်းရေးဝယ်ရေး ကုန် သွယ် မှု လုပ်ငန်းမျှား ဖြစ်သည့် စီးပွားရေးလုပ်ငန်းမျှားကို လုပ်ကိုင် ကြရမည်။

သုဒ္ဒအမျိုးတို့သည် ထိုသည့် ထာဝရမဟာဗြဟ္မာကြီး၏ ခြေသလုံးမှ ပေါက်ဖွားလာသော အမျိုးဇာတ် ဖြစ်သည့်အတွက် တိုင်းပြည်၌ လူသားတို့၏ စားကုန်သောက်ကုန် ထုတ်လုပ်ရေး စသော

စပါး သီးနှံများ စိုက်ပျိုးခြင်း၊ တောင်ယာ လုပ်ငန်းများ လုပ်ဆောင်ခြင်း စသည် ကုန်ထုတ် လုပ်ငန်း များကို လုပ် ကိုင် ကြရပေမည်။

ဤကဲ့သို့ အမျိုးဇာတ်အားဖြင့် ခွဲခြား၍ စွဲယူ ထား ကြ သည့် အတိုင်း၊ ဗြဟ္မဏအမျိုးတို့သည် လူသားတို့အား ဘာသာ အယူ ဝါဒရေးဆိုင်ရာ ဝေဒကျမ်းများ၌ ပါရှိသည့်အတိုင်း၊ "အတ္တ-ဝိညာဉ်" ကို ကောင်းကံ-မကောင်းကံ တို့နှင့် တကွ၊ ဘုံဘဝသစ် အ စား စား သို့ ဖြစ်ရေးကို အ ပြင်း အ ထန် ဟော ကြား ကြ လေသည်။

ဗြဟ္မဏများသည် မိမိတို့အားလူသားတို့က ပေးကမ်းလှူဒါန်း ကြသော လှူဘွယ်ဝတ္ထုပစ္စည်းများကို ရရှိခြင်း၊ ထိုသည့်လှူဘွယ် ဝတ္ထုပစ္စည်းများကို ရရှိရန် ဟောပြောခြင်း စသည်တို့၌ သာလျှင် ယစ်မူးပျော်ပါးနေကြ၏၊ အောက်တန်းစားကျေးကျွန် နိမ့်ကြသူ များကိုအရေးမလုပ်ကြပေ။

ရာစုနှစ်ပေါင်းများစွာမှ စွဲယူဆင်းသက်လာသော "အတ္တနှင့် ကမ္မတရား" ဘာသာရေးတရားများကို ဗြဟ္မဏများက ကျေး ကျွန်များနှင့် အလုပ်သမား လူတန်းစား တို့အား လှည့်ဖျား၍ စားသောက်သော လက်နက်ကိရိယာမျှမက တကယ့်အခိုင်အမာ စွဲမြဲစွာ ယူထားကြ လေသည်၊ ထို့ကြောင့် ဗြဟ္မဏ များ သည် ဘာသာရေးကျော့ကွင်းကို ခိုင်ခံ့စေရန် "အတ္တဝါဒနှင့်ဘဝသစ် ဝါဒ" ကို ကမ္မဝါဒနှင့် ဆက် တွဲ ၍ ဟောကြ ပြောကြ ဝါဒဖြန့်၍ နေကြလေသည်။

ထိုသည့် အတွက်ခေါ် ဝိညာဉ်ဝါဒနှင့် ကုသိုလ်ကံ အကုသိုလ်ကံ တို့သည် ဘုံဘဝအစားစားသို့ ရောက်ရေး၊ အနာဂါတ် ဘဝသစ် ကောင်းစားရေးတို့၏ အယူဝါဒစွဲ ပြင်းထန်နေသည့် ကာလတွင် တဖက် ကလည်း လူသားတို့ အပေါ်တွင် ဘာသာရေး ခေါင်းဆောင်ကြီးများ ဖြစ်ကြသည့် ဘုရားကြီး၆-ဆူတို့ကလည်း သူတို့၏ အယူဝါဒရေးဆိုင်ရာ တရားများကို လူသားတို့ထံ ချဉ်းကပ်၍ မနားမနေ ဝါဒဖြန့် ဟောကြားလျက် ရှိကြလေသည်။

ဘုရားကြီး ၆-ဆူနှင့်ဂုဏ်းတို့၏ဝါဒ

(၁) ပုရာဏ ကဿပ၏ အကရိယာဝါဒ

နတ္ထိတထော နိဒါနံပါပံ၊
နတ္ထိပါပဿ အာဂမော။
နတ္ထိတထော နိဒါနံပုညံ၊
နတ္ထိပုညဿ အာဂမော။ ။

အဓိပ္ပါယ်မှာ။ ။တစုံတခုသော အပြစ် အာဒီနဝကို ပစ်မှား ကျူးလွန်းခြင်း၊ ပစ်မှားကျူးလွန် စေခြင်းသည်ဌင်း၊ ဖြတ်လိုး ခုတ်ထစ်ခြင်း၊ ဖြတ်လိုး ခုတ်ထစ် စေခြင်းသည်ဌင်း၊ ချက် ပြုတ် ကြော်လှော်ခြင်း၊ ချက်ပြုတ်ကြော်လှော်စေခြင်းသည်ဌင်း၊ ပူပန် ခြင်း၊ ပူပန်စေခြင်း သည်ဌင်း၊ ထိုနောက် ဝမ်းနည်း ကြေကွဲခြင်း သည်ဌင်း၊ ကုံလှုပ်ချောက်ချားခြင်းသည်ဌင်း၊ သူတပါး ဟူသော အသက်ကို သတ်ဖြတ်စေခြင်းသည်ဌင်း၊ ပိုင်ရှင်သည်ကိုယ်နှုတ်တို့ ဖြင့် မပေးအပ်သော၊ သူတပါးပစ္စည်း ဥစ္စာတို့ကို ခိုးယူလိုသော ဘဝေါဖြင့် ခိုးယူစေခြင်း သည်ဌင်း၊ လူ သား တို့ ၏ စည်း လုံး ညီညွတ်မှုကို ပျက်စီးစေခြင်းသည်ဌင်း၊ ကျေးလက်တောရွာတို့ကို လုယူတိုက်ဖျက်စေခြင်းသည်ဌင်း၊ ဤသို့စသော အလုပ်မျှားသည်

မကောင်းသော အကုသိုလ်တရားတို့ မဟုတ်ကြသည့်အပြင်၎င်းတို့ကို ပြုလုပ်ကျူးလွန်သူ၌ မကောင်းမှု ဒုစရိုက်အကျိုးတရားများလည်း မဖြစ်နိုင်ပါ။

အို-လူသားတို့၊ဤမျှသာမဟုတ် တိုင်းသူပြည်သားလူအများတို့၏ သွားလာကူးသန်းရာဖြစ်သော လမ်းကြီးလမ်းငယ်အသွယ်သွယ်တို့၌ ပုန်းကွယ်ထွေးရုပ် တောပုန်းလုပ်၍ လုယက်တိုက်ခိုက်စေခြင်းသည်၎င်း၊ မြို့ပြပြည်ရွာနှင့်တကွသော အိုးအိမ် တိုက်တာတို့ကို လောင်စာပြု၍ မီးတိုက်ခြင်း သည်၎င်း၊ ထို့နောက် ခရီးသွား ကုန်သည်များကို ခြောင်းမြောင်း၍ တိုက်ခိုက်လုယက်ခြင်းသည်၎င်း၊ သူတပါး၏ သားမယားကို စော်ကား ဖျက်ဆီးခြင်းသည်၎င်း၊ လမလည်လှည့်ဖျား၊ မဟုတ်မမှုန်သော စကားတို့ကို ပြော ကြား ခြင်း သည် ၎င်း၊ ဤကဲ့သို့ ပြုလုပ်ခြင်း များသည် မကောင်းသော အကုသိုလ်တရားများ မဟုတ်ကုန်ကြသည့်အပြင် ထိုအမှုကို ပြုလုပ်ကျူးလွန်သူတို့၌ မကောင်းမှု အကျိုးတရားများလည်း မရှိနိုင်ပါ။

အို....လူသားတို့၊အသွားထ ်မျက် ဒါးလက်နက် တပ်ဆင်၍ ထားအပ်သော ယန္တယားစက်ကြီး များဖြင့် ကမ္ဘာ မြေပြင်ရှိ ဥသေးဥမှားမကျန် အားလုံးသော သက်ရှိသတ္တဝါတို့ကို မြက်ကောက်ရိုးများအား နုတ်နုတ်စင်းဘိ အလားကဲ့သို့ ခုတ်စင်းပြီးလျှင် ဟိမဝန္တာတောင်တန်းကြီးမျှမက ကြီးမား မြင့်မောက် လှသော အသားပုံ-အသားတောင်ကြီးဖြစ်အောင် ပြုလုပ်စေကာမူ ထိုသို့သော ပြစ်မှုကျူးလွန်မှု အတွက် အပစ်လည်း မရ၊ ငရဲလည်းမကြီးသည့်အပြင် အကုသိုလ် ဒုစရိုက်လည်း မဖြစ်နိုင်ပါ။

ဤသည့်အကဲသိုလ်တို့၏ အကျိုးတရားဆိုသော အရာလည်း၊ မုချစင်စစ်အားဖြင့် မရှိသောတရားဖြစ်ပေသည်၊ အထက်၌ဟော ဖေါ်ညွှန်ပြခဲ့သော ပြုလုပ်ခြင်းအစားစားတို့ကို ပြုလုပ်ကြသော အသင်လူသားတို့သည်၊ ဤသည့်ဂင်္ဂါမြစ်၏ လက်ျာဘက်သို့ရင်း၊ သို့မဟုတ် လက်ဝဲဘက်သို့ရင်း ကူးခပ်၍ သွားနိုင်ခဲ့လျှင်မကောင်း သောအကျိုးတရားများမလိုက်နိုင်တော့ပါ၊ထို့ပြင်ပေးကမ်းခြင်း၊ စွန့်ကြဲခြင်း၊ လှူဒါန်းခြင်း ယာဇ်ပူဇော်ခြင်း စသော ပုညကုသလ အစု ကောင်းမှုဟု ခေါ်ဆို အပ်သော ကိစ္စများကို ဆောင်ရွက် ပြုလုပ်ခြင်းသည်လည်း ကောင်းမြတ်သောကုသိုလ်တရားကိုမဖြစ် ဖစေနိုင်ရုံမက မွန်မြတ်သော အကျိုးတရား ကိုလည်း မတိုးပွားစေနိုင်ပါ။

အမှန်စင်စစ်မှာ အသင်တို့ပြုလုပ်သော ဒါန-သီလ-သံယမနှင့် သစ္စဝါစာဟူသော ပေးကမ်း စွန့်ကြဲခြင်း၊ ကိုယ်ကျင့် တရားနှင့် ပြည့်စုံခြင်း၊ ဣန္ဒြေတို့ကို စောင့်စီးခြင်း၊ မှန်ကန်သော စကားကို ဆိုခြင်း တည်းဟူသော အကြောင်းတရားတို့ကြောင့် ကောင်း ကျိုးချမ်းသာမဂ်လာများမဖြစ်နိုင်ပါ-၎င်းတို့၏ အကျိုးတရားကို ခံစားရရှိရန်ကား အသင်လူသားတို့အဘို့ အဘယ်မှာလျှင်ဆိုဘွယ် ရာ ရှိပါခြေတော့ပါမည်နည်း။

ဤသို့အားဖြင့် ပုရာဏကဿပ ဘုရားကြီးသည် သူ၏ ခံယူ ထားသော တရားများကို လူသားတို့အား မနားမနေလှည့်လည် ဟောကြားလျက်နေပေသည်။

(၂) မက္ခလိဂေါသာလ၏ အဟေတုကဝါဒ

ထိုနောက် မက္ခလိဂေါသာလဘုရားကြီးကလည်း သူ၏ အဘိဓမ္မာတရားမျှဝေးကို လူသားတို့အား အလားတူ ဟောကြားဖြန့်ချိလျက် ရှိပေသေး၏။

ထိုဘုရားကြီး၏ အဘိဓမ္မာတရားမှာ....

နတ္ထိ ဟေတု နတ္ထိ ပစ္စယော၊
သတ္တာနံ သံကိလေသာယ။
အဟေတု အပစ္စယာ၊
သတ္တာ သံကိလိဿန္တိ။ ။

အဓိပ္ပါယ်မှာ။ ။အို....အချင်းလူသားတို့၊ သတ္တဝါအားလုံးတို့၏ ညစ်နွမ်းမှုများ၊ မစင်ကြယ်မှုများအတွက် အကြောင်းဟူ၍ မရှိ။ အကယ်စင်စစ်မှာမူ သတ္တဝါတို့သည် အကြောင်းကင်း၍သာလျှင် မစင်မကြယ်ဖြစ်ကြကုန်၏၊ ညစ်နွမ်းစုန်းပေကြကုန်၏၊ ဤကဲ့သို့ အလားတူစွာ သတ္တဝါဒဿလုံးတို့၏ကောင်းမြတ်စင်ကြယ်ရေးအတွက်လည်း အကြောင်းမရှိပါ။ အကြောင်းမရှိဘဲ အကြောင်းကင်း၍သာလျှင် သတ္တဝါတို့သည်ကောင်းမြတ်စင်ကြယ်ခြင်းသို့ရောက်ကြရကုန်၏၊ သတ္တဝါသည်မိမိ၏အတွက်ရော၊ သူတပါးအဘို့ပါ ဘာကိုမျှ မပြုလုပ်နိုင်ပါ၊ ၎င်းမှာ အားခွန်ဗလနှင့် လုလွန်ဝီရိယမရှိသည့်အပြင် ၎င်းပုဂ္ဂိုလ်၏အစွမ်းနှင့် အားထုတ်မှုလည်း မရှိပါ။

အို....အချင်းလူသားတို့၊ အဆုံးသတ်ဆိုရလျှင် အားလုံးသောသက်ရှိသက်မဲ့ သတ္တဝါ သခ်ါရတို့သည် အလိုမဲ့၊ အားမဲ့၊ ဝီရိယ

မဲ့ချည်းသာ ဖြစ်ကြကုန်၏၊ ၎င်းတို့သည် မိမိတို့၏ နဖူးစာအား လျော်စွာသာလျှင် ထိုထိုသို့သော ဘဝတို့၌ ဖြစ်ထွန်း ပေါက်ပွား ကြကုန်၍ ချမ်းသာဆင်းရဲကို ခံစံစားကြရကုန်လေသည်။

အို....အချင်းလူသားတို့၊ မှန်ကန်မှန်မြတ်သော အကျင့်စာရိတ္တနှင့် သူတော်ကောင်း သူမြတ်ကောင်းပင်ဖြစ်စေ၊ သို့မဟုတ် ဒုစရိုက်အပြည့်အစုံနှင့် လူယုတ်မာ လူမိုက်ပင်ဖြစ်စေ၊ မဟာကပ်ပေါင်း ရှစ်သောင်းလေးထောင်သာလျှင် ဤသံသရာ၌ စုန်ချည် ဆန်ချည် ကြဉ်လည်ပြေးလွှားပြီးနောက်၊ ၎င်းတို့သည် ဆင်းရဲဒုက္ခ မြူမျှမကျန် ငြိမ်းချုပ်ငြိမ်း၍ ဘဝဇာတ်သိမ်းခြင်းသို့သာ ရောက်ကြရကုန်လတံ့။

ကဖန် ထိုသို့ဆင်းရဲကင်းပသော အမတရိပ်မြုံ သောင်စည်းခုံသို့ ရောက်ရန်အတွက် ကျင့်ကြံအားထုတ်ပြုလုပ်စရာ သိလအာစာရန္ဒင့် အကျင့်ထူး အကျင့်မြတ်များ မရှိကြပါ၊ မရင့်ကျက်သေးသောက ံကို တဖြည်းဖြည်း ရင့်ကျက်အောင် ပြုလုပ်ဆောင်ရွက်ရေးနှင့်တကွ ရင့်ကျက်ပြီးသော ကံတို့၏ အကျိုးဗလအာနိသံသကို ခံစားပြီးလျှင် ၎င်းက ံတို့၏ ကုန်ဆုံးခြင်းသို့ရောက်အောင် ပြုလုပ်ရန်နည်းများမရှိပါ၊ ချမ်းသာနှင့်ဆင်းရဲဆိုသည်မှာ အဝိန်အတုယ်မှကင်းသော အရာဖြစ်သည်၊ (မူလအတိုင်း ရှိမြဲရှိသည် အတိုးအဆုတ်မရှိဟု ဆိုလိုသည်)။

အို....အချင်းလူသားတို့၊ သံသရာ၌ တိုးခြင်းသော်၎င်း၊ ဆုတ်ခြင်းသော်၎င်း၊ တက်ခြင်းသော်၎င်း၊ ကျခြင်းသော်၎င်းမရှိပါ၊ အသင်တို့ကို ဥပမာပြရသော် အပ်ချည်မျှင်တစကိုကိုင်၍ အပ်ချည်လုံးကိုလှိမ့်လိုက်ရာ ၎င်းအပ်ချည်ကုန်ဆုံးသည်တိုင်အောင် လိမ့်

၍သွားပြီးလျှင် ထိုသည့်အပ်ချည်ကုန်သည်နှင့်တပြိုင်နက် အပ်ချည်လုံးသည် ရပ်တန့်ရဘိသကဲ့သို့ ဤနည်းတူစွာပင် ဗါလနှင့် ပဏ္ဍိတ(၀၇)လူအ,နှင့်ပညာရှင်၊ ထိုနောက် လူဆိုးနှင့်သူတော်စင် နှစ်ဦးလုံးပင် မိမိတို့၏ မူလ ပမာဏဖြစ်သော မဟာကပ်ပေါင်း ရှစ်သောင်းလေးထောင် ရှည်မြင့်ကြာအောင် ဤသံသရာ၌ ကြဉ်လည်ပြီးလျှင် ဆင်းရဲခပ်သိမ်း အေးငြိမ်းရာမှန် မြို့ကန်ဗွာန်သို့ ဧကန်ဒိဌ ရောက်ကြရပေလိမ့်သတည်း။

ဤကဲ့သို့ မက္ခလိဂေါသာလဘုရားကြီးကလည်း သူ၏ အဘိဓမ္မာတရားများကို လူသားတို့အား လှည့်လည်၍ မနေမနား ဝါဒဖြန့်၍ ဟောကြားနေလေသည်၊ ထိုသည့်မက္ခလိဂေါသာလဘုရားကြီး၏ အဘိဓမ္မာဧရးဆိုင်ရာဘရားများမှာ ဘုံဝါဒဖြစ်စ၌ အမျိုးမျိုးတို့ပါရှိလေသည်၊ လူ့ဘဝဖြစ်ရပ်၊ နတ်ဘဝအစားစားဖြစ်ရပ်၊ ငရဲဘုံဘဝအဖုံဖုံ၊ အိပ်မက်ပေါင်းအစုံစုံတို့သည် မဟာကပ်ပေါင်း ရှစ်သောင်းလေးထောင် ကုန်ဆုံးအောင် ဖြစ်ချင်သလိုဖြစ်ကြပြီး နောက်ဆုံး နိဗ္ဗာန်သို့ဆိုက်ရောက်ရမည်မှာ မလွဲဖြစ်ပေသည်ဟု ထိုသည့်အယူဝါဒတရားများကို အတင်းဒလစပ် ဝါဒဖြန့် ဟောကြားနေလေသည်။

ထိုမှတဖန် ဆင်းရဲခြင်းအပေါင်းမှ လွတ်မြောက်ရန် မျှော်မှန်း ရှာဖွေနေကြသော လူသားတို့အတွက် အကွက်ကောင်း၊ အချက်ကောင်းကို လက်မလွတ်တန်း ကိုင်စွဲကြပြီး အဘိဓမ္မာဘာသာရေးဆိုင်ရာတွင် သူတမျိုးငါတဖုံ လူသားတို့၏ ဇာတ်ခုံပေါ်၌တက်ကြပြီး အမျိုးမျိုးစုံအောင် ဟောပြောနေကြသည်၊ ဤကဲ့သို့ သူ့ဝါဒမှားသည်၊ ငါ့ဝါဒမှန်သည် ပြောဆိုကြ၍ လူသားတို့ထံ

ချဉ်းကပ်ကြပြီးလျှင် သူတလူ ငါတမင်း ဘာသာရေးအဘိဓမ္မာ ချင်း ယှဉ်ပြိုင်ကာ ဝါဒဖြန့်၍ဟောကြွေးကြသည်တွင် အဘိဓမ္မာ ဇရေးဆိုင်ရာ လူသားတို့၏ ဇာတ်ခုံပေါ် သို့တက်၍ ဘာသာရေး ဝါဒ တင်ပြသည့်နေရာမှာ တဦးအပါအဝင်ဖြစ်သော အဇိတ ကေသကမ္မလ ဘုရားကြီးကလည်း သူ၏အဘိဓမ္မာ ဘာသာရေး အယူအဆကို သူ့နည်းနှင့်သူ ပွင့်ပွင့်လင်းလင်း တဘက်မှနေ၍ ဝါဒဖြန့်ဟောပြောလျက် ရှိလေသေးသည်။

---

(၃) အဇိတကေသကမ္မလ၏ ဥဒ္ဓေသဝါဒ

နတ္ထိ သုကတ ဒုက္ကဋာနံ၊
ကမ္မာနံ ဖလံဝိပါကော။

အဓိပ္ပါယ်မှာ။ ။အခြင်းတို့ ပေးကမ်းလှူဒါန်းခြင်းကဲ့သို့ ဟူသော ဒါနကုသိုလ်ဟူသည်မရှိပါ၊ ရှိသေကော်ရော် ယဇ်ပူဇော်မှုလည်းမရှိပါ၊ ထိုနည်းတူစွာ အသင်တို့ ကောင်းကျိုးရရှိဖန် အတွက် ယကြာဓချခြင်း၊ ဓါတ်ရိက်ခြင်း၊ ဆုတောင်းခြင်း၊ဆုပန်ခြင်း၊ မန်းမှုတ်ပေးခြင်း၊ အန္တရာယ်ကင်း ဘေးကင်း အလို့ငှာ ပရိတ်မန္တာန် ရွတ်ဖတ်ခြင်း၊ ပုတီးစိတ်ခြင်း၊ ပန်းဆီမီးပူဇော်ခြင်း၊ ဗာလိနတ်စာကျွေးခြင်း၊ ဂို်ဟ်စာကျွေးခြင်းစသော အလုပ်တို့သည် သူဂူးများ၏ စိတ်ကူးယဉ်မျှသာ ဖြစ်ကြကုန်၏။ အို-အသင်တို့၊ အနာဂါတ်၌ ရရှိခံစားရကုန်လတံ့သော အကျိုးကို မျှော်ကိုးလျှင် ဟောင့်တ ပြုလုပ်အပ်သော ပသမ္မမရှိပါ၊ ကောင်းမှုမကောင်းမှုဟူသော ကံတို့၏ ကောင်းကျိုး ဆိုးပြစ်တို့သည်လည်း

အမှန်တကယ်မရှိ၊ ထို့ပြင် ယခုဘဝနှင့် နောင်ဘဝတို့သည် စိတ်ကူးဥာဿ တည်ဟူ မှီရာရှိကြ၍ မုချကောန်အားဖြင့်ထင်ရှားရှိသော သဘာဝမျိုး မဟုတ်ကြ ပါကုန်။ ၎င်းပြင် အမိမရှိ၊ အဖမရှိ၊ ညီအစ်ကို မောင်နှစ်မမရှိ။ ထိုမှတပါး ဥပပါဒ် ပဋိသန္ဓေ အားဖြင့် ရောက်ရသည် ဖြစ်ကြ သည်ဟု ဆိုကြ၏၊ ပြောကြ၏၊ အယူ အစဲ ရှိကြ၏။ထိုနတ်ဗြဟ္မာစသည်တို့သည်လည်း အာဘယ်အရပ်အာဘယ် ဒေသမှာမှ ထင်ရှားရှိသော စာရင်းဌာ အကျမ်းမဝင်နိုင်ပါ၊ ရှိကို လည်း မရှိပါ၊ အို-အသင့်တို့၊ ဤလောကအတွင်းဌာ ကောင်းမြတ်မှုန် ကန်သော လမ်းစဉ် အတိုင်း ကျင့်ကြံ အားထုတ် ကြကုန်၍ ထိုထိုမျိုးလှစ္ဆာသော လမ်းစဉ်တို့ကို ထုတ်ဖော်၍ ဟောကြပြော ကြကုန်သော (၀၇) ယခုဘဝနှင့် အနာဂါတ် ဘဝကို ထိုးထွင်း သိမြင်နိုင်သော အစွမ်း သတ္တိနှင့် ပြည့်စုံကြကုန်သော ရဟန်း ပညာရှိ ပုဏ္ဏားပညာရှိမျိုးလည်း မရှိကြပါ။ ဤသတ္တဝါဟူခေါ် သော အရာ၏ ကာယသည်ကား ပထဝီ-အာပေါ-တေဇော-ဝါယောဟူသောမဟာဘုတ်လေးပါးဖြင့်ပြီး၏၎င်းသတ္တဝါသေဆုံး ပျက်စီးခြင်းသို့ ရောက်သောအခါ၊ ၎င်း၏ ခန္ဓာကာယကို ဖွဲ့စည်း ထားသော ပထဝီမြေဓါတ်သည် ၎င်း၏တူရာဖြစ်သော၊ အပြင် ကမ္ဘာလောကဓါတ်အတွင်းရှိ မြေဓါတ်နှင့်၎င်း၊ ထို့အဟူအာပေါ ဓါတ်သည် အပြင် လောကရှိ ရေဓါတ်နှင့်၎င်း၊ ဝါယောဓါတ် သည် ဗဟိဒ္ဓရှိ လေဓါတ်နှင့်၎င်း၊ တေဇောဓါတ်သည် အပူဓါတ် နှင့်၎င်း ပေါင်းစပ် သွားမြဲ ဖြစ်သဲ့သည်၊ ထို့နောက် အသင်တို့၏ ကွန်ဒြေတရားတို့သည်လည်း အာကာသဓါတ်ဟူသော ကောင်းကင် လဟာပြင်သို့ ဝင်ရောက် ခိုလှုံ၍ ပူးပေါင်းသွားကြကုန်၏၊ ရော နှော ပျောက်ပျက်သွားကြကုန်၏။

ရှင်းဦးအံ့။ ။အဝိညာဏက-အသက် ဝိညာဉ် ကင်း မဲ့ သူလူသေကောင်ကို အသက်ဝိညာဉ်ရှိသောသူ လူလေးယောက် တို့က ဝါးနှစ်လုံးတပ်သော ကပ်စင်ဖြင့် ထမ်းပိုး၍ တစပြင်သို့ ပို့ဆောင်လိုက်ကြကုန်၏၊ ထိုလူတို့သည် လူသေကိုခြိုးမှမ်းကြကုန်၏၊ ကဲ့ရဲ့ရွဲတ်ချကြကုန်၏၊ သို့ရာတွင် ၎င်းလူသေကောင်၏ အရိုးအသားတို့က တစပြင်တွင် ဖရိုဖရဲနှင့် ဟိုတကဲ့ သည်တကဲ့ ပြန့်ကျဲ၍ သွားကြလေကုန်သည်။ အခြားသော ရုပ်ပစ္စည်းတို့မှာ ပြာအဖြစ်နှင့် အဆုံးသတ် ကြရကုန်၏။ အို-အသင်တို့၊ ဤလောကဌ အကြင် လူအပေါင်းတို့သည် (၀၂)လူမိုက်တို့သည် ပေးကမ်းမှု၊ စွန့်ကြဲမှု ယဇ်ပူဇော်မှုစသော အမှုတို့ကို ပြုကြကုန်၏၊ ထိုသူတို့သည် ထိုထိုသော ပြုလုပ်မှုတို့၏ ကောင်းကျိုး ချမ်းသာ မင်္ဂလာကို ၎င်းတို့မျှော်မှန်းတောင့်တသည့်အတိုင်း မည်သည့်အခါမျှမရနိုင်ကြပါ၊ ထိုမှတပါး မြဲသော(၀၂)အစဉ်ရှိသော အတ္တသည် ရှိ၏၊ သို့မဟုတ် အစဉ်ရှိသော ဝိညာဉ်သည်ရှိ၏ဟူသောအယူဝါဒမျိုးကား အရှုးအ၏ အိပ်မက်မျှသာဖြစ်၍ မုသားသက်သက် ဖြစ်သည်ဟု၍ မှတ်ယူရာ၏၊ ၎င်းပြင် လူလိမ္မာ-ပညာရှင်-သူတော်စင်-သူတော်ကောင်းပင်ဖြစ်စေ၊ သို့မဟုတ် လူအနွှ လူဗာလပင်ဖြစ်စေ၊ သေဆုံးပျက်စီးခြင်းသို့ ရောက်သောအခါ ဤခန္ဓာကာယ အား လုံး ပျက်ပြုန်း၍လက်စတုံးကင်းပျောက်ပြတ်ချုပ် သွားမြဲဖြစ်၏၊ သေကြေပျက်စီးခြင်းသို့ ရောက်ပြီးဖြစ်သော သတ္တဝါသခင်ရဲတို့သည် တဖန်ပြန်၍ဖြစ်နိုင်သော သတ္တိမှ ကင်းကြကုန်၏၊ ထို့ကြောင့် ဘဝသစ်စသည့် ဖြစ်ရိုးဖြစ်စဉ် မရှိကြကုန် စသည်ဖြင့် ဟောကြားထားသည်။

ထိုသည့် အဇိတ ကေသကမ္မလ ဘုရားကြီးသည် မည်မျှ အစဲ့အလန်း ပြတ်သနည်းဟူမူ အဝတ်အစားမဝတ်၊ ၎င်း၏ကိုယ့်ကို ၎င်း၏ခေါင်းမှ ဆံပင်ဖြင့်ရစ်ပတ်၍ နေထိုင်သည်ဟု အဆိုရှိသည်၊ အဘိဓမ္မာ အယူဝါဒရေးဆိုင်ရာတွင်လည်း အထက်တွင် တင်ပြခဲ့သည့်အတိုင်း ရှင်းရှင်းနှင့်ပြတ်ပြတ်ပင် ဖြစ်သည်ကို သုတေသီတို့ အာဘိုလေ့လာထင်ရှားနိုင်ပေသည်။ ၎င်း၏အဘိဓမ္မာအရအာကျဉ်း ချုံး၍ ကြည့်လျှင် လူသား၏ခန္ဓာ ပျက် ကြေ သေ သွား ခဲ့လျှင် သဘာဝတရားလေးပါးတို့သည် အပြင်သဘာဝများနှင့် ပေါင်း စပ်၍ သွားလေသည်။ နောက်ထပ်တဖန် ဘဝအသစ် ဖြစ်လာရိုး အမှန်မရှိဟု ဆိုလိုသည်၊ တို့ ကြောင့် ထိုအဇိတ ကေသကမ္မလ ဘုရားကြီး၏ အဘိမမ္မာကို ဥစ္ဆေဒဝါဒ-နတ္ထိက အဘိဓမ္မာဟု ခေါ်ဆိုကြသည်။

---

(၄) ပကုဓကစ္စာယန၏အ-ကတဝါဒ

ပကုဓ ကစ္စာယန ဘုရားကြီး၏ အဘိဓမ္မာတရားကလည်း ရှိပြန်လေသေးသည်၊ ၎င်းဘုရားကြီး၏ အဘိဓမ္မာမှာ အ-ကတ အဘိဓမ္မာဖြစ်သည်၊ အဓိပ္ပါယ်မှာ ပြုလုပ်သူ ဖန်ဆင်းသူမရှိသော အယူဝါဒဖြစ်သည်၊ ဤသည် ပကုဓကစ္စာယနဘုရားကြီး အကတ အဘိဓမ္မာတရားတွင် ခုနှစ်ပါးအပြား ခွဲခြားလျက်လည်း ရှိလေသည်၊ ၎င်း၇-ပါးသောတရားသည် နိစ္စ-အမြဲ၊အတ္တ အစဉ်ရှိသော တရားဖြစ်၏။

ကတမေသတ္တ-ပထဝီကာယော၊
အာပေါကာယော-ဝါယောကာယော၊
တေဇောကာယော-သုခေ-ဒုက္ခေ-ဇီဝေသတ္တမေ။

အမိပ္ပါယ်မှာ။ ။အို....အချင်းလူသားတို့၊ ဤသည့်ကာယ ၇-ပါးတို့ကို အပြုလုပ်အပ်သော(ဝါ)ပြုလုပ်သောအခြင်းအရာမှ ဆိတ်သုဉ်းသော၊ ဖန်ဆင်ခြင်း မရှိသော (ဝါ) ဖန် ဆင်း သော အခြင်းအရာမှ ကင်းသော၊သတ်ဖြတ်၍မရစကောင်းသော၊ တုန်လှုပ်ခြင်းမှကင်းသော၊ရွှေ့ရှားဖေါက်ပြန်ခြင်းမရှိသော၊ အချင်းချင်း မနှိပ်စက် တတ်ကုန်သော၊ အချင်းချင်းအား ချမ်းသာမှု ဆင်းရဲမှုကို မပြုတတ်ကုန်သော ကာယ ၇-ပါး အပြားရှိကုန်၏၊ အဘယ် ၇-ပါးတို့နည်းဟူမူ (၁) ပထဝီကာယ၊ (၂) အာပေါကာယ၊ (၃) တေဇောကာယ၊ (၄) ဝါယောကာယ၊ (၅) သုခကာယ၊ (၆) ဒုက္ခကာယ၊ (၇) ဇီဝကာယတို့တည်း။

အို....အချင်းတို့၊ ဤ ၇-ပါးသော ကာယတို့ကို ဖန်ဆင်းပြုလုပ်ပေးသူ မလိုသည့်အပြင် ပြုပြင်ဖန်ဆင်းပေးသော အခြင်းအရာမှ ဆိတ်သုဉ်းကြကုန်၏၊ ၎င်းတို့သည် သတ်ဖြတ်ဖျက်ဆီး၍ ရနိုင်စကောင်းသောအရာမျှားလည်းမဟုတ်ကြ၊ တုန်လှုပ်ချောက်ချားခြင်း၊ ဖေါက်ပြန် ပျက်ပြားခြင်းကိုလည်း မသိကြကုန်၊ အချင်းချင်းလည်း သုခ-ဒုက္ခ (ဝါ) ချမ်းသာဆင်းရဲကိုပေးနိုင်သော မည်သည့်အစွမ်းသတ္တိမျှလည်းမရှိ၊ ချို့တဲ့ကြကုန်၏။

အို....အချင်းလူသားတို့၊ လောက၌ သတ်ဖြတ်သူသည်၎င်း၊ အသတ်အဖြတ်ခံရသူသည်၎င်း၊စင်စစ်မရှိကြချေ၊ ထိုနည်းအတူပင် သိသောသူနှင့် သိစေအပ်သော သူတို့သည်၎င်း၊ ကြားသူနှင့်ကြား

စေအပ်သူသည်ဌင်း၊ ထင်ရှားမရှိသောအရာတို့ ဖြစ်ကြကုန်၏၊ အကြင်အမှတ်မထင်သော လူတယောက်သည် ထက်မြက်လှစွာသော ထားသံလျက်ဖြင့် အခြားသူတယောက်၏ ဦးခေါင်းကိုခုတ်ထစ်ဖြတ်ပိုင်းလိုက်လိုက်ရာ၏၊ သို့ရာတွင် ထိုသူသည် သူ့အသက်သတ်ခြင်းဟူသော ပါဏာတိပါတကံကို ကျူးလွန်သည့်အပြစ်ကို မရရှိနိုင်ပါ၊ အမှန်မှာ ကာယနှစ်ခုတို့အကြားမှ ထားသံလျက်ဖြတ်၍သွားခြင်းမျှသာဖြစ်သည်ဟု ထိုသည့်ပကုဓကစ္စာယနဘုရားကြီးသူ၏ အ-ကတအဘိဓမ္မာ၌ အတိအလင်း ဖွင့်ဆို ဟောကြားထားလေသည်။

ဤသည့် ပကုဓကစ္စာယန ဘုရားကြီး၏ အကတပြုလုပ်သူ(၀ါ) ဖန်ဆင်းရှင်မရှိဘဲ သူ့အလိုအလျောက် အစဉ်ရှိခြင်း၊ အမြဲရှိခြင်း၊ မချုပ်ပျောက်မပျက်စီးဘဲရှိနေခြင်း၊ ဤသည့်တရား ၇-ပါးကို အဓိကထားပြီး မနားမနေ သူ၏အဘိဓမ္မာတရားများကို ပြည့်လည် ဟောကြားပြောဆို ဝါဒဖြန့်နေသော ဘုရားကြီးပင် ဖြစ်လေသည်။

---

(၅) နိဂ္ဂဏ္ဌနာဋပုတ္တ၏ စတုယာမသံဝရဝါဒ

ထိုနောက် နိဂ္ဂဏ္ဌနာဋပုတ္တ ဘုရားကြီးကလည်း ရှိပြန့်သေးသည်၊ ၎င်းဘုရားကြီး၏ အဘိဓမ္မာမှာ စတုယာမသံဝရ လေးပါးအပြားရှိသော တရားတို့ဖြင့် အခြေခံထား၍ ယူဆထားသော အယူအဆဖြစ်သည်၊ ထိုတရားလေးပါး အကြောင်းခံထားပြီး လူသားတို့အား မရပ်မနား ဒလစပ် လှည့်ပတ်သွားလာပြီး ဟောကြားလျက်လည်းရှိသည်။

နိဂဏ္ဍနဝဋ္ဋပုတ္တ

နိ = မရှိခြင်း၊ ကင်းခြင်း။
ဂဏ္ဍ = အထုံး၊ အနှောင်၊ အဖွဲ့။
နဝဋ္ဋပုတ္တ = နဝဋ္ဋ အမည်ရှိသူ၏သား။

ထိုဘုရားကြီးသည် မဟာဝိဟာရ ဝတ္ထုမာနမည်သော ကျိမ်းဘုရား၏ ဂုဏ်ပုဒ်တခုဖြစ်သည်၊ ၎င်းပဂိုလ်ကြီးသည် ဝေသာလီပြည် လိစ္ဆဝီမင်းမျိုး၌ ဖွားမြင်ခဲ့လေသည်၊ ၎င်း၏အဘိဓမ္မာဖြစ်သော စတုသံဝရတရား ၄-ပါးမှာ....

နိဂဏ္ဌော
သဗ္ဗဝါရိ ဝါရိတောစ၊
သဗ္ဗဝါရိ ယုတ္တောစ။
သဗ္ဗဝါရိ မုတောစ၊
သဗ္ဗဝါရိ ဖုဋ္ဌောစ။ ။
စတုယမသံဝရသံဝုတောဟောတိ၊

အဓိပ္ပါယ်မှာ။ ။ အနှောင်အဖွဲ့အာဒီးလုံးကိုမှ လွတ်မြောက်ပြီးသော နိဂဏ္ဌသည် လေးပါးအပြားရှိသောစောင့်စည်းမှုတရားတို့ဖြင့် လွှမ်းခြုံလျက် လုံခြုံစွာနေ၏၊ အဘယ်ကဲ့သို့နည်းဟူမူကား....။

နိဂဏ္ဌသည် အသက်ရှိသော အရာအာဒီးလုံးတို့ကို သတ်ဖြတ်ခြင်း၊ ခုတ်ထစ်ခြင်း၊ ရိုက်ပုတ်ခြင်း၊ ချိုးဖဲ့ခြင်း၊ ဖျက်ဆီးခြင်းစသော အပြုအမူတို့ကို မပြုလုပ်မိစေရန် လုံခြုံစွာစောင့်စည်း၍နေ၏၊ နိဂဏ္ဌသည် သူ၏ဦးခေါင်းမှ ဆံပင်ကိုရိပ်လှီး၍မပစ်၊ ထုံး

နှောင်၍ထားလေသည်၊ အကြောင်းကား ဆံပင်ကိုရိပ်လိုး၍ပစ်လျှင် နောက်ထပ်တဖန် ပြန်လည်ရှင်သန်လာသောကြောင့် ဤဆံပင်သည် အသက်ရှိသည်၊ ထိုအသက်ကို မသတ်ဖြတ် မည်းဆဲဟူသည့် သဘောဖြစ်သည်၊ အလားတူစွာပင် လက်သည်း ခြေသည်းများသည်လည်း အသက်ရှိသဖြင့် ပါဏာတိပါတကံကို ကျူးလွန်ရာကျမည်ဖြစ်သောကြောင့် မလိုးမဖြတ်ပေ။ မြက်သစ်ပင်တို့သည်လည်း အသက်ရှိကြကုန်၏၊ နှုတ်ခြင်း၊ ဖြတ်ခြင်း၊ အလုပ်ကို မပြုလုပ်၊ အပေါ့အလေး ကြင်ကြိုး ကြင်ငယ်စွန့်သည်ကို ပင် မြက်သစ်ပင်မျှားနှင့် ကင်းရာ လွတ်ရာတွင် ပြုလုပ်လေသည်။ အဆုံးသဖြင့် ရေသောက်သည့်အခါမှာပင် အစိမ်းမသောက် အာဘယ်ကြောင့်ဆိုသော် ရေထဲတွင် ပိုးမွှားသတ္တဝါမျှားရှိ၍နေသောကြောင့် ရေကိုအစိမ်းသောက်မိပါက သတ္တဝါတို့၏အသက်ကို သတ်ဖြတ်ရာရောက်သည့်အတွက် လူသားတို့ထံမှ ကြိုချက်ပြီးထားသောရေကို အလှူခံ၍သောက်လေသည်။

မှတ်ချက်။ ။နိဂလ္လာသည် ရေကိုအစိမ်းမသောက် သောက်လျှင် ပါဏာတိပါတကံ ထိုက်မည်စိုး၍ဟုဆိုသည်။ ရေစိမ်းကို သူကိုယ်တိုင်လည်း မီးနှင့်မကြိုချက်၊ သူကိုယ်တိုင် မီးနှင့်ကြိုချက်လျှင် ပါဏာတိပါတကံ ထိုက်မည်စိုး၍ဟုဆိုသည်၊ သူတပါးကြိုချက်ပြီးမှသာ တောင်းခံ၍သောက်သည်ဆိုရကား တပါးသူမျှားအားပါဏာတိပါတကံထိုက်စေ၊ မိမိကမူ လွတ်ကင်းစေ ဟူသောသဘောသာဖြစ်၍နေသည်ကို တွေ့ရသည်၊ ဤနေရာတွင် စကားအလျဉ်းသင့်၍ ကျန်ပိတ်တို့ငယ်စဉ်က အတွေ့အကြုံတခုကို တင်ပြလိုပေသည်။

ကျွန်ုပ်တို့ငယ်စဉ် ရွာဘုန်းကြီးကျောင်း၌ ဘုန်းတော်ကြီးနှင့် ရဟန်းတော်များ ဆွမ်းဘဉ်းပေးကြသောအခါ ငပိရေနှင့်တို့စရာ များပါကြသည်၊ တို့စရာမှာ ထုံးစံအတိုင်းထိကရုန်း၊ ကံဇန်းညှန့် စသည်ဖြင့် တောရွာဓလေ့အတိုင်း ဒကာ ဒကာမများကလောင်း လှလိုက်ကြခြင်းဖြစ်သည်၊ ဆွမ်းပဲ့တင်ထိုင်မိကြ၍ သံဃာ တော် တော်များ ဆွမ်းစားကြလျှင်ပင် သံဃာတော်များသည်ကျောင်း သားငယ်များကို ခေါ်ယူ၍ ဆွမ်းပဲ့မှ တို့စရာ အရွက်အညှန့်တို့ကို လက်တင်ကိုင်ကာ လက်နှစ်သစ်ခန့် အပြင်သို့ ထုတ်ပြီး ကပ္ပိယံ ကရောဟိ-ဟု ဆိုကြသည်။ ဤတွင် ကျောင်းသား လုပ်သူက ကပ္ပိယံဘန္တေပါဘုရား-ဟုဆိုပြီး တို့စရာ အညှန့်ကို ဆိတ် ဖြတ် လိုက်ကြရသည်၊ ဤသို့ လုပ်ဆောင် ကြရသည် မှာလည်း ဆရာ ဘုန်းကြီး ရဟန်းများ၏ သင်ကြားပြောဆိုချက်အရ ဖြစ်ပါသည်၊ ယင်းသို့ပြုလုပ်သည့် ကိစ္စနှင့် ပတ်သက်၍ စူးစမ်း သိရှိ လိုသော ကျွန်ုပ်သည် တကြိမ်သော အခါတွင် ဆရာ ဘုန်းတော်ကြီးအား လျှောက်ထား မေးမြန်း ကြည့်ခဲ့မိသည်၊ဆရာဘုန်းတော်ကြီးက—

"အေး-ငါတပည့်မှတ်ထား၊ ငါတို့ ရဟန်းသံဃာ များဟာ မျက်သစ်ပင်တို့ကို မနှုတ်ရ၊မဖြတ်ရ၊ မသတ်ရဘူး၊ မလုပ်ကောင်း ဘူး၊ ငါတပည့်မေးတဲ့ တို့စရာကိစ္စမှာလဲ ဒီတို့စရာ ဟင်းရွက် ဟင်း ညှန့်ကို ရေထဲချလိုက်လျှင် အသက်ရှင်ပြန်ပြီး ကြီးထွား လာတယ် မဟုတ်လား၊ သို့အတွက် ငါတို့ရဟန်းသံဃာများဟာ အသက်ရှိ သော အရာဝတ္ထုများကို မသတ်ရဘူး၊ မဖြတ်ရဘူး၊ ပြုလုပ်လျှင် ပါစိတ်အာပတ်သင့်တယ်၊ ဒုက္ကဋ်အာပတ်သင့်တယ်၊ ဒါကြောင့် ညတိုင်းကျရင် ဘုရားရှိခိုးတဲ့အခါမှာ ဘုရားရှေ့မှာ ငါနဲ့ရဟန်း

ငယ်များဟာ ဒေသနာခံ ဒေသနာကြား လုပ်ရတာတွေ့ ကြားရ တွေ့ရတယ်မဟုတ်လား—”ဟု ပြန်လည်မိန့်ကြား ပါ့သည်။

ကျွန်ုပ်က “မှန်ပါ၊ တပည့်တော် တွေ့ရပါတယ် ဘုရား”ဟု ခလေးသူငယ်တို့ဘာဝ အတိုင်း ပြန်လည်လျှောက်ထားလိုက်ရပါ သည်၊ ဆရာဘုန်းတော်ကြီးသည် ဤမျှနှင့်မရပ်နားသေးပါ၊ဆက် လက်၍ “ဒီလိုဒေသနာခံ ဒေဿနာ ကြားရခြင်းဟာ အဲဒီ အမှု တို့ကို ပြုလုပ်မိရင် အဲဒီအပြစ်တို့က စင်ကြယ်သွားရန် လုပ်ရခြင်း ဖြစ်တယ်၊ ငါတို့ဘုရားသခင် ဆိုဆုံးမခဲ့တာ ငါတို့ ဝိနည်းမှာ ပါ တယ်၊ မင်းတို့သင်ယူနေတဲ့အထဲတွေ့မှာလဲပါတယ် မဟုတ်လား.... အေးပါဦးကတော့- သဋ္ဌံ စပါဏံ ဇီဝတံဝေါရော ပေယျပါစိတ္တိယံ- လို့ ဆိုတယ်၊ အဲဒါဘုရားရဲ့ ပညတ်ချက်ဘဲ၊ ဒီပါဦးရဲ့ အဓိပ္ပါယ် ကတော့ သဋ္ဌံ စ-သေစေလိုသော စိတ်ဖြင့်၊ ပါဏံ-ထွက်သက် ဝင် သက်စသော အသက်ရှိသော အရာဝတ္ထုတို့ကို ဇီဝိတံ-ဇီဝိတိန္ဒြေ ကို ဝေါရောပေယျ-သတ်ဖြတ်ခုတ်ပိုင်းသည် ရှိသော် တာဘိက္ခု နော ထို သတ် ဖြတ် ခုတ် ပိုင်း မှု ပြု လုပ် သော ရဟန်းသည် ပါစိတ္တိယံ ပါစိတ် အာပတ်သင့်သည်၊ ဟောတိ-ဖြစ် လေ တော့ ၏။ လို့ ဆိုတယ်”

ဆရာဘုန်းတော်ကြီးသည် ကျွန်ုပ်သဘောပေါက်ရန် ဆက် လက်၍ အမိန့်ရှိပြန်လေသည်၊ “အဲဒါပေါ့တပည့်ရ၊ ဒါကြောင့် ဒေသနာပြုရတယ်၊ ဒီလိုဒေသနာပြုမှ အပြစ်တည်းဟူသော အာ ပတ်မှ စင်ကြယ်သော ရဟန်းဖြစ်မယ်”ဟုမိန့်ဆိုပါသည်။

ထိုစဉ်ကပင် ကျွန်ုပ်သည် ဆရာ ဘုန်း ဟော်ကြီး၏ မိန်ကြား ချက်နှင့် ပါတ်သက်၍ ဒီဟာ အတော်ဖြစ်ခဲ့ရ ပါသည်၊ ထိုဒီဟာ

ဖြစ်မှုပေါ်တွင် မူတည်၍လည်း ဆရာဘုန်းတော်ကြီးအား ပြန်လည် လျှောက်ထား မေးမြန်းလိုသော မေးခွန်းဖေါင်း များစွာကျန်ပ်၏ ဦးခေါင်းအတွင်း၌ ဝင်ရောက်ကိန်းအောင်းလျက်ရှိပါသည်၊ အကယ်၍ မေးမြန်းလျှောက်ထား လိုသော ဒိဋ္ဌိဟပြဿနာများကိုဖွင့်၍ လျှောက်ထားမိလိုက်လျှင် ဆရာဘုန်းတော်ကြီး၏ အရိုက်ကို အသေအချာခံရမည် ဖြစ်သဖြင့်၊ မဝံ့စားခဲ့ပါ၊ ထိန်းချုပ်၍သာ ထားခဲ့ရပါသည်။

ဤပြဿနာနှင့် ပတ်သက်၍ ကျန်ုပ်သည်ငယ်စဉ်တောင်ကျေးဘုန်းကြီးကျောင်းသား ကလေး ဘဝ ကပင် မရှင်း မလင်း ဖြစ်ခဲ့သည်မှာ အမှန်ဖြစ်ပါသည်၊ ထို့ကြောင့် လည်း ဤပြဿနာ၏ အဖြေမှန်ကို အစဉ်တွေးခေါ် မြော်မြင်ရင်း သုတေသန မှုများ အထပ်ထပ်ပြုမိပါသည်။

ဤနေရာတွင် ကျန်ုပ်နှင့်အတူ သုတေသီ အပေါင်း တို့အား အဆိုပါပြဿနာ အပေါ်၌ ပူးပေါင်းဆွေးနွေး သုတေသနပြုကြရန် ဘိတ်ခေါ်လိုပါသည်။ အကြောင်းမှာ ဆရာဘုန်းတော်ကြီးသည် ပါဏာတိပါတကံထိုက်မှာစိုး၍ သို့မဟုတ် ပါစိတ်အာပတ်သင့်မှာစိုး၍ ကျောင်းသားဖြစ်သူ ကျန်ုပ်တို့အား ဆုံမ်းစားတိုင်းခေါ်ယူပြီး အသက်သတ်ခိုင်းသည်၊ အကယ်၍ ပါဏာတိပါတကံထိုက်ချင်းထိုက်လျှင် စားသူမထိုက် ခိုင်းသူမထိုက် (၀၇)ဘုန်းကြီးများမထိုက် တပည့် ဒကာ ဒကာမများသာ ထိုက်ရမည်၊ တရားပါ၏လော—

ကျန်ုပ်ကျိုက်သို့ တင်ပြရခြင်းမှာ နိဂဏ္ဌနာဋပုတ္တဘုရားကြီးသည် ပါဏာတိ ပါတကံကို ၎င်းကိုယ်တိုင် မကျူးလွန်မိအောင်

စောင့်စည်းပြီး တပါးသူကိုမူ ကျူးလွန်စေသော သဘောဖြင့် ကျိုးချက်ပြီးသောရေကို လူစေခြင်းကဲ့သို့ အသွင်လက္ခဏာများ ထပ်တူပမာဖြစ်၍နေခြင်းကို ပမာတင်ပြခြင်းဖြစ်ပါသည်။

ထိုသည့် နိဂဏ္ဌ၏ စတုယဝမသံဝရသီလ အာဘိဓမ္မာကို ဆက်လက်တင်ပြရန် ရှိပေသေးသည်၊ နိဂဏ္ဌသည် ငါးပါးသောကံတို့ကို လေးပါးသောတရားတို့ဖြင့် အမြဲတန်းတိုက်စစ်ဆင်၍ နေ၏၊ အကြွင်းမရှိသော မကောင်းမှု အကုသိုလ် ဒုစရိုက်တရားဆိုးများ၏ တိုးပွားဖြစ်ထွန်းမှုကို အမြဲတစေ တားဆီး ပိတ်ပင်လျက် နေ၏၊ နိဂဏ္ဌသည် အလုံးစုံသော ပါပညစ်ကျူး မကောင်းမှုအကုသိုလ် တရားတို့ကို တိုက်ဖျက်နှင်ထုတ်၍ သုတ်သင်ပြီး ဖြစ်သောကြောင့် သန့်ရှင်းစင်ကြယ်သော ဘဝနှင့် ပြည့်စုံ၏၊ အကုသိုလ်တရားတို့ကို ခဏမလပ် မပြတ်အစဉ် တိုက်ပဲ့ဝင်လျက်နေ၏၊ ဤကဲ့သို့ နိဂဏ္ဌဘုရားကြီးသည် သူကိုယ်တိုင် ကံငါးပါးဖြစ်သော သူ့အသက်ကို သတ်ခြင်း၊ သူတပါး၏ ပစ္စည်းဥစ္စာတို့ကို ခိုးယူလှည့်ဖျား ယူငင်ခြင်း၊ ကာမဂုဏ်ကို မကျူးလွန်မပြစ်မှားခြင်း၊ လိမ်လည်၍မပြောခြင်း၊ မူးယစ်စေတတ်သော သေရည်တို့ကို မသောက်စားခြင်းစသော ကိစ္စတို့ကို အမြဲတန်း လုံခြုံအောင် လှမ်းရုံ၍နေ၏။ ထို့ကြောင့် နိဂဏ္ဌသည် ဂတတ္ထ အနည်းငယ်မျှ သတိလွတ်ကင်း မေ့လျော့ခြင်း မရှိဘဲ ဣန္ဒြေအလုံးစုံကို လုံခြုံအောင် စောင့်စည်းသူဖြစ်၏၊ ဌိတတ္ထ လူပ်ရှားမယိုင် ကျောက်စာတိုင်ကဲ့သို့ ကြံ့ခိုင်သော သမာဓိမဏ္ဍိုင်နှင့် ပြည့်စုံသူဖြစ်၏ဟု ဤကဲ့သို့ နိဂဏ္ဌနာဋပုတ္တသည် လူသားတို့အား သူ၏ အတ္တ-ဝိညာဉ်-စိတ်-သမာဓိ တည်တန့်ကြောင်းဝိညာဉ် စိတ်သန့်ရှင်းစင်ကြယ်ကြောင်း ဟောကြားလေသည်။

(၆) သဠာယဗေလဋ္ဌိပုတ္တ၏ အနိစ္စဝါဒ

သဠာယဗေလဋ္ဌိပုတ္တခေါ် ဘုရားကြီး၏ အနိစ္စတ ဝါဒကို ဆက်လက်တင်ပြလိုပေသည်။ အနိစ္စတ ဆုံးဖြတ်ချက်မှ ကင်းသော ဝါဒ အယူအဆ (တနည်း) မပြတ်သားသော အယူအဆ ဟုဆိုလိုသည်။ ၎င်းနောက် ဝိဂ္ဂေပဝါဒ ပြန့်လွင့်သော အယူအဆ ဟုလည်း ခေါ် ဆိုကြသည်၊ အကြောင်းကား မည် သို့ သော ပြဿနာမျိုးကိုမဆို တိကျပြတ်သားစွာ ပိုင်းခြားဝေဘန်ခံယူခြင်း မှ ကင်းသော လမ်းစဉ်ဖြစ်သည်။

အတ္တိပရောလောကောတိ၊
ဣတိစေမံပုစ္ဆသိ။
အတ္ထိပရောလောကောတိ၊
ဣတိစေမေအဿ။
အတ္ထိပရောလောကောတိ၊
ဣတိတေနံဗျာကရေယျံ။

အဓိပ္ပါယ်မှာ။ ။တစုံတယောက်သောသူသည် တမလွန်လော ကရှိသလောဟု မေးလာလျှင် တမလွန်လောကနောက်ဘဝရှိသည် ဟု မိမိကိုယ်တိုင်ယုံကြည်စေကာမူ တမလွန်လောက ရှိသည်ဟူ၍ ၎င်း၊မရှိဟူ၍၎င်းအဖြေမပေးနိုင်၊ ဤနည်းဖြင့်လည်း မဖြေနိုင်၊ထို နည်းဖြင့်လည်းမဖြေနိုင်၊ အခြားမည်သည့်နည်းနှင့်မျှလည်း မဖြေ နိုင်ရှိသည်-မရှိသည်-ရှိသည်လည်းမဟုတ်၊ မရှိသည်လည်း မဟုတ် ဟု မဖြေနိုင်၊ဥပမာတစုံတယောက်သောသူသည် မေးလာငြားအုံ၊

မေး။ ။ပရလောကဟူသော တမလွန်ဘဝရှိပါသလော။

ဖြေ။ ။ပရလောက ဟူသော တမလွန်ဘဝ ရှိပါသည်ဟူ၍ ငါမဖြေနိုင်။

မေး။ ။သို့ဆိုသော်၊ တမလွန်ဘဝမရှိဟုဆိုလိုပါသလော။

ဖြေ။ ။တမလွန်ဘဝမရှိဟူ၍လည်း ငါမဖြေနိုင်။

မေး။ ။ဥပပါဒ်ပဋိသန္ဓေမှီနေသောသတ္တဝါမျိုး ထင်ရှားရှိပါသလော။

ဖြေ။ ။ဤသို့ရှိသည်ဟူ၍လည်း ငါမဖြေဆိုနိုင်ပါ။

မေး။ ။သို့ဆိုသော် မရှိဟုဆိုလိုပါသလော။

ဖြေ။ ။မရှိဟူ၍လည်း ငါမဖြေနိုင်ပါ။

မေး။ ။ကုသိုလ် အကုသိုလ်ကံတို့၏ အကျိုးအပြစ်မျှး အထင်အရှားရှိပါသလော။

ဖြေ။ ။ထိုကံတို့၏ အကျိုးအပြစ်မျှး ထင်ရှားရှိပါသည်ဟု ငါမဖြေနိုင်ပါ။

မေး။ ။ဤသို့ဆိုလျှင် ထိုကံတို့၏ အကျိုးအပြစ်ရှိသည်ဟု မှတ်ယူရမည်လော။

ဖြေ။ ။ဤကဲ့သို့ မှတ်ယူရမည်ဟူ၍လည်း ငါမဖြေနိုင်ပါ။

မေး။ ။သို့ဆိုလျှင် အရဟန္တ ပုဂ္ဂိုလ်မျှး ပရိနိဗ္ဗာန်ပြု(၀ါ) သေဆုံးပြီးနောက်၌ ဘဝအသစ်ယူ၍ ဖြစ်ပါသေးသလော။

ဖြေ။ ။ဤပုဂ္ဂိုလ်မျှား သေလွန်ပြီး နောက်ဘဝအသစ် ဖြစ်သေးသည်ဟု မဖြေနိုင်ပါ။

မေး။ ။ဤသို့ဆိုလျှင် ဘဝအသစ် မဖြစ်တော့လေလော။

ဖြေ။ ။ဘဝအသစ် မဖြစ်တော့လျှင်လည်း မဖြေဆိုနိုင်ပါ။

ဤကဲ့သို့ အထက်ပါအဖြေမျိုးအတိုင်း အယူအဆအဘိဓမ္မာသဘော ရှိသော သဠာယ ဗေလဋ္ဌပုတ္တ ခေါ် သိဉ္စည်း ဆရာကြီး၏ အယူဝါဒဖြစ်သည်။

အနုဂဂတ်လင်းခင်

ဤကမ္ဘာလောကဌ် လူသားအပေါင်းတို့ဃည် မိမိတို့ ရင်ဆိုင်တွေ့ကြုံနေကြရကုန်သော ဆင်းရဲဒုက္ခအပေါင်းတို့မှကင်းလွတ်ရန် မျှော်မှန်းချက်ဖြင့် ဘာသာဝါဒ ကိုးကွယ်ဆည်းကပ်မှုအမျိုးမျိုး တို့ကို အားကိုးအားထားပြုကြကုန်၏၊ ကိုးကွယ်ခြင်း၊ ပူဇော်ခြင်း စသည်တို့ကို ပြုကြကုန်၏၊ ထိုသို့အားထားယုံကြည်ကိုးကွယ်ကြရာတွင် နတ်ဘုရားကြီးများကိုလင်း၊ ပင်လယ်သမုဒ္ဒရာကိုလင်း၊ နေကိုလင်း၊ လကိုလင်း၊ ဂင်္ဂါမြစ်ကိုလင်း၊ တောင်ကိုလင်း၊ သစ်ပင်ကြီးများကိုလင်း၊ သစ်ပင်စောင့်နတ်၊ တောင်စောင့်နတ်၊ မြစ်စောင့်နတ်၊ သမုဒ္ဒရာစောင့်နတ်များကိုလင်း၊ နတ်ကွန်း၊ နတ်စင်၊ နတ်ရုပ်မျိုးတို့ကိုလင်း၊ အဂိုဒေဝမီးနတ်ကိုလင်း စသည်ဒဖုံဖုံ အစုံစုံသော ကိုးကွယ်ပူဇော်ပသမှုတို့ကို ပြုကြကုန်၏၊ ဤသို့ပူဇော်မှု၊ ပသမှုအပေါင်းတို့ကို ပြုလုပ်ကြရာဌ်လည်း အမျိုးမျိုးသော ကမ္ဘာ့ဘာသာရေး ခေါင်းဆောင်များ၏ ချမှတ် ညွှန်ကြားချက်များအပေါ်တွင်သာ အထင်အရှားအားဖြင့် အခြေခံလျက်ရှိသည်များကို တွေ့ရလေသည်။

သို့ပင်ရှိစေကာ ၎င်းတို့၏ ဟောပြောချက် (၀၇) ညွှန်ကြားချက်ဒေသနာများကို သုတေသနပြု၍ ကြည့်သည်ရှိသော် လူသား

တို့၏ အဓိကရည်မှန်းချက်ဖြစ်သော ဘေးဒုက္ခ အန္တရာယ်အမျိုးမျိုးမှ ကင်းလွတ်ရာ လက်တွေ့အမှန်မဟုတ်ကြဘဲ၊ အားလုံးလိုလိုပင် အနာဂါတ်သမားများချည့်သာပင် တူညီစွာရှိ၍ နေကြကုန်သည်များကို တွေ့ကြရသည်။

ဆိုလိုသည်မှာ ဤကမ္ဘာလောက၌ သန်းကုဋ္ဌေမျှဖြင့်ခါ၍ အရေအတွက်ရှိအပ်သော ကိုးကွယ်သူများရှိ၍ ကမ္ဘာ့လူထု၏ ယုံကြည်အားကိုးပြုခြင်း ခံနေကြရကုန်သော ဘာသာအယူဝါဒ ခေါင်းဆောင်ဆရာကြီးတို့သည် ယေဘုယျအားဖြင့် လူသားတို့၏ ပစ္စုပ္ပန်မျက်မှောက်ဘဝကို ကောင်းကင် ဘုံနန်းတည်းဟူသော အနာဂါတ်ဘဝ ၊ ကောင်းစားရေးအတွက် လေ့ကျင့်ရာစခန်း အဖြစ်သာအသိအမှတ်ပြုခဲ့ကြကုန်၏ သို့ဖြစ်ရာဘာသာရေးခေါင်းဆောင် ပုဂ္ဂိုလ်တို့သည် လူသားတို့၏ လက်ရှိပစ္စုပ္ပန်ဘဝကို ပူစရာပင်စရာ ရောဂါဆုံး အဖြာဖြာများစွာသော ဆင်းရဲ၊ မနည်းသော ဒုက္ခအနန္တဖြစ်သော အလိုမပြည့်မှုတို့အပြင် ဘဝင်မအေး ပူဆွေးကြောင့်ကြ သောကဗျာပါဒ ပရိဒေဝအမျိုးမျိုးတို့ဖြင့် ချယ်လှယ်ကြကုန်၍ ကောင်းကင်ဘုံနန်းတည်းဟူသော အနာဂါတ်ဘဝ ကောင်းစားရေးကိုမူကား မွန်မြတ်သောသုခချမ်းသာ ထူးခြားသော ကြက်သရေမင်္ဂလာ ဇိမ်ရတနာအဖြာဖြာတို့ဖြင့် ဝေဝေဆာဆာ မြိုင်မြိုင်ဆိုင်ဆိုင် လိုချင်မက်မောစရာဖြစ်အောင် မွမ်းမံ ချယ်လှယ်၍ ဟောကြားညွှန်ကြားကြကုန်၏။

ထိုသို့ ဘာသာရေးခေါင်းဆောင်ကြီးများ၏ ဖေါ်ထုတ်လမ်းညွှန်ချက်များကို ယုံကြည်ကိုးစား လိုက်နာခြင်းဖြင့် လက်မအား၊ ကိုယ်မအား၊ နှုတ်မအား၊ ဗျာပါဒများလျက် အားလပ်ခွင့် မရှိ

နိုင်လောက်အောင် ကြိုးစားအားထုတ်ကြလင့်ကစား ထိုလူသား အပေါင်းတို့အဘို့ရာ၌ ယခုပစ္စက္ခဘဝ မျက်မှောက်ကာလ၌မူ အသက်တာ၏ တိုတောင်းလှခြင်း၊ ရောဂါဘယထူပြောခြင်း အချိန်နှင့် မကာမိအောင် အလုပ်များ ရှုပ်ပွေလှခြင်းဟူသော အကြောင်းအမျိုးမျိုးတို့ကြောင့် သုခစစ်ချမ်းသာ မှန်ကိုတကယ် တန်းကေန်ရှာဖွေ၍ မတွေ့ကြရနိုင်သေးသည်မှာ အမှန်ပင်ဖြစ်၍ နေလေသည်၊ လူသားတို့ဘဝကား မရနိုင်လေ၊ လိုချင်လေ ဖြစ် တတ်လေသည်၊ ထို့ကြောင့် ဘာသာရေးခေါင်းဆောင်ပုဂ္ဂိုလ် တို့သည် လူသားတို့၏ လိုလားတောင့်တချက် ချမ်းသာကွက်ဖြစ် သောမျှော်မှန်းချက်ကို ထိုလူသားတို့သေပြီးသည်နောက် သခ်ျိုင်း ကုန်း၏ ဟိုမှာဘက်ဖြစ်သော အနာဂါတ်ကာလသို့ အရောက် လက်ညှိုးထိုး၍သာ ဟောကြားကြကုန်၏၊ လမ်းညွှန်ကြကုန်၏၊ အမှန်မှာ လူသားတို့အဘို့ ပစ္စုပ္ပန်မျက်မှောက်ဘဝ၏ ဆင်းရဲဒုက္ခ အဖုံဖုံကို ပြည့်ဖုံးကားချပြီး အနာဂါတ်ကာလ သုခချမ်းသာ ရရာရကြောင်း မျှော်မှန်းတောင့်တခြင်းများ ကြီးထွားရင့်ကျက် လာလေလေ၊ ဘာသာရေးခေါင်းဆောင်ပုဂ္ဂိုလ်ကြီးများအတွက် အကာ့ကာကောင်း စားကျက်ကောင်းကျယ်လေလေဖြစ်ရခြေတော့ သည်၊ မှန်လှ၏၊ အကြောင်းသော်ကား ထိုသည့် ဘာသာရေး ခေါင်းဆောင်ပုဂ္ဂိုလ်ကြီးတို့ ဟောပြောညွှန်ကြားကြသည့်အနက် မှ ပေါ်လွင်သော သရုပ်အဓိပ္ပါယ်တို့မှာ....

“အို....အချင်းလူသားအပေါင်းတို့၊ ယခုလက်တွေ့ ခံစားနေကြရသောသင်တို့၏ပစ္စုပ္ပန်ဘဝကား အကောင်း နည်းပါး၍ မကောင်းမှုများကသာ များပြားနေသဖြင့်

အလွန်ဆိုးဝါးလှချေ၏တကား၊ သို့ဖြစ်သောကြောင့် ယခုဝါတို့ ဟောပြောခဲ့သည့် အတိုင်းပင် ဒုက္ခနှင့်အပူမျိုးစုံဆင်းရဲမှုအဖုံဖုံတို့ဖြင့် အမြဲတန်းထုံ၍(ဝါ)ခြုံ၍ထားအပ်သည်နှင့်တူရကား ဤမျက်မှောက်ဘဝသည် လုံးဝတန်ဘိုးမရှိ၊ အသုံးမကျ နိရတ္ထကဝါ အကျိုး တရား ဖြစ်သောသဘာဝကို အသင်တို့ မျက်တွေ့ ကိုယ်တွေ့ သိရှိနေကြရပြီမဟုတ်တုံလော၊ အို....လူသားအပေါင်းတို့၊ လက်ပစ်တတွက်၊ လျှပ်တပြက်ဟု ဆိုရလောက်အောင် အသက်တာ၏ တိုတောင်းလေသောကြောင့်မည်သည့်နည်းနှင့်မျှ အသုံးချ၍မရသော ဘဝဖြစ်လေသည်"

ဟူ၍စသည်ဖြင့် ဟော ညွှန်ကြလေကုန်သည်၊ ထိုမျှသာမက ထိုထက်တဆင့်တက်၍ ဟောညွှန်တတ်ကြသည်များလည်း ရှိပေသေးသည်။

"ဤလူ့ဘဝနှင့် ၎င်းမှယိုထွက်သော သုခရိပ်ငြိမ်ချမ်းသာစည်းစိမ် အမျိုးမျိုးတို့ကို အလွန်အကျူးအထူးတပ်မက်မော၍ ရတက်စောကာ သွားရည် ယိုကျဘွယ်ကောင်းလှသော ကောင်းကင်ဘုံနန်း အပူငွေ့ မသန်းသည့် တကယ့်လွတ်လပ်ရာ ချမ်းသာရာစခမ်းအတွက် အဘယ်ကြောင့် ရက်ရက်စက်စက် မစွန့်လွှတ် နိုင်ကြဘိသနည်း"

"အို....အချင်းတို့၊အသင်တို့ အာသာငင်းငင်း မစွန့်ရက်မပစ်ရက် စွဲမက်ခုံမင်နေကြသော ယခုပစ္စက္ခ မျက်မှောက်သောဘဝသည်ကားဟုဆိုလျှင် လေပူ-နေပူ-သဲပူ စသော

ဒုက္ခဆင်းရဲတို့နှင့် အမြဲမပြတ် ဒလစပ် နှိပ်စက်၍နေသော ဘဝဖြစ်ချေ၏။ သို့ရာတွင် ငါတို့သည် အသင်လူသား တို့အား သနားငဲ့ညှာ ကြီးမား လှသော ကရုဏာ စေတနာ တို့ဖြင့် ငါတို့ဟောညွှန်ပြအပ်သော တမလွန် ကာလ (၀၇) သင်္ချိုင်းကုန်း၏ ဟိုမှာဘက်၌ ရှိသည် ဟုဆို အပ်သော ကောင်းကင်ဘုံ စခမ်း အမြိုက်နန်းသော် တမူကား စိမ်းလဲ့ဝေဖြာ၊ အေးမြသော ရိပ်သာယာအပြင် ကြည်လင် ချိုမြသော စမ်းရေယာဉ် စခမ်းနှင့် တူလှ ချေ၏....”

“ထို့ကြောင့် ဒုက္ခဆင်းရဲ အပူနယ်အတွင်းထဲ၌ တဝဲ လယ်လယ် ထန်ပြင်းခံခက် ဒုက္ခတည်း ဟူသော အပူဒဏ်ကို အလူးအလိမ့် ခံနေရသော အသင်လူသား အပေါင်း တို့သည် အပူဒုက္ခဟူသမျှတို့ မြူအစမကျန် ဧကံ ဧက အေးမြရာဖြစ်သော ငါတို့ ညွှန်ပြသည့် စမ်း ရေ ယာဉ် စခမ်းသို့ အဘယ်ကြောင့် သင် တို့ သည် လှမ်း တက် ရန် နှောင့်နှေးလေးကန်၍ နေကြပါလေသနည်း....” စသည်ဖြင့် တူညီသော အဓိပ္ပါယ်အသွင်ဆောင်သည့် ဝေါဟာရ ခြားနားကြီးမား ကြွယ်ဝသော အဓိပ္ပါယ် စကားမျိုးစုံတို့ဖြင့် ဟောဖေါ် ညွှန်ပြကြကုန်၏။ ဤတွင် သုတေသီတို့ သေချာ ကျနစွာ စူးစမ်းလေ့လာရန်မှာ လူသားတို့တွင် နေ့စဉ်နှင့် အမျှ တွေ့ကြုံ ခံစားနေကြရကုန်သော ဆင်းရဲဒုက္ခအဖုံဖုံတို့မှ လွတ်ရာ ငြိမ်းရာ လမ်းစဉ်များကို ပစ်ပယ်ကျော်လွှားလျက် တနည်းအားဖြင့် ဆိုရသော် စမ်းတဝါးဝါးနှင့် လမ်းခရီးသွားနေကြရ ကုန်သော လူ

သားအပေါင်းတို့အား ထင်ရှား တောက် ပြောင် အ လင်း ကို ဆောင်ခြင်းငှါဖြစ်သည့် အသိဉာဏ်မီးတိုင်ကို ထွန်းညှိ၍မပေးဘဲ နက်ရှိုင်းလှစွာသော အနာဂါတ်ဘဝ အမှောင်တွင်းသို့ ဇွတ်အတင်း တွန်းပို့နေကြခြင်းသာလျှင် အမှန်စင်စစ်ဖြစ်ချေတော့သည်။

ထို့ကြောင့် ကမ္ဘာ့လူသားအပေါင်းတို့၏ သဘာဝဥ္စ ဇ ဝေ ဇဝါမသေချာသော အမှုမျှား တနေ့တခြား ပေါ်ပေါက် မျှား ပြားလျက်သာ လာရချေသည်၊ ထိုသို့မရရာသော အချက် တို့ကြောင့် ထိုထိုလမ်းစဉ်တို့တွင် မည်သည့်လမ်းစဉ်ကိုမျှ လက်တွေ့ မျက်တွေ့ကိုယ်တွေ့ မဟုတ်လေသောကြောင့် လူသားတို့ မလိုက် နာနိုင်ခြင်းမှာ အံ့ဘွယ်ရာမဖြစ်နိုင်တော့ချေ။ ထိုသည့် မျှားစွာ ကုန်သော လမ်းညွှန် ဆရာကြီးမျှား (ဝါ) ဘုရားကြီး မျှား၏ လက်ညှိုးထိုး၍ ညွှန်ပြရာဘက်သို့ လူသားမျှားအဘို့ရာ၌ အကွက် ကျကျ ဇောက်ချ၍ လိုက်မှား ပြန်သော အခါ၌လည်း သခ်ၤါင်း ကုန်း၏ ဟိုမှာတဘက်သို့ ရောက်လေတိုင်းရောက်လေတိုင်း ၎င်းတို့ ညွှန်ပြသော လမ်းစသည် ပျောက်၍ပျောက်၍သွားသည်မျှားကို သာ တွေ့၍နေရတော့သည်။

ထိုသို့ဖြစ်ရလေရာ အခ့ါအခ့ါသော လူသားတို့သည် ထိုသည့် လက်ညှိုးညွှန်ဆရာကြီးတို့၏ သခ်ၤါင်းကုန်းဟိုဘက်သို့ ညွှန်ပြသော လမ်းစဉ်အသီးသီးတို့ကို အယုံအကြည်လျော့ပါးကင်းမဲ့၍လာကြ လေပြီ၊ (ဝါ)သပိတ်မှောက်၍ခဲ့ထွက်ကြလေကုန်ပြီ။ဤသည်တွင် လူသားတို့သည် မိမိတို့၏ ပစ္စက္ခမျက်မှောက်၌ လက်တွေ့ကိုယ်တွေ့ ခံစား တွေ့ကြုံ နေရကုန်သော၊ ဒုက္ခဆင်းရဲကို့မှ ကင်းငြိမ်း လွတ် မြောက်ရန် မျှော်မှန်းချက်ကို မ ရ ရှိ နိုင်ကြ လေသော ကြောင့် လက်မှိုင်ချကာ နေကြရလေတော့သည်။

ထိုအခါတွင် လူသားတို့၏ မပြည့်ဝသော မျှော်မှန်းချက်ကို အကြောင်းပြု၍ ဒုပညာရှင်ဘုရားကြီးတို့သည် မိမိတို့၏လက်တွေ့ မျက်တွေ့ စိတ်တွေ့ ဗဟုသုတ၏အကူအညီဖြင့် ထိုသည့်လူသားတို့ အတွက် ထွက်ရပ်လမ်း ရရာရကြောင်း အသစ်စက်စက်ဖြစ်သော နည်းကောင်း လမ်းကောင်းများကို ထပ်မနားရွေးချယ်တီထွင်ကြပြီး လူသားတို့ အသုံးပြုစမ်းနိုင်ရန် ပွင့်လှစ်ဟောပြော ညွှန်ကြားပြသလာကြပြန်လေသည်။ သို့လင့်ကစား ထိုသည့်နည်းသစ် နည်းဆန်းများသည်လည်း ခလုပ်ကန်သင်းတွင်ကြင်းဆူးညောင့် ချောင်းကူး သဲယက်ရုံပွက်ညွန်ပြောင်းခြုံပိတ်ပေါင်းများထူပြော လှစ္စာဖြင့် ပက်ပင်းပါသော တွေ့ကုံကြရလေပြီး၊ လမ်းမမြင် ကမ်းမမြင် အာသင်မလှ ဒုက္ခတည်းဟူသော ဝဲဩဃမှ လွတ်ကင်း သည်မရှိ၊ ပစ္စုပ္ပန် ဆင်းရဲခြင်း အတိနှင့်သာ ဖြစ်ကြရလေသည်။ ဤသို့ဖြစ်ကြရခြင်းအကြောင်းကား အခြားမဟုတ်၊ ထိုထိုနည်း သစ်တွင် စမ်းသပ်ဖေါ်ထုပ်ကြကုန်သော ဆရာကြီးတို့၏ လမ်း စဉ်သည် ရုပ်ဟောင်းကို သုတ်သင်ရှင်းလင်းပြီး ရုပ်သစ်ပေါင်းမှု ကို မတွေ့ကြရဘဲ အသစ်ဖြစ်သော အဝတ်တန်ဆာ ဒုဒါဒရာကိုသာ ဆင်မြန်း တပ်ဆင်၍ လာသောကြောင့်သာလျှင် ဖြစ်ချေသည်။ ထိုသို့အဖြစ်မှန်ကို ရိပ်စားမိသောအားဖြင့် လူသားတို့သည် ၎င်းတို့ တိတွင် ကြံဆောင်ပေးလိုက်သော လမ်းစဉ် သစ်များပေါ်သို့ လျှောက်ရန် ခြေလေးလာခဲ့ကြရုံမျှမက၊ ပင်ပန်းမောဟိုက် ကျဆင်းလျှက်လာကာ၊ ခြေစုံပစ်၍ ထိုင်ချရသော အခြေသို့ ဆိုက် ခဲ့ရလေသည်၊ ဤသို့အားဖြင့် အတ္ထဝါဒ (၀၀) ဝိညာဉ် ဝါဒသည် တစတစ တိုးတက်ကြီးထွားခဲ့ရချေသည်။

အတ္တနဲ့ကမ္ဘဝါဒ

အတ္တ(ဝါ)ဝိညာဉ်ဝါဒ ကြီးထွားသည်ထက် ကြီးထွားလာသည်မှာ အခြေခံအားဖြင့် ကုသိုလ်က၊ အကုသိုလ်က မျှားကို ပထမဦးစွာ တီထွင်ပြီး တဲ့စပ်၍ ပန္နက်ရိုက်ချ မှတ်ထားခဲ့ခြင်းကြောင့်ဖြစ်သည်၊ ရှင်းပါဦးအုံ....။

ဗြဟ္မဏတို့သည် လူသားတို့အား ဟောပြော ညွှန်ကြားပြသသည်မှာ ကောင်းမှုတည်းဟူသော ပေးကမ်းစွန့်ကြဲခြင်း၊ ဆီမီးပူဇော်ခြင်းစသော ကုသိုလ်ကံတို့ကို ပြုလုပ်ကြရာ၌ ယင်းသို့သော ကောင်းမှုကုသိုလ်ကံတို့ကို အမြဲမပြတ် လိုက်နာပြုလုပ်ကြသော လူသားအပေါင်းတို့သည် ထိုခန္ဓာကိုယ်ကာယ ပျက်စီးသွားလေလျှင် အတ္တဝိညာဉ်သည် ထိုသည့် ကုသိုလ်ကံတရားတို့နှင့်အတူ တမလွန်ဘဝ၌ ကောင်းရာသုဂတိဘုံတွင် တက်ရောက်ခါ စံစားကြရသည်။ မကောင်းမှုတည်းဟူသော သတ္တဝါတို့၏ အသက်ကို သတ်ဖြတ်ခြင်း၊ တပါးသူ၏ဥစ္စာကို ခိုးယူခြင်း၊ ဧမထုန်ကိုမတရားကျူးလွန်ခြင်းစသည့် အကုသိုလ်တရားမျှားကိုပြုလုပ်သော လူသားသည် ဤသည် ခန္ဓာကိုယ်ကာယ ပျက်စီးသွားလေလျှင် ထိုသည့်အတ္တဝိညာဉ်သည် အကုသိုလ်ကံတို့နှင့် ပူးပေါင်းလျက် အပါယ်ငရဲသို့ကျရောက်ပြီး ခံစားကြရလေသည် ဟူ၍ဖြစ်သည်၊ ထိုပုရောဟိတ်တို့၏ ဟောပြောညွှန်ကြားချက်မျှားကို လက်ခံနာယူသူ လူသားတို့အဘို့ရာ၌လည်း ဤသို့ပင်လျှင် ယုံကြည် ယူဆလျက်ရှိကြသည်။

ပုပ္ပေကတ ဟေတုဒိဋ္ဌိ

အချို့သော ဗြဟ္မဏ ပဏ္ဍားများကလည်း ပုပ္ပေကတ ဟေတုဒိဋ္ဌိ ရှေးဖြစ်ကိုစွဲသော (၀၂) ရှေးကံကြောင့် ဖြစ်ရသည်ဟူသော အယူဝါဒများကို စွဲယူကြကုန်သည်၊ အတိတ်ဘဝမှ ကောင်းမှုကံ-မကောင်းမှုကံတို့ကို အကြောင်းရင်းခံ၍ ပစ္စက္ခဘဝ၌ ကောင်းကျိုး မကောင်းကျိုးများကို ခံစံစားကြရသည်ဟူ၍ စွဲယူထားကြခြင်းဖြစ်သည်။

အယူဝါဒ အမျိုးမျိုးအားဖြင့် ကဲ့ပြားခြားနားစွာ ပေါ်ထွက်ခဲ့ကြလင့်ကစား အတ္တဝိညာဉ်ဝါဒနှင့် ကုသိုလ်ကံအကုသိုလ်ကံတို့နှင့်တကွ ဘုံဘဝအမျိုးမျိုးတို့တွင် ကြဉ်လည်ကျက်စားရသည်ဟူသော အယူအစွဲများသည် ပြင်းပြင်းထန်ထန် လက်ခံယုံကြည်ထားခဲ့ကြပေသည်၊ထို့သည့် ဘုံဘဝအယူအစွဲတို့သည် ဗုဒ္ဓဂေါတမအလောင်း သိဒ္ဓတ္ထ မမွေးဖွါးမီကပင် အိန္ဒိယနိုင်ငံတလျှောက်လုံးပြန့်နှံ့ထွန်းကားလျက်ရှိသည်ကို ကျွန်ုပ်တို့ တွေ့ရှိကြရလေသည်။

ထင်ရှားသော ဥပမာကိုပြရလျှင် သိဒ္ဓတ္ထ၏မွေးဖခင် ဘုရင်သုဒ္ဓေါဒန ဆည်းကပ်ကိုးကွယ်သော ကာလဒေဝိလ ရသေ့ဟူ၍ရှိ၏၊ ထိုကာလဒေဝိလရသေ့သည် နတ်ဘုံ၊ ဗြဟ္မာဘုံ၊ အပါယ်ငရဲစသော ဘုံဝါဒအယူရှိသူဖြစ်လေသည်၊ သူသည် နတ်ပြည်၊ ဗြဟ္မာပြည်သို့သွားရောက်၍ နေ့သန့်စင်သည်ဟု ဗုဒ္ဓဝံသပါဠိတော်တွင် အတိအလင်း အထင်အရှား ရေးသားဖော်ပြထား၏၊ ထို့ဆရာဖြစ်သော ကာလဒေဝိလရသေ့၏ ဟောညွှန်ပြသောလမ်းစဉ်ကို သုဒ္ဓေါဒနရာဇာနှင့်တကွသော လူသားတို့သည် ခံယူလိုက်နာ၍ နေကြကုန်၏၊ ဤကဲ့သို့သော အတ္တဝိညာဉ်နှင့် ဘုံဘဝ

အယူဝါဒတို့သည် ဗုဒ္ဓဂေါတမ မပုဉ်မိကပင် လူသားတို့အတွင်း၌ ပြင်းပြင်းထန်ထန် စွဲယူလက်ခံထားကြလေသည်၊ ၎င်းဝါဒများကို ဟောပြောဖြန့်ချိသူများကလည်း ထိုခေတ် ထိုအခါက များပြားလှလေရာ နယ်တကာ ရပ်တကာ လှည့်လည်သွားလာ ဟောပြောကြခြင်းဖြင့် အိန္ဒိယနိုင်ငံ လူသားထုကြီးတရပ်လုံးအား အတွေးဝိညာဉ်နှင့် ဘုံဘဝပိုက်ကွန်ကြီးဖြင့် ဖုံးအုပ်လွှမ်းခြုံထားဘိသကဲ့သို့ပမာ တည်ရှိခဲ့ရပေသည်၊ ဤကား ဗုဒ္ဓဂေါတမ၊ မပုဉ်ပေါ်မီကာလ အိန္ဒိယနိုင်ငံကြီး၏ အခြေအနေ အကျဉ်းမျှသာတည်း။

သိဒ္ဓတ္ထ

ထိုအခါတွင် မဇ္ဈိမဒေသ အိန္ဒိယပြည် အချက်အချာဖြစ်သည့် သက္ကတိုင်း ကပိလဝတ်ပြည်တွင် ခတ္တိယ သက္ကျသာကီဝင်အမျိုး ဇာတ်နွယ်ဝင်ဖြစ်သော ဘုရင်သုဒ္ဓေါဒနသည် သီရိမဟာ မာယာနှင့် စုလျားရစ်ပတ် ထိမ်းမြားလက်ထပ်ပြီးလျှင် တောင်ညာစံဒေဝီမဟေသီအရာထား၍ တိုင်းနှင့်ခရိုင် နိုင်ငံနှင့်အမျှစိုးမိုးပိုင်သလျက်ရှိလေသည်၊ ထိုသည့် သုဒ္ဓေါဒနနှင့် မာယာဒေဝီတို့မှ မဟာသက္ကရာဇ် ၆၈-ခုနှစ် ကဆုန်လပြည့်နေ့ တချက်တည်းအချိန်တွင် ဂေါတမဗုဒ္ဓလောင်းလျှာ-သား သိဒ္ဓတ္ထကို မီးရှူးသန့်စင် ဖွါးမြင်ခဲ့လေသည်၊ သိဒ္ဓတ္ထမင်းသား ဖွါးမြင်ရာတွင် မိခင် မဟာမာယာသည် အသက်အားဖြင့် အရွယ်လွန်လျက်ရှိခြင်း၊ တဦးတည်းသောသားကို မွေးဖွါးရခြင်း၊ ပဋိသန္ဓေ အရင့်အမာရှိစဉ် တောလမ်းခံရီးကို ဖြတ်သန်းကာ လာရခြင်းစသည့် အကြောင်းခြင်းရာတို့ကြောင့် ဖွါးမြင်ပြီးနောက် ၇-ရက် အချိန်သို့ ရောက်သကာလ ကွယ်လွန်အနိစ္စရောက်ခဲ့ရလေသည်၊ သားငယ် သိဒ္ဓတ္ထကို မိဒွေးတော်ဖြစ်သော ပဇာပတိဂေါတမီက ဆက်လက်၍ တာဝန်ယူစောင့်ရှောက်ထိန်းသိမ်းမွေးမြူခဲ့ရသည်။

အရှေ့ယိုးရောက်သောအခါ သိဒ္ဓတ္ထမင်းသားသည် လောက ကြီးအတွင်း ဖြစ်မှုပျက်မှု ကိစ္စအဝဝတို့ကို သူ၏နှလုံးသားဝယ် ဝင် ရောက်ကိန်းအောင်း၍ လာခြင်းဖြင့် အစဉ်တွေးတော မျော်ခေါ် စဉ်းစား တွေဝေနေသော အခြေသို့ ဆိုက်ရောက်ခဲ့သည်၊ ဘခင် ဘုရင် သုဒ္ဓေါဒနသည် သားတော်၏အသွင်လက္ခဏာကို မြင်တွေ့ ရသောအခါ ဤသို့ စဉ်းစားတွေးတောမှဘက်သို့ ညွှတ်ကိုင်း ရောက် ရှိ၍ နေ ပါ က တန္ခေသော အခါတွင် ဘာသာရေး ခေါင်းဆောင်များ၏ သွေးဆောင်ရာသို့ လိုက်ပါသွားခဲ့ကြ ထီးနန်း စည်းစိမ်ကိုပင် စွန့်လွှတ် ပစ်ပယ် သွားမည့် အခြေ သို့ပင် ဆိုက်ရောက် သွား လေ မည် လော ဟု စိုးရိမ်ခြင်း ပြင်းထန်စွာ ဖြစ်လာသည့်အားလျော်စွာ ဘဒ္ဒန္တအရှင်သို့ရောက် သည်နှင့်တပြိုင်နက် ကပိလဝတ်ပြည်နှင့် အနီး အနား ရှိသော ကောလိယဂဏ (ဒီမိုကရေစီနိုင်ငံ) ဝါ ဒေဝဒဟပြည်မှ သုပ္ပဗုဒ္ဓ မင်း၏ချောမောလှပသော သမီးကညာ ဘဒ္ဒကစ္စနာယသော်ဓရာ နှင့် ထိမ်းမြားလက်ဆက်ပေးလေသည်။ ဤတွင်သိဒ္ဓတ္ထမင်းသား ၏ စဉ်းစားတွေးတောသော သမ္ဗဇဉ် လောကကို ဖခင် သုဒ္ဓေါ ဒနမင်းကြီးသည်ချောမောလှပသော ယသော်ဓရာတည်းဟူသော တံတိုင်းကြီးဖြင့် တားဆီးပိတ်ပင်လိုက်ခြင်း ဖြစ်လေသည်။ သို့ရာ တွင် သိဒ္ဓတ္ထသည် သူ၏စဉ်းစားတွေးတော ဆင်ခြင်မှုကို နောက် သို့မဆုတ်ခဲ့ချေ၊ထို့သို့နေထိုင်လာခဲ့ရာမှ နှစ်ပဋိဗောဓ ကြာမြင့်လေ သော် မြောက်သားတော် ယသော်ဓရာတွင် သားတော် တပါး ထွန်းကားထွက်ပေါ်၍လာသော အဖြစ်သို့ ရောက်ရှိခဲ့လေသည်။ ဤတွင် သိဒ္ဓတ္ထမင်းသားသည် သူ၏စဉ်းစားတွေးတောခြင်းတည်း

ဟူသော အလင်းရောင်ကို အမှောင်ဖုံးအုပ်ဘိသည့် အလား ဖြစ်သောကြောင့်ရာဟုလဟုအမည်ပညတ်ခေါ်တွင်ခဲ့လေသည်။

သို့ရာတွင် သိဒ္ဓတ္ထမင်းသားသည် သူ၏ စဉ်းစားတွေးတောမှုကို စွန့်လွှတ်၍ မပစ်ဘဲ ဇဲ့သတ္တိနှင့် ရှေ့သို့ တိုး၍ တိုး၍သာ တက်ခဲ့လေရာ နောက်ဆုံးတွင် တောထွက်ခဲ့ရသည့် အခြေသို့ ရောက်ခဲ့လေသည်။သိဒ္ဓတ္ထတောထွက်ရာတွင် အကြောင်း အခြေခံများစွာ ရှိလေသည်။ ပထမ အကြောင်းမှာ လူသားတို့ အဘို့ နေ့စဉ်နှင့်အမျှ တွေ့ကြုံဆုံဆည်းနေကြရကုန်သောဒုက္ခ၊ ထိုဒုက္ခမှ လွှတ်ကင်းရာ လွှတ်ကင်းကြောင်း နည်းကောင်း လမ်းမှန်များ ရှိမရှိ၊ တဖန် မိမိကိုယ်တိုင်လည်း ရာမ-သုဘ-သုရာမ နန်းမ သုံးဆောင်တွင် မောင်းမမိသံ ချေရံသင်းပင်း စုံလင်စွာဖြင့် လိုလေသေးသည်မရှိ နေထိုင်ရလင့်ကစား အမှန်အားဖြင့်တွေ့ကြုံ ခံစားနေခဲ့ရသော ဒုက္ခမီးသည် မငြိမ်း၊ထိုသို့ဒုက္ခမီးငြိမ်းအေးရေး နှင့်ပတ်သက်၍မိမိမမွေးဘွားမီကပင် စတင်ဟောပြောညွှန်ကြား ချက်များ မျိုးစုံအောင် ရှိနေကြငြား သော်လည်း ဒုက္ခ၏ ငြိမ်းအေးရာ လမ်းကြောင်း ပေါ်သို့ လက်တွေ့ မရောက်သဖြင့် မကျေနပ်နိုင်သောအကြောင်းများပင်ဖြစ်လေသည်။ထို့ကြောင့် ပင် ထိုဝေဒန္တစာပေနှင့် ဝါဒလမ်းစဉ်တို့၏ အဆုံးအဖြတ်ကိုမခံယူ တော့ဘဲ သူ့အားသူကိုးသောစံနစ်ဖြင့် အမှန်လမ်းစဉ်ကို ရှာဖွေ ရန် ထွက်ခွါသွားခြင်းဖြစ်သည်။ဤသို့အမှန်တရားကို တောတွင်း ထွက်၍ ရှာဖွေသည်မှာလည်း ထိုစဉ်က အနောက်မစ္ဆိမ ဒေသ အိန္ဒိယနိုင်ငံရှိ ဘာသာရေး သမားတို့၏ လုပ်ရိုး လုပ်စဉ် အစဉ် အလာအရ ဖြစ်လေသည်။ သို့သော် သိဒ္ဓတ္ထသည် ဟိန္ဒူပြဟ္မဏ

ဘာသာဝင်များကဲ့သို့ ဆံပင်ဖြူ ခါးကိုင်းမှ တောထွက်တရား ကျင့်ကြံအားထုတ်ခြင်းမျိုးမဟုတ်ချေ။ ဟိန္ဒူပြဟ္မဏတို့၏ အယူဝါဒတွင် အရွယ်သုံးပါးရှိလေသည်၊ ပထမအရွယ်တွင် ပညာရှာ၍ ဒုတိယ အရွယ်တွင် ဥစ္စာစီးပွားရှာရမည်၊တတိယအရွယ်တွင်ကား တောရပ်ခိုမှီး၍ တရားဘာဝနာ ပွားများ အားထုတ် ရမည် ဖြစ်သည်။ ထို့ကြောင့် ခေါင်းမှ ဆံတပင် ဖြူသည် နှင့် တပြိုင်နက် သေမင်းထံမှ အလံပြပြီ ဟူသော အထိမ်း အမှတ် ဖြင့် သားမယား အိုးအိမ် စီးပွားကို ပစ်ပါယ် စွန့်လွှတ်ကာ တောတွင်းသို့ ထွက်ခွါလျှက် သစ်တပင်ရင်း ဝါးတပင် အောက်သို့ သွားရောက်ကာ တရားအားထုတ်လေ့ ရှိကြသည်။ သိဒ္ဓတ္ထမင်းသားသည် အရွယ်လွန်ဆဲဖြူခါးကိုင်းမှ တောထွက် ၍ အမှန်တရားကို ရှာဖွေရမည်ဆိုသော် မိမိနေစဉ်နှင့်အမျှ ခံစား တွေ့ကြုံခဲ့ရကြောင်းများကို အောင့်အီးသည်းခံရန်မဖြစ်နိုင်၊ ဆံပင်မည်း နှက် ငယ်ရွယ်နုမျိုစဉ်သောအခါက စ၍ တောသို့ထွက်ကာ မရ မနေ ရှာဖွေလေ့ လာခြင်းသာလျှင် အမှန်တရားကို လက်ဝယ်ရရှိ နိုင်မည်ဟု ဆုံးဖြတ်ကာ မိဘဆွေမျိုးများ၏ မျက်မှောက်၌ပင် ဂေါတမဟူသော အမည်ကိုခံယူကာ စွန့်စား ထွက်ခွါသွားလေ တော့သည်။

မှတ်ချက်။ ။သိဒ္ဓတ္ထအမည်ကို ပယ်ဖျက်၍ ဂေါတမဟူသော အမည်ကိုခံယူကာဟု ဆိုရာတွင် ဂေါတမ၏အဓိပ္ပါယ်မှာ အမျိုး စောတ်အနွယ်များကို ပယ်ဖျက်လိုက်ခြင်းကို ဆိုလို၏။

ဒုက္ကရစရိယာ ၆-နှစ်ကြာ

ဤကဲ့သို့ ဂေါတမအလောင်းတော် တောထွက်သောအခါကား မဟာသက္ကရာဇ်(၉၇)ခုနှစ်ဖြစ်လေသည်။ ထိုကဲ့သို့ တောထွက်သွားတော်မူပြီးလျှင် နောက်တနေ့ နံနက်သို့ ရောက်သောအခါတွင် ဂေါတမအလောင်းတော်သည် အမျှားယောဂီတို့၏ အစဉ်အလာအတိုင်း ရာဇဂြိုဟ်မြို့တွင်းသို့ စားသောက်ရန်အလို့ငှါ အလှူခံဝင်သည်တွင် သူဌေးအိမ်မှ အိမ်ဖေါ်မတဦးသည် မုံသိုးမျှားကိုစွန့်ပစ်ရန် အိမ်အပြင်သို့ ထွက်အလာနှင့် ကြုံတွေ့လေသောအခါ ၎င်းမုံသိုးမျှားကို စွန့်ပစ်မည်အစား ငါသို့ပေးလှူပါဟုဆို၍ မုံသိုးမျှားကို အလှူခံယူ၍ ရာဇဂြိုဟ်မြို့တွင်းမှ ထွက်ခွါသွားလေ၏။ ရာဇဂြိုဟ်မြို့၏အနီး ဝေဘာလတောင်ခြေတွင်ထိုင်၍ အလှူခံ၍ ယူဆောင်လာသော မုံသိုးမျှားကို သုံးဆောင်စားသောက်လိုက်လေရာ ဂေါတမအလောင်းတော်၏ လည်ချောင်းသည် ထိုသည့်မုံသိုးမျှားကို လက်မခံနိုင်သဖြင့် တော်လှန်ကြလေသည်။ ဤအခါတွင် ဂေါတမအလောင်းတော်သည် ဇွတ်အတင်းမှိတ်ကြိတ်၍ ၎င်းမုံသိုးမျှားကို စားသောက်၍နေလေ၏။

ဤအခါမှာ ရာဇဂြိုဟ် မြို့သူမြို့သား အပေါင်းတို့သည် တဆင့်စကား တဆင့်ပြောဆိုကြသည်မှာ ဆံပင်မည်းနက် လှပတင့်တယ်ငယ်ရွယ်နုပျိုသော လူသားတဦးသည် ယောဂီတို့၏ လုပ်ငန်းစဉ်အရ မုံသိုးမျှားကို အလှူခံယူ၍ မြို့ပြင်သို့ ထွက်သွားလေသည်ဟု ဆူညံစွာ ပြောဆိုကြသော အသံမျှားကို ပိမ္ဗိသာရမင်း ကြားသိလေရာ ဤအခါတွင် ပိမ္ဗိသာရမင်းသည် သူ၏တိုင်းပြည်ကို ပုန်ကန်တိုက်ခိုက်လုယူရန် လူသားလား၊ ၎င်းနောက် ဘယ်လို

လူသားလဲဆိုတာ စိုးရိမ်တကြီး မြင်းကိုစီးပြီး ဆောလျင်စွာ လိုက်၍ ရှာလေတော့ရာ ဂေါတမအလောင်း တော်သည် ဝေဘာလတောင်ခြေရင်းတွင် ထိုင်ပြီး မုံသိုးများကို စားသောက် နေသည်ကို မြင်တွေ့ရလေ၏။

ထိုအခါ ပိမ္မိသာရမင်းသည် ဤသူကားနိမ့်သောအမျိုးဇာတ် မှမဟုတ်ချေ၊ တိုင်းပြည်ကိုလုယူတိုက်ခိုက်ရန် လူသားလည်းမဖြစ် နိုင်၊ ၎င်းလူသားသည် ယခုကဲ့သို့ ဆံပင်မည်းနက် ငယ်ရွယ်ပျိုနု လှပဖွံ့တယ်သည့်အရွယ်မှာ အများယောဂိတို့၏ လုပ်ငန်းများ ကို လုပ်ဆောင်နေခြင်းသည် မသင့်တော်ချေဟု စဉ်းစားမိလေ တော့သည်၊ ထိုအခါတွင် ဂေါတမအလောင်းတော်၏ အနီးသို့ သွား၍ ချဉ်းကပ်ပြီးလျှင် "ငါ့ရှင် သင့်ကို မြင်ရတွေ့ရသည့်အခါ ကျွန်ုပ်သည် ညီရင်းကဲ့သို့ ဖြစ်မိပါသည်၊ သင်သည် နိမ့်သော အမျိုးဇာတ်မှမဟုတ်ပေ၊ ယခုကဲ့သို့ သင်သည် ဆံပင်မည်းနက် လှပတင့်တယ် ငယ်ရွယ်ပျိုနုသော အချိန်အခါတွင် ယောဂိလုပ် ပြီး တရားအားထုတ်သော အလုပ်ကို ဖယ်ခွါပြီးလျှင် သင်၏ လက်တွင် ဒါး-လှံ တံတို့ကိုစွဲကိုင်ပြီးလျှင် ကျွန်ုပ်ပိုင်ဆိုင်သော ရာဇဂြိုဟ်မြို့ကြီးကို တဝက်ခွဲပြီး တိုင်းပြည်အုပ်ချုပ် မင်းပြုလုပ် စမ်းပါလော" ဟု ဆိုလိုက်လေ၏။

ဤသည်တွင် ဂေါတမအလောင်းတော်က ပြန်၍ "သင် မင်းကြီး ယခုကဲ့သို့ ပြောကြားလိုက်ခြင်းသည်ကောင်းပါပေ၏၊ သို့ရာတွင် ကျွန်ုပ်သည်ကား အခြားသူမဟုတ်ပေ ကပိလဝတ္ထုမြို့ကို စိုးမိုးအုပ်ချုပ် မင်းပြုနေသည့် သုဒ္ဓေါဒနမင်းကြီး၏သား သိဒ္ဓတ္ထ မင်းသားမှဆင်းသက်လာသော ဂေါတမသည် ကျွန်ုပ်သာလျှင်

ဖြစ်၏၊ တိုင်းပြည်နှင့်တကွသော ရာမ-သုဘ-သုရာမ-နန်းမသုံး ဆောင်တို့ကိုရော၊ ထိုနောက် ကြင်ယာသက်ထား ယသော်မယာ မိဘုရားနှင့် ရင်သွေးသားတော် ရာဟုလာတို့ကို ပါယ်ခွါစွန့်လွှတ် ခဲ့ပြီးလျှင် ကျန်ုပ်သည် လူသားတို့၏ ယခုပစ္စက္ခတွင် တွေ့ကြုံခံစား နေရသော ဒုက္ခဆင်းရဲတို့ကို ချုပ်ငြိမ်းရန်ဖြစ်သည့် အမှန်တရား ကို ရှာဖွေရန် ယခုလို ယောဂီလုပ်၍ တောထွက်ခဲ့ခြင်းဖြစ်ပေ၏။

သို့ပါသောကြောင့် သင်မင်းကြီးသည် ကျန်ုပ်၏အပေါ်တွင် ကရုဏာထား မေတ္တာပို့ပြီး ပေးကမ်းလိုက်သော ဆုလာဘ်မျှား ကို ပြန်လည်၍ ရုပ်သိမ်းလိုက်ပါ”ဟု ဆိုလိုက်လေရာ၊ “ဤကဲ့သို့ ဆိုပါလျှင် ကောင်းပေစ့၊ ဤသို့ဆိုပါက သင်မင်းသားသည် အမှန်တရားကို ရှာဖွေတွေ့ရှိပါက ကျန်ုပ်ကိုလည်း အမှန်တရားကို ကြွရောက်၍ ညွှန်ပြလှည့်ပါ”ဟု ပြောကြားလေ၏၊ ဂေါတမ အလောင်းတော်သည် ကောင်းပေပြီ သင်မင်းကြီးဟု ကတိခံပြီး လျှင် ဥရုဝေလတောအတွင်းသို့ ဝင်သွားလေတော့၏။

ဥရုဝေလ တောအတွင်းသို့ ရောက်သောအခါ ပထမဦးစွာ ဂေါတမ အလောင်းတော်သည် အာလာရကာလာမထံသို့သွား ရောက်ချဉ်းကပ်လေသည်၊ ထိုသို့ ချဉ်းကပ်ပြီးလျှင် အာလာရ၏ လမ်းစဉ်မျှားကို စုံစမ်းလေ့လာဆည်းပူးသည့် ကာလာမအနွယ် ဖြစ်သော အာလာရ ရသေ့ကြီးသည် သူ၏လမ်းစဉ်ဖြစ်သော သမထနည်းမျိုးစုံတို့ကို ပြောဆိုပြသလေသည်၊ သို့သော် သိဒ္ဓတ္ထ ဂေါတမသည် ထိုသည့် အာလာရရသေ့ကြီး၏ ယောဂီလမ်းစဉ် သည်ကား ဆင်းရဲဒုက္ခတို့မှ အစဉ်ငြိမ်းအေးခြင်းသို့ မရောက်နိုင်၊ သမထယောဂ နည်းလမ်းတို့ဖြင့် ဆင်းရဲချုပ်ငြိမ်း အေးမြရာ အမှန်မပြည့်စုံကြောင်း သိမြင်လေသည်နှင့် ထိုအာလာရထံမှ

ဖဲ့ခွါထွက်ခဲ့လေသည်၊ ထိုနောက် ဥဒကရာမပုတ္တထံသို့ ဝင်ရောက်ချဉ်းကပ်ပြန်လေသည်၊ ဥဒကရာမပုတ္တလည်လည်း သူ၏ သမထယောဂ လမ်းစဉ်မျိုးစုံတို့ကို ပြောဟောညွှန်ပြလျက် "ငါ့ရှင် ကိုယ်တိုင် ကျင့်ကြံအားထုတ်ပါလော" ဟု ဆိုလေရာ ၎င်းပြဆိုသည့်အတိုင်း စူးစမ်းလိုက်နာ အားထုတ်လေသည်တွင် မကြာမီ ထိုလမ်းစဉ်များကို သိဒ္ဓတ္ထဂေါတမကိုယ်တိုင် ပိုင်နိုင်စွာ လက်ခံရရှိလာလေသည်၊ သို့လင့်ကစား ဤလမ်းစဉ်ဖြင့် လည်း တင်း တိမ် ရောင့် ရဲ မှု မဖြစ်ခဲ့ပေ၊ ထိုလမ်းစဉ်သည် ကား ဒုက္ခဆင်းရဲအပေါင်းတို့မှ ကုန်ဆုံးချုပ်ငြိမ်းရာ မရရှိနိုင်ကြောင်း သဘောပေါက်သိရလေသောကြောင့် ဥဒကရာမပုတ္တထံမှ တဖန် ခွဲခွါခဲ့ပြန်လေသည်၊ ထိုနောက် သိဒ္ဓတ္ထ ဂေါတမသည် ၆ နှစ်တိုင်တိုင် သမထ လုပ်ငန်းများ ယောဂ လုပ်ငန်းများနှင့် အစာရေစာ ဖြတ်၍ ကျင့်ကြံ အားထုတ်သော လုပ် ငန်း များ ကို ကြောက် ခ မန်း လိလိ လုပ်ကိုင် ဆောင်ရွက် လေ တော့ သည်၊ အလောင်းတော်မင်းသားသည် ယောဂလုပ်ငန်းများလုပ်ဆောင်သည့်အရာတွင် မျက်စေ့ကိုပိတ်၊နားနှာခေါင်းပါးစပ်ကိုယ်ခန္ဓာတို့တွင်ရှိသမျှ အပေါက်ဟူသမျှတို့ကိုပိတ်၍ကျင့်လေရာ လေမတိတ်သွေးခေါင်တို့သည် ငယ်ထိပ်မှပင် ပွင့်ထွက်မည့်အလား ဖြစ်လာသည်အထိဖြစ်၏၊ ၎င်းနောက် နားပေါက်မှ လေခတ် တို့သည် တွန်းကန်၍ ထွက်ပေါ်လာလေရာ တစုံတခုမဟာ အသံတို့နှင့်မျှ မတူဘဲ ထူးဆန်းစွာ လေခတ်ကို သူကိုယ်တိုင် သိရှိရလေ တော့သည်၊ ဂိမ္ဘဥတုဖြစ်သော နွေရာသီ တပေါင်းလတွင် ကြီးစွာသော ကျောက်တောင် ကျောက်တုံးများထက်ဝယ် နေမွန်းတည့် ချိန်ရှိန် ပူလောင် ကျမ်းမြို့က်လျက် ရှိသော အချိန်ကာလ တွင်

ခြေတဖက်ကို ထောက်၍ ခြေတဖက်ကို မြောက်၍ရင်း၊ တဖက်သောလက်ကို မြောက်ပြီးသော် တဖက်သောလက်သည် ရင်ဝယ်ပိုက်လျက်ရင်း၊ အပူခံခြင်း၊ ထို့အတူ ညဘက်တွင် နှင်းခံခြင်း၊ ထွက်လေ ဝင်လေ တို့ကို ကျင့်ခြင်း၊ ထွက်လေကိုချည့် သတ်သတ် ဝင်လေကိုချည့်သတ်သတ်ကျင့်ခြင်း၊ ဤနည်းဖြင့် ယောဂလမ်းစဉ်တို့၏ နည်းမျိုးစုံကို မည်သူတဦးတယောက်မျှ မကျင့်ကြံ မလုပ်ဆောင် နိုင်လောက်အောင် ကျင့်ကြံ အားထုတ် လုပ်ကိုင် ခဲ့လေသည်။

ထိုသည့် တူမတူအောင် ကျင့်ကြံအားထုတ်မှု မျိုးစုံတို့ကြောင့် အ လောင်း တော် ဂေါတမ၏ ကိုယ် ကာ ယ သည် အား နည်းလျှောကျမှု၏ အဆုံးစွန်သို့ ရောက်ခဲ့ လေသည်။ အနှစ် ၈၀-မျှ ကြာညောင်းစွာ နေထိုင် လာခဲ့ရသော သူအိုကြီးသဖွယ် အရိုးအဆစ် အဖုံအထစ်စသော အင်္ဂါကြီးငယ်များ ကြုံလှ ယိုယွင်း၍ လာချေသည်၊ ကုလားအုပ်၏ ခြေထောက်များကဲ့သို့ တင်ပါးရိုးများလည်း ထွက်၍နေလေသည်။ လက်ပွတ်စူးများကို အနိမ့်အမြင့်တန်း၍ထားဘိသကဲ့သို့ ယက္ကန်းစင်မှ ယက်ဖေါက် များကို တန်း၍ထားဘိသကဲ့သို့ ကျောရိုးများသည် အပြိုင်းအပြိုင်း ထ၍နေလေသည်၊ တဲအိုပျက်ငယ်၏ ဝါးအချဉ်များ ဖရိုဖရဲ ပျက်ကျ နေဘိအလားကဲ့သို့ နံရိုးများသည်လည်း ကြဲကြဲပင်ပေါ်၍ နေလေတော့သည်၊ ထိုမျှသာမဟုတ် နောက်ဆုံး အစာရေစာကိုပင် ဖြတ်တောက်၍ ကျင့်ကြံသည်အထိ အဆုံးစွန်သို့ ရောက်ခဲ့ လေရာ နောက်ဆုံး နေရဥ္ဇရာ မြစ်ကမ်းရှိ တ ခု သော ညောင်ပင် ကြီးအောက်တွင် ခွေနုံးနွမ်းရိ-ဘုံးဘုံးထိ လဲကျကာ မထနိုင် မလှုပ်နိုင်သော အခြေသို့ ဆိုက်ရောက်ရလေတော့သည်။

ဂုဏ်အာဇာနည်သို့ရောက်ခြင်း

ထိုကဲ့သို့ ဒုက္ခရစရိယ ကျင့်သည်၏အဆုံး အထက်ဖေါ်ပြပါ ညောင်ပင်၏ အောက်တွင် လဲကျ၍ နေလေရာတွင် ကြုံကြိုက်မှု တရပ်ကား ထိုဥရုဝေလတောင်၏ အနီးသေနိုဂုံးဌ် မဟာသေန မည်သော သူကြွယ်၏ သို့၊ သုဇာတာသည် အရွယ်သို့ရောက်စက ညောင်ပင်သို့ သွားရောက်၍ အကျွန်ုပ်သည် အမျိုးဇာတ်တူ ယော ကျွဲး နှင့် ပေါင်း ဖေါ်မိ ကြ၍ အစဉ်းစွာ ဒုးဖြင့် သားယောကျွဲးကလေး ရသည်ဖြစ်ပါအံ့၊ ထိုသို့ရသည် ရှိသော အသင်ညောင်ပင်စောင့် နတ်ရက္ခစိုးအား တန္ခစ်လျှင် တကြိမ်ကျ တသိန်းသော ဥစ္စာ တို့ ကို စွန့်၍ ပူဇော် ပါမည်၊ ကျွန်ုပ်အား သန္ခေသား မစပါလော့-ဟု ဆုတောင်းခဲ့ရာမှ သုဇာတာသည် မကြာမီ ယောကျွဲးခင်ပွန်းရရှိပြီး သားသန္ခေတည်၍ ရာ မည် သော သတို့ သားကို ဖွားမြင် ခဲ့လေ သောကြောင့် ညောင်ပင် စောင့် နတ်ရက္ခစိုးကြီးအား ကျေးဇူးအထူးတင်ရှိသောအားဖြင့် ကတိသစ္စာပီသစွာ နှို့ ထမင်းမျှားချက်၍ ဗလိနတ်စာပူဇော်သည့် လုပ်ငန်းကို နှစ်စဉ်နှစ်တိုင်း ပြုလုပ်ခဲ့လေသည်၊ ထိုသို့လျှင် အစဉ် ဥပါဒါန် တရားရှိသော သုဇာတာ အမျိုးသမီးသည် ထိုနေ့

ထိုအချိန်အခါတွင် နှစ်ပြည့်ရက်စေ့သည်အားလျော်စွာ မိမိ၏ ကျင့်ဝတ်အတိုင်း ရဂ္ဂစိုးနတ်ကို ပူဇော်ပသရန်အလို့ငှာ အိမ်ဖေါ်မတဉီးကို ညောင် ပင် အောက် တွင် အမှိုက်များ ရှင်းလင်းရန် စေခိုင်းလိုက်လေ၏။ အိမ်ဖေါ်မသည် ညောင်ပင်အောက်သို့ ရောက်သောအခါ အစာရေစာပြတ်၍ တုံးလုံးကြီး လဲနေသော ဂေါတမ အလောင်းတော်ကို မြင်တွေ့ရသောအခါ သူမသည် ရဂ္ဂစိုးနတ်ကြီးထင်မှတ်၍ ဤနတ်ကြီးသည် ယခုတိုင် အိပ်ယာကတောင် မထသေးဘူးဟု ထင်မှတ်ပြီး အမှိုက်များကို ရှင်းလင်းပြီး ပြန်သွား၍ သူ၏ အရှင်မ သုဇာတာကို ပြန်၍ ပြောပြ လေသည်။ အရှင်မ ရဂ္ဂစိုး နတ်ကြီးသည် အိပ်ယာကတောင် မထသေးသည်ကို ကျန်ုပ်တွေ့မြင်ခဲ့ရလေသည်။ ဤနှစ်အရှင်မ နတ်ကြီးကို နို့ဂဏာ ပူဇော်ပသရခြင်းသည် ကိုယ်တိုင် ထင်ရှား ပူဇော်ရသည်အတွက် အလွန် ထူးမြတ်သော မင်္ဂလာ ဖြစ်လေသည်ဟု ဝမ်းမြောက်ဝမ်းသာနှင့် ပြောပြလေ၏။

သုဇာတာသည် သူ၏အိမ်ဖေါ်မပြောကြားသောစကားကို ကြားရသောအခါ ဝမ်းသာရွှင်လန်း ပီတိပန်းတွေ ဖြာပြီးလျှင် ဆောလျှင်စွာ ကျိုချက်ပြီးသော နို့ဂဏာခွက်ကို ယူဆောင်၍ အိမ်ဖေါ်မနှင့်အတူ ညောင်ပင်သို့သွားလေရာ ထိုစဉ်တွင် အစာရေစာပြတ်၍ သေမတတ်ဖြစ်၍ နေသော ဂေါတမ အလောင်းတော် တုံးလုံးလဲ၍နေသည်ကို မြင်တွေ့ရသောအခါ သုဇာတာသည် ရဂ္ဂစိုးနတ်ကြီး အိပ်နေသည်ထင်မှတ်၍ အနားသို့ သွားရောက်၍ သေချာဂန ကြည့်ရှုလေသော အခါ မုတ်ဆိတ်တွေ့ အရှေသားနှင့် မျက်စိများကလဲ မျက်လုံးအိမ်အတွင်းသို့ လက်တဆစ်လောက်ဝင်၍ နေသည်ကို မြင်တွေ့ရသော အခါ တရား

အားထုတ်သော လူသားယောဂီတယောက်အစာရေစာမစားရ၍
မြေပြင်ပေါ် လဲနေသည်ကို မြင်တွေ့ရသောအခါ သနားကြင်နာ
ကရုဏာ သက်ဝင်ပြီးလျှင် ယူဆောင်လာသော နို့ဂဏာခွက်ကို
သူ၏ အိမ်ဖေါ်မလက်သို့ ပေးလိုက်ပြီးလျှင် ကုံးလုံးလဲ၍နေသော
လူသားယောဂီကို သူကိုယ်တိုင်ဖေးမပွေ့ပိုက်ထားပြီး လျှင် အိမ်
ဖေါ်မ လက်တွင်းမှ နို့ဂဏာခွက်ကို တောင်းယူပြီးနောက်ဂေါ
တမအလောင်းတော်၏ အာခံတွင်းသို့ဂဗီရေများ သွတ်သွင်း ပေး
ဘို့အလားကဲ့သို့တိုက်ကျေးလေတော့ရာနို့ဂဏာသည် အလောင်း
တော်၏ လည်ခေါင်းမှ ဝမ်းဗိုက်အတွင်းသို့ သက်ဆင်းကျရောက်
သွားသည်အခါ ဂေါတမ အလောင်းတော်သည် သူ၏ ဝမ်းဗိုက်
အတွင်းသို့ ကြည်လင်မြေသော သီတာရေများ တိုက်ကျေး လိုက်
သည်အလားကဲ့သို့ ဝမ်းတွင်းမှာ အေးပြီး သွားသည် အခါတွင်
အနည်းငယ် လှုပ်ရှားနိုင်လေသည်၊ ထိုအခါဂေါတမအလောင်း
တော်သည် မျက်လုံးအိမ်အတွင်းမှ လက်တဆစ်ခန့် နိမ့်ကျနေကြ
သော မျက်လွှာများကို အပေါ်သို့ ပင့်တင်၍ ကြည့်ရှုလိုက်လေ
တော့ရာ အလောင်းတော်သည် အထူးအံ့သြ၍ သွားလေသည်မှာ
ဤသူငယ်မသည်ကား ငါနှင့်ဆွမျိုးညာတိ သေးသား မတော်
စပ်ငြားသော်လည်း ယခုလို ငါ့မှာတွေ့ကြုံခံစားနေရသည့်ဆင်းရဲ
ကို မြင်တွေ့ ရသည့် အခါတွင် လူသား အချင်းချင်း ကူညီစောင့်
ရှောက်သည်တွင်မက မိခင်တို့၏ပမာ ကြင်နာ ယုယစွာ ပွေ့ချီ
ပိုက်ထွေးပြီးလျှင် ယခုလို တိုက်ကျေးခြင်းအမှုကို ပြုလုပ် နေခြင်း
ကို အံ့သြစွာ စဉ်းစား နေလေရာ သုဇာတာသည် နို့ဂဏာကို
တဖြေးဖြေး တိုက်ကျေးလေသောအခါ အလောင်းတော်သည်
ခန္ဓာကိုယ်လှုပ်ရှားနိုင်ခြင်းဖြစ်၍လာသည်ကို သုဇာတာ မြင်တွေ့

ရသောအခါ အလောင်းတော်ကို မြေသို့အသာချပြီးလျှင်ရှေ့က် နှင့် နို့ဂဏာတို့ကို အနားတွင် ထားခဲ့၍သူ၏အိမ်ပေါ်မနှင့်ပြန်၍ သွားကြလေတော့သည်၊ ထိုအခါ ဂေါတမ အလောင်းတော် သည် သုဇာတာ ပေးကမ်း ထားရှိခဲ့သော နို့ ထမ်း ထမင်းကို ဆက်လက် စားသုံး မှီဝဲ လိုက်ရ လေသည်၊ ဤကဲ့သို့ နို့ဂဏာကို စားသောက် မှီဝဲရလေသောကြောင့် အားအင်များ ပြန်လည် ဖြစ်ထွန်း၍လာကာ အသက်ဇီဝံဣန္ဒြေတဖန်ပြန်၍ ဆည်နှိုင်သော အဖြစ်သို့ ရောက်ခဲ့ရလေသည်၊ ယင်းသို့လျှင် ကြမ်းတမ်းသော အကျင့် အကြံ တို့ကို ရုပ်သိမ်း၍ အစာ စားသုံး လိုက်သည်ကို အကြောင်းပြု၍ အတူနေ ကျင့်ဘော် ကျင့်ဘက် ငါး ဦး သော ရဿေ.တို့သည် ဆက်ဆံပေါင်းသင်းခြင်း မပြုကြတော့ဘဲ တပါး သော နေရာသို့ ဖဲခွါသွားကြလေသည်။

ထိုအချိန်အခါကာလမှပင်အလောင်းတော်သည်မိမိကိုယ်တိုင် စဉ်းစားတွေးတောဆင်ခြင် သုံးသပ်သည်မှာ မိမိသည်ဤသို့လျှင် ရှေးသို့ဆက်လက်၍ လုပ်ဆောင်နေပါက မိမိ၏ကိုယ်ကာယသည် ပျက်စီးရန်သာ ရှိတော့သည်၊ ထို့ကြောင့် ဤလုပ်ငန်းကိုစွန့်လွှတ် ၍ တနည်းတလမ်း လုပ်ဆောင်ရလျှင် ကောင်းပေမည်ဟုစဉ်းစား တွေးတောမိလေ၏၊ ထို့ကြောင့် ထိုအရပ်မှ ဖယ်ခွါ၍ နေရာတွ မြစ်ကမ်း တခုသော မွေ့လျော်ပျော်ဘွယ်ရာ သဲသောင် ပြင် ဝယ် သင့်တင့် လျောက်ပတ်ရာ နေရာအရပ်ကို ရွေးချယ်၍ အနားယူ ထိုင်နေကာ ထပ်မံစဉ်းစား တွေးတောပြန်လေသည်။ ဤသည် တွင် အလောင်းတော်သည် သူ၏ရရှိထားသောခန္ဓာကိုယ် ဇာတိ အကျိုးတရားကို အပြန်အပြန်အလှန်လှန်အကြောင်းအကျိုး(၀၀) အနုပဋိလောမ တည်းဟူသော ကာယကထာကို တွေးတော

စဉ်းစားလေတော့ရာ ဤကား မဟာသက္ကရာဇ် တရာ့သုံးခုနှစ် ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့ညတွင် ဖြစ်လေသည်။

ပုပ္ပေါနိဝါသဉာဏ်

ထိုအခါအလောင်းတော်သည် မျက်တွေ့ ကိုယ်တွေ့အားဖြင့် မြင်တွေ့နေရသော ဤအကျိုးတရား ခန္ဓာကိုယ်ကာယသည် အဘယ်သို့သော အကြောင်းကြောင့် စတင်တည်နေ ဖြစ်ပေါ်လာလေသနည်း၊ ငါ၏ခန္ဓာကိုယ်ကာယသည် မည်သည့် ဖန်ဆင်းရှင်တို့က ဖန်ဆင်းလုပ်ဆောင်လိုက်သော ခန္ဓာကိုယ်ကာယ ဖြစ်လေသနည်း၊ ရှေးဘာသာရေး ခေါင်းဆောင်များ၏ နတ်ဗြဟ္မာ ဖန်ဆင်းရှင်တို့၏ တန်ခိုးအာနိသင်သကြောင့် ဖြစ်ပေါ်လာလေသလော၊ ၎င်းတို့အဆိုအမိန့်များသည် အမှန်စင်စစ် ကေံကောဖြစ်ကြလေကုန်သလော စသည်ဖြင့် ယထာဘူတ သဘာဝကျကျ တွေးတောဆင်ခြင်သုံးသပ်သည်ရှိသော် အလောင်းတော်၏အသိဉာဏ်အမြင်၌ ထင်လင်းဖြစ်ပေါ်လာသည်ကား....ငါ၏ခန္ဓာကိုယ်ကာယသည် မည်သည့်ဖန်ဆင်းရှင်တို့ကမျှ ဖန်ဆင်းတည်ထောင်လုပ်သော ခန္ဓာကိုယ်ကာယမဟုတ်ချေ၊ ထို့နောက် မည်သည့် တန်းခိုးတော်ရှင်တို့၏ အတ္တဝိညာဉ်နှင့်တကွသော ကုသိုလ်ကံ အကုသိုလ်ကံ အဟုန်တို့နှင့် တကွဖြစ်ပေါ်၍ လာရသည်လည်း မဟုတ်၊ အဟုတ်တကယ် အမှန်တရားသည်ကားဟုဆိုလျှင်ငါ၏ မယ်တော် ခမည်းတော်တို့၏ သတ္တဗီဇ ကလလ အကြောင်းတရားကြောင့်သာ ဖြစ်၍လာရပေသည်၊ ထိုသတ္တဗီဇ ကလလသည် ချုပ်ပျောက်၍မသွားဘဲ စားသောက် ရှူရှိုက်ဖြစ်သည့်သင်္ခါရမူ

အကြောင်းဆက်တို့ကြောင့် တစတစ ကြီးထွားတိုးတက်၍လာရ ခြင်း အမှန်ဖြစ်သည်၊ ဤသို့လျှင် မူလဗီဇ ကလလတွင် ပထဝီ ဇောဇော အာပေါ ဝါယောတည်းဟူသော ဓာတ်ကြီးလေးပါး အကြောင်းရင်းခံ၍ ဖြစ်ပေါ်ခဲ့ရာမှ မိခင်၏ စားမှုသောက်မှု ရှူးမှုတည်းဟူသော အစာရေလေ သင်္ခါရ ပေါင်းစပ်မှုတို့ဖြင့် သုံးဆယ့်နှစ်မျိုးကုန်သော ရုပ်တရားတို့ အဆင့်အထိ တိုးတက် ကြီးထွားဖြစ်ပေါ်၍ လာရခြင်းသာဖြစ်သည်ဟု အမှန်အတိုင်း တွေ့မြင်၍ လာလေတော့သည်၊ ဤကဲ့သို့ ငါ၏ဉာဏ်အမြင်နှင့် တကွ ယခုကဲ့သို့ အမှန်ကိုသိရခြင်းသည် လွန်ခဲ့ပြီးသော ခြောက် နှစ်ကာလအခါသမယမျှားကလည်း ထိုကဲ့သို့ အမှန်မသိခဲ့ရ၊ ယခု သော် တမူကား ငါသည် အမှန်တရား တည်းဟူသော လမ်းစကို (၀၇) လင်းရောင်ခြည်တည်းဟူသော လမ်းစကို ထင်ထင်ရှားရှား တွေ့မြင်သိရှိရလေပြီဟု ဝမ်းမြောက်ဝမ်းသာ ဖြစ်ပေါ်၍ လာရ လေရာ ရှေ့သို့ဆက်လက်၍ တွေးတော စဉ်းစားနိုင်ခြင်းအဖြစ်သို့ ရောက်ရလေတော့သည်။

ဒိဗ္ဗစက္ခုဉာဏ်

ထို့မှတဖန် ငါကိုယ်တိုင်စားမှု သောက်မှု ရှူးမှု ရှိုက်မှုတည်း ဟူသော အစာ ရေလေတို့ကို ပြုလုပ်ဆက်စပ် ခံယူသောကြောင့် ဤသုံးဆယ့်နှစ်မျိုးကုန်သော ဆံပင် မွေးညှင်း ခြေသည်း လက် သည်း သွား အရေထူ အရေပါးစသော ရုပ်တရားအစုတို့သည် တဖြည်းဖြည်းတစတစတိုးတက်ကြီးထွား၍ပစ္စက္ခဓန္ဓာကိုယ်ကာယ သည် ဤသို့ဤသွင် ကြီးထွားရပ်တည်၍ နေရလေသည်၊ ဤတလံ

မျှလောက်သော ငါ၏ခန္ဓာ ကိုယ်ကာယသည်ကား.... သုံးဆယ့်နှစ်မျိုးသော ပစ္စည်းတို့၏ အစုအဝေးမျှသာတည်း၊ ထိုသုံးဆယ့်နှစ်မျိုးသော ပစ္စည်းအစုအဝေးတို့ကို ပေါင်းစပ် သတ်မှတ်လိုက်သော အဓိကအားဖြင့် ရုပ်တရားစုမျှားသာတည်း၊ ထိုရုပ်တရားတို့၏ အကြောင်းခံ အရင်းအစမှာ သဘာဝဓမ္မတည်းဟူသော ရေမြေ လေမီး ဓာတ်ကြီးလေးပါး မဟာဘူတ တရားတို့သာလျှင် ဖြစ်ချေသည်၊ ယင်းကဲ့သို့ သဘာဝဓမ္မတရားလေးပါးအကြောင်းကြောင့် ဖြစ်ပေါ်၍ တည်ရှိနေသော သုံးဆယ့်နှစ်ပါးသော ရုပ်တရားအကျိုးစုထဲတွင် အတ္တဝိညာဉ်သည် ဘယ်နေရာ ဘယ်ဌာနတွင်မှ အစရှာ၍မရသည်အဖြစ်ကို မျက်ဝါးထင်ထင် တွေ့မြင်လေသည်။

အလောင်းတော်သည် သူ၏ခန္ဓာကိုယ်ကာယသည် သုံးဆယ့်နှစ်မျိုးကုန်သော ရုပ်တရားတို့ စုပေါင်းထားအပ်သည်ဖြစ်၍ ထို ရုပ်တရားတို့၏ ဦးဆောင်ရာဖြစ်သော (ဝါ) အလုပ်လုပ်ရာ အရာကား....မျက်စေ့အကြည်၊ နားအကြည်၊ နှာခေါင်းအကြည်၊လျှာအကြည်၊ ကာယအကြည်၊ နှလုံးအကြည် စသော အကြည်ဓာတ်တို့သည် အပြင်ဗဟိဒ္ဓလောကမှ အစာ ရေလေတို့ဖြင့် အကြောင်းပြုပြင်ပေး၍နေခြင်းသာလျှင် ဖြစ်ကြလေသည်၊ ဤခန္ဓာကိုယ်ကာယတွင် ဖြစ်ချည်ပျက်ချည် စက်လည်လျက်ရှိကြကုန်သော သဘာဝဓမ္မတရားလေးပါးတို့သည် ဗဟိဒ္ဓအပြင်လောကမှသဘာဝတရား လေးပါးတို့နှင့် အကြောင်း ပြုပြင်နေသဖြင့် သာလျှင် ခန္ဓာကိုယ်ကာယဉ်ရှိသော သဘာဝဓမ္မတို့သည်လည်း အလုပ်လုပ်၍ နေကြခြင်းဖြစ်သည်၊ ဤသည်တွင် သဘာဝဓမ္မတရားလေးပါးတို့၏ လှုပ်ရှားစက်လည်မှု အကြောင်းခံကြောင့် ကိုယ်ငွေ့ဟု

ဆိုအပ်သော ဥသ္မာ အနွေးဓာတ်သည် ခန္ဓာကိုယ်တခုလုံးတွင် ပြန့်နှံ့တည်ရှိ၍နေရသည်၊ အကြင်အခါတွင် ဤခန္ဓာကိုယ်ကာယ၌ တည်ရှိနေသော မျက်စေ့ရုပ်အကြည်နှင့် ဗဟိဒ္ဓဖြစ်သော အပြင်လောကတွင် တည်ရှိသည့် အဆင်းရုပ်တို့သည် တိုက်ဆုံတွေ့ကြုံကြသည့်အခါတွင် ဥသ္မာဓာတ်ငွေ့သည် ပွင့်လင်းဖြစ်ပေါ်၍ လာလေသည်ဟု ဤသို့လျှင် ကြောင်းကျိုးဆက် သဘာဝဖြစ်ပျက်စဉ်ကို ထင်လင်းစွာ တွေ့မြင်ရလေသည်။

ဤကဲ့သို့ ဥသ္မာဓာတ်ငွေ့၏ ပွင့်လင်းဖြစ်ပေါ်လာသည်ကို ပင် ဗြဟ္မဏပုဏ္ဏားတို့သည် အတ္တဝိဉာဉ်ဟု စွဲယူကြခြင်းဖြစ်သည်၊ ထိုဥသ္မာဓာတ်ငွေ့သည်ကား ဤကိုယ်ခန္ဓာထဲတွင် မည်သည့်နေရာဌာနတွင်မှ အစဉ်ထာဝရ တည်ရှိနေသော တရားမဟုတ်ချေဟု ထင်ရှားစွာသိမြင်လေ၏။

အာသဝကွယညာဏ်

အလောင်းတော်သည် အမှန်တည်းဟူသော လမ်းစဉ်ကို တစထက်တစ ကြီးမားတိုးတက် တွေ့ရှိလာသည်နှင့်အမျှ ဆက်လက်၍ စဉ်းစားခြင်း၊ စီစစ်ခြင်းနှင့်တကွသူ၏ခန္ဓာကိုယ်ကာယကို စမ်းသပ်ခြင်း၊ ဝေဖန်ခြင်း အလုပ်များကိုလည်း မလျော့သောလုံ့လ္လဝိရိယနှင့် ထပ်မနား ကြိုးပမ်းလုပ်ဆောင်ခဲ့လေသည်။ ထိုသို့ ဆက်လက်၍ စဉ်းစားစီစစ် လေ့လာခြင်ပြန်လေရာဝယ် ဤတလံမျှလောက်သော ငါ၏ခန္ဓာကိုယ်တွင်ဒုက္ခဆင်းရဲခြင်းဟူသည် အဘယ်နေရာတွင် ရှိပါလေသနည်း၊ ထိုသည် မျက်စေ့-နား-နှာ-လျှာ-ကိုယ်

ကာယတို့တွင်လည်း ဤဒုက္ခ ဆင်းရဲသည် မရှိရိုးအမှန် ဖြစ်သည်။ သို့စင်လျက် ယင်းသည့်ဒုက္ခဆင်းရဲခြင်းသည် ထပ်မနားဖြစ်ပေါ်၍လာရချေသည်။ ထိုသည့် ဒုက္ခဆင်းရဲသည် ငါ၏ မျက်စေ့နှင့် အဆင်းရူပါရုံ တိုက်ဆုံမိသည့် အခါတွင်ရင်း၊ နားနှင့် အသံတို့ တိုက်ဆုံထိခိုက်မိသည့်အခါတွင်ရင်း၊ ဖြစ်၍ဖြစ်၍သာ လာရခြင်း ဖြစ်သည်၊ သို့ဖြစ်သော် အဆင်းရူပါရုံကို မျက်စေ့ဖြင့် မြင်လိုက်သောအခါ အဘယ်ကြောင့် ဒုက္ခဆင်းရဲ ဖြစ်ပေါ်၍ လာရလေသနည်း၊ ဤတွင် အလောင်းတော်၏ စဉ်းစား ဆင် ခြင် ညာဏ်သည့် ပွင့်လင်း၍ လာရချေတော့သည်။ ထိုသည်ကား အခြားမဟုတ်၊ မျက်စေ့နှင့် အဆင်းရုပ်သဏ္ဍာန်တို့ တိုက်ဆုံမိကြရာဝယ် ရုပ်ကိုရုပ်ချင်းတိုက်ဆုံမိသည်ကိုအမှန်မသိခြင်းကြောင့် (အဝိဇ္ဇာ) အမြင်ခံရူပါရုံတွင် တပ်မက်ခြင်းတည်းဟူသော အစွဲဥပါဒါန် တရားပွားများခါ ဒုက္ခတည်းဟူသော ဆင်းရဲခြင်း အကျိုးတရားသည်ဖြစ်ပေါ်၍ လာရလေသည်၊ ထို့ကြောင့်ပင် ငါ၏ခန္ဓာကိုယ်ကာယတွင် ဒုက္ခဖြစ်ကြောင်းတရားသည် အစဉ်ထာဝရတည်ရှိနေခြင်းမဟုတ်ဟု လင်းလင်းကြီး သိမြင်နိုင်ခဲ့လေသည်၊ ထိုသည့်တပ်စွဲခြင်း တဏှာ ဥပါဒါန်တရားစုတို့ကို အမှန်မမြင်၊ အမှန်မသိသည် အတွက် ဒုက္ခတည်းဟူသော ဆင်းရဲခြင်းနှင့် ကြုံတွေ့ ကြရလေသည်၊ ဤသည့် ဒုက္ခဆင်းရဲဖြစ်ကြောင်း တရားစုတရားမွန် မှန်သမျှကို စွန့်လွှတ်ပယ်ခွါလိုက်ပါက ဒုက္ခတည်း ဟူသော ဆင်းရဲအပေါင်းတို့သည် မလွဲမသွေ ချုပ်ငြိမ်းရပေမည်ဟု အမှန်မြင်အမှန်

သိပြီးလျှင် တပ်စွဲခြင်းတရား ဥပါဒါန်တရားစုတို့ကို အပြီးတိုင် ပယ်ခွါစွန့်လွှတ် လိုက်လေတော့သည်၊ ဤသို့လျှင် မဟာသက္ကရာဇ် တရာသုံးခုနှစ် ကဆုန်လပြည့်ကျော် တရက် နေအာရုံ အတက် ကြာသပတေးနေ့တွင် အမှုန်ဓမ္မ၏ အရင်း အမြစ်ကို ဆရာမကူ သယမ္ဘူဉာဏ်ဖြင့် အမှုန်ထွင်းဖေါက် အလင်းသို့ ရောက်အောင် သိမြင်နိုင်သည့်ဗုဒ္ဓအဖြစ်သို့ရောက်ခဲ့လေသည်။

အနုတ္တဂါဒ

ဗုဒ္ဓအဖြစ်သို့ရောက်ရှိတော်မူပြီးနောက်အတွင်္ဂဝိညာဉ်နှင့်ဘုံဘဝ အယူအစဲတို့ ပြင်းပြင်းထန်ထန် လက်ခံယုံကြည် သိမ်းပိုက်လျက် ထားကြကုန်သော လူသားထုအတွင်းသို့ ကြွရောက်တော် မူပြီး သူ၏ အနတ္တဂါဒကို ဟောပြောညွှန်ကြား ပြသခဲ့လေသည်။

ဗုဒ္ဓရှင်သည် အနတ္တဝါဒကိုဟောပြော ညွှန်ပြသည့် အခါတွင် လွယ်ကူစွာ ဟောပြောပြသရသည်ကား မဟုတ်ချေ၊ အကြောင်းကား အတွင်္ဂဝိညာဉ်ဘုံစဲဘဝစဲတို့နှင့် တန်းတန်းစဲဖြစ်၍ နေကြကုန်သောအယူဝါဒတို့ကို ချေဖျက်၍ စစ်မှန်သော အနတ္တဓမ္မ လမ်းစဉ်ကိုလက်တွေ့မျက်တွေ့ သံဒိဋ္ဌိကဓမ္မ အကာလိကဓမ္မအဖြစ် ယုံကြည်လက်ခံကြစေရန် အခက်အခဲ အကြပ်အတည်း အမျိုးမျိုးတို့ကို ထွင်းဖေါက်ကျော်လွှားလျက် ဟောပြောညွှန်ကြား ပြသခဲ့ရလေသည်။

ထိုကဲ့သို့ ဗုဒ္ဓဘုရားရှင်သည် လူသားတို့၏ ရုပ်ခန္ဓာမှစ၍ လူသားတို့၏တွေ့နေသမျှကုန်သောအရာဝတ္ထုမျှားနှင့်တကွသဘာဝဓမ္မသို့တိုင်အောင် အစဉ်ထာဝရတည်တန့်၍မနေ၊ ဖြစ်ပျက် သဘောအရ ပြုပြင်ပြောင်းလဲ၍ နေသည်ဟူသော အနတ္တဓမ္မကို

လူသားတို့အား ပိုင်းခြားထင်ထင် တင်ပြပေါ်ပြော နေစဉ်ဝယ် ဗုဒ္ဓဂေါတမ၏ အနတ္တဝါဒမှပေါ်မိက ဝါဒအသီးသီးတို့ကို ကိုင်တွယ်စွဲယူကြ၍ လူသားတို့ထံနည်းမျိုးစုံဖြင့် ချဉ်းကပ်ပေါ်ပြော လျက် ဆရာကြီးများ (၀၇)အဘိဓမ္မာ ဆရာကြီးများ လုပ်၍နေကြကုန်သော ဘုရားကြီး ခြောက်ဆူတို့ကလည်း ငြိမ်၍မနေကြသေးပေ၊ ဗုဒ္ဓဘုရားရှင်သည် အနတ္တဝါဒကို ပေါ်ပြော ပြသတော်မူသည့် အခါများ၊တွင်၎င်း၊ သို့မဟုတ် ဗုဒ္ဓဘုရားရှင် ထံသို့ ၎င်းတို့၏တပည့်စေတမန်များကို လွှတ်၍သော်၎င်း နည်းအမျိုးမျိုးဖြင့် ဆွေးနွေးကြကုန်သည်၊ထောက်လှမ်းကြကုန်သည်၊စုံစမ်းကြကုန်သည်၊ မေးမြန်းကြကုန်သည်၊ ငြင်းခုန်ကြကုန်သည်၊ တောတကာတက်ကြကုန်သည်၊ ဆန့်ကျင်ကန့်ကွက် ကြကုန်သည်။

ဥပနိသျဒ်(၀၇)ဥပါနိသာဒရသေ.ကြီးများကလည်း ၎င်းတို့၏၀ါဒရေးရာဆိုင်ရာ ဝေဒကျမ်းများကို စီရင်ခဲ့ကြလေကုန်သည်၊ ထိုဝေဒကျမ်းများ၏ အစီအရင်ကား ကမ္မ-ဗလနှင့် ပရလောက၏ အမာခံများသာ အဓိကဖြစ်ကြလေသည်၊ ကုသိုလ်ကံ အကုသိုလ်ကံအကြောင်းနှင့်တကွသော အတ္တဝိညာဉ်သည် အကျိုးကိုခံစား တတ်၏၊ ဤသည့်အတ္တဝိညာဉ်သည်ပရလောက(၀၇)နောင်အခါ ဖြစ်ရမည့် တပါးသော ဘဝမှာလည်း ၎င်းက သာလျှင် ကောင်းကံမကောင်းကံ၏အကျိုးတရားကို ခံစံစားရမည်၊ အတ္တ-ဝိညာဉ်သည် မပြောင်းလဲသော သဘောရှိ၏၊ မပျက်စီး မချုပ်ပျောက်သော သဘောရှိ၏၊ အမြဲအစဉ်တည်ရှိ၍နေ၏ဟု အခိုင်အမာရေးသား ပြဆိုထားခဲ့ကြလေသည်။

ထိုဝေဒကျမ်းများပါအရ အချို့.သောဗြဟ္မဏပုရောဟိတ် တို့သည် အခိုင်အမာစွဲယူထား၍ ဗုဒ္ဓဘုရားရှင်ထံသို့ လာရောက်

ကြ၍ ၎င်းတို့၏အယူအစဲမျှားကို ဗုဒ္ဓရှင်၏ အံနတ္တဝါဒနှင့် ယှဉ်ပြိုင်ဆွေးနွေး ကြကုန်သည်၊ အချို့က ဗုဒ္ဓရှင်၏ မငြင်းကွယ်နိုင်အောင် ဆုတ်ကိုင်ပြသနိုင်စွမ်းသော အနတ္တဓမ္မကို ယုံကြည်လက်ခံကြပြီး အချို့ကမူ စမ်းတဝါးဝါးဖြစ်လျက် အယူစဲအဟောင်းအမြင်းမျှားဖြင့် ရောထွေးယှက်တင် လွန်းပေါင်းတင် ရှုတ်ထွေးပေလိမ်စွာ လက်ခံကြရင်း တပည့်ခံလိုခံ ရဟန်းပြုလို ပြုကြကုန်သည်။

ဤကဲ့သို့ ဗုဒ္ဓဂေါတမ၏ အနတ္တဝါဒကို စမ်းတဝါးဝါး လက်ခံသိမ်းပိုက်ပြီး ရဟန်းပြု၍လာကြသူမျှားအထဲတွင် တံငါသည်၏သား သာတိမည်သော ရဟန်းကဲ့သို့သော ပုဂ္ဂိုလ်အမျိုးအစားမျှားလည်း အံမျှားအပြား ပါရှိခဲ့ကြလေသည်၊ ထိုသာတိရဟန်းသည် လူသားတို့အား တရားဓမ္မ ဟောပြောပြသရာ၌ "အသင်တို့၊ ငါတို့သည် ဗုဒ္ဓဘုရားရှင်ဟောကြားအပ်သော တရားတော်ကို ဤသို့ဤပုံ နားလည်ကြားသိရ၏။ အသင်တို့ ဗုဒ္ဓဘုရားရှင်ဟောကြားသည့် တရားသည်ကား အခြားမဟုတ်ပါ၊ အမှန်စင်စစ်မှာ တခုတည်းသော ဝိညာဉ် (၀၊)ဇီဝသည်သာ ဘုံဘဝ အစားစားသို့ အဖန်ဖန်ရွှေ့လျားပြေးသွားဝင်ထွက်ကြဉ်လည် ကျက်စား၍ နေခြင်းဖြစ်သည်" ဟူ၍ ဖြစ်သည်။

ဗုဒ္ဓ ဘုရားရှင်သည် ဤအကြောင်းကို ကြားလတ်သော် သာတိရဟန်းကို ခေါ်ယူပြီး မေးတော် မူလေသည်။ "ငါ့ရှင် သာတိ-၊ သင်သည် ဝိညာဉ်သည်သာလျှင် ဘုံဘဝ အစားစားသို့ အဖန်ဖန် ကြဉ်လည်ကျက်စား ရွှေ့လျားဝင်ထွက်၍ ဖြစ်သည်ဟု ဤသို့သော အယူဆိုးဖြစ်၍ လူသားတို့အား ဟောပြောနေသည်ဟူသော သတင်းစကားသည် မှန်လေသလော"

"မှန်ပါသည်— ဗုဒ္ဓရှင်ဟောကြားသောတရားမှာ တခြားမရှိ၊ ပြကတေ့သောဝိညာဉ်သည်သာ ရွှေ့လျားပြေးသွား၍နေသည်ကို ဘုရားတပည့်တော်ကြားသိနားလည်ရပါသည်" ဟု ပြန်လည်လျောက်ထား၏။

ဗုဒ္ဓရှင်က "သာတိ-၊ ထိုဝိညာဉ်ဟူသည် အဘယ်နည်း" ဟူ၍ ထပ်ဆင့်မေးသည်ရှိသော် သာတိရဟန်းက တဖန် ပြန်လည်၍ "အရှင်ဘုရား ဝိညာဉ်ဟူသည်ကား ဆိုတတ်- ပြောတတ်- မှတ်တတ်-ခံစားတတ်သောအရာ ဖြစ်ပါသည်၊ ၎င်းဝိညာဉ်သည် ထိုထိုသော အနာဂါတ် ဘဝ အစားစားတို့တွင် ကောင်းဆိုးနှစ်တန် ကံ၏ အကြောင်း တရားတို့နှင့် ပဋိသန္ဓေ တဖန်နေ၍ ထိုသည့် ကောင်းဆိုးနှစ်တန် ကံ၏ အကျိုးတရားတို့ကို ခံစံစားတတ်ပါသည်" ဟု လျောက်ထားလေသည်။

ထိုအခါဗုဒ္ဓရှင်က "မောဃပူရိသော-တုစ္ဆ၊(၀၊)အချီးနှီးသောယောက်ျား၊ သင်သည် အဘယ်သို့ ဆိုလေဘိသနည်း၊ ငါဟောကြားသည့်တရားတို့၌ ဝိညာဉ်သည် အကြောင်းတရား အမျိုးမျိုးတို့ကြောင့် ဖြစ်ပေါ်လာသော အကျိုးတရားဟု မှတ်ယူအပ်သည် မဟုတ်တုံလော၊ ၎င်းဝိညာဉ်သည် အကြောင်းကင်း၍ မဖြစ်ပေါ်နိုင်၊ ဤသည့်အကြောင်းတရားတို့ ပျက်စီးချုပ်ဆုံးပါက အကျိုးတရားဝိညာဉ်သည် ပျက်စီး ချုပ်ဆုံးရ လေသည်ဟု ပြတ်သားထင်လင်း အသိရှင်းစွာ ငါဟောကြားခဲ့ ဘိ၏၊ အချီးနှီးသောယောက်ျား၊ သင်သည် ငါဟောကြားသောတရားကို နာယူပြီး သင်ကိုယ်တိုင် ကိုယ်ပိုင်ညာဏ်ဖြင့် ပူနွေးအောင် ဆင်ခြင်စဉ်းစားဝေဖန်ပိုင်းခြားခြင်း အလုပ်ကို မလုပ်မူဘဲ သင်သည် အမှန်မသိ

အမှန်မမြင်သော အကြောင်း အရာတို့ကို ဆိုဘိသည်'' ဟူ၍ မိန့်တော်မူလေသည်။

ထို့နောက် ဗုဒ္ဓရှင်သည် ရဟန်းတို့ကိုခေါ်တော်မူ၍ အောက်ပါအတိုင်း ဝိညာဉ်နှင့်ပတ်သက်၍ ဆက်လက် ဟောကြားပြသတော် မူလေသည်။

"ရဟန်းတို့ အကြင် အကြင်သို့သော အကြောင်းတို့ကြောင့် ဝိညာဉ်သည် ဖြစ်ပေါ်လာရ၏၊ ထိုအကြောင်းအား လျော်စွာ ဝိညာဉ်၏အမည်သည်ဖြစ်၏၊ ရဟန်းတို့၊ စက္ခုတည်းဟူသောမျက်စေ့နှင့် ရူပါရုံတည်းဟူသော အဆင်းတို့သည် အကြောင်းတိုက်ဆုံတွေ့ထိသည့်အခါတွင် ဥသ္မာ ကိုယ်ငွေ့ဓါတ်သည် ပွင့်ပေါ်၍လာပေသည်၊ ထိုသည့် ဥသ္မာကိုယ်ငွေ့ဓါတ် ပွင့်ပေါ်၍လာသည် ကိုပင် ဝိညာဉ်ဟု ခေါ်ဆိုကြသည်၊ ထိုသည်ပင် စက္ခုဝိညာဉ် အဖြစ်သို့ ရောက်ရလေသည်၊ ထိုနည်းတူစွာပင် နှာခေါင်း-နား၊ လျှာ-ကိုယ်-ဟဒယ(မန)စသည်တို့နှင့် ဗဟိဒ္ဓအပြင်လောကတွင်ရှိသော အနံ့-အသံ-အရသာ-အတွေ့စသော အကြောင်းသင်္ခါရဓမ္မတို့ကြောင့် နားဝိညာဉ်၊ နှာခေါင်းဝိညာဉ်၊ လျှာဝိညာဉ်၊ ကိုယ်ဝိညာဉ်၊ ဟဒယ(မန)ဝိညာဉ်တို့ ဖြစ်ပေါ်ခေါ်ဆို၍ လာကြရပေသည်။ ရဟန်းတို့၊ ဥပမာအားဖြင့် ထင်းကိုမီးသည် စွဲ၏၊ ၎င်းကို ထင်းမီးဟု အမည်ဖြစ်၏၊ မြက်ကိုအကြောင်းအားလျော်စွာ မီးသည်စွဲ၏၊ ထိုမီးသည် မြက်မီးဟုအမည်ဖြစ်၏၊ အလားတူဖွဲ့ကို မီးစွဲလောင်၏၊ ထိုမီးကို ဖွဲ့မီးဟူ၍ အမည်ဖြစ်၏၊ ဤသည့် အကြောင်းတရားတို့ကြောင့် ဝိညာဉ်သည် ဖြစ်ပေါ်လာ၏၊ ဤကဲ့သို့ အကြောင်းအကျိုး ဆက်စပ်ဖြစ်ပေါ်ပုံ သဘောတရားတို့ကို

ခဲ့ခြားသုံးသပ်၍ ကြည့်လျှင် အတ္တဝိညာဉ်သည် အစဉ်ရှိသည်ဟု ယုံမှားခြင်း ပျောက်ကွယ်၍သွားသည် မဟုတ်တုံလော"

ရဟန်းတို့က "ပျောက်သွားပါသည် ဘုရား"ဟု လျှောက်ထားကြသည်။

"ရဟန်းတို့၊ ဝိညာဉ်ဖြစ်ခြင်း၏ အကြောင်းတရားများ ချုပ်၍သွားသော် ဖြစ်ပေါ်လာသော အကျိုးတရား ဝိညာဉ်သည် ချုပ်၍သွားလေပြီဟု ကျိုက်သို့ အမှန်အတိုင်း မြင်ခြင်းသည် စင်ကြယ်သော အမှန်မြင်ခြင်း မဟုတ်ပါလော"

ရဟန်းတို့က "အမှန်မြင်ခြင်း ဟုတ်ပါ၏ အရှင်"ဟု ပြန်လည် လျှောက်ထားကြ၏။

ဗုဒ္ဓဘုရားသခင်က တဖန်ဆက်၍ "ရဟန်းတို့၊ သင်တို့သည်ကျိ စင်ကြယ်သော အမှန်မြင် အမှန် အယူအဆဥ္စလည်း စွဲငြိ၍မနေ ကြနှင့်၊ သာယာမက်မောတွယ်တာ၍လည်းမနေကြနှင့်၊ ငါ၏အဆုံး အမများသည် ကျိသည်ကိုယ်ကာယဓမ္မကို လှေဖေါင်သဖွယ်သာ နားလည်၍ ထားကြကုန်လော့၊ ကျိလှေဖေါင်သည်ကား တဘက် ကမ်းသို့ ကူးမြောက်ရန်သာဖြစ်၏၊ ယူငင်ထမ်းပိုးထားရန်မဟုတ်" ဟု သာတိကိုအကြောင်းပြု၍ ရဟန်းတို့အား ကျိသို့ မိန့်ကြား ခဲ့သည်။

ကျိသို့သော အတ္တဝိညာဉ် အယူအစွဲတို့သည် ဗုဒ္ဓသက်တော် ထင်ရှားရှိနေဆဲအချိန်ကာလမှာပင် မြောက်မြားစွာစွဲယူထားကြ သူများ ပေါများ ထူထပ်လှကြောင်း ထင်ရှားလှပေသည်၊ ထို့ အတ္တဝိညာဉ် အယူအစွဲရှိသူများအနေနှင့်လည်း အခါမလပ် ဗုဒ္ဓ ဘုရားရှင်ထံမှောက်သို့ လာရောက်၍ အပြင်းအထန် ဆွေးနွေးကြ လေသည်၊ ထို့ကဲ့သို့ အယူအစွဲများပြင်းထန်ပြီး အမျိုးမျိုးသော

ဆွေးနွေးမှုများ၊ စောဇကဘက်မှ ဆန့်ကျင်ကန့်ကွက်မှုများ ပုတ်ခပ်ပြောဆိုမှုများ မည်မျှပင်များပြားစေကာမူ ဗုဒ္ဓဘုရားရှင်သည် ကွန်ဖြူးမပျက်၊ အပြုံးမပျက် အေးချမ်း တည်ငြိမ်စွာဖြင့်သာလျှင် သူ၏အမှန်လက်သုံးဖြစ်သော သံဒိဋ္ဌကဓမ္မ၊ အကာလိကဓမ္မ၊ အနုတ္တသဘာဝတရားကို ရှင်းလင်းပြတ်သားစွာ ဟောပြော ညွှန်ကြားပြသလေရာ လက်ခံယုံကြည်ပြီး ဝန်ခံသွားရသူများမှာ မနည်းလှကြောင်းထင်ရှားလှ၏။ ဗုဒ္ဓရှင်သည် အတ္တဝါဒသည် အစဉ်ရှိသည်၊ ရုပ်တရားနှင့် အစဉ်တဲ့လျက်ရှိနေသည်၊ ကုသိုလ်ကံ အကုသိုလ်ကံ အဟုန်တို့နှင့် တကူ ဘုံဘဝစသည်တို့၌ ဖြစ်သည်ဟူသော အယူအစဲ့ တို့ကို အပြင်းအထန် ဆန့်ကျင် တော်လှန် ခဲ့သည်ကားမှန်၏၊ သို့သော် အတ္တဝါဒသည်ကို အပြင်းအထန် ဆန့်ကျင်သည်၊ တော်လှန်သည်ကား မှန်သော်လည်း တဘက်စွန်းကျသော ရုပ်ဝါဒီကြီးဟူ၍လည်း မယူဆအပ်သေးပေ။

အကြောင်းကား....ဗုဒ္ဓရှင်သည် ရုပ်ဝါဒီတဦးမဟုတ်ကြောင်း ထင်ရှားလှပေသည်၊ "အနိစ္စယေဝရူပံ အနိစ္စန္တိပဿတောသာယံ ဟောတိ သမ္မာဒိဋ္ဌိ" ၎င်းရုပ်တရားတို့သည်လည်း မမြဲကြောင်း၊ အစဉ်ထာဝရ တည်ရှိသည်ဟူ၍ မယူဆကြောင်း ထင်ရှားသည့် သာဓက အမျှားအပြား ရှိလေသည်၊ ဗုဒ္ဓသည် အစဉ်ရှိသော၊ အမြဲရှိသော အတ္တဝိညာဉ်ကို လက်မခံယုံတွင်မဟုတ်သေး၊ သံဒိဋ္ဌိက-အကာလိက-ဟိပဿိကစသော တရားတို့နှင့်မကိုက်ညီလျှင် (ဝါ) မျက်မြင်ကိုယ်တွေ့ မဟုတ်လျှင် လက်မခံကြောင်းလည်း ထင်ရှားလှလေသည်။

ထို့သို့ လက်တွေ့မျက်တွေ့ ကိုယ်တွေ့မဟုတ်သော(ဝါ)အနုတ္တမမှန်၍ မကိုက်ညီသော အယူအဆများကို ဗုဒ္ဓဂေါတမသည်

လက်မခံကြောင်း ထင်ရှားသည်မှာ အတ္တနှင့် နတ်ဗြဟ္မာ အယူ အစဲရှိသော ဗြဟ္မာဏပုဏ္ဏား ၂-ဦးဖြစ်ကြသည့် ဝါသေဋ္ဌ ဘာရဒ္ဒါဇတို့သည် ဓဝဒသုံးကျမ်းကို ဆောင်ယူထားသူများဖြစ်သည် အားလျော်စွာ ထိုသည့်ပုဏ္ဏားကြီး ၂-ဦးတို့သည် တနေ့သော အခါ ပုဒ္ဓဘုရားရှင်ထံမှောက်သို့ ရောက်ရှိ၍လာလေသည်။

ဝါသေဋ္ဌ ဘာရဒ္ဒါဇ ဗြဟ္မာဏနှစ်ဦးတို့က ပုဒ္ဓဘုရားရှင်အား ပြောကြားသည်မှာ "ရှင်ဂေါတမ၊ ကျွန်ုပ်တို့နှစ်ဦးသည် တဦးနှင့်တဦး တယောက်နှင့်တယောက် အယူအဆချင်း မတူညီကြပါ၊ ထာဝရနတ်ဗြဟ္မာကြီးနှင့် ဆက်စပ်သော အယူအဆများကို ကျွန်ုပ်တို့အချင်းချင်း ဆွေးနွေးကြရာဝယ် ထာဝရနတ်ဗြဟ္မာကြီး၏ သွားရာလမ်း နေထိုင်ရာအရပ်၊ ထိုဗြဟ္မာကြီး၏ ကျင့်စဉ်များကို အသေးစိတ် မိမိသဘောပေါက် နားလည်ဘိသကဲ့သို့ ဆွေးနွေး ကြပါသည်၊ သို့ဖြစ်ပါသောကြောင့် ရှင်ဂေါတမသည် ထိုနတ်ဗြဟ္မာကြီးနှင့် ပါတ်သက်၍ ရှိသည်-မရှိသည်၊ မရှိလျှင်လည်း အဘယ်ကြောင့်၊ ရှိလျှင်လည်း ၎င်း၏ရပ်တည်ရာ သွားလာရာများနှင့်တကွ ကျင့်စဉ်ကျင့်ရပ်များကို သေချာကနစ္စာရှင်းလင်း တင်ပြစေလိုပါသည်" ဟု ဆိုကြလေသည်။

ထိုအခါတွင် ဗုဒ္ဓရှင်က "အို-ဝါသေဋ္ဌနှင့် ဘာရဒ္ဒါဇတို့၊ အသင်တို့ နှစ်ဦးကိုပင်ငါသည်တဖန်ပြန်လည်၍ မေးငြားပါအံ့၊ ရှေးဦးစွာ သင်တို့ဖြေကြပါကုန်ဦးလော့၊ အသင်တို့သည် ဗြဟ္မာရှိသည်ဟူ၍ငင်း၊ ဗြဟ္မာ၏သွားရာလမ်းရှိသည်ဟူ၍ငင်း ဗြဟ္မာ၏ တည်နေရာကို သိမြင်သည်ဟု သင်တို့အယူရှိကြကုန်သည် မဟုတ်တုံလော၊ ထိုသို့အယူရှိကြသည် ရှိသော်သင်တို့တွင် အမှန်ရှိနေသော မျက်စေ့-နား-နှာ-လျှာ-ကိုယ်ကာယတို့နှင့် ကိုယ်တိုင်ကိုယ်ကျ

မြင်ဘူးတွေ့ဘူးကြပါသလော၊ ထိဘူးတွေ့ဘူး ကြုံကြိုက်ဆုံတိုက်ဘူးကြပါသလော၊ ထို့အတူ ဗြဟ္မာ၏နေထိုင်ရာ အရပ်ကို သင်ကိုယ်တိုင် တွေ့ဘူးရောက်ဘူးပါသလော၊ ဗြဟ္မာ၏သွားရာလမ်းကိုလည်း သင်တို့ကိုယ်တိုင် အမှန်သိမြင်ကြပါသလော၊ ဗြဟ္မာ၏ကျင့်စဉ်ကျင့်ရပ်များကိုလည်း သင်တို့ကိုယ်တိုင် ဧကံဧက အမှန်သိသောအားဖြင့် ကျင့်ကြံ အားထုတ်ဘူးပါလေ သလော" ဟု ပြန်လည်မေးမြန်းတော်မူလေသည်။

ပုဏ္ဏားတို့က "အရှင်ဂေါတမ၊ ယခု မေးမြန်းသည့် အတိုင်း ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကိုယ်တိုင် ရောက်ဘူးခြင်း၊ တွေ့ဘူးခြင်း၊ သိမြင်ခြင်းတို့သည် တစုံတရာမရှိကြပါကုန်" ဟု ပြန်လည် ဖြေကြားကြ၏။

"ဤသို့ဆိုလျှင် ထိုဗြဟ္မာကိုဂုင်း၊ ဗြဟ္မာ၏နေထိုင်ရာအရပ်ကိုဂုင်း၊ ဗြဟ္မာ၏သွားရာလမ်းကိုဂုင်း၊ ဗြဟ္မာ၏ကျင့်စဉ်ကျင့်ရပ်များကိုဂုင်း၊ သင်တို့၏မိခင်ဖခင်တို့သည် သို့မဟုတ် သင်တို့၏ အဘိုးအဘွားတို့သည် သူတို့ကိုယ်တိုင်ကိုယ်ကျ တွေ့ခဲ့မြင်ခဲ့ဘူးကြသည်ဟု အမှန်စကား ပြောကြားခဲ့ကြဘူးပါလေသလော"

"ကျွန်ုပ်တို့၏ မိခင်ဖခင် ဘိုးဘွားအစဉ်တို့သည်လည်း ဤသို့ဂုင်းတို့ကိုယ်တိုင်ကိုယ်ကျ တွေ့မြင်ခဲ့ဘူးကြသည် ဟူ၍ ပြောဆိုသည် မရှိခဲ့ဘူးပါ"

"ကောင်းလှလေပြီ ဝါသေဋ္ဌ ဘာရဒ္ဒါဇတို့၊ ထို့နောက် သင်တို့၏ ဆရာ့-ဆရာများ ဖြစ်ကြကုန်သော ဗြဟ္မာဏများ ပုရောဟိတ်များ ဣသိရသေ့ကြီးများကလည်း အလားတူစွာ ဂုင်းတို့ကိုယ်တိုင်ကိုယ်ကျတွေ့ခဲ့ရသည်၊ မြင်ဘူးခဲ့ကြရသည်ဟု ထုတ်ဖော်ဝန်ခံပြောဆိုဟန်များကို သိရှိခဲ့ရပါသလော"

"ဤသို့လည်း ဝန်ခံစကား ပြောဆိုသွားသည်ကို မကြားဘူး မတွေ့ဘူးပါ၊ ရှိသည်ဟူ၍သာ ပြောဆိုသံကိုကြားဘူးရပါသည်" ဟု ပြန်လည်လျောက်ထားကြကုန်၏။

'ဤသို့ဆိုလျှင် ဝါသေဋ္ဌ ဘာရဒ္ဒါဇတို့၊ ဗြဟ္မာကိုသင်တို့ကိုယ်တိုင် လည်း မမြင်ဘူး၊ သခင်တို့၏ မိဘဘိုးဘွားများလည်း မမြင်ဘူး၊ သင်တို့၏ဆရာ့ ဆရာဖြစ်သော ဗြဟ္မာဏပုဏ္ဏား ပရောဟိတ်ဣသိရသေ့တို့ကလည်း မမြင်ဘူးမတွေ့ဘူးဟု ဆိုကြပါလျှင်ဗြဟ္မာရှိသည်ဟူ၍ဂင်း၊ ဗြဟ္မာ၏တည်ရာရှိသည်ဟူ၍ဂင်း၊ ဗြဟ္မာ၏သွားရာလမ်းကြောင်း ရှိသည်ဟူ၍ဂင်း စွဲယူထားသော သင်တို့၏အယူသည်၊ သင်တို့၏ ထင်မြင်ယူဆချက်သာလျှင် ဖြစ်သည်၊ စိတ်ကူးယဉ် အရူးအိပ်မက် မျှသာ ဖြစ်သည်၊ အချီးနှီးသော အကျိုးမဲ့သော ယူဆချက်သာလျှင် ဖြစ်သည်မဟုတ်ပါလော" ဟု ဘုရားရှင်က မိန့်ကြားပြောဆိုလေသည်။

ထိုအခါတွင် ပုဏ္ဏားတို့က တဖန်ဆက်လက်၍ "ရှင်ဂေါတမ၊ ကျွန်ုပ်တို့သည် မျက်စေ့နှင့်မြင်ခြင်း၊ နားနှင့်ကြားခြင်း စသော ကိုယ်တိုင် တွေ့မြင်ရခြင်းမူကား မဟုတ်ပါ၊ သို့သော်ငြားလည်း ကျွန်ုပ်တို့ ယုံကြည်အားထားရာ ဝေဒကျမ်းကြီးများတွင် ဤကမ္ဘာလောကကြီးဝယ် အမြဲတန်းတည်ရှိ၍နေသော ဗြဟ္မာကြီးသည် ရှိသည်ဟုပါရှိလေသောကြောင့် ထိုကျမ်းများမှ ပြဆိုသည့်အတိုင်း ဗြဟ္မာရှိသည် ဟူ၍ ကျွန်ုပ်တို့ စွဲယူကြပါသည်" ဟု ထပ်ဆင့်လျှောက်ထားကြပြန်သည်။

ထိုနောက် ဗုဒ္ဓရှင်သည် ဝါသေဋ္ဌ ဘာရဒ္ဒါဇ ပုဏ္ဏားတို့အား မျက်တွေ့ လက်တွေ့ ကိုယ်တွေ့ဖြစ်သော သံဒိဋ္ဌိကဓမ္မ အကာ

လိကခမ္မ ဟေပဿိကခမ္မ ဝါဒလမ်းစဉ်အတိုင်း ဟောကြားတော်မူသည်မှာ—

"ဝါသေဋ္ဌ ဘာရဒ္ဒါဇတို့၊ ငါသည်ဗြဟ္မာကိုငါကိုယ်တိုင်မြင်၏၊ သိ၏၊ ဗြဟ္မာ၏ တည်ရာကိုငုံး၊ ဗြဟ္မာ၏ သွားရာလမ်းကြောင်းကိုငုံး၊ ဗြဟ္မာ၏ ဖြစ်ရာ အကျင့်ကိုငုံး ငါကိုယ်တိုင် တွေ့မြင်၏၊အို....ဝါသေဋ္ဌ ဘာရဒ္ဒါဇတို့၊ ဗြဟ္မာဟူသည် ငါ၏တပည့်သားသာဝကရဟန်းသံဃာများသာဖြစ်၏၊ ထိုသည့် သံဃာများသည် ငုံးတို့၏ ကိုယ်ကာယများတွင် မျက်စေ့ နား နှာ လျှာ ကိုယ်ကာယတို့တွင် အစေး ချေးညှော်ကော်တည်းဟူသောတဏှာဥပါဒါန်တရားများ အကြွင်းမရှိ ပယ်ခွါစွန့်လွှတ်၍ ခန္ဓာ ကိုယ်ကာယတွင် ဖြူစင်ရေးဖြစ်သော ဗြဟ္မာစရိယ မြတ်သောအကျင့်တရား မဂ္ဂင်ရှစ်ပါးကိုကျင့်သုံးနေသည်ဖြစ်သောကြောင့်ထိုရဟန်းသံဃာများကို ဗြဟ္မာဟု ငါဆို၏၊ ဗြဟ္မာ၏ သွားရာလမ်းသည်ကား မြတ်သော မဂ္ဂင်ရှစ်ပါးတရားသာလျှင် ဖြစ်၏ဟု ငါသိ၏၊ ထိုကဲ့သို့ ရဟန်းသံဃာတို့သည် တဏှာဥပါဒါန် တည်းဟူသော ချေးညှော် ကော်တို့မှ လွတ်ကင်း၍ ဗြဟ္မာစရိယ ဖြူစင်သန့်ရှင်းရန် ဖြစ်သော မဂ္ဂင်ရှစ်ပါးတရားကို ကျင့်ကြံအားထုတ်ခါ ဒုက္ခတည်းဟူသော ဆင်းရဲတို့မှ ချုပ်ငြိမ်းပြီး အေးချမ်းစွာ နေထိုင်သည်ကို ဗြဟ္မာ၏ နေထိုင်ရာအရပ်ဟု ငါသည်အမှန်သိမြင်၏"ဟု မိန့်ကြားတော်မူလေသည်။

ထိုအခါ၌ ဝါသေဋ္ဌနှင့် ဘာရဒ္ဒါဇ ၂- ယောက်သော ပုဏ္ဏားတို့သည် ဗုဒ္ဓဘုရားရှင် ဟောကြားတော်မူသည့် သံဒိဋ္ဌိကအကာလိကဟေပဿိက စသော ဓမ္မတရားများနှင့်အညီလက်တွေ့မျက်တွေ့ ကိုယ်တွေ့ဖြစ်သည့်ခန္ဓာကိုယ်ကာယ၌ တဏှာဥပါဒါန်

တရားစုတို့ကို ယခုပစ္စက္ခတွင် ချုပ်ငြိမ်းပြီး အေးချမ်းစွာ နေထိုင်ကြရသည်ဟု ၎င်းတို့ကိုယ်တိုင် အမှန်မြင် အမှန်သိသည် ဖြစ်သောကြောင့် ၎င်းတို့၏ မူရင်းဖြစ်သော စိတ်ကူးယဉ် အယူမှားအစဲမှားတို့ကို စွန့်ပယ်ခဲ့ပြီး တရားမှန်ကို သက်ဝင်ယုံကြည်လိုက်နာကျင့်သုံးကြလေ၏။

ဤသည့် သာဓကကို စဉ်းစားဆင်ခြင်လျှင် ဗုဒ္ဓဘုရားရှင်သည် လူသားတို့၏ မျက်စေ့ နှား နှာ လျှာ ကိုယ်ဟု ဆိုအပ်သော ၎င်းငါးမျိုးနှင့်မကြုံမစေတ္တရာသော နတ်ဗြဟ္မာတို့ကို အာဘယ်ကဲ့သို့ ယုံကြည်လက်ခံပါမည်နည်း၊ ဗုဒ္ဓဘုရားရှင်သည် ဗြဟ္မာနှင့် ပတ်သက်၍ ရှင်းရှင်းလင်းလင်း ဟောကြားပြဆိုထားခဲ့သည်မှာ အမှန်ဖြစ်သည်၊ ထိုသည်နှင့် တဆက်တည်းမှာပင် ဤကမ္ဘာ၏ စီးဆင်းလျက်ရှိသော ရေအလျဉ်တွင် သက်ရှိသက်မဲ့ စသော မည်သည့်အရာဝတ္ထု ပစ္စည်းမျှားသည်မဆို အစဉ်ရှိသည်၊ အမြဲတည်တန့်လျက် ရှိသည်ဟူ၍ မဟောကြား လက်လည်းမခံခဲ့သည်မှာ ၎င်း၏ အနတ္တဓမ္မက သက်သေခံ အထောက်အထားပြလျက်ရှိသည်။

ဤကမ္ဘာလောကဌ် မည်သည့်ပုဂ္ဂိုလ်တို့၏ အဘိဓမ္မာပင် ဖြစ်စေ၊ လူသားတို့၏ ကိုယ်ကာယဌ် တွေ့ကြုံခံစားနေကြသော ဒုက္ခတည်းဟူသော ဆင်းရဲချုပ်ငြိမ်းပါသည်ဟု ဝန်ခံဟောကြားခဲ့ခြင်းသည် အဘယ်တွင်မှ မရှိခဲ့ချေ၊ ဗုဒ္ဓရှင်၏ အနတ္တဓမ္မ အဘိဓမ္မာသည်သာလျှင် လူသားတို့အား သင်တို့ကိုယ်တိုင် ဝေဖန်ဉာဏ်၊ စီစစ်ဉာဏ်၊ ဆန်းစစ်ဉာဏ်၊ ပွားများဉာဏ်များအစုမ်းကုန် သုံး၍ အားထုတ်လုပ်ကိုင် ကျင်ကြုံနိုင်က ယခုပစ္စက္ခတွင်

ပင် ဒုက္ခတည်းဟူသော ဆင်းရဲချုပ်ငြိမ်းမှုကို သင်တို့ကိုယ်တိုင် ရရှိမည်ဟု မိန့်ဆိုနိုင်ခဲ့ပေသည်။

ဗုဒ္ဓရှင် ဟောကြားတော်မူသော တရားများနှင့် ပတ်သက်၍ ဗုဒ္ဓရှင် ကိုယ်တော်တိုင်က မိမိဟောကြားသည့် တရားများကို စဉ်းစားခြင်း ဝေဖန်ခြင်း ဆန်းစစ်ခြင်း မပြုကြနှင့်၊ ပြုမိလျှင် မဟာအဝီစိငရဲသို့ ကျရောက်လိမ့်မည်ဟူ၍ မည်သည့်အခါကမျှ ဟောကြားခြင်းလည်း မပြုခဲ့ချေ၊ ဗုဒ္ဓရှင်သည် အဝေဖန်ခံသော ဗုဒ္ဓ၊ အစီစစ်ခံသောဗုဒ္ဓ ဖြစ်ချေသည်၊ ထင်ရှားစွာ ပြပါဦးအံ့၊ ဗုဒ္ဓဘုရားရှင် လက်သုံးထား၍ ဟောပြော ညွှန်ကြားခဲ့သော မဂ္ဂင်ရှစ်ပါး တရားမြတ်တွင် သမ္မာသင်္ကပ္ပ မဂ္ဂင် ပါခဲ့လေသည်၊ ထိုမဂ္ဂင်၏ အဓိပ္ပါယ်မှာ ဗုဒ္ဓရှင်သည် လူသားတို့အား စဉ်းစားကြ၊ ဝေဘန်ကြ၊ စီစစ်ကြ၊ ဆန်းစစ်ကြ၊ ကိုယ်တိုင်ကိုယ်ကျ လက်တွေ့ စမ်းသတ်လုပ်ကိုင်ကြည့်ကြ၊ ဤသို့သောအားဖြင့် အသင်လူသားတို့ ကိုယ်တိုင် လက်တွေ့ ကိုယ်တွေ့ ဒုက္ခတည်းဟူသော ဆင်းရဲချုပ်ငြိမ်းမှုကို ယခုပစ္စက္ခ၌ ရရှိမည်ဟု အတိအလင်း ဟောပြောထားခဲ့ပေသည်၊ ဓမ္မဂုဏ်တော်ကို ပြန်လည်လေ့လာလျှင်လည်း ဤသို့လျှင်ပင် ဧဟိပဿိကော ကိုယ်တိုင်ကိုယ်ကျ လာရောက် စမ်းသပ် လုပ်ကိုင်ကြည့်ကြရန် ဘိတ်ခေါ်ထားသည်ကို တွေ့ကြရသည်၊ မည်သည့် အဘိဓမ္မာ အယူအဆမျှပင် ဤသို့လျှင် ရဲဝံ့ ပြတ်သားစွာ အစမ်းသပ်ခံနိုင်စွမ်းသော အင်္ဂါလက္ခဏာ မရှိသည်ကို အထင်အရှား တွေ့မြင်ကြရပေသည်၊ ဤကဲ့သို့ ဗုဒ္ဓဘုရားရှင်သည် လူသားတို့အား သဘာဝအနတ္တဓမ္မကို ဟောကြား၍နေသော အချိန်အခါတွင် အထက်တွင် ဆိုခဲ့သည့် အတိုင်း ဗြဟ္မဏ ပုရောဟိတ် ဣသိရသေ့ ပုရပိုဒ် ပုဏ္ဏားစသည်

များစွာတို့သည် မိမိတို့၏ အတ္တဝါဒ အယူအစွဲ မျိုးစုံတို့ ဖြင့်ရင်း၊ နတ်မွန် ဗြဟ္မာနှင့် တကွသော ဘုံဘဝများရှိသည် ဟူသော အယူအစွဲများဖြင့်ရင်း၊ ကုသိုလ် အကုသိုလ်ကံနှင့် တကွသော အတ္တဝိညာဉ်သည် ထိုဘုံဘဝ အစားစားတို့၌ ကျင်လည် ကျက်စားသည် ဟူသော အယူဝါဒတို့ကိုရင်း၊ အမျိုးစုံကို စွဲကိုင်ကြ၍ ဗုဒ္ဓရှင်ထံ လာရောက် ဆွေးနွေး ကြကုန်သည်၊ ထိုသည့် ဆွေးနွေးကုန်ကြသမျှ မှာလည်း အရည်စစ်၍ အနှစ်ကို ထုတ်လိုက်လျှင် စိတ်ကူးယဉ်ဆန်ဆန်နှင့် ဥပါဒါန် အစွဲအလန်း သန်နေကြသူများချည့်သာ ဖြစ်ကြ ပေသည်၊ လူသားတို့၏ မျက်မြင်ကိုယ်တွေ့ မဟုတ်သော (၀၇) တပါးသော လောက၌ လူသားတို့၏ မျက်စေ့နှင့် နားနှင့် မြင် ခြင်း၊ ကြားခြင်း၊ ထိတွေ့ခြင်းမရှိရကုန်သော ကိစ္စရပ်တို့ကို လှမ်း မျှော်၍ စွဲယူရန်ညွှန်ကြားသော အဘိမ္မောများသာ ဖြစ်ကြကုန် ၏၊ ဗုဒ္ဓရှင်သည် မည်သည့် ပုဂ္ဂိုလ် မည်သည့် ဝါဒပင်ဖြစ်စေ သဘာဝအနတ္တမ္မေနှင့် မကိုက်ညီက လက်မခံဘဲ သဘာဝအနတ္တ ခမ္မကို လူသားတို့၏ ခန္ဓာကိုယ်ကာယတွင် တင်ပြ၍ လူသားတို့ မျက်မြင်ကိုယ်တွေ့ လက်တွေ့ဖြစ်သည့် လူ့အဘိခမ္မာ တရားကို သာ ဟောကြားတော်မူလေသည်။

ဤကဲ့သို့ ဗုဒ္ဓရှင်သည် လူ့သဘာဝခမ္မ အနတ္တတရားကို လူ သားတို့ သိမြင်ရာ ရောက်စေခြင်းအလို့ ၄၇ မိမိကိုယ်တိုင်လည်း ဟောပြောညွှန်ကြားပြသသည်၊ မိမိ၏တပည့်သာဝကများ ဖြစ် ကြသော ရဟန်းသံဃာတို့အားလည်း လူသားတို့ထံသို့ ချဉ်းကပ် ၍ ညွှန်ကြားပြသကြစေသည်၊ ထိုသို့လျှင် တပည့်သာဝကဖြစ်ကြ ကုန်သောရဟန်းသံဃာတို့အား မိမိ၏တရားမှန်ဖြစ်သည့် သဘာဝ

ဓမ္မ အနတ္တတရားကို လူသားတို့၏ အကျိုးငှါ ညွှန်ကြားပြသ ဟောပြော ကြရသည့်အတွက် စားသောက်ရန် အလို့ငှါ တယောက်စာ တဝမ်းခေါင်း အလှူခံ၍ စားသောက်နိုင်ကြသည် ဟုလည်း ဆုံးမညွှန်ကြားခဲ့လေသည်၊ ဗုဒ္ဓဘုရားရှင်သည် မိမိကိုယ် တိုင်လည်း လှည့်လည်၍ လူသားတို့အား အမှန်ဓမ္မများ လမ်း ညွှန် ဟောကြားလျက်ရှိသည်တွင် တကြိမ်သောအခါဝယ် အင်္ဂ တိုင်းနှင့် မာဂဓတိုင်းအကြားတွင် တခုသော သဲစုရွာကလေး၌ ရောက်ရှိ သီတင်းသုံးလျက်ရှိလေသည်၊ ထိုစဉ်အခါ ၎င်းဒေသ နှင့် မနီးမဝေး တခုသော လွင်တီးခေါင် (ကွင်းပြင်)တွင် အဂ္ဂိ ဒတ္တုအမည်ရှိ ဗြဟ္မဏ ပုရောဟိတ်ဆရာကြီးသည် တပည့်နောက် ပါ ပေါင်းမြောက်မြားစွာဖြင့် ကမ္မဋ္ဌာန်းကျောင်း ဆောက်လုပ် ခါ သမထယောဂ လမ်းစဉ်တရားများကို ညွှန်ကြားပြသ၍ နေ လေသည်။

တနေ့သောအခါ ထိုဗြဟ္မဏဆရာကြီး၏ တပည့်အပေါင်းတို့ သည် အိုခြင်း, နာခြင်း, သေခြင်းတည်းဟူသော ဘေးတို့အပေါ် တွင် စိုးရိမ်ခြင်း ပူဆွေးခြင်း၊ ကြောင့်ကျခြင်း၊ မလိုလားအပ် သည်ကို တွေ့ကြုံနေရခြင်း စသည်တို့မှ ကင်းငြိမ်းစေခြင်း အလို့ ငှါ အားကိုးအားထားရန် နည်းလမ်းများကို ဟောပြောညွှန် ကြားပြသရန် မိမိတို့၏ဆရာကြီးထံ ချဉ်းကပ်၍ တောင်းဆိုကြ လေသည်။

ထိုသို့ တောင်းဆို လာကြသော တပည့် အ ပေါင်း တို့ အား အဂ္ဂိဒဟ္ထဗြဟ္မဏက အသင်တို့ အိုခြင်း နာခြင်း သေခြင်း စသော ဘေးရန် အန္ဆရာယ်အပေါင်းတို့၏ အပေါ်၌ စိုးရိမ်ခြင်း ပူဆွေး ခြင်း ဗျာပါဒဖြင့်၍ မနေကြကုန်လင့်၊ ထိုသည့် ဘေးအပေါင်း

ရန်အပေါင်း အန္တရာယ်အပေါင်းတို့မှ ကင်းလွှတ်ရန် သင်တို့အား ကိုးအားထား ပြုလုပ်ရန် ငါသည် သင်တို့အား ဟောကြား ညွှန်ပြပေအံ့ ဟုဆို၏၊ အဂ္ဂိဒတ္ထ၏ ဟောပြော ညွှန် ပြ ပုံ ကား အသင်တပည့်အပေါင်းတို့၊ သင်တို့စိုးရိမ်ခြင်း ကြောက်ရွံ့ခြင်း ဗျာပါဒဖြစ်၍နေသော ဘေးအုပေါင်း ရန်အပေါင်း အန္တရာယ် အပေါင်းတို့မှ လွှတ်ကင်းရန် ကြိုးမားသော သစ်ပင်တို့ကိုငုင်း တောင်ဆိုင် တောင်တန်းတို့ကိုငုင်း၊ တောကိုငုင်း၊ အရံအတား တည်းဟူသော ဥယျာဉ်တို့ကိုငုင်း၊ ဂင်္ဂါမြစ်ကိုငုင်း၊ နေကိုငုင်း၊ လကိုငုင်း၊ နတ်စင်ကိုငုင်း၊ နတ်ကွန်းကိုငုင်း၊ နတ်ရပ်မျှားကိုငုင်း စသည်တို့ကို ဆီမီးရေချမ်း ပန်းမာလ်မျှားဖြင့် ရှိခိုးကော်ရော် ပူဇော်ကံတော့လျက် ထိုဘေးအပေါင်း ရန်အပေါင်းတို့မှ လွှတ် ကင်းခြမ်းသာရန်အလို့ငှါဆုတောင်းကြကုန်လော့၊ တောင်းပန် တိုးလျှိုးကြကုန်လော့ ဟုဆိုလေ၏။

ဤကဲ့သို့ ဆရာပြောသည့်အတိုင်း အဂ္ဂိဒတ္ထ၏ တပည့်အပေါင်း တို့သည် နေ့စဉ်မပြတ် ပြုလုပ်လျက်ရှိကြပြီး သမထယောဂ လုပ်ငန်းစဉ်မျှားကိုပါလိုက်ပါလုပ်ဆောင်လျက်နေကြလေသည်။

ထိုသတင်းကို ဗုဒ္ဓရှင်ကြားသိလေသော် အဂ္ဂိဒတ္ထဗြဟ္မဏ နေထိုင်ရာအရပ်သို့ ချဉ်းကပ်သွားရောက်၍ တရားဓမ္မ ညှိနှိုင်းဆွေး နွေးလေသည်။

ရှေးဦးစွာပင် ဗုဒ္ဓရှင်က အဂ္ဂိဒတ္ထဗြဟ္မဏအား အသင်အဂ္ဂိဒတ္ထ ဗြဟ္မဏ၊ သင်၏တပည့်အပေါင်းတို့အား မည်သည့်တရားဓမ္မမျှား ဟောပြောညွှန်ကြား ပြသပါသနည်းဟု မေးသည်ရှိသော် အဂ္ဂိ ဒတ္ထကလည်း ကျွန်ုပ်၏ တပည့်အပေါင်းတို့အား ညွှန်ကြားပြ သသည်မှာ သမထယောဂ လမ်းစဉ်တရားမျှား ဖြစ်ပါသည်ဟု

ပြန်လည်ဖြေကြား၏၊ ထို့နောက် ဆက်လက်၍ပင် အကျဉ်းပါသည် တပည့်အပေါင်းတို့အား ဘေးအမျိုးမျိုး ရန်အဖုံဖုံတို့ ကြုံတွေ့ရသည့်အတွက် ထိုဘေးအန္တရာယ်တို့မှ ကင်းလွတ်ရန် ကျဉ်းပါသည် တပည့်တို့အား ထိုဘေးအပေါင်း ရန်အပေါင်း အန္တရာယ်အပေါင်းတို့မှ လွတ်ကင်းရန် အတွက်တောကိုင်း၊ တောင်ကိုင်း၊ သစ်ပင်ကြီးငယ်မျိုးကိုင်း၊ **အရုံတ**ည်းဟူသော ဥယျာဉ်တို့ကိုင်း၊ ဂင်္ဂါမြစ်ကိုင်း၊ နေလကိုင်း၊ နတ်ကွန်းနတ်စင်ကိုင်း၊ အဖုံဖုံ အလုံးစုံတို့ကို ဆီမီးပန်းမောင်းတို့ဖြင့် ပူဇော်ကြ၍ ထိုသည့်ဘေးအန္တရာယ်အပေါင်းတို့မှ ကင်းလွတ်ရန် ကာကွယ်စောင့်ရှောက် ပေးတော်မူကြပါရန် ဆုတောင်းကြကုန်လော ဟူ၍ ဤသို့ညွှန်ကြားပြသ ထားပါသည်ဟု ဆိုလေသည်။

ဤသို့ပြောဆိုသည်ရှိသော် အဂ်ိဒတ္ထဗြဟ္မဏကိုအကြောင်းပြု၍ဗုဒ္ဓရှင်က ဟောပြောပြသသည်မှာ—

ဗဟုံဝေ သရဏံယန္တိ၊
ပပတ္တာနိစ ဝနာနိစ။
အာရာမ ရုက္ခစေတျာနိ၊
မနုဿာဘယ တေဇိတာ။ ။

ဒုခိပ္ပါယ်မှာ။ ။မနုဿာ၊ လူသားအပေါင်း တို့သည် ဘယတေဇိတာ၊ ဘေးအမျိုးမျိုး ရန်အမျိုးမျိုး အန္တရာယ်အမျိုးမျိုးတို့ကို ကြောက်ရွံ့ထိတ်လန့်ကြကုန်သည်ဖြစ်၍ ဗဟုံ၊ များစွာကုန်သော။ ပပတ္တာနိစ၊ တောင်တို့ကိုဆိုလိုသည်။ ဝနာနိစ၊ တောတို့ကိုဆိုလိုသည်။ အာရာမရုက္ခေ စေတျာနိ၊ အာရုံဥယျာဉ် နတ်

ကွန်း နတ်စင် နတ်ရုပ် နေလ နက္ခတ်တာရာ စသည်အဖုံဖုံ အလုံးစုံတို့ကို၊ ဝေ၊ စင်စစ်ကေန် အမှန်အားဖြင့်၊ သရဏံ၊ အားကိုးပူဇော်ခြင်းသို့၊ ယန္တိ၊ ရောက်ကြကုန်၏။

ဤကဲ့သို့ ဗုဒ္ဓရှင်သည် အဂ္ဂိဒတ္ထ ဗြဟ္မဏအား သင်တို့သည် ထိုကဲ့သို့ တောတောင်သစ်ပင် နတ်ကွန်း နတ်စင် နေ, လ နက္ခတ်တာရာ စသည်ဖုံဖုံ အလုံးစုံတို့ကို အားကိုး အားထားပြု၍ ပူဇော်ရှိခိုးခြင်း ဆုတောင်းခြင်း စသော ပြုလုပ်ခြင်း တို့သည်၊ ဘေးအပေါင်း ရန်အပေါင်း အန္တရာယ်အပေါင်းတို့မှ ကင်းရှင်းလွတ်မြောက်ခြင်းမရှိနိုင် ဆက်လက်၍ တဖန် ဟောပြော ပြန်လေသည်။

နေတံ ခေါ သရဏံ ခေမံ၊
နေတံ သရဏ မုတ္တမံ။
နေတံ သရဏ မာဂမ၊
သဗ္ဗာဒုက္ခ နပမုစ္စန္တိ။ ။

အဓိပ္ပါယ်မှာ။ ။အဂ္ဂိဒတ္ထ၊ သင်တို့သည် တော ကို ၎င်း၊ တောင်ကို၎င်း၊ အရာမ် ဥယျာဉ် နတ်ကွန်း နတ်စင် နတ်ရုပ် နေ, လ နက္ခတာရာစသည် များစွာဖုံဖုံ အစုံစုံတို့ကို အားကိုးအားထားကိုးကွယ်ဆည်းကပ်ခြင်း ပြုခြင်းအားဖြင့် ဘေးမျိုးရန်စွယ် အန္တရာယ်ဟူသမျှတို့မှ ကင်းလွတ်လွဲဖယ်ကြသည်မမည်။ (၀၇) မလွတ်မြောက်နိုင်၊ ဤအရာတို့သည်လည်း ကိုးကွယ်ရာ အားထားရာ ဆည်းကပ်မှီခိုရာမဟုတ်ကြချေ။ ထိုသည်တို့ကို ပူဇော်ခြင်း ရှိခိုးခြင်း ဆုတောင်းခြင်းတို့ကြောင့် တစုံတရာသော အကျိုးအာနိ

သင်သ၊ ဒုက္ခဆင်းရဲမှုလည်း မလွတ်ကင်းနိုင် သည်မှာ အမှန်ဖြစ်ချေသည်ဟု ဟောဆိုတော်မူလေသည်။

ထိုကဲ့သို့ ဟောပြော ပြသလေလျှင် အဂိုဒတ္ထဗြဟ္မဏက တဖန် ပြန်လည်၍၊ သို့ဖြစ်သော် ရှင်ဂေါတမ-ထိုအရာတို့ကို အားထား ရှိခိုးပူဇော်ခြင်းအားဖြင့် အကျိုးတစုံတရာမဖြစ်၊ ကျရောက်သော ဘေးအန္တရာယ် တို့မှ မလွတ်ကင်းနိုင်ဟုဆိုချက် ကျန်ုပ်နှင့်တက္ခသော တပည့် အပေါင်းတို့သည် ထိုအလုံးစုံသော ဆင်းရဲဒုက္ခဘေးအန္တရာယ်တို့မှ ချုပ်ငြိမ်း လွတ်မြောက် နိုင်ရန် မည်သည့်အရာကို အားကိုးအားထား ယုံကြည်ကိုးကွယ် ဆည်းကပ်ကြရပါမည်နည်းဟု ဗုဒ္ဓရှင်အား ပြန်လည် လျှောက်ထား မေးမြန်းလေသည်။

ဤသို့ မေးမြန်းခြင်းကိုအကြောင်းပြု၍ ဗုဒ္ဓရှင်သည် အဂိုဒတ္ထဗြဟ္မဏနှင့် တကွသော တပည့်အပေါင်းတို့အား အားကိုးအားထားရာ အမှန်ဖြစ်သော မဂ္ဂင်ရှစ်ပါးနှင့် တကွ သစ္စာလေးပါး တရားတို့ကိုကိုယ်တိုင်သိ၊ကိုယ်တိုင်မြင်ပြီးလျှင်ဆင်းရဲဖြစ်ကြောင်း တရားစုတို့ကို ကိုယ်တိုင်ကိုယ်ကျ ပယ်စွန့်နိုင်လျှင် ဆင်းရဲအပေါင်း တို့မှ ချုပ်ငြိမ်းကင်းလွတ်ခြင်းကို ကိုယ်တိုင် ကိုယ်ကျ ရရှိကြစေရန် ဗုဒ္ဓဘုရားရှင်သည် အားကိုး အားထားရာ အမှန်ဖြစ်သော လမ်းစဉ်တရားမျှားကို ညွှန်ကြားတော်မူလေသည်။

ယော စ ဗုဒ္ဓံ စ ဓမ္မံ စ သံဃံ စ၊
သရဏံ ဂတော စတ္တာရိ အရိယာ။
သစ္စာနိ သမ္မ ပညာယ ပဿတိ၊
ဒုက္ခံ ဒုက္ခ သမုပ္ပါဒံ ဒုက္ခဿ စ။

အတိက္ကမံ အရိယံ အဒ္ဒဂိကံ၊
မဂ္ဂံ ဒုက္ခူပသမ ဂါမိနံ။ ။

အဓိပ္ပါယ်ကား။ ။အဂ္ဂဒတ္ထ၊ သင်တို့၏ တလံမျှလောက်ရှိသော ဤခန္ဓာကိုယ်ကာယတွင် ဆင်းရဲတရားသည် အစဉ်ရှိသည်မရှိသည် စဉ်းစားစိစစ်၍ကြည့်လေလော့။ ထိုသည့်ဒုက္ခတည်းဟူသောဆင်းရဲသည် သင်တို့၏မျက်စေ့ နားနှာလျှာကိုယ်ကာယတို့၌လည်း မရှိကြကုန်၊ ၎င်းနောက် မနတည်းဟူသော ဟဒယဝတ္ထုရုပ် အတွင်းနှလုံးသားတွင်လည်းမရှိ၊ ဤသည့်ဆင်းရဲသည် ကိုယ်ခန္ဓာတွင် အဘယ်နေရာအဘယ်ဌာန တို့တွင်မျှ မရှိသည်သာ အမှန်ဖြစ်သည်၊ ဒုက္ခတည်းဟူသော ဆင်းရဲတရားသည် စင်စစ်အားဖြင့် အကျိုးတရားမျှသာတည်း။ ထိုသည့်ဆင်းရဲမှု အကျိုးတရား ဖြစ်ပေါ်လာရန် အကြောင်းခံအရင်း အခြေခံ မူလတရားမှာ အစဉ်ဥပါဒါန်မျှသာ ဖြစ်ချေတော့သည်၊ ဤဥပါဒါန် အစဉ်တရားသည်လည်း သင်တို့၏ ကိုယ်ခန္ဓာတွင် ရှာဖွေ စိစစ်သော်တကယ်အမှန်မရှိ၊ ဤတလံမျှလောက်သောကိုယ်ခန္ဓာသည်မည်သူ တဦးတယောက်ကမျှ ဖန်ဆင်းပေးလိုက်သော ခန္ဓာကိုယ်ကာယသည်လည်း မဟုတ်ချေ။ အမှန်စင်စစ်သော်ကား ပထဝီတေဇော အာပေါဝါယော တည်းဟူသောသဘာဝဓမ္မမဟာဘုတ်လေးပါး တို့၏ အကြောင်းခံကြောင့်ဖြစ်ရှိ၍ နေရသော ခန္ဓာကိုယ်ကာယမျှသာ ဖြစ်ချေသည်၊ သင်တို့သည် ၎င်းကိုယ်ကာယကို ရင့်ယော်၍ လာခြင်း၊ ရောဂါဘယ ဖြစ်ရခြင်း၊ ပျက်စီးသွားခြင်း စသည်တို့ အရာဌာလည်း ဤခန္ဓာကိုယ်ကာယကိုစွဲ၍စိုးရိမ်ခြင်း၊ ပူဆွေးခြင်း၊ ကြောက်လန့်ခြင်း၊ ဗျာပါဒမျှားခြင်းစသော ဆင်းရဲဒုက္ခတို့သည် ကျရောက်ကြရလေ့ကုန်သည်၊ ယင်းသည့်အစဉ် ဥပါဒါန်တရားကို

အသင်ကိုကိုယ်တိုင် သင်တို့၏ခန္ဓာကိုယ်ကာယတွင် အမှန်ရှိသည် မရှိသည်ကို စိစစ်ဝေဘန် ပိုင်းခြားခြင်း ဉာဏ်စေစားလျက် ဤအစဉ်ပါဒါန်တရားသည်သင်တို့၏ခန္ဓာကိုယ်ကာယတွင် မျက်စေ့ နား-နှာ-လျှာ-ကိုယ်ကာယတို့သည်အပြင် ဗဟိဒ္ဓမှအဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိတို့နှင့် တိုက်ဆိုင်ကြသည့်အခါတို့၌ အမှန်မသိခြင်း (အဝိဇ္ဇာ) ကြောင့် အသင်တို့တွင် တတ်စဲခြင်း ဘည်းဟူသော တဏှာဥပါဒါန် တရားတို့သည် ဖြစ်ပေါ်၍သာ လာရချေသည်။ သို့ဖြစ်သောကြောင့် ဤသည့်အစဉ်ပါဒါန်တရားကို သင်တို့ကိုယ်တိုင်ဖြစ်ပေါ်လာသော တရားသာပင်ဟူ၍ အမှန်သိမြင်လျှင်ထိုသည့် အစဉ်ပါဒါန်တရားတို့ ဖြစ်ပေါ်မှုရကြလေအောင် ပယ်ခွါစွန့်ပစ်ပါလျှင် (၀၇) တားဆီးနိုင်ပါလျှင် သင်တို့ကိုယ်တိုင် ထိုရင်ဆိုင် တွေ့ကြုံကြရဒဿာ ဆင်းရဲဒုက္ခသည် ချုပ်ငြိမ်းကြရမည်သာအမှန် ဖြစ်ချေတော့သည်။ ဤကဲ့သို့ ဆင်းရဲဒုက္ခကို အသင်တို့ကိုယ်တိုင် အမှန်မြင် အမှန်သိ၍ ဆင်းရဲဒုက္ခဖြစ်ပေါ်လာရခြင်းသည် သမုဒယ တတ်စဲခြင်းအကြောင်းတရားကို အသင်တို့ကိုယ်တိုင်ကိုယ်ကျ ပယ်ခွါ စွန့်လွှတ်ပါက ထိုသည့် ဆင်းရဲဒုက္ခ တရားတို့သည် ချုပ်ငြိမ်းမည်ဟု အမှန်မြင် အမှန်သိခြင်းသာလျှင် သင်တို့၏ အားကိုးအားထားရာ မည်ပေ၏။

ဤသို့အမှန်မြင် အမှန်သိခြင်းသည် မဂ္ဂင်၍စ်ပါး၏ အစဖြစ်သော သမ္မာဒိဋ္ဌိ မဂ္ဂင်ပင်ဖြစ်လေသည်။ ထိုမှတဖန် ဆက်လက်၍ မိန့်ဆိုပြန်သည်မှာ အဂိုဒတ္တာ အသင်တို့ အားကိုးအားထားရာသည်ကား ထိုသည့်မဂ္ဂင်၍စ်ပါး တရားမြတ်သာလျှင်တည်း၊ ဤမဂ္ဂင်၍စ်ပါးတရားမြတ်ကို အသင်တို့ကိုယ်တိုင် ကျင့်ကြံအားထုတ်ကြပါလျှင် ထိုသည့်ဆင်းရဲဖြစ်ကြောင်း တရားတို့သည် ချုပ်ငြိမ်း

ခြင်းသို့ရရှိ၍ ဆင်းရဲတည်းဟူသော အကျိုးတရားတို့ပါ ဝေစား ရှောင်ရှားကြတော့မည်မှာ အသေအချာ ဖြစ်ရလေတော့သည်၊ ထို့ကြောင့်အသင်တို့ စိုးရိမ်ကြောင့်ကြဖြစ်၍ နေကြကုန်သော ဘေးအပေါင်းရန်အပေါင်း အန္တရာယ်အပေါင်း ဟူသမျှတို့သည် မြူမျှမကျန်ချုပ်ငြိမ်းခြင်းဧကံ အေးငြိမ်းရာအမှန်ကို သင်တို့ကိုယ်တိုင် ရောက်ရှိကြရပေမည်ဟု ဗုဒ္ဓဘုရားသခင်က အကျယ်တဝင့် ဟောပြောညွှန်ပြလေသည်။

ဤကဲ့သို့ ဗုဒ္ဓရှင်ဟောကြားတော်မူသော ပစ္စက္ခ မျက်တွေ့ လက်တွေ့-ကိုယ်တွေ့ ဆင်းရဲချုပ်ငြိမ်းမှု တရားလမ်းစဉ်များကို ကြားရလေသော အဂ္ဂိဒတ္တနှင့်တပည့် အပေါင်းတို့သည် အမြင်မှန် အယူမှန်ရ ရောက်ကြ ကုန်သည်ဖြစ်၍ အတ္တဝါဒ ဖြစ်သော အယူမှားများကို ပယ်ခွါစွန့်ပစ် လိုက်ကြလေတော့သည်။

အထက်ပါ သာဓကကို သုတေသနပြု၍ကြည့်လျှင် ဗုဒ္ဓဘုရားရှင်သည် စိတ်ကူးယဉ်ဆန်သော မျက်စေ့-နား-နှာ-လျှာ-ကိုယ်တို့နှင့် တွေ့ထိ၍မရသော အယူအစွဲတို့ကို လက်မခံသည်မှာထင်ရှားလှပေ၏၊ ထို့ကြောင့် ဗုဒ္ဓဘုရားရှင်၏ ဝါဒလမ်းစဉ် (ဝါ) အဘိဓမ္မာသည် ကိုယ့်အား ကိုယ်ကိုး၍ ကိုယ်လုပ်မှ ကိုယ်ရမည်ဆိုသော လမ်းစဉ်သာဖြစ်လေသည်။ ဗုဒ္ဓဘုရားရှင်သည် ဣသရနိမ္မာန ဟောဘုဒိဋ္ဌိ အယူကိုလက်မခံ၊ ဤကမ္ဘာ လောက၌ မည်သည့်အရာဝတ္ထုမှန်သမျှ နတ်ဘုရားကြီးတွေက ဖန်ဆင်းပေးထားခြင်းကြောင့်သာ ဖြစ်ရသည်ဟူသောအယူ၊ မည်သည့်အရာမဆို သို့မဟုတ် လူသားတို့၏ ကောင်းကျိုးမကောင်းကျိုးများကိုရင်း၊ နတ်ဘုရားများကို ပူဇော်ပသလျှင် ပျောက်ကင်းချမ်းသာရာရမည်ဟူသောအယူ၊ မည်သို့သော ဖြစ်ပျက်မှုဟူသမျှ တို့

သည် သူ့အလိုအလျောက် ကြောင်းကျိုးကင်းမဲ့စွာ ဖြစ်ခြင်းသာ လာရသည်ဟူသောအယူ၊ ဤသို့လျှင် မှားယွင်းသော အယူမျိုးစုံတို့ကို ဗုဒ္ဓရှင်သည် မည်သည့်နည်းနှင့်မျှ လက်မခံပေ၊ တဖန် အတိတ်ဘဝ ကောင်းကံ မကောင်းကံတို့ကို အကြောင်းရင်းခံ၍ ယခုပစ္စုပ္ပန် မျက်မှောက်ဘဝ၌ ခံစံစားရသည်ဟူသော ပုပ္ပေကတ ဟေတုကဒိဋ္ဌိ မှားသောအယူမျိုးကိုလည်း လက်မခံကြောင်း ပါဠိတော်များတွင် ထင်ရှားရှိလေသည်။

ထို့ကြောင့် ဗုဒ္ဓရှင်သည် လူသားတို့အား ဟောပြောညွှန်ကြားခဲ့သည်မှာ အကြင်အခါ၌ လူသားတို့သည် တတ်စွဲခြင်းတဏှာ ဥပါဒါန်ဖြစ်ပေါ်၏၊ ထိုအခါ၌ ဆင်းရဲဒုက္ခတည်း ဟူသော အကျိုးတရားကိုခံစားရ၏။ အကြင်အခါ၌ တတ်စွဲခြင်းတည်းဟူသော တဏှာဥပါဒါန်ကို ပယ်ခွါစွန့်လွှတ်နိုင်လျှင် ထို အခါတွင် ဆင်းရဲခြင်းဟူသော ဒုက္ခအကျိုးတရားသည် ချုပ်ငြိမ်း လေသည်ဟု မျက်တော့ လက်တော့ ကိုယ်တော့ တရားမျှားကို လေးဆယ့်ငါးနှစ်တိုင်တိုင် လူသားတို့အား ဟောကြား ညွှန်ပြတော်မူလေသည်၊ ဤမှတဖန် ဗုဒ္ဓရှင်သည် လူသား တို့အား အသင်တို့ စာပေတည်းဟူသော ညွှန်ကြားချက်(၀၁) ဆုံးဖြတ်ချက် လက်အောက်မှရုန်းကန်၍ ထွက်ကြကုန်လော့၊ အသင်တို့၏ ကိုယ်ပိုင်ဉာဏ်ဖြင့် သာလျှင် ထိုစာပေတို့၏ အမှားအမှန် တို့ကို စီစစ်ကြလော့၊ ဝေဘန်ကြလော့၊ ထိုသည့်စာပေတို့သည် အသင်တို့၏ လက်တော့ မျက်တော့ ကိုယ်တော့ မဟုတ်သော တမလွန်လောကသို့ ညွှန်ကြားပြသ၍ထားလျှင် အသင်တို့၏ အမှန်တရားကို ရှာဖွေကျင့်ကြံ အားထုတ်ရေးတွင် အတားအဆီး ဖြစ်၍ နေချေမည်၊ အသင်တို့၏ တတ်စွဲခြင်း တဏှာ ဥပါဒါန်ကြီးထွား ပွါး

များရေးသာလျင် ဖြစ်ချေမည်၊ သင်တို့၏ ယခုပစ္စက္ခဘဝတွင် မည်သည့်နည်းနှင့်မျ ဒုက္ခတည်းဟူသော ဆင်းရဲခြင်းချုပ်ငြိမ်းရန် မစ္ဆမ်း ဆောင်နှိုင်ပေ၊ ဒုက္ခပ္ပါးစီးရေးသာ တွေ့ကြရ ချေမည်၊ သို့ဖြစ်သောကြောင့်၊ လက်တွေ့ မျက်တွေ့ မဟုတ်သော စိတ်ကူးယဉ်ဆန်သည့်ဘုံဘဝတို့ကို တပ်မက်စဲလန်းခြင်းမှပယ်ခွါ၍ မျက်ခမ်မာက်ကာလ လက်တွေ့ဒုက္ခမှ ငြိမ်းရေးလွတ်ရေး၊ မဂ္ဂင်ရွစ်ပါးတည်းဟူသောလမ်းစဉ်မှန်ကို ကျင့်ကြံအားထုတ်ကြကုန်ဟူသော အားဖြင့် ထပ်မနားလှည့်လည်၍ ဟောပြောညွှန်ကြားချက် သာလျင်နေခဲ့ရာမှ မဟာသက္ကရာဇ် ၁၄၀-ခုနှစ်တွင် ကုသိနာရုံ-မလ္လာမင်းတို့၏ အင်ကျင်းဥယျာဉ် အတွင်း၌ ပရိနိဗ္ဗာန် စံဝင်တော်မူလေသည်။

စိညာဉ်၏ အဖြစ်သဘော

ဤကဲ့သို့ အထက်ပါ ဝိသုဒ္ဓိမဂ် အဋ္ဌကထာဖွင့်ဆို ရေးသားချက်အရ ဆိုပါလျင် ကုသိုလ်ကံ အကုသိုလ်ကံ အကြောင်းတရားတို့ကြောင့် သုံးဆယ့်တဘုံတို့တွင် ဘဝအစားစား ဖြစ်ခြင်းအမျိုးမျိုးတို့ ဖြစ်သည်ဟု ဖွင့်ဆိုရေးသားထားခြင်းမှာ သိဒ္ဓတ္ထမင်းသား မမွေးမီက ကာလဒေဝိလ ရသေ့ကြီးတို့၏ နတ်ဘုံဗြဟ္မာဘုံ အပါယ်ဘုံစသော ဘုံဘဝတွေ့ ရှိသည်ဟူ၍ အတ္တဝါဒအယူစွဲဖြင့် စွဲယူထားကြသော အယူဝါဒများကို မှန်ကန်သည်ဟု ထောက်ခံ ဖွင့်ဆိုရေးသားထားရာ ရောက်နေပေသည်။

အမှန်မှာ ဗုဒ္ဓရှင် မပွင့်ပေါ်မီ ကာလက ကမ္မသကတ သမ္မာဒိဋ္ဌိ အယူဝါဒကို ဟိန္ဒူဗြဟ္မဏ ပုရောဟိတ် ဂူသိ ရသေ့များ

အပြင်းအထန် စွဲယူထားကြလေသည်၊ ထိုသည့် အယူဝါဒမှာ ဗုဒ္ဓရှင်၏ ဝါဒမဟုတ်သည်မှာ ထင်ရှားလှပေသည်၊ ဗုဒ္ဓရှင်တော်၏ ဝါဒလမ်းစဉ်သည်ကား သစ္စာလေးပါး၊ အနိစ္စ အနတ္တမမှန့် တကဲ့ "မဂ္ဂဖလ သမ္မာဒိဋ္ဌိ" လမ်းစဉ်သာလျှင် အမှန်ဖြစ်၏။

သို့ပါကြောင့် ဗုဒ္ဓရှင်တော်မြတ်ကြီးသည် သစ္စာလေးပါးနှင့် တကွ အနိစ္စ အနတ္တမမ တရားတို့ကို သတ္တဝါ လူသားတို့၏ "ဖြစ်-ရှိ"၌ နေသော ခန္ဓာကိုယ်ကာယကို အနိစ္စ အနတ္တမမ် တရားတို့ "ဖြစ်စဉ် ပျက်စဉ်"ကို သတ္တဝါ လူသားတို့ သိလွယ် မြင်လွယ် သဘောပေါက် လွယ်စေခြင်းငှါ ထုတ်ဖော်ညွှန်ပြ ဆိုးမတော်မခဲပေ၏။

ထို့ကြောင့် ကျွန်ုပ်တို့၏ ခန္ဓာကိုယ်ကာယတွင် ဗုဒ္ဓရှင် ဟောကြား ညွှန်ပြတော်မူခဲ့သည့်အတိုင်း အနတ္တမမ စက်လည်ပုံ၊ အနိစ္စ တရားတော်ပြောင်းလဲပုံ၊ ဒုက္ခတည်းဟူသော ဆင်းရဲခြင်း အစားစားတို့ အမြဲရှိသည် မရှိသည်တို့ကို သေချာစွာ ကြည့်ရှုပြီး သုတေသန ပြုလုပ်ကြမှသာလျှင် အမှန်မြင် အမှန်သိ (ဝါ) မဂ္ဂဖလ သမ္မာဒိဋ္ဌိသို့ ရောက်ရှိနိုင်မည် ဖြစ်လေသည်။

"ဆောင်ပုဒ်"

ကိုယ့်ကို ကိုယ်ရှု အာရုံပြုလျှင်၊
ကြည်လင် ပြတ်သား ထင်လျားသိမြင်၊
လောကအားလုံး ခက်ဆုံးသူထင်၊
သူလျှင်တွေ့ ကြည်မေ့. အမြဲမြင်။

ဤသို့သော ဆောင်ပုဒ်အရ ကျွန်ုပ်တို့၏ "ဖြစ်-ရှိ" နေသော ကိုယ်ကာယကို သေချာစွာ သုတေသန ပြုကြည့်ကြအုံးစို့.

ကျွန်ုပ်တို့၏ ခန္ဓာကိုယ်ကာယသည်ကား အလွန်အကြူး အထူး ဆန်းကျယ်လှစွာ၏၊ အကြောင်းသော်ကား ဆံပင် မွေးညှင်း ခွေသဲ့ လက်သဲ့ သွား အရေထူ အရေပါး အသား အကြော အရိုး ရိုးတွင်းခြင်ဆီ စသော အထူးထူးအပြားပြား များလှသော အစိတ်အပိုင်းတို့ကို ပေါင်းစပ်စုစီး၍ ပြုလုပ်တည်ဆောက် ထားရှိအပ်သော သုံးဆယ့်နှစ်မျိုးသော ရုပ်တရားတို့သာလျှင် ဖြစ်ချေ၏။

ယင်းသည့် သုံးဆယ့်နှစ်မျိုးသော ရုပ်တရားများ "ဖြစ်-ရှိ" လာခြင်းသည်ကား မြေ ရေ လေ မီး ဓာတ်ကြီးလေးပါးတို့၏ ပြုလုပ်ဖန်တီးခြင်းကြောင့်သာလျှင် ဖြစ်ချေသည်၊ ထိုသည့် ရုပ်တရားတို့ စုပေါင်းဖွဲ့စီး၍ တည်ဆောက်ထားသည့် အထဲတွင် ပဓာနဖြစ်သော ဓာတ်ကြီးလေးပါးတို့သည် တပေါင်းတည်း တစုတည်း ပါဝင်လျက် ရှိချေသည်၊ ထိုသည့် သုံးဆယ့်နှစ်မျိုး သော ရုပ်တရားတို့ ပေါင်းစုတည်ရှိနေသည်ကို ခန္ဓာအိမ်ဟု ခေါ် ဆိုသမုတ်ကြလေသည်၊ ၎င်းခန္ဓာအိမ် တည်တန့်ရေးနှင့် လှုပ်ရှား သွားလာနိုင်ရေးတို့အတွက် အားပေးစက်ကြီးသည် ဤခန္ဓာအိမ် တွင် ထူးခြားစွာ ပါရှိနေပေသည်။

ဤသည့် အနတ္တဓမ္မ သဘာဝတရား လေးပါးတို့သည်ကား ပဋိသန္ဓေ တဖန်ဆက်စပ်၍ စတင်မွေးနေသော အချိန်မှစ၍ သေ ဆုံးသည့်တိုင်အောင် တစက္ကန့်မျှ ရပ်ခြင်း နားခြင်း ငြိမ်သက်နေ ခြင်းမရှိဘဲ ဖြစ်ပျက် ဖြစ်ပျက်နှင့် ပြောင်းလဲ၍ ဒသစပ် ခုတ် မောင်းလျက် နေပေသည်၊ စင်စစ်ကောန်အမှန်အားဖြင့် ၎င်း သဘာဝလေးပါး စက်ကြီး၏ ရပ်နားမှုကိုပင် သတ္တဝါ လူသား သေသည်ဟု ဆိုရလေသည်။

ထို့ကြောင့် ကျွန်ုပ်တို့ စားခြင်း သောက်ခြင်း ရှူရှိုက်ခြင်း ဖသော အစာ ရေ လေတို့သည် ထိုသဘာဝစက်ကြီး လေးခုတို့ လည်နိုင်ရန်အတွက် ပေးသွင်းရသော ဓာတ်စာနှင့် ထင်းတို့သာ လျှင် ဖြစ်ကြကုန်၏၊ သို့ဖြစ်ရာ ကျွန်ုပ်တို့ စားသောက် ရှူရှိုက် မျိုသွင်းပေးလိုက်သော အစာ ရေ လေ အထွေထွေသော အာဟာရတို့ကို အမြဲတစေ ကြိတ်ချေလျက်နေသော ပါစကတေဇောဓာတ်သည် ၎င်း၏လုပ်ငန်းအတိုင်း အဆိုင်း အငန့် အရပ် အနား မရှိဘဲ ဆောင်ရွက်လုပ်ကိုင်လျက် နေချေသည်။

ထိုမှတပါး ကာကွယ်ရေးတပ်သားတို့သည် ခန္ဓာအိမ်တခု လုံးတွင် အနှံ့အပြား သွားလာလည်ပတ်လျက် စောင့်ကြပ်ကာ တည်ရှိနေကြကုန်၏၊ ၎င်းသည်ကား ဥသွဗာခေါ် ခန္ဓာကိုယ် အနွေးဓာတ်ဖြစ်၏၊ ၎င်း၏တာဝန်ကား ဗဟိုဒ္ဓ အပြင်လောကမှ ရန်သူများ မပြုဝင်နိုင်ရန်ပင် ဖြစ်၏၊ ထို့ကြောင့် ၎င်းဝတ္တရား အတိုင်း အပြင်အပမှ ဝင်ရောက်လာမည့် ရန်သူကို မချဉ်းကပ် မဝင်လာနိုင်စေရန် အလို့ငှါ ကင်းပတ်လှည့်ကာ စောင့်ကြပ်လျက် နေကြကုန်၏။

ယင်းသည့်တဖန် ခန္ဓာအိမ်တွင် ပြန်လည်ထူထောင်ရေး တပ်သားတို့လည်း ရှိကြသေးရာ ၎င်းတို့သည် ကျွန်ုပ်တို့ စားသောက် မျိုသွတ်ပေးလိုက်သော အာဟာရတို့သည် ပျက်စီး၍ သွားသမျှကုန်သော ဆွေးမြေ့ယိုယွင်း အိုမင်းခြင်းသို့ ရောက်ကြကုန်သော ရုပ်ပစ္စည်း ဟူသမျှတို့ကို နေ့မအား ညမနားဘဲ ပြင်ဆင်မွမ်းမံလျက် အစားထိုးသွင်းလျက် နေကြကုန်၏။

ထို့ပြင် ဤခန္ဓာအိမ်တွင် ပျင်းရိခြင်းကင်းကုန်သော သယ်ယူပို့ဆောင်ရေးတပ်သားတို့လည်း ရှိကြကုန်သေး၏၊ ဤသည်ကား

ဝါယောဓာတ်ပင်တည်း၊ ၎င်းဓာတ်သားတို့သည် ပါစကတေဇော ကြိတ်စက်ကြီးမှ ပတ်ပတ်နပ်နပ် ကြိတ်ချေပြီးသော အာဒံ အကာအဖတ်တို့မှ ကင်းစင်သော ဓာတ်သား- ဓာတ်ရေ- ဓာတ်အဆီသက်သက်ကို ကောင်းစွာယူဆောင်ကြကုန်ပြီးလျှင် သက်ဆိုင်ရာထိုထိုကိုယ်အင်္ဂါ အစိပ်အပိုင်းများသို့ အလိုအပ်မရှိဘဲ ရောက်သွားစေရန် ယူဆောင်သယ်ပို့ နေကြကုန်၏။

ထိုမှတဖန် ခန္ဓာအိမ်ဘွင် မျက်စိ-နား-နှာ-လျှာ-ကိုယ်ဟူသော သတင်းထေါက်ငါးဦးလည်းရှိကြကုန်သေးရာ၎င်းသတင်းထောက်ငါးဦးတို့သည် အဆင်း- အသံ- အနံ့- အရသာ- အတွေ့အထိ ဟူသော ဗဟိဒ္ဓအပြင်လောကနှင့် အမြဲတန်း ဆက်သွယ် ကြကုန်ပြီးလျှင် ထိုဗဟိဒ္ဓအပြင်လောကမှ သက်ဆိုင်ရာ ရရှိနိုင်သမျှ သော သတင်းတို့ကို အနည်းငယ်မျှမေ့လျော့ လစ်ဟင်းခြင်းမရှိကြကုန်ဘဲ မှတ်သားအစိရင်ခံလျက် နေကြကုန်၏။

ထို့နောက် ၎င်းသတင်းထောက်ငါးဦးသားတို့ အစီရင်ခံသမျှသော သတင်းအားလုံးတို့သည် မှတ်ပုံတင် ရုံးဟူ သမုတ်နိုင်လောက်သော ဟဒယ(ဝါ)ဦးနှောက်စခန်းသို့ ရောက်ရှိကြရကုန်၏၊ ထိုရုံးသည်လည်း သတင်းပေး အရာရှိများ၏ အစီရင်ခံချက်အားလျော်စွာ ဗဟိဒ္ဓ အပြင်လောက၏ အဖြစ်အပျက်အပြောင်းအလဲ အခြေအနေအားလုံးတို့ကို နေသားတကျ မပျောက်ပျက်ရအောင် မှတ်ပုံတင်လျက် နေချေသည်၊ ဤသည်မှတဖန် ခန္ဓာအိမ်တွင် ဗဟိုဆက်သွယ်ရေးဌာနကြီးတခု ရှိလေရာ ၎င်းကား-မန-ခေါ်နှလုံးအိမ်ဖြစ်လေသည်၊ ထိုသည့်ဗဟိုရုံဆက်သွယ်ရေးဌာနကြီးသည် အဝေးအနီး အသီးသီးသော ဌာနများ၌ တည်ရှိကြသော

အစိတ်အပိုင်း ကိုယ်အင်္ဂါ ဟူသမျှတို့ကို စည်းစံနစ်ကျနစွာ ဆက်သွယ်အုပ်ချုပ်လျက်ရှိပေ၏။

ဤကဲ့သို့ ဖေါ်ပြအပ်သည့်နည်းအတိုင်း စည်းစံနစ်ကျနစွာ မရပ်မနား ဒလစပ်လည်၍နေသော(ဝါ)မည်သည့်နေရာမျှ မလစ်ဟင်းရစေဘဲ ကောင်းမြတ်မှန်ကန်သော နည်းပရိယာယ် တို့ဖြင့် အုပ်ချုပ်၍ ဒလစပ်အလုပ်ကို လုပ်လျက်နေသော အနတ္တခမ္မသဘာဝလေးပါးတို့၏ ခန္ဓာစက်ကြီးကို အနိစ္စကျကျ သုတေသနပြုလုပ်၍ ကြည့်ရှုတွေ့မြင်ပါလျှင်အရှိတရား အဖြစ်တရားများကို ခဲ့ခြားပြီး အမှန်မြင် အမှန်သိသို့ ဆိုက်ဆိုက် မြိုက်မြိုက် ရောက်ပေလိမ့်မည်။

ထိုကဲ့သို့ မိမိ၏ခန္ဓာကိုယ်ကာယကို သေချာစွာ သုတေသနပြုလုပ်၍ နောက်ဘချက်ကတော့ ၎င်းခန္ဓာကိုယ်ကာယဌ် ဝိညာဉ်ဟု ခေါ်ဆိုကြသည့် အသိသည်အမြဲအစဉ်ရှိသည်ကို၎င်း၊ အမြဲအစဉ်မရှိသည်ကို၎င်း၊ အမှန်မြင်ရန်လိုအပ်လှပေသည်၊ ထိုနောက်အမြဲအစဉ်ရှိသည် မရှိသည်ကို သုံးဆယ့်နှစ်မျိုးသော ရုပ်ခန္ဓာ အစုထဲတွင် မည်သို့သောအရာကို ဝိညာဉ်ဟု(ဝါ) အသိဟုအမည်တတ်၍ ခေါ်ဆိုရပါမည်နည်း၊ ၎င်းနောက် ဝိညာဉ် အသိသည် မရှိတော့ဘူးလား ဟူ၍မေးမည်ဆိုက မေးစရာဖြစ်၍ လာပေမည်၊ထိုစကားသည်မှန်လှ၏၊ ထို့ကြောင့် ကျွန်ုပ်တို့၏ ရုပ်တရားများ စုပေါင်းဖဲ့စည်းထားသော ခန္ဓာကိုယ်တွင် ၎င်းဝိညာဉ် (ဝါ) အသိသည် အမြဲအစဉ် ရှိသည်ဟူ၍၎င်း၊ သို့မဟုတ် အမြဲအစဉ် မရှိဟူ၍၎င်း စသည်တို့ကိုသေချာစွာ သုတေသနပြုလုံပ်၍ ကြည့်ရှုကြရန်လိုအပ်ပေတော့၏။

သို့ပါသောကြောင့် အထက်တွင်တင်ပြလာခဲ့သော ရုပ်ခန္ဓာအိမ်သည်ကား မဟာဘူတခေါ်သည့် ရေ-မြေ-လေ-မီး ဓာတ်ကြီးလေးပါး အကြောင်းခံ တရားတို့ကြောင့် "ဖြစ်-ရှိ"နေသည့် ခန္ဓာကိုယ်ကာယဖြစ်လေသည်၊ ၎င်းနောက် ဗဟိဒ္ဓအပြင် လောကမှ ရေ-မြေ-လေ-မီး ဓာတ်ကြီးလေးပါးတို့၏ ပြုလုပ်၍ ဖြစ်ရှိနေကြကုန်သော ရုပ်ပစ္စည်းတို့ကို အဇျတ္တ-ခန္ဓာအိမ်တွင်တည်ရှိနေသော ဓာတ်ကြီးလေးပါးတို့ အလုပ်လုပ် ကြစေရန်၊ ၎င်းရုပ်ပစ္စည်းတို့ကို အဟာရအဖြစ်သို့ ရောက်ရှိလာရန်ပြုလုပ်ကြရပေသည်။

ဤကဲ့သို့ အဟာရအဖြစ်သို့ ရောက်ရှိလာသည့်အခါ ခန္ဓာအိမ်တွင် သဘာဝလေးပါးတို့၏ တည်ဆောက်ထားရှိသော ပါးစပ်အတွင်းသို့သွတ်သွင်းပေးလိုက်ရပေတော့သည်၊ ထိုမှတဖန် ဓာတ်ကြီးလေးပါးတို့သည် သူ့အလုပ်နှင့် သူ့ဝတ္တရားကျေပြန်အောင်ဆောင်ယူ၍ ပြုလုပ်ကြတော့သည်။ ထိုအခါ ခန္ဓာအိမ်တွင် ဥသ္မာခေါ် အနွေးဓာတ်သည်ပြန့်နှံ့၍တည်ရှိလေတော့သည်၊ ၎င်းဥသ္မာခေါ် အနွေးဓာတ်သည် ဝိညာဉ်(ဝါ)အသိဖြစ်လာရန် အခြေခံဖြစ်လေတော့၏။

သို့ရာတွင် ခန္ဓာအိမ်၌ တည်ရှိ၍နေကြကုန်သော မျက်စိ-နားနှာ-လျှာ-ကိုယ်-စသော ရုပ်ပစ္စည်းတို့ကို အထက်ပါတင်ပြလာခဲ့သည့် သတင်းထောက် ငါးဦးနှင့်တူကြကုန်၏၊ ၎င်းသတင်းထောက်တို့သည် အသီးအသီး ဓာတ်ပုံရိုက်ယူကြရန် အလွန်ကြည်လင်သောကင်မရာ မှန်ဘီလူးကိုယ်စီရှိကြလေသည်၊ ထိုအခါဗဟိဒ္ဓအပြင်လောကမှ ရုပ်ပစ္စည်းတွေဖြစ်ကြကုန်သော အဆင်း-အသံ-အနံ့-အရသာ-အတွေ့အထိတို့နှင့် တွေ့ကြုံတိုက်ဆုံကြသောအခါ သတင်းထောက်တို့သည် ဓာတ်ပုံသတင်း ရရှိကြစေရန် အလို့ငှါ

တဖြတ်ဖြတ်နှင့် ဓာတ်ပုံရိုက်ယူကြသည့် အခါဘုံမီးတောင်မျိုးသည် ပုဇ္ဈလင်းရွာလေသည်၊ ၎င်းမီးပုဇ္ဈအလင်းရောင်မျိုးသည် တမဟုတ်ခြင်း ပျက်စီးချုပ်ပျောက် သွားကြကုန်၏၊ ဤသည့် မီးပုဇ္ဈအလင်းရောင်ကိုပင် ဝိညာဉ်(၀၇)အသိဟူ၍ ခေါ်ဆို သမုတ်ကြရကုန်၏။

ထို့နောက် ၎င်းသတင်းထောက် ငါးဦးတို့သည် သူတို့သဘင်းရရှိသမျှကို စံနစ်တကျ မှတ်ပုံတင်ကြရန် ဟဒယ ခေါ်(၀၇)ဦးနောက်တည်းဟူသောမှတ်ပုံတင်ရုံးသို့ ပို့ဆောင်ပေးကြရကုန်၏၊ ထိုမှတဖန် မှတ်ပုံတင်ရုံးကမှဒနှ၍ ၎င်းသတင်းများကို အကောင်းအညံ့ ရွေးချယ်၍ ပြုလုပ်ကြလေသည် ထိုအခါ ကောင်းသောသတင်းကို သဘောကျ၏၊ မကောင်းသော သတင်း ဆိုလျှင် မကြိုက်ကြကုန်၊ ဤကဲ့သို့အမည်နာမတော်ဆင်၍ ခေါ်ဆိုကြသည် ကုန်နာမ်ဟုသမုတ်၍ ခေါ်ဆိုရပေသည်။

ဤကဲ့သို့ ကျွန်ုပ်တို့၏ ဒန္ဓာကိုယ်တွင် အနတ္တခမ္မသဘာဝလေးပါးတို့သည် ဒုမြဲတည်တန့်ခြင်းမရှိ(၀၇)ပြောင်းလဲ ပြောင်းလဲ၍ ဖြစ်-ပျက် နေကြသည်ကို အနိစ္စတရားဘဲဟု လူသားတို့၏ ဒန္ဓာကိုယ်ကာယတွင် သုတေသနပြုလုပ်၍ ကြည့်ရှုပြီးလျှင် အံ့မှန်မြင် အမှန်သိကြစေရန် ဗုဒ္ဓရှင်တော်မြတ်ကြီးသည် ဓမ္မစက္က ပဝတ္တနသုတ်ကို ဟောကြားဆုံးမ ညွှန်ပြတော်မူခဲ့၏။

ထိုသည့် ဓမ္မစက္ကပဝတ္တနသုတ် ဟု ဗုဒ္ဓရှင်မိန့်တော် မူခဲ့သည်ကို လူသားတိုင်းသဘောပေါက်နားလည်ရန် လိုအပ်လှပေသည်၊ သို့ပါသောကြောင့် ၎င်းကို သေချာစွာ သုတေသနပြုလုပ်၍ ကြည့်ရှုကြအုံးစို့၊ ဓမ္မ-ဆိုသည်မှာ လေးပါးသော မဟာဘုတ် တရားများဖြစ်ပေသည်၊ စက္က-ဆိုထားသည်မှာ ဖြစ်ပျက်နှင့် ပြောင်းလဲ

ပြောင်းလဲပြီး လည်၍ဖြစ်နေခြင်းကို ဆိုဏ်၊ ပဝတ္တန ဆိုသည်မှာ မျက်စိနှင့်မြင်ရသည်ကို ဆိုလေသည်၊ သုတ္တဏ် အပေါ်ပါယ်မှာ လူသားတို့၏ ထင်ရှားရှိနေသည့် ခန္ဓာကိုယ်ကာယကိုဆိုသည်၊ အားလုံးကိုစုပေါင်း၍ ခေါ်ဆိုရပါမူ လူသား၏ မျက်စိနှင့် မြင်တွေ့ရသော ခန္ဓာကိုယ်ကာယတွင် လေးပါးသော မဟာဘုတ်တို့၏ ပြောင်းလဲ ပြောင်းလဲ၍လည်ပတ်နေခြင်းကိုအမှန်မြင်အမှန်သိရန် အတွက် ဗုဒ္ဓရှင်တော်မြတ်ကြီးသည် ဤသည့်မွေစက္ကပဝတ္တနသုတ်တရားတော်ကို ဟောကြားဆုံးမ ညွှန်ပြတော်မူခဲ့ပေ၏။

သို့ပါသောကြောင့် လူသားအပေါင်းတို့သည် မိမိတို့ကိုယ်စီကိုယ်ငှ ဖြစ်ရှိနေကြသော ခန္ဓာကိုယ်ကာယတွင် အစ္ဆဲဥပါဒါန်နှင့်တကွ ဆင်းရဲခြင်းအစားစားတို့သည် အမြဲရှိသောတရားလော၊ (၀၇)ဖြစ်၍လာသော တရားလောဟု သုတေသနပြုလုပ်၍ ခွဲခြားပြီး အမှန်မြင်-အမှန်သိလာရန်ငင်း၊ ထို့ပြင် အရှိတရားက ဆင်းရဲခြင်းလော သို့မဟုတ် အကြောင်းတိုက်ဆုံမှ ဖြစ်၍လာသော အဖြစ်တရားက ဆင်းရဲခြင်းလောဟု ခွဲခြားပြီးအမှန်မြင်အမှန်သိဘို့ရန်လိုပေလိမ့်မည်။

ထို့နောက် အရှိရုပ်ခန္ဓာကိုယ် နှိပ်စက်ညှဉ်းပမ်းသော အလုပ်ကိုလုပ်မှ အစ္ဆဲဥပါဒါန်နှင့်ဒုက္ခ-ဆင်းရဲခြင်းတို့သည် ချုပ်ငြိမ်းမည်လော၊ ဤကဲ့သို့ ခန္ဓာကိုယ်ကာယကို ချုပ်ချယ် ညှဉ်းပန်းပြီး ပြုလုပ်ပါလျှင် ဒုက္ခဆိုသည့် ဆင်းရဲခြင်းသည်ဖြစ်၍ လာမည်လော ဆိုသည်ကို ကျွန်ုပ်တို့လူသားတိုင်း သုတေသနပြုလုပ် ကြည့်ကြပါက အမှန်မြင် အမှန်သိ ဖြစ်လာကြပေလိမ့်မည်။

ထို့ကြောင့် ကျွန်ုပ်တို့လူသား အပေါင်းတို့သည် အမှား-အမှန် ထိုနှစ်တန်ကို ကေန်တိတိ အမှန်မြင် အမှန်သိသို့ ရရှိကြစေရန်

ဗုဒ္ဓရှင်မိန့်တော်မူခဲ့သည်မှာ "အယမေဝသော အရိယော အဋ္ဌင်္ဂိ
ကောမဂ္ဂေါ"ဟု ဟောကြားညွှန်ပြဆုံးမတော်မူခဲ့လေ၏၊ "သော
ထိုကဲ့သို့ ကြံစရာ-မည်စရာပူစရာ-ပင်စရာ ဆွေးစရာ-အေးစရာချုပ်
ငြိမ်းစရာ အဖြာဖြာတို့သည် အယမေဝ၊ယခုပစ္စက္ခ၌ လက်ငင်းဒိဋ္ဌ
ကြုံတွေ့နေရသည့်အခိုက်တွင် အရိယော၊အစ္ဆဲဥပါဒါန် ချေးညှော်
တို့၏ သန့်ရှင်းခြင်းကို အလိုရှိကြကုန်သော လူသား အပေါင်းတို့
သည်၊ အဋ္ဌင်္ဂိကော၊ အင်္ဂါရှစ်ပါးရှိသော၊ မဂ္ဂေါ၊ ကျင့်အပ်
သော တရားတို့ပေတည်း။

ဤကဲ့သို့ သစ္စာလေးပါးတရားတို့ကို ပယ်ရမည်၊ ခွါရမည်၊ စွန့်း
လွှတ်ရမည့် တရားများကို ပယ်ခွါစွန့်လွှတ်ရန်အလို့ငှာ၎င်း၊ပွာ
များအားထုတ်ရမည့်တရားကို ပွါးများအားထုတ်ကြရန် အလို့
ငှါ ရှစ်ပါးသော မဂ္ဂင်တရားများကို ဗုဒ္ဓရှင်တော်သည်ဟောညွှန်
တော်မူခဲ့လေသည်၊ သို့ပါသောကြောင့် သုတေသီအပေါင်းတို့
သည် နေ့စဉ်နှင့်အမျှ ကြုံတွေ့နေကြရသော ဒုက္ခဆင်းရဲခြင်းကို
ကျနသေချာစွာအမှန်မြင် အမှန်သိ ဖြစ်လာရန်လိုအပ်လေသည်။

ထိုသည့် ဆင်းရဲခြင်းတို့ကလည်း လူသားတိုင်းနေ့စဉ်နှင့်အမျှ
ကြုံတွေ့နေရသည့် တရားဖြစ်ပေသည် သို့ပါသောကြောင့်၊ ၎င်း
ဆင်းရဲသည် ကျွန်ုပ်တို့နှင့်တကွသော သုတေသီအပေါင်းတို့၏
ခန္ဓာကိုယ်ကာယတွင်အစဉ်အမြဲတည်ရှိနေပါသလော၊ သို့မဟုတ်
အစဉ်အမြဲမရှိသော တရားလောဟု စဉ်းစား ဆင်ခြင်၍ သုတေ
သန ပြုလုပ်ကြည့်ရှုသင့်ပေသည်။

အဘယ်ကြောင့်ဆိုသော် ဗုဒ္ဓရှင်သည် သစ္စာလေးပါးတွင်
ဒုက္ခသစ္စာကို ရှေးဦးစွာ ဟောညွှန်တော်မူခဲ့လေသည်၊ ဤသည့်
ဒုက္ခသစ္စာကို အဓိပ္ပါယ်ဖွင့် ဆိုကြည့်ပါက ဆင်းရဲခြင်းသည်

အမှန်ဟု အဓိပ္ပါယ်ရပေသည်၊ အစဉ်အမြဲရှိနေသည်ဟု မဆိုနိုင်သို့ပါသောကြောင့် ဆင်းရဲခြင်းသည်ဖြစ်၍ ဖြစ်၍ လာသော အကျိုးဆင်းရဲသည် မှန်လေသည်ဟု ဗုဒ္ဓရှင်၏ မိန့်ဆိုချက်ဖြစ်လေ၏။

ဤကဲ့သို့ ဗုဒ္ဓရှင်တော်မြတ်သည် ဒုက္ခသစ္စာ ဆင်းရဲခြင်းအမှန်သည် သတ္တဝါလူသားတို့၏ ခန္ဓာကိုယ်ကာယတွင် အစဉ်အမြဲရှိနေသောတရားမဟုတ်၊ အခြောင်းတရားကြောင့်ဖြစ်၍လာသော အကျိုးဆင်းရဲသာလျှင်ဖြစ်၏ဟု ဟောကြားတော်မူခဲ့၏၊ သို့ရာတွင် ကျွန်ုပ်တို့နှင့် တကွသော သုတသီ အပေါင်းတို့ကမူ မိခင်တို့၏ဝမ်းဗိုက်တွင်း၌ စတင်တည်နေသည်ကစ၍သေသည့်တိုင်အောင် ဒုက္ခတည်းဟူသော ဆင်းရဲခြင်းသည် အမြဲရှိနေသည်ဟု အယူရှိနေကြလေသည်၊ အဘယ်ကြောင့်ဆိုသော် ယခုတည်ရှိနေသည့် ခန္ဓာကိုယ်ကာယသည် အိုမင်းရင့်ယော်ရခြင်းသည် ဆင်းရဲခြင်း၊ မနာမကျန်းဖြစ်၍ နေရခြင်းသည် ဆင်းရဲခြင်းဖြစ်သည်သေဆုံးပျက်ပြိုပြုန်းရခြင်းသည် ဆင်းရဲခြင်းဖြစ်၏ဟု အယူအဆရှိနေကြပေသည်။

ထို့ကဲ့သို့ဆင်းရဲခြင်းအစဉ်စဉ်းဖြစ်၍နေခြင်းသည်အကြောင်းကင်း၍မဖြစ်နိုင်၊ အကြောင်းကြောင့်သာလျှင် အကျိုးဆင်းရဲဖြစ်သည်ဟု ယင်းကဲ့သို့အမှန်မမြင် အမှန်မသိခြင်းကြောင့်သာလျှင်ဖြစ်ရချေသည်၊ ထိုဒုက္ခသည် မှန်လှ၏၊ ထို့ကြောင့် ဒုက္ခ၊ ဆင်းရဲခြင်းသည် ခန္ဓာကိုယ်ကာယတွင် ရှိနေသောတရားလော၊ ဖြစ်လာသော တရားလောဟု ရှေးဦးစွာ ခဲခြားပြီး အမှန်မြင် အမှန်သိရန် သုတေသန ပြုလုပ် ကြည့်ရှုမှသာလျှင် အမြင်မှန် သမ္မာဒိဋ္ဌိ မဂ္ဂင်သို့ ရရောက်ကြပေလိမ့်မည်။

ထိုမှတဖန် ဒုက္ခတည်းဟူသော ဆင်းရဲအကျိုးတရားသည် မည်သို့သော အကြောင်းကြောင့် ဖြစ်သနည်းဟု ဆင်းရဲခြင်း၏ အကြောင်းတရားကို အမှန်မြင်ရန်လိုအပ်လာပေသည်၊ ဤသို့သောဆင်းရဲဖြစ်သည့် အကြောင်းတရားကို ခက်ခက်ခဲခဲရှာဖွေနေရန်လိုမည်မဟုတ်ချေ၊ ဆင်းရဲခြင်း၏ အကြောင်းတရားကို ဗုဒ္ဓရှင်ဟောကြားတော်မူခဲ့သည်မှာ သမုဒယ အစဉ်ပါဒါန်ကြောင့်သာလျှင် အကျိုးဒုက္ခဆင်းရဲဖြစ်သည်ဟု ဆုံးမဟောကြားတော်မူခဲ့လေ၏။

၎င်းဥပါဒါန် အစဉ်သည်ကား ကျွန်ုပ်တို့နှင့်တကွသော သုတသိအပေါင်းတို့၏ကိုယ်တွင် အမြဲအစဉ်ရှိသောတရားလား၊ အမြဲအစဉ်မရှိသော တရားလား ဆိုတာကို သုတသနပြုလုပ်ကြည့်ရှုကြရန် လိုအပ်ပေလိမ့်မည်၊ ယင်းသည့် တတ်စဉ်ခြင်း ဥပါဒါန်တရားသည် ခန္ဓာကိုယ်ကာယတွင် အမြဲအစဉ်ရှိသော တရားမဟုတ်ချေ၊ ၎င်းတတ်စဉ်ခြင်းဥပါဒါန်တရားကလည်း ဖြစ်၍လာသော် တရားသာလျှင်ဖြစ်၏။

ဤသို့သော တတ်စဉ်ခြင်း ဥပါဒါန်တရားသည် ကျွန်ုပ်တို့၏ ခန္ဓာကိုယ်ကာယတွင် မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်တည်းဟူသော ရုပ်တရားစုတို့နှင့် အပြင်လောကမှ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ တည်းဟူသော ရုပ်တရားစုတို့နှင့် တွေ့ကြုံ တိုက်ဆိုင်ကြသောအခါတွင် အမှန်မမြင် အမှန်မသိလေသောကြောင့် ၎င်းတတ်စဉ်ခြင်း ဥပါဒါန်သည် ဖြစ်၍လာ၏၊ ဤကဲ့သို့ဖြစ်၍လာသော ဥပါဒါန်အစဉ်သည် မည်သည့်အရာကို တတ်မက်စဲလန်းပါသနည်းဟု ဆိုပါလျှင် မိမိခန္ဓာကိုယ်နှင့်တကွသော သားမယား သားသမီး၊ အိုးအိမ်၊ ရွှေ၊ ငွေ၊ ကျောက်သံ

ပတ္တမြား စသော ရုပ်ပစ္စည်းမှန်သမျှကို ငမ်းငမ်းတက် တတ်မက်စွဲလန်းကြကုန်၏။

ဂုင်းအရာ ဝတ္ထု မှန်သမျှတို့သည်ကား အနိစ္စ၊ အနတ္တ ဓမ္မသဘောဖြင့် ပြောင်းလဲပျက်စီး၍ သွားကြပါမူကား စွဲလန်းခြင်း အကြောင်းကြောင့် ဆင်းရဲတည်းဟူသော အကျိုးတရား မုချ ကေန် အမှန် ဖြစ်ရ ချေ မည်၊ ထို့ ကြောင့် ဗုဒ္ဓရှင်တော်သည် သတ္တဝါ လူသားအပေါင်းတို့အား ဆင်းရဲခြင်း၏ အကြောင်း ခံဖြစ်သော တတ်စွဲခြင်း ဥပါဒါန်တရားကို သဘောပေါက်နား လည်စေခြင်းငှါ အောက်ပါ တရားတော်ကို ဟောကြားညွှန်ပြ ဆုံးမတော်မူခဲ့လေ၏။

ယံဝယံ တဏှာ ပေါ နောမ္ဘဝိကာ၊
နန္ဒီရာဂ သဟဂတာ။
တတြတတြာ ဘိနန္ဒိနီ သေယျတိဒံ၊
ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာ။ ။

ယာယံတဏှာ၊ အကြင်ငမ်းငမ်းတက် တတ်မက်စွဲလန်းသော တဏှာသည်၊ နောမ္ဘဝိကာ၊ အဖန်ဖန် ဖြစ်၍ ဖြစ်၍ လာလေ၏၊ နန္ဒီရာဂသဟဂတာ၊ နှစ်သက်ခြင်းနှင့်တကွ ငမ်းငမ်းတက် တတ်မက်စွဲလန်းခြင်းဖြစ်၍လာ၏၊ တ တြ တ တြာ၊ ထို ထို ဖြစ်ရှိနေသော ဣန္ဒြေငါးပါးတို့နှင့် အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ တို့နှင့် တိုက်ဆုံ ပေါင်း စပ် ကြ သည့် အ ခါ တို့ တွင် အဘိနန္ဒိနီ၊ အ လွန့် အ လွန် နှစ် သက် စွဲ လန်း ခြင်း ဖြစ် ၍ လာ လေ ၏။ ဣဒံ ဧသာတဏှာ၊ ဤသို့သော ငမ်းငမ်းတက် တတ်မက်စွဲလန်း ခြင်း ဖြစ်၍လာသော တဏှာသည် သေယျထကတမာ၊ အဘယ်

သည်တို့ ဆိုပါမူကား၊ ကာမတဏှာစ၊ မယားသားသမီး ပစ္စည်း ဥစ္စာ ရတနာ ရွှေ ငွေ အိုးအိမ် တိုက်တာ အစဖြာသော ရုပ်ဝတ္ထုတို့ကို ငမ်းငမ်းတက် ဆာလောင်မွှန့်တက္ခ စွဲလန်းနေသော ကာမတဏှာသည်ဝင်း။ ဘဝဘဏှာစ၊ ထိုသို့သော မယားသားသမီး ပစ္စည်းဥစ္စာ ရတနာ ရွှေ ငွေ အိုးအိမ် တိုက်တာ အစဖြာသော ဝတ္ထုပစ္စည်းတို့နှင့် အာရုံရှစ်ခြုံက် အပျော်ဆိုက်၍ သုံးဆောင်ခံစားနေရသည့် ဘဝစည်းစိမ်ချမ်းသာကို သာယာနှစ်သက် စွဲလန်းနေသော ဘဝဘဏှာသည်ဝင်း။ ဝိဘဝတဏှာစ၊ ဤမျှသော ဘဝစည်းစိမ်ခံစားရခြင်းတို့ထက်အဆပေါင်းများစွာ ချမ်းသာကြွယ်ဝ ဇိမ်ကျကျဖြင့် အလှန်အကြူး အထူးတတ်မက် စွဲလန်း၍နေသော ဝိဘဝတဏှာသည်ဝင်း။ ဒုက္ခသမုဒယံ၊ ဆင်းရဲခြင်း၏ အကြောင်းဖြစ်သော တဏှာခြင်း ဥပါဒါန်တရားသာလျှင် ဖြစ်ချေ၏။

ဤကဲ့သို့သော ဒုက္ခတည်းဟူသော ဆင်းရဲခြင်း၏ အကြောင်းဖြစ်သည့် အစဉ်ဥပါဒါန်တရားကို သတ္တဝါ လူသားတို့အား အမှန်မြင် အမှန်သိစေခြင်းငှါ ဟောကြားညွှန်ပြ ဆုံးမတော်မူခဲ့လေသည်၊ အဓိပ္ပါယ်မှာ အိုးအိမ်ထူထောင်၍ နေထိုင်ကြကုန်သော လူသားအပေါင်းတို့သည် မိမိတို့၏ ပစ္စက္ခ မျက်မှောက်ဘဝ ရုပ်တည်ရေးတွင် စားသောက်ရေးအတွက် ဝတ်ဆင်ရေးအတွက် နေထိုင်ရေးအတွက် ခန္ဓာကိုယ် ကျန်းမာရေးအတွက် ပစ္စည်းဥစ္စာ ရတနာရွှေငွေ ဆန်ရစပါး စသော ဝတ္ထုတို့ကို ရှာဖွေလုပ်ကိုင်ခြင်း စုဆောင်းခြင်း အမှုတို့ကို ပြုကြရပေမည်။

ယင်းကဲ့သို့သော ဝတ္ထုပစ္စည်းတို့ကို မိမိတို့၏ ဘဝရုပ်တည်ရေးအတွက် မျှတစွာ စားသောက်ဝတ်ဆင် နေထိုင်ကြရပေမည်၊

၎င်းပစ္စည်းဥစ္စာ ရတနာရွှေငွေ ဆန်ရေစပါး စသော ဝတ္ထုပစ္စည်း တို့ကိုရှာဖွေလုပ်ကိုင်၍ ရရှိလာပါကထိုသည့်ဝတ္ထုပစ္စည်းတို့အပေါ်တွင် သာယာစရာ နှစ်သက်စရာ တပ်မက်စရာ စွဲလန်းနေစရာ မဟုတ်ပေ၊ အမှန်စင်စစ်ကား ယခုပစ္စက္ခမျက်မှောက်တွင်မိမိတို့၏ ဘဝ ရပ်တည်မှုအတွက် သုံးစွဲဝတ်ဆင် နေထိုင်စားသောက် သွားကြရန်သာ ဖြစ်သည်ဟု သဘောထားရပေမည်၊ လူသားတို့သည် ဤကဲ့သို့သဘောထား မသက်ရောက်သည့်ပြင် ၎င်းပစ္စည်းဝတ္ထုတို့၏အပေါ်၌ အလွန်အမင်း စွဲလန်းခြင်းဖြစ်၍ နေကြလေသည်။

သို့ပါသောကြောင့် ယင်းသည့် ဝတ္ထုပစ္စည်းတွေ ပျက်စီး၍ သော်၎င်း၊ ထို့နောက် အကြောင်းအမျိုးမျိုးတို့နှင့် တိုက်ဆုံ၍ ကုန်ဆုံးသွားသည်၎င်း၊ လူသားတို့သည် ပူပန်ခြင်းသောက ဆင်းရဲခြင်းဒုက္ခနှင့် မုချမသွေ ရင်ဆိုင်၍ နေရပေတော့သည်၊ သို့ပါသောကြောင့် အစွဲဥပါဒါန် အကြောင်းတရားဖြစ်၍ လာကြပါလျှင် ဆင်းရဲအကျိုးတရားဖြစ်သည်ကို အောက်ပါတရားတော်ကို ဟောကြားညွှန်ပြ ဆုံးမတော်မူခဲ့လေ၏။

ဇာတိပိဒုက္ခာ ဇရာပိဒုက္ခာ၊
ဗျာဓိပိဒုက္ခော မရဏမ္ပိဒုက္ခံ။
အပိယေဟိ သမ္ပယောဂေါ ဒုက္ခော၊
ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော။
ယံပိစ္ဆံ နလဘတိ တံပိဒုက္ခံ၊
သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာပိ ဒုက္ခာ။ ။

ဇာတိပိ၊ ငမ်းငမ်းတက် စွဲလန်းခြင်းဖြစ်၍ လာခြင်းကြောင့်။ ဒုက္ခာ၊ ဆင်းရဲခြင်းအကျိုးတရား ဖြစ်ရချေ၏။ ဇရာပိ၊ ဆံဖြူသွားကြွ အသားရေယိုယွင်း အိုးမင်းရင့်ယော်ခြင်းတို့ကို စိုးရိမ်

မကင်းဖြစ်၍လာသော အစဲ့ ဥပါဒါန်ကြောင့်။ ဒုက္ခာ၊ ပူပန်သောက ဆင်းရဲခြင်းဖြစ်ရချေ၏။ ဗျာဓိပါ၊ အနာရောဂါ ကျင်နာကိုက်ခဲ နှုနာဝဲတို့ဖြစ်၍ လာသည်တို့ကို ပူဆွေးကြောင့်ကြခြင်းဖြစ်၍လာသော အစဲ့ ဥပါဒါန်ကြောင့်။ ဒုက္ခာ၊ မချိထန်သဲအလွန်ပင် ဆင်းရဲခြင်းဖြစ်ရချေ၏၊ မရဏာမိုဲ အမိ, အဖ, မယား, သားသမီး ပစ္စည်းဥစ္စာ ရတနာရွှေငွေ စသည်တို့နှင့် တကွသော ဆွေညာအပေါင်းတို့အား ပယ်ခွါစွန့်ထားခဲ့၍ သေရမည့်ဘေးကို စိုးရိမ်မကင်း စဲ့လန်းခြင်းဥပါဒါန်ကြောင့်။ ဒုက္ခံ၊ ကြောက်လန့်မျှော်ကိုး ဆင်းရဲခြင်းအကျိုးဖြစ်ရချေ၏။ အပိယေဟိ၊ မနှစ်သက် မလိုလားအပ်ကုန်သော ဇရာ ဗျာဓိ မရဏ-စသည်ညဿုံဘေးအပေါင်းစုံတို့နှင့်။ သမွယောဂေါ၊ လက်ငင်းဒိဋ္ဌ ယခုပက်ပင်းမှာ တွေ့ကြုံခံစားနေရလေခြင်းဟု စဲ့လန်းခြင်းဖြစ်၍နေသော ဥပါဒါန်ကြောင့်။ ဒုက္ခေါ၊ ပူလောင်ထန်ပြင်း အလွန်ပင် ဆင်းရဲခြင်း ဖြစ်ရချေ၏။ ပိယေဟိ၊ ချစ်ခင်နှစ်သက် စဲ့မက်ကုန်သော မိမိ ဇနီး သားသမီးနှင့် ပစ္စည်းဥစ္စာ ရတနာရွှေငွေ အိုး အိမ်တိုက်တာတို့နှင့်။ ဝိပ္ပယောဂေါ၊ ကွဲကွင်းကုန်ဆုံး ပျက်ပြိုပြုန်းခဲ့သည်ရှိသော် ဒုက္ခေါ၊ အရူးပမာ မျက်ရည်ဖြာ၍ ပူဆွေးသောက ဆင်းရဲခြင်း အကျိုးဖြစ်ရချေ၏။ ယံပိစ္ဆံ၊ မိမိတို့အလိုရှိအပ် တောင်းတကြသည်အတိုင်း နလာဘိ၊ မုချပိုင်ပိုင် မရနိုင်ချေ။ တံပိ၊ ထိုသို့ အလိုရှိအပ် တောင်းတကြသည့်အတိုင်း/ မရခြင်းကြောင့်။ ဒုက္ခံ၊ ရင်တွင်းလှိုက်ဖို ဆင်းရဲအပိုဖြစ်ရချေ၏။ သံခိတ္တောန၊ အတို အကျဉ်း လိုရင်းကိုခြုံ၍ ပြောရပါမူ၊ ပဥ္စ-မျက်စိ, နား, နှာ, လျှာ ကိုယ်တည်းဟူသော ငါးခုတို့တွင်၊ ဥပါဒါနက္ခန္ဓာပိ-စဲ့လန်းခြင်း

ဥပါဒါန်နှင့်တက္ဒ ဖြစ်ရှိနေသော ခန္ဓာကိုယ်ကာယတို့သည်လည်း ဒုက္ခာ၊ ဆင်းရဲခြင်းအကျိုးဖြစ်၍ နေလေ၏။

ဤကဲ့သို့ ဗုဒ္ဓရှင်တော်သည် သတ္တဝါ လူသားအပေါင်းတို့အား ဆင်းရဲခြင်း၏ အကျိုးဖြစ်ရခြင်းသည် စွဲလန်းခြင်း ဥပါဒါန် အကြောင်းကြောင့် ဖြစ်ရခြင်းကို အမှန်မြင် အမှန်သိစေခြင်းငှါ ဟောကြားညွှန်ပြ ဆုံးမတော်မူခဲ့ပေ၏၊ သို့ပါသောကြောင့် ကျွန်ုပ်တို့နှင့်တက္ဒ သုတေသီ လူသား အပေါင်းတို့၏ ခန္ဓာကိုယ်ကာယတွင် ဘယ်နေရာ ဘယ်ဌာနတွင် အမြဲအစဉ်ရှိ၍ နေပါသနည်း၊ သို့မဟုတ် မျက်စိ, နား, နှာ, လျှာ, ကိုယ်တို့နှင့် အဆင်း, အသံ, အနံ့, အရသာ အတွေ့အထိ တည်းဟူသော ရုပ်ဝတ္ထုခြင်း တိုက်ဆုံကြသည့်အခါတွင် ဖြစ်၍လာခြင်းလောဟု သုတေသီ လူသားတိုင်း အမှန်မြင် အမှန်သိလာကြရန် မဂ္ဂင်ရှစ်ပါးအရ စဉ်းစားခြင်း စီစစ်ခြင်း ဝေဖန်ခြင်း၊ သမ္မာသင်္ကပ္ပ အလုပ်ကို လုပ်ကြည့်ကြပါရန် မမေ့သင့်အပ်ပေ၊ သို့မှသာလျှင် အရှိတရား အဖြစ်တရားဆိုသည်ကို ခွဲခြားပြီး အမှန်မြင် အမှန်သိ ဖြစ်လာပေလိမ့်မည်။

ထိုသို့ အမှန်မြင် အမှန်သိဖြစ်လာသော အခါမှ မဂ္ဂသစ္စာ သမ္မာဒိဋ္ဌိ စခန်းသို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ရှိပေမည်၊ သို့မှသာလျှင် ပယ်ရမည့် တရားကိုပယ်နှိုင်ပေမည်၊ ပွါးများအားထုတ် လုပ်ကိုင်ရမည့် တရားကို ပွါးများအားထုတ် လုပ်ကိုင်နှိုင်ပေမည် သို့ရာတွင် ဗုဒ္ဓရှင်သည် ၎င်း ဥပါဒါန်တရားကို ပယ်ခွါစွန့်လွှတ်ရမည့်တရားဟု ဟောကြားဆုံးမတော်မူခဲ့လေသည်။

သို့ပါသောကြောင့် ကျွန်ုပ်တို့နှင့် တက္ဒသော သုတေသီ အပေါင်းတို့၏ ခန္ဓာကိုယ်ကာယတွင် ဘယ်နေရာ ဘယ်ဌာနမှ

အမြဲအစဉ်မရှိသော အစဲ့ဉပါဒါန်သည် ရုပ်တရားတို့၏အကြောင်း တိုက်ဆုံကြသည့်အခါတွင် အစဲ့ဉပါဒါန်ဖြစ်လာသည်ကို အမှန်မြင် အမှန်သိလာပါလျှင် ဤသည့် အစဲ့ဉပါဒါန်ကို ပယ်ခဲ့စွန့်ပစ်ရပေမည်၊ ထိုကဲ့သို့ အစဲ့ဉပါဒါန်ကို ပယ်ခဲ့စွန့်လွှတ်နိုင်သည်နှင့် တပြိုင်နက် နိရောဓသစ္စာစခန်းသို့ ဆိုက်ရောက်ရပေမည်၊ "နိ-ရောဓသစ္စာ" ဆိုသည်မှာ ဆင်းရဲချုပ်ငြိမ်းခြင်း အမှန် ဟူ၍ဆိုထားခြင်းဖြစ်၏။

ဗုဒ္ဓ ရှင်တော်မြတ်ကြီးကလည်း ရှေးဦးစွာ ဆင်းရဲခြင်းကို အမှန်မြင် အမှန်သိရပေမည်၊ ၎င်းဆင်းရဲခြင်းကို အမှန်မြင် အမှန်သိရုံသာ ဖြစ်ပေသည်၊ ဒုတိယအချက်မှာ ထိုသည့် ဆင်းရဲခြင်း၏ အကြောင်းတရားကို အမှန်မြင် အမှန်သိရန် ဟောကြား ညွှန်ပြဆုံးမတော် မူပြန်လေသည်။ ယင်းသို့သော ဆင်းရဲခြင်း၏ အကြောင်းမှန်တရားကို အမှန်မြင် အမှန်သိလာပါက ထိုသည့် ဆင်းရဲခြင်း၏ အကြောင်းဖြစ်သော အစဲ့ဉပါဒါန် သမုဒယကို ပဟာတဗ္ဗ ပုဒ်အရာ ပယ်ခဲ့စွန့်လွှတ်ရမည့် တရားဟု ဟောကြား ဆုံးမတော်မူခဲ့လေသည်၊ သို့ပါသောကြောင့် သုတေသီ လူသား အပေါင်းတို့သည် မိမိတို့၏ စဲ့ယူထားကြသော ဥပါဒါန်တို့ကို မိမိတို့သာလျှင် အသိဆုံးဖြစ်ကြပေလိမ့်မည်၊ ထိုသို့သော အယူအစဲ့တို့ကို မိမိတို့ကိုယ်တိုင် ပယ်ခဲ့စွန့်လွှတ်နိုင်ပါက ယခုပစ္စက္ခ မျက်မှောက်၌ ဆင်းရဲခြင်းတို့၏ ချုပ်ငြိမ်းခြင်း အမှန်ရရှိကြောင်း ဗုဒ္ဓရှင်တော်သည် အောက်ပါဘရားတော်ကို ဟောကြား ညွှန်ပြဆုံးမတော်မူခဲ့လေ၏။

ယောတဿ ယေဝတဏ္ဍာယ၊
အသေသဝိရာဂနိ ရောဓေါ။
စာဂေါ ပဋိနိဿဂ္ဂေါ၊
မုတ္တိ အနာလယော။

တဿယေဝ တဏ္ဍာယ၊ထိုသို့ ပုပုရွရွ သတ္တဝါ ဟူသမျှတို့၏ ဆင်းရဲခြင်းသည် မူလအမြစ် ပင်ရင်းဖြစ်သော စွဲလန်းခြင်း သမုဒယကို ယောအသေသဝိရာဂနိ ရောဓေါ၊ အကြွင်းအကျန်မရှိ ကပ်ငြိခြင်းစင်၍ အကြင်ချုပ်ငြိမ်းခြင်းသဘောတရားသည် အတ္ထိ, ထင်ရှားဧကန် အမှန်ရှိချေ၏ သော၊ ထိုသို့ စွဲလန်းခြင်း သမုဒယတို့၏ ချုပ်ငြိမ်းခြင်းသဘောတရားသည် စာဂေါ၊ မြူမျှမကျန် ပယ်ခွါစွန့်လွှတ် လိုက်ခြင်းဖြစ်၏။ ပဋိနိဿဂ္ဂေါ၊ အသိညာဏ်သုံး လက်စတုံးအောင် လုံးလုံးမကျန် တော်လှန် လိုက်ခြင်းမည်၏။ မုတ္တိ၊ ဆူးညှောင့်ကျော့ကွင်း စွဲလန်းခြင်းတည်းဟူသော နှောင်ကြိုးအတွင်းမှ လုံးဝလွတ်မြောက်ခြင်းမည်၏။ အနာလယော၊ အာရုံငါးသွယ် ခံစားရာဝယ် တဏ္ဍာရစ်မှေး ကော်အစေးတို့ဖြစ်ရေးမရှိ သန့်ရှင်းစင်ကြယ်ခြင်း မည်လေတော့၏။

ဤကဲ့သို့ စွဲလန်းခြင်း ဥပါဒါန်သမုဒယကို လူသားအပေါင်းတို့သည် ပယ်ခွါစွန့်လွှတ်နိုင်ပါက ဒုက္ခတည်းဟူသော ဆင်းရဲအကျိုးတရားသည် ယခုပစ္စက္ခ မျက်မှောက်တွင် ချုပ်ငြိမ်းကြောင်းကို ဗုဒ္ဓရှင်သည် (သံဒိဋ္ဌိက-အကာလိက- ဧဟိပဿိက) တရားတော်နှင့် အာမခံထားချက်ဖြင့် ဟောကြားညွှန်ပြ ဆုံးမတော် မူခဲ့လေ၏၊ သို့ပါသောကြောင့် ကျွန်ုပ်တို့နှင့်တကွ သုတေသီ အပေါင်းတို့သည် မည်သည့်ကို အစွဲဥပါဒါန်ဖြစ်၍ နေ

ကြပါသနည်းဟု ဆိုပါက အထက်ပါ တင်ပြလာခဲ့သောတရား တော်များအရဆိုပါလျှင် သူတော်ကောင်တို့၏ ခန္ဓာကိုယ်ကာယတွင် တည်ရှိ၍ နေကြကုန်သော မျက်စိ-နား-နှာ-လျှာ-ကိုယ် တို့နှင့် အဆင်း- အသံ-အနံ့- အရသာ- အတွေအထိ တို့နှင့် တိုက်ဆိုက်သည့်အခါတွင် ရုပ်ဝတ္ထုပစ္စည်းများကို နှစ်သက်စဲ့လန်းကြကုန်၏။

ထိုမှတဖန် မျက်စိ-နား-နှာ-လျှာ-ကိုယ်တို့နှင့် မမြင်ရ မကြား ရ နမ်းရှုတ်၍မရ- လျက်၍မရ- လက်-ခြေ-ကိုယ်ကာယ တို့နှင့် တွယ်-ထိတွေ့၍ မရသည်တို့ကိုလည်း အလွန်အမင်း အစဲ့ဉာဏ်ဒါန် ပြင်းထန်စွာ စဲ့လန်းနေကြလေသည်၊ ဤကဲ့သို့သော စဲ့လန်းခြင်း ဉာဏ်ဒါန် အကြောင်းဟူရာတို့ကြောင့် ဒုက္ခတည်းဟူသော ဆင်းရဲခြင်းဖြစ်ရသည်ကို မိမိတို့ကိုယ်တိုင် သေချာစွာ ဝေဖန်စဉ်းစားခြင်း အမှုကို ပြုလုပ်ကြည့်ရှုကြပါလျှင် မိမိတို့ကိုယ်တိုင် အမှန်မြင် အမှန်သိ ဖြစ်လာပေလိမ့်မည်။

ဤကဲ့သို့ မိမိတို့ကိုယ်တိုင် အမှားနှင့်အမှန် (၀၇) ဆင်းရဲခြင်းနှင့် ဆင်းရဲခြင်း၏အကြောင်းတို့ကို ခဲ့ခဲ့ခြားခြား အမှန်မြင်အမှန်သိမှသာလျှင် ဖယ်ခွာစွန့်လွှတ်ရမည့်တရား၊ ကျင့်ကြံ အားထုတ်ရမည့်တရားတို့ကို ပြုလုပ်တတ်ကြပေလိမ့်မည်၊ ထိုကဲ့သို့ ပြုလုပ်ရမည်မှာ မိမိတို့၏ တာဝန်သာလျှင် ဖြစ်ပေ၏၊ ဆုတောင်းရှိတော့ မရနိုင်ချေ၊ ယင်းကဲ့သို့ မိမိတို့ကိုယ်တိုင်ကိုယ်ကျ အစဲ့ဉာဏ်ဒါန်တို့ကို ပယ်ခွာစွန့်လွှတ်လိုက်ပါက ဒုက္ခတည်း ဟူသော ဆင်းရဲအကျိုးသည် ယခုပစ္စက္ခ မျက်မှောက်တွင် ချုပ်ငြိမ်း၏ဟူ ဗုဒ္ဓရှင်တော်သည် သတ္တဝါလူသားတို့အား ဟောကြား ညွှန်ပြဆုံးမတော်မူခဲ့လေ၏။

ထိုမှနောက်တွင် လေးဆယ့်ငါးဝါ ကာလပတ်လုံး စိတ်ဝိ
ညာဉ် အတ္တဝါဒ အယူအစဲ့ ရှိနေကြကုန်သော လူသားတို့အား
အနတ္တမမြ-အနိစ္စ တရားတို့ကို ပခါနထားပြီးလျှင် သစ္စာလေးပါး
မဂ္ဂင်ရှစ်ပါး ပဋိစ္စသမုပ္ပါဒ်တရားတော်များကို ဖေါ်ထုတ်၍ ဟော
ကြား ညွှန်ပြတော်မူရသော ဗုဒ္ဓရှင်တော်မြတ်ကြီးသည် လွန်ယ
ကူအေးဆေးစွာ ဟောကြားညွှန်ပြတော်မူရခြင်းမရှိပေ၊ အဘယ်
ကြောင့်ဆိုသော် ဗုဒ္ဓရှင်တော်မြတ် မပုံ့ပေါ်မီကပင် ဘုရား
အမည်ခံယူပြီး သတ္တဝါလူသားတို့အား လှည့်လည်၍ အမျိုးမျိုး
သော တရားတို့ကို ဟော်ကြားနေကြကုန်သော ဘုရားကြီးများ
ကလည်း အတ္တဝါဒကို အခြေခံပြီး ၎င်းတို့၏ အယူအဆများကို
ဟောညွှန်လျက်ရှိကြလေရာ ဗုဒ္ဓရှင်တော်မြတ်သည် ဝါဒပေါင်း
များစွာတို့၏ အတွင်းမှ အနတ္တမမြ အနိစ္စတရားများကို အခြေ
ခံပြီးလျှင် သစ္စာလေးပါး မဂ္ဂင်ရှစ်ပါး ပဋိစ္စသမုပ္ပါဒ်တရားများ
ကို ခက်ခဲစွာ ဖေါ်ထုတ်၍ ဟောကြားတော်မူရခြင်း ဖြစ်လေ
သည်။

သို့ရာတွင် ဗုဒ္ဓရှင်တော်သည် မနှားမနေ လုလွတ်ရိုယ ဖြင့်
သတ္တဝါ လူသားတို့၏ထံ ကြွရောက်တော်မူပြီးလျှင် သဘာဝ
ဒိန္နတ္တဓ အနိစ္စတရားများကို အခြေခံ၍ ဟောကြားညွှန်ပြတော်
မူခဲ့လေရာ သတ္တဝါလူသားတို့သည် မျက်တွေ့လက်တွေ့ကိုယ်တွေ့
ဖြစ်၍ နေကြကုန်သော ဒုက္ခ ဆင်းရဲခြင်းတရားတို့၏ ချုပ်ငြိမ်း
ခြင်းကို အမှန်မြင် အမှန်သိ အမှန်ရရောက်ကြရသည် ဖြစ်သော
ကြောင့် စိတ်ကူးယဉ်ဆန်သည့် အတ္တဝါဒ အယူအစဲ့များကို စွန့်
ပယ်ကြပြီးလျှင် ဗုဒ္ဓရှင် ဟောညွှန်တော်မူသည့် တရားများ ကို
လက်ခံယုံကြည်ကြကုန်၏၊ တဖက်သော စိတ်ဝိညာဉ် အတ္တဝါဒ

အယူအစဲရှိနေသူတို့နှင့် ဘုရားအမည်ကို ခံယူ၍ရှိနေကြကုန်သော ခြောက်ဦးသော ဘုရားကြီးတို့ သည်၎င်း၊ ထိုဘုရားကြီး များ၏ တရားများကို ယုံကြည်လက်ခံကြကုန်သော လူသားတို့သည်၎င်း၊ ဗုဒ္ဓရှင်တော်မြတ်၏ ဝါဒလမ်းစဉ်တရားများနှင့် ယှဉ်ပြိုင်ဟောကြားကြသည့်အခါတွင် ၎င်းတို့၏တရားများသည် စိတ်ကူးယဉ် အတ္တဝါဒ ဖြစ်သည့်အတွက် လူသားတို့၏ မျက်တွေ-လက်တွေ့ကိုယ်တွေ့ မဟုတ်သည် ဖြစ်သောကြောင့် လူသားတို့သည် ၎င်းတို့၏ တရားများကို ယုံကြည်လက်ခံကြရန် အလွန်ပင်လေးကန်၍ နေကြကုန်၏။။

ထိုအခါတွင် ၎င်းတို့သည် ဝါဒရေးအရ မယှဉ်ပြိုင်နိုင်သောကြောင့် ပုဂ္ဂိုလ်ရေးအပေါ်တွင် တစထက်တစ မကောင်းပြုလုပ်ရန် ကြံစီ၍စဉ်လာကြကုန်လေရာ ဤနေရာတွင် ထင်ရှားသော သာဓကတရပ်ကို သုတေသီတို့ ကြည့်ရှုပါလော့၊ အတ္တဝါဒကိုးဆရာကြီးဖြစ်သော ဒေဝဒတ်ကလည်း ဝေဘာလတောင်တွင် ကျောက်မောင်းဆင်ပြီး ကျောက်တုံးနှင့် လှိမ့်ချ၍ သေကြောင်းကြံစည်၍ပြုလုပ်ခြင်း၊ ထို့နောက်အဇာတသတ်မင်းသားနှင့် ဒေဝဒတ်ပူးပေါင်းပြီး နာဠာဂီရိဆင်ကြီးကို မူးယစ်သောအရက်များကို တိုက်ကျွေးလျက် ဗုဒ္ဓရှင်တော်မြတ် ရာဇဂြိုဟ်မြို့တွင်းသို့ ဆွမ်းခံအကြွတွင် အရက်မူးနေသော နာဠာဂီရိ ဆင်ကြီးနှင့်တိုက်၍ သတ်ခြင်းအမှုကို ပြုလုပ်လေသည်၊ ယင်းကဲ့သို့ အမျိုးမျိုးအဖုံဖုံတို့ဖြင့် ဗုဒ္ဓရှင်တော်မြတ်ကို ပုဂ္ဂိုလ်ရေးအရသေကြောင်း ကြံစည်ကြလေရာ ဗုဒ္ဓရှင်တော်မြတ်သည် ဤသို့သောရန်မူခြင်းများကို ဖြူစင်သန့်ရှင်းသော သည်းခံခြင်းဖြင့် အနိုင်ယူပြီး သတ္တဝါလူသားတို့၏ ဒုက္ခတည်းဟူသော ဆင်းရဲခြင်း၊ ၎င်း

ဆင်းရဲခြင်း၏ အကြောင်းခံဖြစ်သည့် အစဉ်ပါဒါန်တို့ကို ချုပ်ငြိမ်းကြစေရန် စစ်မှန်သည့်တရားတော်ကို အမြဲမပြတ်ဟောကြားသွန်ပြဆုံးမတော်မူလေ၏။

ဤကဲ့သို့ ဗုဒ္ဓရှင်တော်မြတ်ကြီး၏ အမှန်တရားကို ချေဖျက်၍ မရသည့်အတွက် ဗုဒ္ဓရှင်တော်မြတ်၏ ခန္ဓာကိုယ်တော်ကို ဖျက်ဆီးရန် အမျိုးမျိုးသော မကောင်းမှုတို့ဖြင့် ကြံစည်၍ ပြုလုပ်ကြကုန်၏၊ ထိုသို့သော ဗုဒ္ဓရှင်တော်၏ အပေါ်တွင် သေကြောင်းကြံစည်မှုဖြင့် ပြုလုပ်ခြင်း၊ ၎င်းနောက် ဗုဒ္ဓရှင်တော်မြတ်ကြီးကို သတ္တဝါလူသားတို့ ကြည်ညိုလေးစားခြင်း ရှိသေခြင်းတို့မှ ပျက်ပြားစေခြင်းငှါ အရှက်တော်ခွဲမှုများကို ကြံစည်ပြုလုပ်ကြသည်များကိုအကြောင်းပြု၍ ယခုအခါကျွန်ုပ်တို့၏ ပိဋကတ်စာပေများတွင် ဗုဒ္ဓရှင်တော်သည် ဘဝပေါင်းများစွာ ဖြစ်စဉ်အခါတုံးက တပါးသူများကို အရှက်ခွဲစေခြင်း၊ သေမကြောင်း ကြံစည်ခဲ့ခြင်းဘည်းဟူသော မကောင်းမှုဘေ ပြုခဲ့လေသောကြောင့် ဗုဒ္ဓရှင်အဖြစ်သို့ ရောက်တော်မူသည့်အခါတွင် ထိုသည့် မကောင်းမှုအကုသိုလ်ကံတို့က လိုက်၍ အကျိုးပေးလေသည်၊ ၎င်းနောက် ကျိုက်သည်ဝပါက်ကံဟု ဆိုထားလေသည်။

ထိုသို့သော ဝပါက်ကံကို သုတေသီတို့ လေးလေးနက်နက် ဓဝဖန် စဉ်းစားစရာကောင်းပေသည်၊ ကျိုက်သို့ ဝပါက်ကံဟုဆိုထားသော စကားသည် ပါဠိမဟုတ်ပေ၊ပါဠိပျက်သာလျှင် ဖြစ်သည်၊ ဝိပက်ကဋ္ဌတကံဟု ဆိုမှသာလျှင် ပါဠိဖြစ်ပေသည်၊ ၎င်းပါဠိ၏ အဓိပ္ပါယ်မှာ အထူးသဖြင့်ရှိနေသော အကျိုးခန္ဓာကိုယ်ကို တပါးသူများက မကောင်းမှု ပြုလုပ်ကြပါလျှင် တွေ့ကြုံခံစားရ ပေမည်ဟု အဓိပ္ပါယ်ရလေသည်၊ ထိုကဲ့သို့ မဟုတ်မူဘဲ ဗုဒ္ဓရှင်တော်သည်

ဘဝပေါင်းများစွာမှ မကောင်းမှုကံတို့က ဗုဒ္ဓရှင်တော် အဖြစ်သို့ ရောက်သည့်တိုင် လိုက်၍ အကျိုးပေးလေသည်ဟု ဆိုထားလေသည်၊ ဤသည်မှာ အယုတ်ဆုံးသော သောတာပန် ပုဂ္ဂိုလ်သည် အတိတ်က အကုသိုလ်ကံတို့ ချုပ်ငြိမ်းလေသည်ဟု ဆိုထားသည်ကို တွေ့ရှိရလေသည်၊ ဗုဒ္ဓရှင်တော်မှာ ဘဝပေါင်းများစွာက မကောင်းမှုကံတို့သည် ယခုလာ၍ အကျိုးပေးလေသည်ဟု ဆိုထားသည့် စကားရပ်နှစ်ခုကို သုတေသီတို့ စဉ်းစားဝေဖန်၍သာ ကြည့်ရှုသင့်ပေသည်။

ဂုင်းနောက် ဗုဒ္ဓရှင်တော်မြတ် ဟောကြားတော်မူသည့် အနတ္တဓမ္မ အနိစ္စတရားများနှင့် မှတ်ကျောက်တင်၍ ကြည့်ပါက ဆန့်ကျင်၍ နေလေသည်၊ ထိုပြင် အကုသိုလ် ကုသိုလ်တရားများသည် အနတ္တဓမ္မ အနိစ္စတရားများ မဟုတ်ရာရောက်၍ နေပေသည်၊ ဤသို့ဆိုပါက ဟိန္ဒူဝေဒကျမ်းစာတို့တွင် ကုသိုလ်ကံ အကုသိုလ်ကံတရားတို့သည် အတ္တ နိစ္စ ဓူဝ သဿတ တရားများဖြစ်၏ဟု ဆိုထားလေသည်၊ ယခုလိုဆိုလျှင် အထက်ပါ ကုသိုလ်ကံ အကုသိုလ်ကံ တရားတို့သည် ဗုဒ္ဓရှင်အဖြစ်သို့ ရောက်သည့်တိုင် အကျိုးပေးလေသည်ဟု ဆိုထားလေရာ မည်သည့် ဝါဒဖြစ်၍ နေပါသနည်း၊ ဗုဒ္ဓရှင်တော်မြတ်၏ ဝါဒသည် အနတ္တဓမ္မ အနိစ္စ တရားသာလျှင် ဖြစ်၏၊ ဤသည့်အကြောင်းခြင်းရာများကို သုတေသီတို့သာ စဉ်းစားဝေဖန် ကြည့်ရှုရန် ဖြစ်ပါတော့၏။

ဤကဲ့သို့ ဗုဒ္ဓရှင်တော်မြတ်သည် မည်သူတွေက ကဲ့ရဲ့ပြောဆိုခြင်း မကောင်းမှုများကို ပြုလုပ်ကြငြားသော်လည်း ထိုသို့သောလူများကို မေတ္တာမပျက် ဖြူစင်သည့် သည်းခံသော လက်နက်နှင့်

တော်လှန်ပြီးလျှင် သတ္တဝါလူသားတို့၏ မျက်တွေ့ လက်တွေ့ ကိုယ်တွေ့ ကြုံတွေ့နေကြရသော ဒုက္ခဆင်းရဲခြင်းတို့၏ ချုပ်ငြိမ်းရန်ဖြစ်သည့် အနတ္တဓမ္မ အနိစ္စ တရားတို့နှင့် သစ္စာလေးပါး မဂ္ဂင်ရှစ်ပါး ပဋိစ္စသမုပ္ပါဒ် တရားများကို ဟောကြားရန် ရဟန်းတော်များကို လူသားများထံ လှည့်လည် ကြွသွားရှု ဟောကြားကြလော့ဟု စေလွှတ်တော်မူသည်၊ ထို့နောက် ဗုဒ္ဓရှင်ကိုယ်တော်တိုင်လည်း လှည့်လည်ကြွ သွားတော်မူပြီး ဟောကြားညွှန်ပြ ဆုံးမတော်မူလေ၏။

ထိုကဲ့သို့ ဗုဒ္ဓရှင်တော်မြတ်သည် ရာဇဂြိုဟ်ပြည်တွင် ဗိမ္ဗိသာရမင်းကြီး ဆောက်လုပ်ပြီး လှူဒါန်းထားသည့် ကျောင်းတော်တွင် သီတင်းသုံးတော်မူပြီး လူသားတို့အား အမြိုက်တရားတော်များကို ဟောကြားညွှန်ပြ ဆုံးမတော်မူနေသည့် အခါတွင် ဘုရားကြီး ခြောက်ဆူတို့အပါအဝင် ၎င်းတပည့်များနှင့် အတွက်နိစ္စ ဝါဒအယူရှိကြကုန်သော လူသားတို့သည် ဗုဒ္ဓရှင်တော်မြတ်ကြီးအား အကျိုးယုတ် အရှက်ခဲကြရန် ရာဇဂြိုဟ်ပြည်မှ မန်ကျည်း ဥယျာဉ်မှူး မွေးစားထားသော စိဉ္စမာန အမျိုးသမီးလေးကို ငွေအသပြာများပေး၍ ဖျားယောင်းကြပြီးလျှင် ဗုဒ္ဓရှင်တော် မြတ်ကြီးအား အကျိုးယုတ် အရှက်ခဲစေခြင်းငှါ စီစဉ်ပြုလုပ်ကြလေသည်၊ ၎င်းစိဉ္စမာန အမျိုးသမီးသည် ကိုဝန်ရှိယောင်ဆောင်၍ ဗုဒ္ဓရှင်တော်သည် ရဟန်းရှင်လူ အများတို့အား ဟာနုးဟောကြားတော်မူနေခိုက်တွင် သွားရောက်ပြီးလျှင် ဗုဒ္ဓရှင်တော်မြတ်ကြီးနှင့် ကိုယ်ဝန်ရှိနေကြောင်း ယုတ်ညံ့ရှိရှိ ဟန်အမူအရာတို့ဖြင့် လက်သီး လက်မောင်းတန်း၍ လက်ညှိုးတငေါက်ငေါက်ထိုးကာ စွပ်စွဲပြောဆိုလေတော့၏။

ထိုကဲ့သို့ ပြုမူပြောဆို စုပ်စဲခြင်းအမှုကို ပြုလုပ်သောအခါ ၎င်းအမျိုးသမီး၏ ဝမ်းပိုက်တွင် ကိုယ်ဝန်ရှိသော ပုံသဏ္ဌာန်ကို ပြုလုပ်၍ ခရီးနှောင်ထားသောကျိုးသည် ပြုတ်၍သော်၎င်း၊ ပြတ်၍သော်၎င်း၊ ဖြစ်သွားသည့်အခါတွင် လုပ်ဆောင်ထားသော ကိုယ်ဝန်သည် အောက်သို့ ပြုတ်ကြသွားလေရာ ၎င်းတို့၏ မကောင်းကြံစည်မှုသည် ရဟန်းရှင်လူတို့၏ မျက်မှောက်တွင် ဆုံးရှုံး၍ ပျက်စီးသွားရလေသည်၊ ယင်းသည့် နေရာမှာ သိကြားမင်းကလာ၍ ကြက်ယောင်ဖန်ဆင်းပြီးလျှင် ၎င်းအမျိုးသမီး၏ လုံခြုံအတွင်းသို့ဝင်ပြီး ချည်နှောင်ထားသည့်ကျိုးကို ကိုက်၍ဖြတ်လိုက်ခြင်းကြောင့် ယခုလို ဆုံးရှုံးရလေသည်ဟု စာပေတွင် ပါရှိလေရာ ထိုသည့် သိကြားမင်းကို အထူးပင် အုံသြစရာကောင်းပေ၏။

ဤကဲ့သို့ ဗုဒ္ဓရှင်တော်အား စုပ်စဲကဲ့ရဲ့ခြင်းအမှုကို ပြုလုပ်သော်လည်း မအောင်မြင်သောအခါ နောက်တခုဆက်၍ ပြုလုပ်ကြရန် ကြံစည်ကြပြန်သော်လည်း ၎င်းအမျိုးသမီးကို ၎င်းတို့သည် ဖြားယောင်း၍ ခေါ်ဆောင်ကြပြီးလျှင် အသေသတ်ကြလေတော့သည်၊ ထို့နောက် စိဉ္ဆမာနအလောင်းကို ယူဆောင်ကြပြီးလျှင် ဗုဒ္ဓရှင်တော်မြတ် သီတင်းသုံးတော်မူသည့် ကျောင်းတော်၏အနီး အမှိုက်ပုံအောက်သို့ လျှို့ဝှက်၍ ထားပြီး အမှိုက်များကို ပြန်လည်၍ ဖုံးထားခဲ့ကြလေသည်၊ နံနက်မိုးလင်းသို့ ရောက်သောအခါတွင် ထိုသည့် လူသားတို့သည် စိဉ္ဆမာန အမျိုးသမီးကလေး ပျောက်ဆုံးနေကြောင်း ဆူညံစွာ သတင်းစကားပြောဆိုကြကုန်သည်၊ ဤကဲ့သို့ ပြောဆိုကြပြီးလျှင် ၎င်းလူသားတို့သည် ဗုဒ္ဓရှင်တော်မြတ် သီတင်းသုံးတော်မူသည့် ကျောင်း

ဖောဘ်သို့ စုရုံးရောက်ကြပြီးလျှင် ကျောင်းတော်၏ အနီး ၎င်းတို့လျှိုဝှက်ထားကြသည့် စိဉ္ဆမာနအမျိုးသမီးအလောင်းကို အမှိုက်ပုံအောက်မှ ထုတ်ယူကြပြီး ဗုဒ္ဓရှင်တော်မြတ်အား ထိုသည့်လူသားတို့က ဗုဒ္ဓရှင်တော်မြတ် သတ်ထားသည်ဟု စွပ်စွဲကဲ့ရဲ့ရွတ်ချ ပုတ်ခတ်ပြောဆိုကြကုန်၏။

ဤနေရာတွင် သုတေသီများ စဉ်းစားဝေဖန် ကြည့်ရှုကြရန် အလွန်သင့်ပေသည်၊ အဘယ့်ကြောင့်ဆိုသော် ရာဇဂြိုဟ်ပြည်တွင် မင်းပြု၍နေသော ဗိမ္ဗိသာရမင်းကြီးသည် ဗုဒ္ဓရှင်တော်မြတ်ကို အလွန်ပင် ကြည်ညိုသဒ္ဓါပုဂ္ဂိုလ်များသော မင်းကြီးဖြစ်လေသည်၊ ၎င်းနောက် ပြည်သူပြည်သားများကလည်း ဗုဒ္ဓရှင်တော်မြတ်၏ တရားတော်များကို ယုံကြည်လက်ခံ၍ ကြည်ညို ကြလေသည်၊ သို့ပါသောကြောင့် ယခုလို တိတ္ထိဘုရားကြီးတို့နှင့်တက္ခ အတ္တနိစ္စ၊ ဓုဝ၊ သဿတ၊ ဝါဒကို အယူရှိကုန်သော လူသားတို့က ဗုဒ္ဓရှင်တော်မြတ်အား မကောင်းပြုမူနှောက်ကြသည်ကို တားမြစ်ခြင်း ကွပ်မျက်ခြင်းမရှိတော့ဘူးလား ဆိုသည်ကို စဉ်းစားဝေဖန်စရာကောင်းလှပေသည်။

ယင်းကဲ့သို့ ဗုဒ္ဓရှင်တော်မြတ်ကို စွပ်စွဲကဲ့ရဲ့ ရှုံ့ချ ပုတ်ခတ်ပြောဆိုကြသည်မှု မဟုတ်တော့ဘဲ သတ္တဝါလူသား၏ ခန္ဓာကိုယ်ပျက်စီးဆုတ်ယုတ်သည်အထိ ဖြစ်၍လာလေရာ ဗုဒ္ဓရှင်တော်သည် နှလုံးတော်မချမ်းမြေ့သည် ဖြစ်သောကြောင့် နောက်ပါရဟန်းတော်များနှင့် ရာဇဂြိုဟ်ပြည်မှ ဖယ်ခွာတော်မူပြီးလျှင် ရာဇဂြိုဟ်ပြည့်နှင့်အနီး ချယားတော မကုလတောင်တွင် သီတင်းသုံးနေတော်မူ၏၊ ဤသည်ကား ဗုဒ္ဓရှင်တော်မြတ်သည် ခြောက်ဝါလွန်ပြီး ခုနှစ်ဝါမြောက်တွင် သီတင်းသုံးနေတော်မူလေသည်။

ကျွန်နော်ရောတွင် သာဝတ္ထိပြည် အနာထပိဏ် သူဌေးသည် ရုဇဂြိုဟ်ပြည်လာ၍ ဗုဒ္ဓရှင်တော်မြတ်နှင့်တကွ နောက်ပါရဟန်းတော်များပါ ဧတဝန်ကျောင်းတော်တွင် သီတင်းသုံးပါရန် ပင့်ဆောင်လေသည်၊ ဗုဒ္ဓရှင်သည် ခုနှစ်ဝါမြောက်တွင် ထိုသည့် ဧတဝန်ကျောင်း၌ပင် ဝါကပ်တော်မူသည်ဟု ဆိုတားလေသည်၊ ထို့နောက် ဘန်ခိုးပြာဋိဟာတော့ပြပြီး မဟာမြင့်မိုရ်ကောင်ထိပ်သို့ နှစ်လှမ်း သုံးဖဝါးဖြင့် လှမ်းတက်တော်မူပြီး တာဝတိံသာနတ်ပြည်ဝယ် ဝါကပ်တော်မူသည်ဟု ဗုဒ္ဓဝံသတွင်ဂုဏ်း၊ ယမိုက်တွင်ဂုဏ်း ဆိုထားသည်ကိုတွေ့ရပေ၏။

ကျွန်ုပ်သို့ အထက်ပါ ကျမ်းစာတို့၏ အဆိုအရ ဆိုလျှင် ဗုဒ္ဓရှင်တော်သည် ကာဝတိံသာ နတ်ပြည်သို့ ကြွသွားတော်မူရခြင်းသည် သက်သက်သာသာနှင့် ကြွသွားတော်မူရသည် မဟုတ်ပေ၊ တန်ခိုးတော်ဖြင့် ပြာဋိဟာတော့ကိုပြပြီး(၀၊) တိတ္ထိဘုရားကြီးများနှင့် ယှဉ်ပြိုင်ပြီးမှ တာဝတိံသာနတ်ပြည်သို့ ရောက်တော်မူရန် နှစ်လှမ်း သုံးဖဝါးနှင့် လှမ်း၍ ကြွတော်မူရသည်ဟုဆိုထားလေသည်၊ ထိုသို့သောတန်ခိုး ပြာဋိဟာတော့ပြတော်မူရခြင်းကလည်း ရှင်ပိဏ္ဍောလကို အာကြောင်းပြု၍ တန်ခိုးပြာဋိဟာတော့ ပြသရတော်မူသည်ဟု ထိုသည့် ကျမ်းစာတို့တွင် ပါရှိပေ၏။

ယင်းကဲ့သို့ ဗုဒ္ဓရှင်တော်မြတ်သည် တန်ခိုးတော်တို့ဖြင့် အမျိုးမျိုး အဖုံဖုံတို့ကို ဖန်ဆင်းသည်ဟု အယူအစဲ့ဝါဒ များကို လက်မခံကြောင်း မယုံကြည်ကြောင်း အင်္ဂုတ္တိရ် ပါဠိတော်တွင် ဗုဒ္ဓရှင်ဟောကြားထားသည်မှာ ထင်ရှားပါရှိနေပေသည်၊ သို့ရာတွင်ဗုဒ္ဓဝံသနှင့် ယမိုက်ပါဠိတော်တို့ကမူ ဗုဒ္ဓရှင်တော်မြတ်ကြီး ကိုယ်တော်တိုင် တန်ခိုးတော်ဖြင့် အမျိုးမျိုးသော ပုံပန်း

သဏ္ဌာန်တို့ကို ဖန်ဆင်းတော်မူ၍ တိတ္ထိမျိုးနှင့် ယှဉ်ပြိုင်ပြီး ပြာဋိဟာရ်တွေ ပြသည်ဟု ဆိုထားပြန်လေသည်၊ ယခုကဲ့သို့ဆိုလျှင် ဗုဒ္ဓရှင်တော်မြတ်ကြီး လက်မခံသော "ဣဿရနိမ္မာနဟေတုဒိဋ္ဌိ" ဖြစ်၍နေပေသည်၊ သို့မဟုတ် ဝေဒစာပေအရ ဟိန္ဒူဘြဟ္မဏတို့၏ ယုံကြည်လက်ခံ အယူအစဲဖြစ်သည်၊ ဣဿရနိမ္မာနဟေတုဒိဋ္ဌိ အရ ထာဝရ ဘုရားသခင်သည် သူ၏ တန်ခိုးဘော်ဖြင့် ပုံသဏ္ဌာန်အမျိုးမျိုးတို့ကို ဖန်ဆင်းနိုင်သည်ယူ အယူအစဲတို့နှင့် တူညီ၍ နေသည်ကဲ့သို့ သုတေသီများ အထူးစဉ်းစားဝေဖန်သင့်ပေသည်။

ထို့ကဲ့သို့ တန်ခိုးတော်ဖြင့် အမျိုးမျိုး အဖုံဖုံ ပြာဋိဟာရတွေ ပြပြီးလျှင် ဗုဒ္ဓရှင်တော်သည် တာဝတိံသာနတ်ပြည်သို့ နှစ်လုပ်းသုံးဖဝါးဖြင့် ကြွလှမ်းတော် မူပြီးနောက် မယ်တော်နတ်သားအမှူးထား၍ နတ်ပြဟ္မာအပေါင်းတို့အား အဘိဓမ္မာခုနှစ်ကျမ်းကို ဟောကြားတော်မူလေသည်၊ ၎င်းနောက် လူ့ပြည်တွင် အရှင်သာရိပုတ္တရာကို နတ်ပြဟ္မာတွေအား ဟောကြားတော်မူသည့် အတိုင်း ပြန်လည်၍ ဟောကြားတော်မူသည်ဟု ဆိုထားပြန်၏၊ ထို့နောက် အဘိဓမ္မာတရားသည် အလွန်ခက်ခဲ၏၊ အလွန်နက်နဲ၏၊ အလွန်သိမ်မွေ့၏၊ အလွန်နူးညံ့၏၊ သို့ပါသောကြောင့် ဤသည့် အဘိဓမ္မာ တရားတော်ကို လူသားတို့အား မဟောကြားမူဘဲ နတ်ပြဟ္မာတွေကိုသာ ဟောကြားရခြင်းဖြစ်ပေသည်၊ လူ့ပြည်မှာဆိုလျှင် ပညာဉာဏ် ကြီးမားလှသော အရှင်သာရိပုတ္တရာကိုသာလျှင် ဟောကြားတော်မူသည်ဟု ဆိုထားလေသည်။

သို့ရာတွင် အဘိဓမ္မာဟူသော စကားသည်ကား ဗုဒ္ဓရှင်တော်မပွင့်မီက ရှိ၍နေသောစကားပင် ဖြစ်လေသည်၊ မှန်လှ၏။

ဗုဒ္ဓရှင်တော်မပွင့်မီကာလက ရှိနေကြသော အာဘိဓမ္မာမျှားကို ချုံး၍ ကြည့်ရှုလိုက်ပါမူ စိတ်ဝိညာဉ် အတ္တအာဘိဓမ္မာ၊ ၎င်းနောက် ခုပ်သက်သက် အာဘိဓမ္မာ ယင်းသည့်အာဘိဓမ္မာနှစ်ရပ်မှ ပေါက်ပွါးလာသည့် အာဘိဓမ္မာမှာ စိတ်ဝိညာဉ်မှ ထူထောင်ထားသည့် ခုပ်သာလျှင်ဖြစ်၏ ဆိုသောနှာမ်၊ ခုပ် အာဘိဓမ္မာ၊ ဤကဲ့သို့ရှိလေသည်၊ ၎င်းအာဘိဓမ္မာရပ်မျှားသည် အတ္တဝါဒနှင့် ဥစ္ဆေဒဝါဒသာလျှင်ဖြစ်ကြကုန်၏။

ဤကဲ့သို့သော အယူဝါဒတွေ့ စဲယူကြသော လူသားထုအတွင်းမှ ဖြစ်လာခဲ့ရသော ဗုဒ္ဓသာလျှင်ဖြစ်ပေသည်၊ သို့ပါသောကြောင့် ဗုဒ္ဓရှင်တော်မြတ်သည် ထိုသည့်အယူဝါဒမျှားကို လက်ခံယုံကြည်သော ဗုဒ္ဓရှင်တော်မဟုတ်ပေ၊ ဤစကားသည် မည်သူမျှ ငြင်းဆိုကြမည်မဟုတ်ပေ၊မှန်လှ၏၊ သို့သော် ဗုဒ္ဓရှင်တော်၏ အာဘိဓမ္မာတရားသည် အတ္တ-နိစ္စ-ဓုဝ-သဿဝ စသောဝါဒလော၊ ထိုမှတဖန် ဥစ္ဆေဒဝါဒလောဟု ဆိုပါမူ မဟုတ်ပါဟု၍ ဆိုကြပေမည်၊ သို့ရာတွင် ဗုဒ္ဓရှင်တော်မြတ်၏ အာဘိဓမ္မာသည် အဘယ်အာဘိဓမ္မာနည်းဟုဆိုပါမူ ဗုဒ္ဓရှင်တော်၏ အာဘိဓမ္မာသည်ကား (သံဒိဋ္ဌကော အကာလိကော ဧဟိပဿိကော)ဟူသည့် တရားတော်အရ လူသားတိုင်းမျက်တွေ့ကိုယ်တွေ့ မြင်ရသည့် တွေ့ရသည်ဟု မိန့်ဆိုထားလေသည်၊ အဓိပ္ပါယ်အတိုချုံး၍ ဆိုရပါမူ ဗုဒ္ဓရှင်တော်မြတ်သည် သတ္တဝါလူသားတို့ ဖြစ်လာရခြင်းသည်ကား အမိအဖ နှစ်ဦးတို့၏ သွေးရောစပ်မှုကြောင့် ရေ-မြေ-လေ-မီး ဓာတ်ကြီးလေးပါး အကြောင်းခံ၍ ဖြစ်လာကြောင်း မဇ္ဈိမပဏ္ဏာသကတွင်၎င်း၊ မူလပဏ္ဏာသကတွင်၎င်း ဟောကြားထားလေသည်။

ထို့ကြောင့် တာဝတိံသာဘုံစသော အသီးသီးသော ဘုံတို့တွင် နတ်ဗြဟ္မာတို့သွားရောက်၍ ဖြစ်ရခြင်းသည် ကုသိုလ်ကံ အကုသိုလ်ကံတို့နှင့်တကွ ဝိညာဉ်ကသွား၍ ဖြစ်ပါသလော၊သို့မဟုတ် နာမ်ရုပ် နှစ်ပါးကသွား၍ ဖြစ်ပါသလော၊ စိတ်ဝိညာဉ် သည် ကောင်းကံ မကောင်းကံတို့နှင့်တကွ သွား၍ဖြစ်သည်ဟု ဆိုပါမူ အတ္တဝါဒသာလျှင်ဖြစ်၍ နေပေမည်၊ ၎င်းနောက် ကုသိုလ်ကံ အကုသိုလ်ကံနှင့်တကွ နာမ်ရုပ်နှစ်ပါးကသွား၍ ဖြစ်ပါသည်ဟုဆို ကြပါမူ ဗုဒ္ဓရှင်တော် ဟောကြားတောမူခဲ့သည်ဟု ဆိုထားသော မဟာတဏှာ သင်္ခယသုတ်တွင် စိတ်ဝိညာဉ် တို့သည် ရုပ်ကိုအ ကြောင်းခံ၍ ဖြစ်သည်၊ ၎င်းရုပ်တရားစုများ ပျက်၍သွားပါက ထိုသည့် စိတ်ဝိညာဉ်တို့သည် ပျက်စီး၍သွားကြကုန်၏ဟု ဟော ကြားထားသည်မှာ ထင်ရှားရှိနေပေသည်။

ထို့ကြောင့် ဤနေရာတွင် အတ္တ-နိစ္စ-ဓူဝ-သဿတ ဝါဒ ဖြစ်သည့် စိတ်ဝိညာဉ်နှင့်သာ တာဝတိံသာနတ်ဘုံ တည်ထား ခြင်းသာလျှင်ဖြစ်၏ဟုဆိုပါက လွန်လွန်ကြူးကြူး ဆိုလိုက်ခြင်း ဟုတ်မည်မထင်ပေ၊ မှန်လှ၏ အကြောင်းကား မှန်သောစကား ကို ဆိုလိုက်ခြင်းသာလျှင်ဖြစ်၏၊ သို့ရာတွင် ဗုဒ္ဓရှင်တော်မြတ် ဟောကြားထော်မူသည်ဟု အဆိုပြုထားသည့် အဘိဓမ္မာ ခုနှစ် ကျမ်းအပါအဝင်ဖြစ်သော ယမိုက်ပါဋ္ဌိတော်တွင်၎င်း ထိုနောက် ဗုဒ္ဓရှင်ဟောကြားတော်မူပါသည်ဟု အဆိုပြုထားသော ဗုဒ္ဓံဝံသ တွင်၎င်း တန်ခိုးတော်ဖြင့် ဖန်ဆင်း၍ ပြာဋိဟာပေါင်းမြောက် များစွာ ပြတော်မူပြီးလျှင် တာဝတိံသာနတ်ဘုံသို့ နှစ်လှမ်း သုံးဖဝါးဖြင့် ကြွသွားတော်မူပြီး အဘိဓမ္မာတရား ဟောကြား တော်မူကြောင်းကို အကျယ်ဖွင့်ဆို ရေးသားထားလေသည်၊

သို့ရာတွင် အကျဉ်းချုံးပြီး တင်ပြလိုက်ပါအုံးမည်၊သုတေသီမျှား စဉ်းစားဝေဖန်၍ ကြည့်ရှုကြကုန်ရာ၏။

ဗုဒ္ဓရှင်တော်မြတ်သည် ရာဇဂြိုဟ်မြို့နှင့် မဝေးကွာလှသော ချယားတော- မကုလတောင်တွင် သီတင်းသုံးနေတော်မူစဉ်အခါ တွင် ရာဇဂြိုဟ်သူဌေးသည် နောက်ပါ အခြွေအရံတို့နှင့် တကွ ဂင်္ဂါမြစ်သို့သွား၍ ရေကစားလေသော် ရေညှာမှမြော၍ လာ သော စန္ဒကူးနှစ်ကိုရလေရာ၊ ထိုသည့်စန္ဒကူးနှစ်ကို အိမ်သို့ ယူ ဆောင်လာပြီးလျင် ဤသူဌေးသည် ယင်းကဲ့သို့ အကြံဖြစ်၍ လာ၏၊ ဤလောက၌ ဘုရားရဟန္တာဖြစ်ကြသည်ဟု ပြောဆိုကြ၍ ဂိုဏ်းဆရာ လုပ်နေကြသည်ကား အလွန် များပြား လေ၏၊ အကယ်၍ ဘုရားရဟန္တာဖြစ်ကြပါလျင် ကောင်းကင်တွင်ပျံသန်း သွား လာ နေ နိုင် ရာ၏၊ သို့ပါသောကြောင့် ဘုရား ရဟန္တာ ဟုတ်သည် မဟုတ်သည် ရှိသည်မရှိသည်ကို ယခုမျက်မြင် ငါသိ ရအံ့သောငှါ ထိုသည့်စန္ဒကူနှစ်ကို သပိတ်လဏ္ဍာန်ပြုလုပ်ပြီးလျင် ဝါးလုံးများကိုဆက်၍ အတောင် ခြောက်ဆယ်မျှလောက်သော ကောင်းကင်၌ ဆွဲထား၍ ၎င်းသပိတ်နှင့်အတူ စာရေး၍ဆွဲထား လေ၏။

ဤသို့သပိတ်နှင့်အတူ ဆွဲထားသောစာကား ငါတို့လောက၌ ဘုရားရဟန္တာဖြစ်သောသူ အကယ်၍ရှိပါမူကား ကောင်းကင် မှ ပျံ့သန်းလာ၍ ငါထားသောသပိတ်ကို ခုနှစ်ရက်အတွင်း ယူ လှည့်ကုန်၊ ယင်းကဲ့သို့ ယူနိုင်ပါမူကား သားမယားဆွေမျိုးနှင့် တကွ ရိုသေလေးစား ဝတ်တွားကော်ရော် ပူဇော်၍ အသက် ထက်ဆုံး ငါလုပ်ကျွေးပါအံ့ဟု ယခုလိုရေးထားလေရာ ထိုအခါ ဘုရားကြီး ခြောက်ဆူတို့သည်၊ တနေ့တပါးစီ ၎င်းသေဌေးထံ

လာရောက်ကြ၍ ထိုသည့်သပိတ်ကို ကောင်းကင်သို့ ပျံသန်ခြင်း အမှုကို မပြုပါမူဘဲ အလှုခံကြလေရာ ၎င်းသူဌေးသည် လူရေး ထားသောစာကို လေးစားကြောင်း ပြန်၍ပြောလေ၏။

ထိုအခါ ၎င်းရေးထားသောစာမှ၊ ခုနစ်ရက် အတွင်း ဤ သပိတ်ကို ယူဆောင်ရမည်ဟု ရေးသားထားလေရာ ဘုရားကြီး ခြောက်ဆူတို့သည်လက်မှိုင်ချ၍နေကြရာ ခုနစ်ရက်မြောက်သော နေ့တွင် အရှင်မောဂ္ဂလာန်နှင့် အရှင်ပိဏ္ဍောလ နှစ်ပါးသည် ရာဇဂြိုဟ်မြို့တွင်းသို့ ဆွမ်းခံဝင်အံ့သောဝှါ ကြွလာ၍ မြို့၏တံခါး အနီး ကြီးစွာသော ကျောက်ဖြာထက်၌ သက်နံးဝတ်ရုံလျက် နေစဉ် မြို့တွင်းသို့ဝင်လာကြသော အရက်သမားတို့သည် ဤသို့ အချင်းချင်းပြောဆို၍ လာကြ၏၊ "အချင်းတို့ ငါတို့ပြည်ရွာဝယ် ဘုရားရဟန္တာဟု အသီးသီးပြောဆိုလျက် မိမိကိုယ်ကို ချီးမွန်း ပြောဆိုသူကား အလွန်များ၏၊ ယခုငါတို့သူဌေး ထားသော သပိတ်ကို ကောင်းကင်မှလာ၍ ယူနိုင်သောသူကား မည်သူမျှ ပေါ်၍မလာ၊ ဤလူ့ရွာ၌ ဘုရား ရဟန္တာမရှိသော အဖြစ်ကို စင်စစ်သိရပြီ ယခုအခါကစ၍ သူရားရဟန္တာဟု လာ၍ကြားဝါ ငြားသော်လည်း ငါတို့နားမထောင်လိုပြီ" ဟုပြောဆိုကြလေ၏။

ဤသို့သော သေသောက်ကြူးသူတို့၏ ပြောဆိုကြသော စကားကို ရှင်မောဂ္ဂလာန်နှင့် ရှင်ပိဏ္ဍောလတို့ ကြားလေရာ ရှင်မောဂ္ဂလာန်က မိန့်ဆိုသောစကားမှာ ငါ့ရှင်ပိဏ္ဍောလ ကို သူတို့ကား ဗုဒ္ဓရှင်တော်မြတ်၏ သဿနာတော်ကြီးကို ရှုတ်ချ ပုတ်ခတ်ပြောဆိုလေပြီ၊ ထိုစကားကို ငါတို့ကြားသိပါလျက် အမှတ်မဲ့နေချေသော် ဗုဒ္ဓရှင်တော်၏ သဿနာတော်ကို လူသား တို့သည် ယုံမှားသံသယဖြစ်၍ လာချေတော့မည်၊ ထို့ကြောင့်

သင်သည် ယခု ကောင်းကင်သို့သွား၍ တင်ထားသောသပိတ်ကို ယူပါချေဟု ခိုင်းစေလေတော့၏၊ အရှင်ပိဏ္ဍောလကလည်း တဖန်ပြန်၍ ပြောဆိုသည်မှာ အရှင်မြတ်သည်ကား အခြားသူ များထက် ကြီးမားသော တန်ခိုးရှိသော ပုဂ္ဂိုလ်ဖြစ်ပါသည်၊ အရှင်မြတ်သာလျင် ကြွသွား၍ ယူဆောင်ပါဟု ဆိုလေရာ၊ အရှင်မေဂ္ဂလာန်ကလည်း ငါ့ရှင်သာယူချေဟု တိုက်တွန်းစကား ပြောကြားလေ၏။

ဤနေရာတွင် သေသောက်ကြွားသမားများ ပြောဆိုသော စကားများကို ရဟန္တာအရှင်မြတ်ကြီး နှစ်ပါးက ကြားရသော အခါ၊ မခံချင်သောနှလုံးထားဖြင့် တပါးနှင့်တပါး တန်ခိုးပြာဋိဟာပြ၍ ထိုသည့် သပိတ်ကို ယူဆောင်ရန် ပြောဆိုနေကြပုံကို ရေးသားထားသည်မှာ သုတေသီများ စဉ်းစားဝေဖန်ကြည့်ရှုကြရန် မမေ့သင့်ပေ။

ထိုသို့သောအခါ အရှင်ပိဏ္ဍောလသည် အရှင်မောဂ္ဂလာန် မိန့်ဆိုသော စကားကို နားထောင်၍၊ အရှင်ပိဏ္ဍောလသည်၊ အာဘိညာပါဒက ဖြစ်သော စတုတ္ထစျာန်ကို ဝင်စားပြီးလျင် အလျား သုံးဂါဝုတ် အနုံသုံးဂါဝုတ် ရှိသော ကျောက်ဖျာကြီးကို ချေမ ကြွား ညှပ်ယူ ပြီးသော် ရာဇဂြိုလ်မြို့ပေါ်ထက်၌၊ ဟသ်ဝဋ်က ဝဲပျံနေသကဲ့သို့ တန်ခိုးပြာဋိဟာကို ပြတော်မူလေ၏၊ ယင်းကဲ့သို့ တန်ခိုးပြာဋိဟာ ပြသည့်အခါတွင် ရာဇဂြိုဟ်မြို့သူ မြို့သားများသည် ၎င်းတို့၏ အပေါ်တွင် ကျောက်ဖျာကြီး လွှတ်၍ ကြလာမည်ကို ကျောက်ခဲ့ကြလေသောကြောင့် အော်ဟစ်ကြကုန်၏၊ ထိုသည့် သူငြူးကြီးသည်လည်း အရှင်ပိဏ္ဍောလ၏ တန်ခိုးပြာဋိဟာ ပြသသည်ကို မြင်တွေ့ရသောအခါ

မြေပြင်တွင်အလျားမှောက်၍ လက်အုပ်ချီပြီးလျှင် အရှင်မြတ်မြေသို့ဆင်းသက်တော်မူပါ၊ အကျွန်ုပ်၏ အလှူကို ခံယူတော်မူပါဟု လျှောက်ထားလေ၏၊ ထိုသို့သောအခါမှ အရှင်ပိဏ္ဍောလသည် မြေသို့ ဆင်းသက်တော်မူပြီးလျှင် စန္ဒကူးသပိတ်ကိုအလှူခံယူတော်မူ၏။

ထိုအခါတွင် ဗုဒ္ဓရှင်တော် ကြားသိရသောအခါ အာနန္ဒာကို ခေါ်၍ မေးတော်မူ၏၊ အာနန္ဒာကလည်း အားလုံးစုံပြန်လည်၍ လျှောက်ထားလေရာ ဗုဒ္ဓရှင်တော်သည် အရှင်ပိဏ္ဍောလကိုခေါ်တော်မူ၍ မေးမြန်းတော်မူသည့်အခါ အရှင်ပိဏ္ဍောလကလည်း မှန်ကန်ကြောင်း လျှောက်ထားလေသော် ငါရှင် ပိဏ္ဍောလ သင်သည် ယင်းသည့် သပိတ်ကို အကြောင်းပြု၍ ယခုလိုပြုလုပ်သနည်းဟု အပြစ်တင်တော်မူပြီးလျှင် စန္ဒကူးသပိတ်ကို အစိတ်စိတ်ခဲ့ပစ်လိုက်လေ၏၊ ထို့နောက် သင်တို့သည် လေးပါးသော ပစ္စည်းတို့ကို အကြောင်းပြု၍ တန်ခိုးပြာဋိဟာကိုမပြုရဟု ပညတ်တော်မူလေသည်ဟု ဆိုထားလေ၏။

ထိုသို့သော ရဟန္တာအရှင်မြတ်များသည် သေသောက်ကြူးသူတို့၏ ပြောဆိုသောစကားကို ကြားကြ၍ မခံချင်သောနှလုံးသွင်းဖြင့် ယခုလို ပြုလုပ်ကြောင်း ရေးသားထားသည်ကို သုတေသီတို့ အထူးဘဲ စဉ်းစားဝေဖန်၍ လက်ခံသင့်မသင့်ကို ဆုံးဖြတ်ကြပါကုန်လော့။

ဤကဲ့သို့ ဗုဒ္ဓရှင်တော်သည် သာဝကများကို ပညတ်၍ တားမြစ်တော်မူကြောင်းကို ပိဗ္ဗိသာရမင်းကြီး ကြားလေသော် ဗုဒ္ဓရှင်တော်ထံသို့လာ၍ အရှင်ဘုရား သာဝကများအား တန်ခိုး

ပြာဠိဟာပြခြင်းကို ပညတ်တားမြစ်ခြင်းသည် မှန်ပါသလောဟု လျှောက်ထားလေ၏၊ မှန်ကန်ကြောင်း ဗုဒ္ဓရှင်တော်ကမိန့်ဆိုတော်မူ၏၊ ဤအခါတွင် ဗိမ္မိသာရမင်းသည် သားဝကမျှားကို ယခုလို ပညတ်တားမြစ်ခြင်းသည် မသင့်တော်ကြောင်း၊ထိုကဲ့သို့ ပညတ်တားမြစ်လိုက်ပါက တိတ္ထိမျှားကို အားပေး သကဲ့သို့ ဖြစ်ချေမည်၊ တိတ္ထိတို့သည် ယခုလို ပညတ်တားမြစ်ခြင်းကို ကြားသိကြ၍ အခွင့်ကောင်းယူပြီး လှန်စွာ ပြောဆို နေကြပါကုန်သည်၊အရှင်ဘုရားနှင့် တန်ခိုးပြိုင်၍ ပြမည်ဟု ကြိမ်းဝါးပြောဆိုနေကြပါကုန်ပြီ။ မည်ကဲ့သို့ပြုရပါအံ့နည်းဟု လျှောက်ထားလေ၏၊ ထိုအခါတွင် ဗုဒ္ဓရှင်တော်မြတ်က မင်းကြီး၊ တိတ္ထိတို့ကို နှိမ်နင်းစိမ့်သောငှါ တန်ခိုးပြာဋိဟာ ပြစေလိုသော် ငါကိုယ်တော်တိုင် ပြအံ့ဟု မိန့်ဆိုတော်မူသည်ဟု ဆိုထားပြန်လေ၏။

ဤနေရာတွင် တန်ခိုးပြာဋိဟာတော့ ပြသည် မပြသည်ကို အပ၍ ဗုဒ္ဓရှင်တော်သည် သာဝကမျှားကို တန်ခိုးပြာဋိဟာ မပြရဟု ပညတ်တားမြစ်ထားသည်ဟု ရေးသား၍ တဖန် ဗိမ္မိသာရမင်းကြီးက မခံချင်လာအောင် လျှောက်ထားသောအခါ ဗုဒ္ဓရှင်တော်သည် တန်ခိုးပြာဋိဟာမျှားကို ကိုယ်တော်တိုင် ပြမည်ဟု ဗိမ္မိသာရမင်းကြီးကို မိန့်တော်မူသည်ဟု ဆိုထားပြန်ရာသုတေသီမျှား စဉ်းစားကြစေရန် ကောင်းလှပေ၏။

ဤကဲ့သို့ ဗုဒ္ဓရှင်တော်သည် တိတ္ထိတို့ကို နှိမ်နင်း၍ တန်ခိုးပြာဋိဟာတော့ပြရန်ကို မဆိုထားနှင့်၊ ဗုဒ္ဓရှင်တော်သည် မည်သူတစုံတဦးကိုမျှ တုမူယုဉ်ပြိုင်၍ လုပ်ဆောင်ခြင်း အလျင်းမရှိခဲ့ပေ။ အကြောင်းကား ဗုဒ္ဓရှင်တော်ကို မည်သူတစုံတဦးက ရန်မူခြင်း

အရှက်ကဲ့အောင်ပြုမူခြင်း၊ ကဲ့ရဲခြင်း၊ ရှုံချအပြစ်တင်ခြင်းတို့ကို ပြုမူလုပ်ဆောင်ကြငြားသော်လည်း ဗုဒ္ဓရှင်တော်မြတ်သည် သတ္တဝါဝေနေယျတို့၏ အပေါ်တွင် မေတ္တာတရားမပျက် သည်းခံခြင်း တည်းဟူသော လက်နက်နှင့် ခုခံကာကွယ်လျက်ရှိပေသည် ထို စကားသည်မှန်လှ၏၊ သို့ရာတွင် ဗိမ္မိသာရမင်းကြီး လျှောက်ထားသည့်အတွက် တိတ္ထိများကို တန်ခိုးပြာဋိဟာများပြပြီး နှိမ်နင်းတော်မူမည်ဟု ဆိုထားခြင်းသည် သုတေသီများ အထူးသဖြင့် ဝေဖန် စဉ်းစားသင့်ပေ၏။

ထိုအခါ ဗုဒ္ဓရှင်တော်သည် ကိုယ်တော်တိုင် တန်ခိုးပြာဋိဟာကိုပြ၍ တိတ္ထိတို့ကို နှိမ်နင်းမည်ဟု မိန့်တော်မူသည်ကို ဗိမ္မိသာရမင်းသည် ဝမ်းသာအားရစွာဖြင့် ကောင်းလှပါပြီ အရှင်ဘုရား၊ ယခုလို အရှင်ဘုရားကိုယ်တိုင် တန်ခိုးပြာဋိဟာကို ပြမည်ဆိုပါလျှင် အဘယ်အခါတွင် ပြတော်မူပါအံ့ဟု လျှောက်၏၊ မင်းကြီး ဝါဆိုလပြည့်နေ့၌ ပြတော်မူမည်ဟု မိန့်တော်မူ၏၊ အဘယ်အရပ်၌ ပြကော်မူမည်နည်းဟု လျှောက်ပြန်လျှင် မင်းကြီးသာဝတ္ထိပြည်ကိုမှီ၍ ပြတော်မူမည်ဟု မိန့်တော်မူ၏၊ ထိုအခါဗုဒ္ဓရှင်တော် မိန့်ဆိုတော်မူသည်ကို တိတ္ထိတို့ကြားသိကြ၍ ဗုဒ္ဓရှင် ကွဲသွားရာတွင် တိတ္ထိတို့သည် နောက်လိုက်၍နေကြလေသည်၊ ပြည်သူ ပြည်သားများက ၎င်းတို့ကို မေးမြန်းကြသည်မှာ အသင်တို့၊ ဗုဒ္ဓရှင်တော် နောက်သို့ယခုလိုအဘယ်ကြောင့်လိုက်၍နေပါသနည်းဟု မေးကြလေရာ ငါ့ရှင်တို့၊ ရှင်ကြီးဂေါတမသည် ငါတို့နှင့်တန်ခိုးပြာဋိဟာပြိုင်မည်ဟုပြောဆိုထားပါသဖြင့် ရှင်ကြီးဂေါတမသည် ငါတို့ကို ကြောက်၍ထွက်ပြေးသွားမည်ကိုစိုးရိမ်ပြီး ယခုလိုငါတို့ လိုက်နေသည်ဟု ဆိုကြကုန်၏။

ဤသည့်အထက်ပါ စကားရပ်များကို သေချာစွာ စဉ်းစား လေ့လာလိုက်ပါက ရှေ့စကား နောက်စကား မညီမညွတ် တွေ့ရပေသည်၊ အကြောင်းမှာ ရာဇဂြိုဟ်သူငွေးသည် စန္ဒကူး သပိတ်ကို အတောင်ခြောက်ဆယ်မြင့်သောတိုင်တွင် ဆွဲထားစဉ် အခါက တိတ္ထိဘုရားကြီးများသည် တန်ခိုးတော်နှင့်မယူနိုင်သည် ဖြစ်သောကြောင့် ၎င်းသူငှေးထံသွား၍ ဤသည့်သပိတ်ကို အလှူ ခံကြလေသည်ဟုဆိုထားလေသည်သို့ရာတွင် ဗုဒ္ဓရှင်တော်သည် ထို သို့သော တိတ္ထိများကို တုပြိုင်၍တန်ခိုးတော်ပြမည် ဆိုတော့ရာ ဗုဒ္ဓရှင်တော်မြတ် လက်မခံသော "ဣဿရနိမ္မာန" (၀၇)တန်ခိုး တော်ဖြင့် ဖန်ဆင်းခြင်းအလုပ်ကို ဗုဒ္ဓရှင်တော်မြတ်၏၀၇ဒ ဖြစ်၍ နေလေတော့၏။

ထိုအခါ သာဝတ္ထိပြည်မှ အနာထပဏ်သူငှေးသည် ရှင်ဗုဒ္ဓ တော်ကို လာ၍ ပင့်ဆောင်လေရာ ဗုဒ္ဓရှင်တော်မြတ်နှင့်တကွ သာဝကများပါ သာဝတ္ထိပြည်သို့ ကြွသွားတော်မူပြီး ဇေတဝန် ကျောင်းတွင် သီတင်းသုံးနေတော်မူလေ၏။ သက္ကရာဇ် တရာ့ တဆယ်ပြည့် ၀၇ဆိုလရောက်သောအခါ ရာဇဂြိုဟ်ပြည်မှ ဗုဒ္ဓရှင် ကြွတော်မူစဉ်အခါက အတူ လိုက်ပါလာကြသော တိတ္ထိတို့သည် မိမိတို့၏ အလုပ်အကြွေး ဖြစ်ကြသော လူသားတို့ကို ဟောပြော ညွှန်ကြား၍ ရှင်ကြီးဂေါတမနှင့် တန်ခိုးပြာဋိဟာပြိုင်ရန် ကြီးစွာ သော မဏ္ဍပ်ကို ဆောက်လုပ်စေကြ၍ ကြာညိုပန်းတို့ဖြင့် မိုးစေပြီး လျှင် မဏ္ဍပ်ကြီးကို မီးပုံးများ၎င်း မီးပန်းများ၎င်း စသည်တို့ ပြု ပြင်ဆောက် လုပ်နေကြကုန်၏။

ဗုဒ္ဓဝင် နှင့် ကွဲလွဲချက်များ

ဤကဲ့သို့ ဗုဒ္ဓပရိဗ္ဗာန် စံတော်မူပြီးနောက် ဗုဒ္ဓရှင်၏ ဟောကြားတော်မူခဲ့သော တရားတော်များကို စောင့်ရှောက် ထိန်းသိမ်းတော်မူကြသော ရဟန်းတော်များ ရှိသကဲ့သို့ တဖက်ကလည်း ဖျက်ဆီး၍ နေကြကုန်သော ရဟန်းတော်များကလည်း ရှိပေသေးသည်၊ ဤနည်းအတိုင်းဖြင့် ဗုဒ္ဓရှင်၏ ဟောကြားတော်မူခဲ့သည့် တရားတော်များသည် အစဉ်အဆက်တည်တန့်၍ လာခဲ့လေသည်။

ထိုနောက် သီဟိုဠ်ကျွန်းတွင် ဂဠဂါမဏိမင်းသည် သာသနာသက္ကရာဇ် ၄၄၀ ခုနှစ်၌ မင်းအဖြစ်သို့ ရောက်၍ ငါးလမျှကြာသောအခါ ဟိန္ဒူဗြာတ်ဝင် ဗြဟ္မဏဘိသမည်သော သူပုန်ဒါးပြကြီးနှင့် ၇-ဦးကုန်သော ဒမိဋ္ဌ(တမယ်)စစ်သူကြီးတို့ ဆူပူတိုက်ခိုက်နှိပ်စက်ကြသည်ဖြစ်၍ တိုင်းဒေပြည်အလုံး ဆူပူပျက်စီးလျက် ၌ရာ နောက်ဆုံး ဝဋ္ဋဂါမဏိမင်းသည်ပင် စစ်ပွဲ၌ ရှုံးရပြီး ၁၄-နှစ်လုံးလုံးထွက်ပြေးပုန်းရှောင်နေရလေသည်၊ ထိုအခါ သီဟိုဠ်ကျွန်းတွင် ငတ်မွတ်ခေါင်းပါးသဖြင့် လူသူတို့ ပစ္စည်းလေးပါး ထောက်ပံ့ပေးကမ်းခြင်းငှါ မတတ်နိုင်ရကား ရဟန်းတော်တို့သည် အိန္ဒိယနိုင်ငံသို့ကူး၍ ကြွသွားတော်မူကြကာ ထိုအရပ်ဒေသများမှာပင် ဓမ္မဝိနယကို နှုတ်တက်အာဂုံ ဆောင်၍နေကြကုန်သည်၊ သီဟိုဠ်ကျွန်းတွင် ကျန်ရစ်ကြကုန်သော ရဟန်းသံဃာတို့သည်လည်း ရတတ်သမျှသော သစ်ဥသစ်ဖု သစ်မြစ် သစ်ရွက်တို့ဖြင့် မျှတကုန်လျက် ခန္ဓာကိုယ်ကာယ စွမ်းဆောင်နိုင်လျှင် ဗုဒ္ဓ၏ ဟောကြားတော်မူခဲ့သည့် ဓမ္မနှင့်ဝိနယတရား တော်များ

ကို ရွတ်ဖတ် ပြန်ဆိုတော်မူ၍ ဓနုကြာကုန်၏၊ ခန္ဓာကိုယ်ကာယ ဖစ္စမ်းဆောင်နိုင်လျှင် သဲကိုစုပုံ၍ ထိုသဲပုံကို ဝန်းရံကာ ဦးခေါင်း တို့ကို အလယ်ဗဟိုပြုလျက် ဓမ္မဝိနယကို ရွတ်ဖတ်ပြန်ဆိုကြကုန်၏၊ ဤနည်းဖြင့် ၁၂-နှစ်တို့ ကာလပတ်လုံး အဂ္ဂကထာနှင့်တကွ ပိဋကတ်သုံးပုံကို မယုတ်လျော့စေဘဲ နှုတ်တက်အာဂုံ ဆောင်ကြကုန်၏ဟု အဆိုပြုထားသည်ကို ကျွန်ုပ်တို့ တွေ့ရှိရပေသည်၊ ထိုနောက် သာသနာသင်္ကရာဇ် ၄၅၅—၄၆၆-ခုနှစ်များ အတွင်း၌ ဝင်္ဂကမဏိမင်းသည် ဒမိဋ္ဌ(တမယ်)မင်းများကို သတ်၍ တဖန် မင်းပြုလာသောအခါ၌ သီဟိုဠ်ကျွန်းတွင် ကျန်ခဲ့သော ရဟန်း တော်များနှင့် အိန္ဒိယနိုင်ငံမှ ပြန်ကြွလာသော ရဟန်းတော်များအတူတကွပူးပေါင်းကြပြီး ပိဋကတ်သုံးပုံကို တိုက်ဆိုင်ပြန်ဆို ကြသည်တွင် အကွဲရာတလုံးမျှသော်လည်း ကဲလဲ့ မညီမညွတ် ရှိသည်ကို မတွေ့ရချေဟု အဆိုပြုထားလေသည်။

သို့ရာဘွင် နောက်တချက်မှာမဟာနိဒ္ဒေသကျမ်းကို ထိုစဉ်ကာလက အလင်္ကဒုဿီလရဟန်းတဦးသာလျှင် နှုတ်တက်အာဂုံဆောင်ထားလျက်ရှိသည်၊ ထိုကျမ်းကိုလည်း မဟာတိပိဋက မဟာထေရ်က ထိုအလင်္ကဒုဿီလ ရဟန်းထံမှ မဟာရက္ခိတ ရဟန်းအား သင်ယူရန် ညွှန်ကြားခိုင်းစေပြီးလျှင် ပိဋကသုံးပုံကို ထိန်းသိမ်းစောင့်ရှောက်ခဲ့ပေသည်၊ ဤသို့ ဆိုခဲ့သည့်အတိုင်း သီဟိုဠ်တွင် ခေါင်းပါး ငတ်မွတ်ခြင်းအတွက် တိုင်းပြည်ချောက်ချား ပျက်စီးခြင်း ဘေးတို့ဖြင့် နှိပ်စက်သောကြောင့် ရဟန်းတော်များသည် နှုတ်တက်အာဂုံ ဆောင်ယူထားရန်ခဲယဉ်း၍ လာကြလေတော့သည်၊ ထိုနောက် ဝင်္ဂကမဏိမင်းသည် အဘယမည်သော ကျောင်းတိုက်ကို ဆောက်လုပ်ပြီးလျှင် မိမိမထင်ရှားသော

အာသင်္ဂဖြင့် ပုန်းအောင်း တိမ်းရှောင်နေစဉ်က မိမိအား ကျေး မွေးစောင့်ရှောက် ကျွေးမွေးပြုခဲ့ဘူးသော မဟာတိဿမထေရ် အား လှူဒါန်းလေ၏၊ ဤသည်ကို အကြောင်းပြု၍ မဟာ ဝိဟာရဝါသီ ရဟန်းတော်တို့က နှစ်သက်တော် မမူကြသော ကြောင့် ထိုရဟန်းကို အသိအမှတ်မပြုဘဲ နှင်ထုတ်လေ၏၊ ထိုအခါ မဟာတိဿရဟန်း၏ တပည့်ဖြစ်သော ဗယလ မဿ တိဿ မည်သော ရဟန်းတို့က ထိုကံကို တားမြစ်ကန့်ကွက်ပြန် လေသည်၊ ထို့ကြောင့် ၎င်းရဟန်းကိုလည်း မဟာဝိဟာရဝါသီ ရဟန်းများက ကြဉ်ဖယ်၍ နှင်ထုတ်ပြန်လေသည်၊ ထိုဗဟာလ မတုတိဿရဟန်းသည် မဟာဝိဟာရဝါသီ ရဟန်းတို့ကို အမျက် ထွက်၍ အာဘယဂိရိ ကျောင်းတိုက်သို့သာလျှင် သွားပြီ မဟာ တိဿရဟန်းနှင့် ပေါင်းကာ ဂိုဏ်းဂဏကို ဆောင်လျက်နေလေ တော့သည်၊ ထိုအခါမှစ၍ သီဟိုဠ်ကျွန်းဥမဟာဝိဟာရဝါသီဂိုဏ်း၊ အာဘယဂိရိဂိုဏ်းဟူ၍ ၂-ဂိုဏ်းကွဲခဲ့လေသည်။

ထိုစဉ်အခါက ဝဋ္ဋဂါမကိမင်းသည် အာဘယဂိရိဝါသီ ရဟန်း တော်သာလျှင် အထူးသဖြင့် ကြည်ညို၍ ၎င်းတို့ကိုသာလျှင် ပစ္စည်းလေးပါးတို့ဖြင့် အလုပ်အကြွေးပြုဆောက်ပံ့လေသည်၊ မင်း၏ အမတ်ကြီးများမှအစ ထင်ရှားသော . ကုန်သည် သူဌေး သူကြွယ်များသည်လည်း အလားတူပင် အာဘယဂိရိဝါသီ ရဟန်း တို့ကိုသာလျှင် ကျောင်းဆောက် ကိုးကွယ်ခြင်း၊ ပေးကမ်း လှူဒါန်းခြင်း အမှုတို့ ပြုကြကုန်သည်၊ ဤနည်းဖြင့် အာဘယဂိရိ ဝါသီ ရဟန်းတို့သည် ထင်ရှားကျော်ဇောခြင်း၊ အရိအသေပေး ခံရခြင်း၊ လှူဒါန်းပူဇော် မြတ်နိုးခြင်းများကို ခံကြရကုန်သည်။

ထိုပြင်လည်းဗဟလမဿုတိဿမထေရ် အဘယဂိရိဝါသီရဟန်း တို့သည် အိန္ဒိယနိုင်ငံမှ ဆောင်ယူလာသော ဝိဇ္ဇုပုတ္တကဂုဏ်း၏ ဒဏ္ဍဝင်းဝင်သည့် ဓမ္မရုစိဂုဏ်း၏ ဓမ္မဝိနယကို သက္ကဋဘာသာဖြင့် တင်ထားသော ပိဋကတ်ကို လက်ခံသင်ယူပို့ချကြကုန်၏၊ ထို့ကြောင့် အဘယဂိရိဝါသီ ရဟန်းတို့ကို မဟာဝိဟာရဝါသီ ရဟန်းများက ဓမ္မရုစိဂုဏ်းသားများဟု ခေါ်ဆိုကြလေသည်၊ အဇကြောင်းကား တဂိုဏ်းနှင့်တဂိုဏ်း ဗုဒ္ဓရှင်၏ ဟောကြားခဲ့သော ဓမ္မဝိနယဖြစ်သော တရားတော်ကို အယူအဆကဲလွဲခြင်းကြောင့် ဖြစ်ကြလေသည်။

ထိုအခါ မဟာဝိဟာရဝါသီ ရဟန်းတော်များသည် ပိဋကသုံးပုံကို သီဟိုဠ်ဘာသာဖြင့် နှုတ်တက်အာဂုံဆောင်ယူဆောင်ကြကုန်ပြီး နောက်ပိုင်း နှုတ်တက်အာဂုံဆောင်ရန် ပင်ပန်းခဲယဉ်းတော်မူလာကြသောအခါ ပေထက်အက္ခရာတင်ရန် အားထုတ်ကြကုန်သည်ဖြစ်၍ အနုရာဓမြို့တော်မှ ၎င်-မိုင်ကွာသော မလယဇနပုဒ် မကုလမြို့အနီး အာသောကလိုဏ်ဂူ၌ ပေထက်အက္ခရာတင်ခြင်း အမှုကို ပြုလုပ်ဆောင်ရွက်ကြလေသည်။

ထိုကဲ့သို့ဗုဒ္ဓရှင်၏ ဟောကြားတော်မူခဲ့သောဓမ္မဝိနယ တရားတော် အပေါင်းတို့ကို အမျိုးမျိုးသောအားဖြင့်၊ အယူအဆများကဲ့လဲ့လျက် လာခဲ့ကြသည်၊ ထို့ကြောင့် ကျွန်ုပ်တို့သည် ယခုလက်ရှိ ပိဋကစာပေတို့သည် ဗုဒ္ဓရှင်ဟောကြားတော်မူခဲ့သော တရားစစ် တရားမှန်များ ဟုတ်သည်မဟုတ်သည်ကို ဝိဝါဒကဲ့ပြား မိပေသည်၊ သို့ရာတွင် ကျွန်ုပ်တို့သည် ဗုဒ္ဓရှင်ဟောကြားတော်မူခဲ့သော သစ္စာလေးပါး မဂ္ဂင်ရှစ်ပါးနှင့် အနတ္တဓမ္မစသော

တရားတို့ကိုမူ ယုံမှားသံသယကင်းစွာဖြင့် ယုံကြည် လက်ခံထား ကြသူများဖြစ်သည်။

ယခုတည်ရှိနေသော ပိဋကစာပေတို့ကိုလည်း သစ္စာလေး ပါးနှင့်သော်ရင်း၊ မဂ္ဂင်ရှစ်ပါးနှင့်သော်ရင်း၊ အနတ္တဓမ္မနှင့် သော်ရင်း၊ သို့မဟုတ် ဗုဒ္ဓရှင်ဟောကြားတော်မူခဲ့သော (သံဒိဋ္ဌိက အကာလိက ဧဟိပဿိက သြပါနေယိက)စသော ဓမ္မဂုဏ်တော် တို့ဖြင့်ရင်း၊ စီစစ်ဝေဘန်ကြည့်လျှင် လက်တွေ့တွင် ထိ တရားစုထဲမှ အများအပြားသည် မည်မည္ဆတ်ဖြစ်၍ နေသည် များကိုတွေ့ရှိ၍နေရသည်၊ အကြောင်းကား ဗုဒ္ဓရှင်သည် သစ္စာ လေးပါး မဂ္ဂင်ရှစ်ပါး အနတ္တဓမ္မဖြစ်သောတရားတို့နှင့် အံဝင် ဘောင်ကျသော တရားတို့ကို လူသားတို့အား မျက်တွေ့ လက် တွေ့ ကိုယ်တွေ့ဖြစ်သည့် (သံဒိဋ္ဌိက အကာလိက ဧဟိပဿိက) စသော တရားတို့ကို ဟောကြားညွှန်ပြ ဆုံးမတော်မူခဲ့သည်ကို မည်သူမျှ မငြင်းဆန်နိုင်သောကြောင့်ဖြစ်၏၊ဗုဒ္ဓရှင်သည် မြဲသည်၊ တည်တန့်သည်၊ အစဉ်ရှိသည် ဆိုသောအယူဝါဒများကို မမြဲ ကြောင်း အစဉ်တည်တန့်ခြင်းမရှိကြောင်း၊ စသည့်အနတ္တဓမ္မနှင့် တော်လှန်ပြီး စစ်မှန်သော သစ္စာတရားတို့ကို လူသားတို့အား ဟောညွှန် ဆုံးမတော်မူခဲ့လေသည်။

မှန်လှ၏၊ သို့ရာတွင် ပိဋကတ်သုံးပုံ အပါအဝင်ဖြစ်သောဗုဒ္ဓဝင် ပါဋ္ဌိတော်သည် သိဒ္ဓတ္ထမင်းသား၊ ဗုဒ္ဓအလောင်းတော် ဖြစ်စဉ် ကို စီစဉ်ကာရေးသားထားသော ကျမ်းစာတခု ဖြစ်လေသည်၊ ထိုသည့်ဗုဒ္ဓဝံသကို ဗုဒ္ဓရှင်ဟောကြားတော်မူသည်ဆိုရာ၌ အနာ ဂတာဝင် အဌကထာ မိန့်ဆိုချက်တွင် ဗုဒ္ဓရှင်သည် ဝါတော် တဆယ့်ငါးဝါမြောက်မှ ဟောကြားတော်မူသည်ဟု ဆိုထားပြီး

ဗုဒ္ဓဝံသ အဌကထာ အဆိုတွင်မူ ပဿမဝါ ကြွတော်မူစဉ်ကပင် ဟောကြားတော်မူသည်ဟု ဆိုထားခဲ့ရာ၊ ၎င်းကျမ်းနှစ်ခုတွင်ပင် တကျမ်းနှင့်တကျမ်း မတူကွဲပြား ခြားနားမှုရှိ၍နေသည်ကို တွေ့ရ၏။

ထိုမှတဖန် ဗုဒ္ဓဝင်တွင် ဗုဒ္ဓလောင်းလျှာသည် ဝေဿန္တရာမင်းကြီးအဖြစ်မှ စုတေ့သေလေပြီးသော်၊ တုသိတာ နတ်ပြည်ဝယ် သေတကေတု အမည်ရှိသော နတ်သားဖြစ်၍ ထိုသည့် နတ်စည်းစိမ်ကို ခံစံစားကာနေလေ၏၊ ထိုအခါဝယ် သိကြား နတ်ဗြဟ္မာ အပေါင်းတို့က အလောင်းတော်နတ်သား ရှိရာသို့ စုရုံးလာရောက်ကြပြီးလျှင် ဗုဒ္ဓဖြစ်ချိန်တန်ပါပြီ လူပြည်သို့သွား၍ သတ္တဝါအပေါင်းတို့အား တရားရေအေး အမြိုက်ဆေး တိုက်ကျွေးတော်မူပါဟု ဝိုင်းအုံ၍ တောင်းပန် ကြကုန်၏၊ ထိုသို့ တောင်းပန်ကြလေသော် အလောင်းတော် နတ်သားသည် ဗုဒ္ဓဖြစ်ရန်ကို သတိရလာသည်ဖြစ်၍ ဗုဒ္ဓဖြစ်ထိုက်သောကာလ၊ ဗုဒ္ဓဖြစ်ရန်ကျွန်း၊ ဗုဒ္ဓဖြစ်ရန်အရပ်ဒေသ၊ ဖြစ်အံ့သော အမျိုးအနွယ်မယ်တော်ဖြစ်ထိုက်သူ၏ အသက် အပိုင်းအခြား စသည်အားဖြင့် ကြည့်ခြင်း ကြီးငါးပါးတို့ကို ကြည့်ကြေ့ကြလေသည်ဟု ဆိုထားလေသည်။

ထိုအခါ အလောင်းတော် နတ်သားသည် ပဋိသန္ဓေ ကိန်းအောင်းရမည့် မိခင်၏ အမျိုးဇာတ်နွယ်ကို ကြည့်လတ်သော် လူမျိုး လေးပါးတို့တွင်လည်း အကြင်မင်းမျိုး ဗြဟ္မာဏပုဏ္ဏားမျိုးတို့သည် လူတို့အမြတ်တနိုး ကိုးကွယ်ရာဖြစ်၍ ဤဇာတ် ၂-ပါးတို့တွင် ယခုအခါ မင်းမျိုးတို့သာလျှင် လွန်စွာ သင့်မြတ်ချေသည်။ ထိုသည့်မင်းမျိုးတွင်မှာလည်း သက္ကတိုင်း ကပ္ပိလဝတ်ပြည်

ကို အုပ်စိုးသော သုဒ္ဓေါဓနမင်းကြီးသည် မဟာသမ္မတမင်းမှ စ၍ သုံးသိန်းသုံးသောင်းလေးထောင့်ငါးရာ ခြောက်ကျိပ် ခုနှစ်ပါးသော ဥက္ကာဝံသ မဟာဝံသ အသမ္ဗိန္ဒ ခတ္တိယအစစ် ဖြစ်ပေသည်၊ ထိုမင်း၏ မိဘုရားသည် လော်လီခြင်းငါးပါး၊ မာန်မူခြင်းကိုးပါး အယုတ်တရားတို့မှကင်းလျက် မကျိုးမပျက်သော ပဉ္စသီလဓမ္မရှိရကား ထိုလူသားမသည် ငါ၏အမိဖြစ်ခြင်းငှါ ထိုက်ပေသည်၊ ငါသန္ဓေကိန်းအောင်းရမည့် မိခင်၏အသက်တာသည် ဆယ်လ၏အထက်၌ ခုနှရက်သာ ကြွင်းတော့သည်ဟု ကြည့်ရှုတော်မူ၍ ပြည့်စုံစွာမြင်လေလျှင် ဝိုင်းဝန်း၍တောင်းပန်ကြသော နတ်ဗြဟ္မာအပေါင်းတို့အား "ကောင်းပြီ" ဟု ဝန်ခံတော်မူ၏၊ ယင်းသို့ဝန်ခံတော်မူပြီးမှ နတ်ဗြဟ္မာအပေါင်း ခြံရံလျက် နန္ဒဝန်အမည်ရှိသော နက်ဥယျာဉ်သို့ဝင်၍ နတ်သက်ချေပြီးလျှင် လူပြည်တွင် သီရိမာယာ မိဘုရားကြီး၏ ဝမ်းပိုက်အတွင်းသို့ စွဲလန်းသန္ဓေတည်နေတော်မူလေတော့၏ဟု ရေးသားပါရှိထားသည်ကို တွေ့ရလေသည်။

ဤကဲ့သို့ ဗုဒ္ဓဝံသမှစ၍ ဗုဒ္ဓဘုရားရှင် ပရိနိဗ္ဗာန်စံလွန်တော်မူပြီးနောက် အယူဝါဒများ ပြောင်းလဲလျှင် ပြောင်းလဲသလောက်ကွဲပြားခြားနားစွာ ပေါ်ထွက်လျက်ရှိသည်မှာ ထင်ရှားလှလေသည်၊ ဗုဒ္ဓဝံသကို ရေးသားခဲ့သည့်၊ သီဟိုဠ်အရှင် ဗုဒ္ဓတ္ထအရှင်မြတ်ကလည်းဂင်း၏အလျရင် ပေါ်ထွန်းခဲ့သော ဆရာ့ဆရာကြီးများ ရေးသားခဲ့ကြကုန်သော အဌကထာကြီးများကို မှီငြမ်းပြု၍ ရေးသားခဲ့ခြင်းဖြစ်သည်၊ ထို့ကြောင့် ထိုဗုဒ္ဓဝံသတွင်ပါရှိချက် စကားရပ်တို့နှင့် ဗုဒ္ဓရှင်ဟောကြားတော်မူခဲ့သော တရားတော်တို့ကို ဆန်းစစ်ယှဉ်ဟပ်ကြည့်လျှင် အယူဝါဒရေး အဘိ

ဓမ္မာဆိုင်ရာအပိုင်းတွင် အလွန်မတန်ပင် ကွာလှမ်းခြားနားလျက် ရှိနေသည်မျှားကို တွေ့ရပေသည်၊ အရေးအကြီးဆုံး အားဖြင့် "စိတ်ဝိညာဉ်သည် ကောင်းကံမကောင်းကံတို့နှင့် တကွ ဘဝ အစားစားတို့တွင် ရုပ်ခန္ဓာသစ်မျှား ထူထောင်သည်" ဟူသောအယူဝါဒမှာ ဗုဒ္ဓရှင်လက်ခံထားရှိသော ဝါဒမဟုတ်ပေ၊ ၎င်းစိတ်ဝိညာဉ်သည် အကျိုးတရားစုသာလျှင်ဖြစ်၏၊ အကြောင်းကင်းရှိမဖြစ်နိုင်၊ ကျိုးသည့်စိတ်ဝိညာဉ် ဖြစ်ပေါ်လာနိုင်သောအကြောင်းခံတို့ကား လူသားတို့၏ ကိုယ်ကာယတွင် မျက်စေ့-နား-နှာ-လျှာ-ကိုယ်-မန တည်းဟူသော ရုပ်တရားစုတို့သာလျှင် ဖြစ်ချေသည်၊ ထိုသည့်အကြောင်းတရား ဖြစ်ကြကုန်သော ရုပ်တရားစုမျှား ပျက်စီးသွားပါက အကျိုးဝိညာဉ်သည် ချုပ်ငြိမ်းလေသည်ဟု ဟောခဲ့ကြောင်း မူလပဏ္ဏာသပါဠိတော် မဟာတဏှာသင်္ခယသုတ်တွင်တံငါသည်၏သား သာတိဟူသော ရဟန်းကိုအကြောင်းပြု၍ဟောကြားတော်မူခဲ့သည်ကို အထက်တွင် ကျွန်ုပ်တို့ရှင်းလင်းဖွင့်ဆိုပြထားခဲ့ပေသည်။

ထို့နောက် ဗုဒ္ဓဝံသမှာပင် ဆိုထားချက် ရှိပေသေးသည်၊ "အဒ္ဓိတ္တဝစနံ ဗုဒ္ဓါ" ဟူသော အချက်ဖြစ်သည်၊ အဓိပ္ပါယ်မှာ ဗုဒ္ဓရှင်တော်၏ စကားသည် နှစ်မျိုးနှစ်စားမရှိ မဟောမပြောကြောင်း ပါရှိနေပြန်သေးသည်၊ ဗုဒ္ဓရှင်တော်သည်၊ မိမိလုပ်သလို ပြောဆို၍ မိမိပြောသည့်အတိုင်းလည်း လုပ်ကိုင်ခဲ့သောကြောင့် "တထာဂတ" ဟု ခေါ်ဆို၏၊ ထို့ကဲ့သို့ လုပ်သလိုပြော၊ ပြောသလိုလုပ်ခဲ့သော ဗုဒ္ဓရှင်တော်သည် တပါးသော ဗြဟ္မာဏလူသားတို့ကို ဟောကြားသည့်နေရာတွင် "သင်တို့သည် ဗြဟ္မာဂဟန်ဆင်းလိုက်၍ ဖြစ်လာရသည်မဟုတ်၊ ကောင်းကံ မကောင်းကံ

နှင့်တကွ ဝိညာဉ်က လူဖြစ်လာရသည်မဟုတ်၊ မျက်တွေ့လက်တွေ့ အားဖြင့် သင်တို့၏ အမိအဘနှစ်ပါး လူသားတို့ကို အကြောင်းခံ၍ ဖြစ်လာရကြောင်းကို ဟောပြောခဲ့ပြီး၊ မိမိကျကာမှ ဟောပြောချက်နှင့် ဆန့်ကျင်က၊ မိမိလက်မခံသော အယူဝါဒနည်းဖြင့် လူဖြစ်လာရသည် ဆိုသည်မှာ စဉ်းစားစရာဖြစ်၍နေချေသည်၊ (သီလက္ခဓပါဠိတော် တေဝိဇ္ဇသုတ်ကို လေ့လာပါ)

သုဒ္ဓေါဓန မင်းကြီး၏ လုံလပရောဂ ကင်းရှင်းစွာဖြင့် နတ်သားဘဝမှ စုတလာသော ဝိညာဉ်ကလေးသည် မယ်တော် မာယာ၏ ဝမ်းကြာတိုက်သို့ ကိန်းဝင်လာပြီး၊ သားသန္ဓေအဖြစ်သို့ တည်နေပါသည် ဆိုထားခြင်းကြောင့် အတ္တဖြစ်၍နေချေသည်၊ အတ္တဝါဒကား ဝိညာဉ်တည်မြဲသည်၊ အစဉ်တည်သည်၊ ပြောင်းလဲခြင်းမရှိ ချုပ်ပျောက်ခြင်းမရှိ ကောင်းကံမကောင်းကံ တို့နှင့်တကွ ဘဝအစားစားသို့ ကြဉ်လည်ကျက်စား သွားရောက်၍ ရုပ်ခန္ဓာသစ် ထူထောင်သည်ဟူသော အယူဝါဒကို ဗုဒ္ဓရှင်သည် မည်သည့်အရာဝတ္ထုမျှ အစဉ်ရှိနေခြင်းမဟုတ်၊ အစဉ်မြဲနေခြင်းမရှိ ဟူသော အနိစ္စ၊ အနတ္တဓမ္မတည်းဟူသော လက်နက်နှင့် တော်လှန် တိုက်ထုတ်ထားခဲ့သော ဗုဒ္ဓရှင်သာလျှင်ဖြစ်ပေသောကြောင့်နတ်ဘုံ ဗြဟ္မာဘုံများကို ဟုတ်သည်မဟုတ်သည် မှန်သည်မမှန်သည်က တကြောင်း။ ထိုနောက် နတ်သားဘဝမှ သေပြီးလူလာဖြစ်နိုင် မဖြစ်နိုင်ဆိုသည်ကို ဗုဒ္ဓရှင်ဟောကြားထားခဲ့သည့်အနိစ္စ အနတ္တဓမ္မတို့နှင့်မှတ်ကျောက်တင်ကာလက်တွေ့မျက်တွေ့သဘာဝ ဓမ္မကျကျစဉ်းစားစိစစ်ကြည့်ရှုသင့်လှပေသည်။

တဆင့်တက်၍ ဗုဒ္ဓဝံသမှာပင် "သိဒ္ဓတ္ထမင်းသားသည် အသက် နှစ်ဆယ့်ကိုးနှစ်သို့ ရောက်သောအခါ ညဉ့်သန်းကောင်ယုံတွင်

ဆန္ဒအမတ်ကို ခေါ်ပြီး ခန္ဓိကမြင်းကုံစီး၍ ဟိတ်တဆိတ် တော ထွက်သွားသည်”ဟူသောအချက်တရပ်ရှိပြန်သေးသည်၊ သို့သော် မူလပဏ္ဏာသ ပါဠိတော် အရိယပရိယေသန သုတ်ဟူမူ ဗုဒ္ဓရှင် ကိုယ်တော်တိုင်က “ရဟန်းတို့ငါသည် လူသားတို့၏မျက်မှောက် ဆင်းရဲခြင်းဘေးတို့မှ ချုပ်ငြိမ်းရာ အမှန်တရားကို ထွက်၍ရှာ ရန် လူလွှစိုက်ထုတ်ပြီးလျှင် မိဘနှစ်ပါးတို့၏ မျက်ရည်သုံကျ ဝိုကြကုန်စဉ် ဆံမုတ်ဆိတ်တို့ကို ရိပ်လှီး၍ တောတက်ခဲ့လေသည်” ဟု ရဟန်းတို့အား ဟောကြားကြောင်း ပါရှိခဲ့ရာ ဗုဒ္ဓဝံသ၏ ဆိုလိုချက်နှင့် တမျိုးစီဖြစ်၍နေပြန်သည်၊ ကျန်ပ်တို့၏ စဉ်းစား တွေးတောချက်အရမူ ညသန်းကောင်းယံ တောထွက်ကြောင်း ရေးသားချက်သည် ထိုသို့ရေးမှ နတ်ဗြဟ္မာများ ကြားဝင်၍ ရှိကြောင်း သာဓက တရပ်ဖြစ်လာပေမည်၊ အတ္တဝါဒ တည် တန့်ခိုင်မြဲပေမည်။

ဆက်လက်၍ပင် ဗုဒ္ဓအလောင်းတော် တောထွက်တော်မူပြီး ညရှဝေဠု တောအတွင်းဝယ်၊ မည်သည့် ယောဂီရဲသော့များမှ မကျင့်မကြုံနိုင်သော အကျင့်များကို ကျင့်ခြင်း၊ ထိုနောက် အစာ အဟာရ မစားသောက်ဘဲ ကျင့်သည့်အခါများတွင် ညောင်ပင် အောက်၌ကွဲကွဲလုံးလဲကာသေလုမတတ်ဖြစ်နေသောအခါနတ်သား တယောက်လာ၍စောင်းတီးပြီး၊ မလျှော့မတင်း အလယ်အလတ် ကျင့်တော်မူပါဟု သတိပေးကြောင်း ပါရှိသည်ကို သုတေသီ တို့မှတ်သားဘူးကြပေလိမ့်မည်၊ ဤနေရာတွင်လည်း ထပ်မံစဉ်း စားရန် တချက်တွေ့ရပြန်သေးသည်၊ဗုဒ္ဓရှင်ကိုယ်တိုင်ရဟန်းတော် များကို ဟောကြားတော်မူသည်မှာ “ရဟန်းတို့ငါသည်တော ထွက်တော်မူပြီးလျှင် ညရှဝေလ တောအတွင်းဝယ် မည်သူမျှ

မကျင့်နိုင်သော လုပ်ငန်း အကျင့်လမ်းများကို ခဲခဲရင်းရင်း အပင်ပမ်းခံပြီးလျှင် ကျင့်ခဲ့လေသည်၊ နွေအခါတွင် ကြီးစွာသော ကျောက်တုံးထက်ဝယ် တက်ပြီးလျှင်ကျင့်ခဲ့လေသည်၊ ခြေတဘက် စီမြောက်၍ ညည့်အခါတွင် နှင်းဒဏ်ခံ၍ဝင်း၊ နေ့အခါတွင်နေပူ ခံ၍ဝင်း ဤကဲ့သို့ကျင့်ခဲ့လေသည်၊ ထိုနောက် အစာရေစာတို့ကို တရက်မစားဘဲကျင့်၏ နှစ်ရက်၊ သုံးရက် ခုနှစ်ရက်တိုင် မစားဘဲ ကျင့်၏၊ နောက်ဆုံး လုံးဝ မှီစဲ စားသောက်ခြင်းမှ ဖြတ်၍၊ ဤညောင်ပင်အောက်ဝယ် မတ်တတ်မှ လဲသည့် အခါတွင် သုဇာတာမည်သော သူငယ်မတယောက် ရောက်လာ၍ မိခင်တို့ သည် သားသူငယ်များကို ယုယပိုက်ထွေး နို့ချိုများတိုက်ကြွေး သကဲ့သို့ ငါ့အား ပွေ့ပိုက်ပြီးလျှင် နို့ဂဏာများ တိုက်ကြွေး လေခြင်းကြောင့်၊ ပြန်လည်၍ သတိရလာလေ၏" ဟုဆိုသည်၊ (ဒုက္ခက္ခန္ဓသုတ်)

ဗုဒ္ဓဝံသ၏ အဆိုအရ နတ်သားကလာ၍ သတိပေးသည်ဟု ဆိုရာ၌ ဗုဒ္ဓရှင်ဟောကြားတော်မူသော၊ 'နမေအာစရိယောအတ္တိ' ငါ့မှာ အမှန်တရားကို သိမြင်ရရှိရန် ညွှန်ကြားခြင်း၊ ပြသခြင်း၊ သတိပေးခြင်း စသော ဆရာဟူ၍ တစုံတဦးမျှမရှိ၊ ငါကိုယ်တိုင် စဉ်းစားဝေဖန်၍ အမှန်တရားကို ထိုးထွင်းသိမြင် ရရှိခဲ့ပေသည် ဟု ဆိုသည်နှင့် တဘက်တလမ်း ဖြစ်၍နေချေတော့သည်။

ထိုနောက် ဗုဒ္ဓလောင်းလျာသည် စစ်မှန်သော အနတ္တဓမ္မ သဘာဝ အနိစ္စတရားတို့ကို၊ ဆရာမကူ သံယမ္ဘူဉာဏ်ဖြင့် အစဲ့ ဥပါဒန် အမှောင်ထုကို ထွင်းဖေါက်၍ အမှန်တရားကိုရရှိသည့် အခါတွင် ဗုဒ္ဓရှင်တော်သည် ဆုတ်နစ်သော အကြံတော်ဖြစ် ပေါ်လာသည်ဟု အောက်ပါအတိုင်း တွေ့ရပြန်သည်။

ကိစ္စောန မေ အဓိဂတံ၊
ဟလံ ဒါနိ ပကာသိတုံ။
ရာဂ ဒေါသ ပရေတောဟိ၊
နာယံ် ဓမ္မောသုသံ ဗုဒ္ဓေါ။ ။

အဓိပ္ပါယ်မှာ။ ။ ယခုငါသည် စစ်မှန်သော အနိစ္စ အနတ္တ ဓမ္မ သဘာဝ ကြောင်းကျိုးစပ် တရားမှန်ကို လောဘဒေါသ မောဟတည်းဟူသော အမိုက်မှောင်အတွင်းမှာ အားသွန်ခွန်စိုက် အတင်း ရုန်းကန် တော်လှန်နိုင်ခဲ့၍၊ ထိုသည့် အမှန်တရားကို ရရှိခဲ့ပေသည်၊ ဤသည့် အနိစ္စ အနတ္တ ဓမ္မ ကြောင်းကျိုးစပ် သဘာဝ အမှန် တရားသည် အလွန်သိမ်မွေ့၏၊ နက်နဲ ခက်ခဲ၏၊ သိမြင်နိုင်ခဲ၏၊ ဤလောကဌ် သတ္တဝါလူသားတို့သည် လောဘ ဒေါသ မောဟ တည်းဟူသော အမိုက်မှောင် အတွင်းဝယ် ပျော်ပိုက်၍ နေကြကုန်၏၊ ၎င်းသတ္တဝါ လူသားတို့သည် အမှန် တရားကို မြင်သိနိုင်သော ပညာဉာဏ် နည်း ပါး ကြ ကုန်၏၊ အစဉ်ပဓါဒါန်များး ထူပြော ပြင်းပြကြကုန်၏၊ ယခုငါကိုယ်တိုင် ရရှိထားသော အနိစ္စ အနတ္တဓမ္မ ကြောင်းကျိုးစပ် သဘာဝ အမှန်တရားကို ဟောကြားညွှန်ပြပါလျှင် သတ္တဝါလူသားတို့ မသိနိုင် မမြင်နိုင်ရာ၊ ငါသာလျှင် ပင်ပန်းရုံ မျှဖြစ်ချေမည် ဟု အကြံဖြစ်သည်ဟု ဆိုလိုခြင်းဖြစ်သည်။

ဤနေရာတွင် ယခုကဲ့သို့ ဆိုထားသည် ဖြစ်ရကား၊ ကျွန်ုပ်တို့ သုတေသီများအား အထူးစဉ်းစား ဝေဘန်ရန် ကောင်းလှပေသည်၊ ကျွန်ုပ်တို့၏ ဗုဒ္ဓရှင် အလောင်းဘော် သိဒ္ဓတ္ထမင်းသား သည် နှစ်ဆယ့်ကိုးနှစ် အရွယ်သို့ ရောက်သောအခါတွင် လူသာ

တို့သည် လူနှင့်လူချင်း ဖြစ်ကြပါလျက် ယုတ်သည် နိမ့်သည် မြတ်သည် စသည်ဖြင့် ဇာတ်အနှယ်များ ခဲခြားရ၍၊ လူနှင့်လူချင်း ကူညီခြင်း၊ စောင့်ရှောက်ခြင်း၊ ကြောင်းကျိုး ဆက်စပ်ခြင်း အလျဉ်းမရှိသည်ကတကြောင်း၊ ၎င်းနောက် လူသားတို့သည် အစဲပြင်းထန် ဥပါဒါန်တို့နှင့်၊ ယခုပစ္စက္ခမျက်မှောက်၌၊ ဆင်းရဲအပေါင်းတို့နှင့် နပန်းလုံးနေရသည်ကို မြင်တွေ့နေရပြီး၊ ထိုသည့် ဇာတ်အနှယ်တို့ကို ပယ်ဖျက်ပြီးလျှင် "ဂေါတမ" အမည်ကို ဆုတ်ခွဲးကာ လူသားတို့၏ ခံစားတွေ့ကြုံနေရသည့်ဆင်းရဲချုပ်ငြိမ်းခြင်း၏ အမှန်တရားကို ရှာဖွေ၍ငါကိုယ်တိုင် ရရှိပါက လူသားတို့၏ မျက်တွေ့ လက်တွေ့ ကိုယ်တွေ့ ဘဝတည်ဆောက်ရေးတွင် ဆင်းရဲတရားတို့ ချုပ်ငြိမ်းသည့်တရားကို ဟောပြောညွှန်ကြားပြသမည် ဟူသော ရည်ရွယ်ချက်ဖြင့် တောထွက်ခဲ့ခြင်းဖြစ်သည်၊ ဤကဲ့သို့ တောထွက်လာပြီး အမှန်တရားကို မရမနေ ဟူသော လုလွဲဝိရိယနှင့် ရှာဖွေတွေ့ရှိသောအခါမှ သတ္တဝါလူသားတို့အား ဒုက္ခတည်းဟူသော ဆင်းရဲခြင်းတို့၏ ချုပ်ငြိမ်းရာ တရားကို မဟောပြောမညွှန်ပြတော့ပေ၊ အကယ်၍ဟောကြားညွှန်ပြပါက သတ္တဝါလူသားတို့သည် ငါသိမြင် ရရှိလာသော တရားကို သဘောပေါက်နားလည် နိုင်မည်မဟုတ်၊ လက်ခံနိုင်မည်မဟုတ်၊ သို့အတွက် ငါပင်ပန်းရုံသာရှိချေမည်ဟု အကြံဖြစ်လာသည်ဟု ဆုံထားခြင်းမှာ သုတေသီများအနေနှင့် စဉ်းစားဘွယ်ရာဖြစ်၍ နေချေသည်။

ဤကဲ့သို့ ဗုဒ္ဓရှင်အကြံတော်ဖြစ်သည် ဆိုရာ၌ မည်သူကသိ ပါသနည်းဟု ဆိုသည်ရှိသော် အဓိကဖြစ်သော ဗြဟ္မာကြီးပါ၍ လာရလေတော့သည်၊ ထိုဗြဟ္မာကြီးကား အခြားမဟုတ်

သုတေသီများ သိရှိပြီး ဖြစ်သည့် သဟမွတိ ဗြဟ္မာကြီးပင် ဖြစ်သည်၊ ဗုဒ္ဓရှင်ထံလာရောက်၍ သတ္တဝါတို့အား တရားဟော ပြောဆွေးကြားပြသပါရန် နည်းလမ်းများပြ၍ တောင်းပန်သည် ဟု ဆိုရာ၌ "အရှင်ဂေါတမ၊ လောက၌ အချို့သော သတ္တဝါ လူသားတို့သည် အမှန်တရားကို ဟောဆွေးပြပါက လက်ခံနိုင်ကြ ပါကုန်၏၊ အချို့သောသတ္တဝါ လူသားတို့ကား လက်မခံဘဲ နေကြမည်မှာ မှန်ပါ၏၊ သို့ပါသောကြောင့် ဤသတ္တဝါလူသား တို့၏ တွေးကြုံခံစား၍ နေကြရကုန်သော ဆင်းရဲတရားစုတို့မှ ချုပ်ငြိမ်းရာအမှန်တရားကို ရှင်ဂေါတမမှ မဟောကြားဘူးဆို ပါလျှင် မည်သူလော၍ ဟော ကြား ဆွေးနွေးပါအံ့နည်း" ဟု ဆိုလေသည်။

ထိုနောက် မာဂဓတိုင်း အတွင်းဝယ် ဘုရားမဟုတ်မူဘဲ ဘုရားအမည်ခံကာ လှည့်လည် ပြောဟော၍ နေကြကုန်သည့် ခြောက်ဦးသော ပုဂ္ဂိုလ်တို့သည် မှားယွင်းသော မိစ္ဆာဝါဒများ ကို ဖြန့်ချီ၍ နေပါသောကြောင့် သတ္တဝါလူသားတို့သည် မှားယွင်းသော အယူဝါဒများကို လက်ခံ၍ နေကြပါပြီ၊ ထို့ပို သော သတ္တဝါအပေါင်းတို့သည် သနားကြင်နာဘွယ်ရာ ဖြစ်နေ ပါသဖြင့် ရှင်ဂေါတမ၏ အမှန်တရားကို ဟောပြောဆွေးနွေးကြား ပြသမှသာ ဖြစ်ပါတော့မည်ဟု တောင်းပန်သည်ဟု ဆိုထား လေသည်။

ယခုကဲ့သို့ ဗြဟ္မာကြီးက တောင်းပန်တော့မှ ဗုဒ္ဓရှင်တော် သည် သတ္တဝါတို့အား တရားဟောကြားသည်ဟု ဆိုပါလျှင် သိဒ္ဓတ္ထမင်းသား ဂေါတမ အလောင်းတော်သည် တောထွက် တော်မမူမီက ရည်ရွယ်ထားသည်ဟု ဆိုသော သတ္တဝါတို့

အပေါ် ကြင်နာ သနားစိတ်နှင့် ကယ်တင်ဟောပြော ညွှန်ပြသ မည့် ဆုံးဖြတ်ချက်များနှင့် လွှဲမှား၍ နေသည်မှာ ထင်ရှားလှ ပေသည်၊ စဉ်းစားဝေဖန်စရာကောင်းလှတော့သည်။

ထို့ပြင် ဗုဒ္ဓရှင်သည် အမှန်တရားကို သိမြင်ရာရောက်ပြီးလျှင် နေရဥ္ဇရာ မြစ်အနီးအနားတွင် အရိပ်ကောင်းသော ညောင်ပင် ရှိရာသို့ သွားရောက်၍ သုဒ္ဓိငစဉ်ထံမှ အလှူခံ၍ရသော မြက်များ ကိုခင်းပြီးလျှင် အပန်းဖြေ အနားယူထိုင်နေလေသည်၊ အင်အား ပျက်ယွင်း၍ ခန္ဓာကိုယ်သည်ကား ပိန်ခြုံး ချိန့်ပြီး အသက် ရှစ်ဆယ် အရွယ်တမျှ ဖြစ်၍နေလေရာ မည်သူတစုံတဦးကိုမျှ မဟောပြော နိုင်သေးသည့်အတွက် ၎င်းမြစ်နှင့် မဝေးကွာလှ သောအရပ်ဒေသတွင် နေထိုင်သူလူသားများထံမှ ဆွမ်းဟင်းလျှာ များကို တောင်းခံမှိုဝဲ သုံးဆောင်ပြီးမှ ခန္ဓာကိုယ်သည် တောင့်တင်းကျန်းမာလာပေမည်ဟု အကြံတော်ဖြစ်ခါ အနားယူ နေတော် မူလေ သည်၊ အစာရေစာများ မှိုဝဲသုံးဆောင်ပြီး မြက်ခင်း ပြင် ပေါ် ၌ တင်ပလ္လင်ခွေ၍ ခန္ဓာကိုယ်တော်ကို ဖြောင့်မတ်စွာ ထား၍ထိုင်နေတော်မူပြီးလျှင် ကြောင်းကျိုးစပ် တရားဖြစ်သည့် ပဋိစ္စသမုပ္ပါဒ်တရားကို ပဋိလောမ အနုလောမ အပြန်ပြန် အလှန်လှန်ဆင် ခြင်သုံးသပ် တော် မူလေသည်ဟု မဟာဝါပါဋိတော်တွင်ဆိုထားသည်ကို တွေ့ရသည်။

ဤနေရာတွင် ဗုဒ္ဓရှင်သည် သုဒ္ဓိငစဉ်ပေးလှူလိုက်သော မြက် ကို ခင်း၍ တင်ပလ္လင်ခွေကာ ကိုယ်တော်၏ ခန္ဓာကိုယ်ကိုဖြောင့် ဖြောင့်ထားတော်မူပြီး ထိုင်နေခြင်းကို "ဥဇုံကာယံ ပလ္လင်္ကံ နိသီဒတိ" ဟု ဆို၏၊ အဓိပ္ပါယ်မှာ ပလ္လင်္ကံ၊ ထက်ဝယ် ဖွဲ့ခွေ၍ ဥဇုံကာယံ၊ ခန္ဓာကိုယ်တော်ကိုဖြောင့်ဖြောင့်ထားတော်မူပြီးလျှင်

နိသီဒသီး ထိုင်နေတော်မူလေ၏ ဟု ဆိုလိုသည်၊ ဤနေရာတွင် ဗုဒ္ဓဝံသ၏အဆိုကမူ တဆယ့်ရှစ်တောင်မြင့်သည့် ရွှေပလ္လင်သည် ဗုဒ္ဓရှင်၏ ကုသိုလ်ကံ အဟုန်တို့ကြောင့် မဟာပထဝီ မြေကြီးမှ ပေါ်ထွက်၍လာလေသည်၊ ထိုအခါတွင် နှယ်နှယ်ရရမဟုတ်သည့် လက်ရုံးပေါင်း တထောင်ကို သူ၏တန်ခိုးတော်ဖြင့် ဖန်ဆင်း ဆောင်ယူခြင်းဖြင့် ဖန်ဆင်းပြနိုင်စွမ်းသော မာရ်နတ်မင်း၏ အတ္တဝါဒဇာတ်လမ်းကို ဖေါ်ထုတ်စီစဉ် ဝင်ရောက်လာပြန်သည် ၎င်းမာရ်နတ်သည် နတ်ဘုံခြောက်ထပ် လူ့ဘုံ၊ အပါယ်လေးဘုံ စသော တဆယ့်တဘုံကို မည်သည့်နတ်ဘုရင်တို့နှင့် ဆွေးနွေး တိုင်ပင်၍ ထိုသည့်တဆယ့်တဘုံသော ဧရိယာနယ်နိမိတ်သတ်မှတ် ပိုင်းခြားပြီး သိကြားနတ်တို့၏ သခင်ဘုရင်လုပ်၍ နေလေသည် မသိ၊ ထိုတဆယ့်တဘုံကို အဝိုးရသည်ဟု ဆိုထားလေသည်၊ ထို မာရ်နတ်မင်းသည် သူ၏ပိုင်ဆိုင်သော တဆယ့်တဘုံသော ဧရိ ယာ နယ်နိမိတ်အတွင်းဝယ် တဆယ့်ရှစ်တောင် အမြင့်ဆောင် သည့် ရွှေပလ္လင်သည် မဟာပထဝီမြေကြီးမှ ပေါ်ထွက်နေသည် ကို သိရသောကြောင့် လူ့ဘုံသို့ဆင်းလာပြီးလျှင် ဗုဒ္ဓရှင်တော် နှင့် ထိုသည့်ပလ္လင်ကို သူပိုင်ဆိုင်သည်၊ ငါပိုင်ဆိုင်သည်ဟု အငြင်း ပွါး၍ ဤသို့သော ပလ္လင်လုခန်းကို အဆန်းတကြယ် ဖွဲ့ကာ နွဲ့ကာ ရေးသားထားသည်မျှားကို သုတေသီတို့ အလုံးစုံသိရှိ တွေ့မြင်ကြပြီးဖြစ်သည်။

ဤကဲ့သို့ ဗုဒ္ဓရှင်သည် ထိုကဲ့သို့ မာရ်နတ်နှင့် ယှဉ်ပြိုင်ဆိုင်ပြီး ပလ္လင်ကို လုယူရသည်ဟု ဆိုထားခြင်းသည် အလွန်အလွန်ပင် အံ့ဩစရာ ကောင်းလှလေသည်၊ သိဒ္ဓတ္ထမင်းသားဖြစ်စဉ် အခါ ကာလက မိမိပိုင်ဆိုင်သော ရာမ၊ သုဘ၊ သုရာမ တည်းဟူသော

နန်းမသုံးဆောင်နှင့်တကွ၊ ရွှေအိုးကြီးလေးလုံး၊ ကြင်ယာသက်ထား မိဘုရား ယသော်ဓရာမှ အစ၊ ရင်သွေး ရင်နှစ်ပုလဲစစ် သားရာဟုလ အပါအဝင် မောင်းမမိသံ ခြွေရံသင်းပင်းများ ပြည့်စုံစွာဖြင့် တိုင်းပြည်ကြီးတွင် မင်း၏စည်းစိမ်ချမ်းသာ ဟူသမျှ တတ်မက်ခြင်း၊ နှစ်သက်စွဲလန်းခြင်း၊ သာယာမက်မောခြင်း အလျဉ်း ပယ်ခွါစွန့်လျက် ဖြတ်တောက်နိုင်ခဲ့ပြီး၊ အမှန် ဓမ္မကို ရှာကြံဇွတ်ရှိ၍ ဗုဒ္ဓရှင်အဖြစ်သို့ရောက်ခါမှ ဤသည့်ပလ္လင် တခု မျှကို လိုချင်မက်မောခြင်း ကြီးစွာဖြင့် မာရ်နတ်နှင့်တူပြိုင်ကာ စစ်ခင်းနေရသည်ဟု ရေးသားဖေါ်ပြ ကြခြင်းမှာ သဘာဝတ္ထာကျမကျ စဉ်းစားဘွယ်ရာ ကောင်းလှလေသည်၊ တနည်းအားဖြင့် ဆိုသော် မာရ်နတ်၏ ဇာတ်လမ်းကို တခန်း ဖေါ်ထုတ်ရန် ဗုဒ္ဓရှင်၏ အနိစ္စ အနတ္တဓမ္မ သဘာဝအမှန်နှင့် ဆန့်ကျင်ကာ ထည့်သွင်းဖေါ်ထုတ်လာကြခြင်းမျှသာ ဖြစ်၍နေချေသည်။

ထို့မှတဖန် ဗုဒ္ဓရှင်နှင့် မာရ်နတ်တို့ ပလ္လင်လုရာမှ မာရ်နတ် စစ်ရှုံးပြီး မာရ်နတ်၏ဇာတ်လမ်းကို တခန်းမြှုတ်၍ သူ၏သို့မဟုတ် သုံးယောက်ကို ဇာတ်လမ်းတပုဒ်လုပ်ကာ ဆက်လက်ဖေါ်ထုတ်လာကြ ပြန်သေးသည့် တခန်းရှိ၏၊ မာရ်နတ်၏ သို့မဟုတ် သုံးယောက် အမည်မှာ တဏှာ- ရာဂ- အာရုတီ ဟူ၍ အမည်ပေးထား လေသည်၊ ဤနေရာတွင်ပထမစဉ်းစားရန်တချက်မှာ မာရ်နတ်သည် ထို့သည့်သို့မဟုတ် သုံးယောက်ကို မည်သည့် ဇနီး နတ် မိန်းမဖြင့်စုံမက် ချစ်ခင် ဖွဲ့နွှဲမြှင်၍ ထားခဲ့လေသနည်း ဟူသော အချက်ဖြစ်၏၊ မာရ်နတ်၏သို့မဟုတ် သုံးယောက်က ညဉ့်အခါ ညောင်ပင်အောက်တွင် ဗုဒ္ဓရှင်တပါးတည်း ထိုင်နေတော်မူစဉ် လာရောက်၍ညောင်ပင် ရိပ် အပြင်မှနေပြီး သူတို့၏ ခန္ဓာကိုယ် ရူပါရုံ အမျိုးမျိုးတို့ကို

ဖေါ်ထုတ်ပြသလေရာ ဗုဒ္ဓရှင်တော်သည် ဖေါက်ပြန်ခြင်း၊ တုံ့လှုပ်ချောက်ချားခြင်း အလျဉ်းမရှိဟူ၍ ရေးသားထားကြလေရာ ဗုဒ္ဓဝံသ စာပေအရေးအသားများသည် ကြောက်ခမန်းလိလိ ရှက်ဖွယ်ရာကောင်းလှတော့သည်။

တဖန်မာရ်နတ်သိမ်းသုံးယောက်၏ အမည်များကို စိစစ်ဝေဖန်ကြည့်ပြန်လျှင်လည်း နတ်သိမ်းလော (သို့မဟုတ်) မည်သည်ပင် ဖြစ်သနည်းဟူသည်ကို စဉ်းစားဘွယ်ရာပင်ဖြစ်၍ လာလေသည်၊ ပထမသိမ်းမှာ တဏှာဟု အမည်ခေါ်ထားသည်။ တဏှာ ဟူသည်မှာ ငမ်းငမ်းတက် ဆာလောင်ခြင်း အနက်အဓိပ္ပါယ်ရ၍ ဒုတိယ ရာဂမှာ စွဲလန်းခြင်းကို ဆိုလိုသည်၊ တတိယ အာရုတ်ဆိုသည်မှာ နှစ်သက်မွေ့လျော်ခြင်းဟု အဓိပ္ပါယ်ရလေသည်။ ဤသို့ဆင့်လျှင်ဗုဒ္ဓရှင်တော်သည် ခန္ဓာကိုယ်ပင်ငမ်းနွမ်းနယ်တော်မူနေသည့်အတွက် မည်သူ တစုံတယောက်ကိုမျှ တရားမဟောသေးဘဲ အနားယူ အပန်းဖြေနေတော်မူစဉ် အချိန်အခါကို အကွက်ယူ၍ အတ္တဝါဒ အဓွန့်ရှည်ရန်အမျိုးမျိုးသော နည်းမျိုးစုံကိုသုံး၍ ထားသည်များကို ပေါ်လွင်စွာတွေ့နိုင်ပေတော့သည်။

ထို့ကဲ့သို့ ဗုဒ္ဓရှင်တော်သည် ညောင်ပင်အောက်ဝယ် အပန်းဖြေ၍ ခန္ဓာကိုယ်တော်တွင် အားအင်များ ပြည့်ဖြိုးလာသော အခါ အနုတ္တမမှ သဘာဝအမှန်တရားကို လူသားတို့ထံချဉ်းကပ်ပြီး ဟောကြားညွှန်ပြ ဆုံးမတော်မူရန် မိဂဓါဝုံတော်သို့ကြွသွားပြီးလျှင် လူသားယောဂီ ငါးဦးတို့အားပထဦးစွာအမှန်တရားကို ဟောကြားညွှန်ပြ ဆုံးမတော်မူလေသည်၊ ဤသည်ကားမဟာသကွာဇာတရာသုံးခု ဝါဆိုလပြည့်စနေနေ့ နေဝင်လထွက်အချိန်တွင်စတင်ခြင်းဖြစ်သည်။

အနိစ္စ အနတ္တဓမ္မ သဘာဝအမှန် တရားတော်တို့နှင့် သစ္စာလေးပါး မဂ္ဂင်ရှစ်ပါး ပစ္စဋ္ဌိစ္စသမုပ္ပါဒ်တရားတို့ကို ဟောပြောညွှန်ပြတော်မူသည့် အခါတွင် သတ္တဝါလူသားတို့သည် စိတ်ဝိညာဉ် အတ္တဝါဒအယူစွဲ ပြင်းပြင်းထန်ထန် စွဲယူထားကြသော အချိန်ကာလ ဖြစ်ပေသည်၊ အတ္တဝါဒ ဟူသည်ကား စိတ်ဝိညာဉ်သည် ကျိကမ္ဘာလောကဌ် အစဉ်ရှိသည်၊ မြဲသည်၊ ပြောင်းလဲ၍ ဖြစ်ခြင်းမရှိ၊ ၎င်းစိတ်ဝိညာဉ်သည် ကောင်းကံ မကောင်းကံတို့နှင့်တကွ ဘုံဘဝအစားစားတွင် ရုပ်ခန္ဓာသစ်များ ထူထောင်လေသည်၊ ဤသည့်ရုပ်ခန္ဓာတို့သည် ဟောင်းမှဆွေးမြေ့ပြီး ပျက်စီးသွားခဲ့ပါလျှင် ထိုသည့် စိတ်ဝိညာဉ် အတ္တကလေးသည် ရုပ်ခန္ဓာအသစ်တခု ထူထောင်ပြန်လေသည်၊ ထိုကဲ့သို့ စိတ်ဝိညာဉ် အတ္တကလေးသည် ဤကမ္ဘာလောကဌ် အရာအားလုံးတို့တွင် ပြန့်နှံ့၍ တည်ရှိကြကုန်၏ဟု သတ္တဝါလူသားတို့သည် ယင်းကဲ့သို့ အယူအစွဲများကို စွဲယူထားကြလေကုန်၏၊ ထိုကဲ့သို့ သတ္တဝါလူသားများသည် အတ္တဝါဒအယူအစွဲ ပြင်းထန်စွာ စွဲယူကြသည်ကို မဆိုထားဘိ၊ ယင်းသည့် အတ္တဝါဒ အယူအစွဲများကို စွဲယူကြရန်ဖြစ်သည့် ဝေဒကျမ်းတို့ကို အမြဲမပြတ် ဆောင်ယူ၍ သတ္တဝါလူသားတို့အား ထိုသည့် အတ္တဝါဒလမ်းစဉ်များကို ဟောပြောပြသကြကုန်သော ဆရာကြီးများ၏ ဦးရေထဲတွင် အပါအဝင်ဖြစ်ကြသော လူသားငါးဦးတို့တွင် ပဉ္စဝဂ္ဂီငါးဦးဟူ၍ ခေါ်တွင်ကြသောသူများ ဖြစ်ကြလေသည်၊ ထိုသည့် လူသားငါးဦးတို့သည် စိတ်ဝိညာဉ် အတ္တဝါဒ အယူစွဲထဲတွင် နှယ်နှယ်ရရများ မဟုတ်ကြပေ၊ ဝေဒကျမ်းများကို ဆောင်

ယူ၍ အတ္တဝါဒကို အခိုင်အမာ ဟောပြောနေကြသော ဆရာကြီးများ ဖြစ်ကြကုန်သည်။

ထိုကဲ့သို့သော လူသားငါးဦးတို့နှင့်ပထမဦးစွာ အနိစ္စ အနတ္တဓမ္မ သဘာဝအမှန်တရားတို့ကို ဗုဒ္ဓရှင်သည် ဟောပြော ဆွေးနွေးရသည် ဆိုရာတွင် လွယ်ကူဖြောင့်တန်းသောကိစ္စ မဟုတ်ပေ၊ သုံးလတိုင်တိုင် ဟောပြောညွှန်ကြားပြသ ယူရလေသည်၊ သို့လင့်ကစား သုံးလလွန်မြောက်သောအခါတွင် ကောဏ္ဍည တဦးသာလျှင် ဗုဒ္ဓရှင်၏ အမှန်တရားကို လက်ခံယုံကြည်လေသည်၊ ကျန်လေးဦးသော လူသားတို့သည်ကား လက်ခံခြင်းမရှိသေးပေ၊ ၎င်းနောက် ဗုဒ္ဓရှင်နှင့် ကောဏ္ဍညတို့ နှစ်ဦးကထပ်မံ၍ အပြန်ပြန်အလှန်လှန် ဆွေးနွေးမှသာ ဆက်လက်၍ နောက်ဆုံး လက်ခံလာကြပေသည်၊ သို့လက်ခံသည့်တိုင် ပဉ္စဝဂ္ဂီငါးဦးတို့သည် စိတ်ဝိညာဉ်ဖြစ်သော အတ္တဝါဒ အယူအစဲကား ပထမတွင် မပြုတ်ကြသေး၊ ထို့ကြောင့် ဗုဒ္ဓရှင်သည် တဖန် ထပ်မံ၍ စိတ်ဝိညာဉ်သည် အမြဲတည်နေခြင်း မရှိကြောင်း၊ အစဉ်မရှိကြောင်းဖြင့် အနတ္တဓမ္မ ဒေသနာကို ပြန်လည် ဆွေးနွေးရလေသည်၊ ဤသည့် အနတ္တဓမ္မ တရားတော်ကို ကြားရတော့မှ စိတ်ဝိညာဉ်ဟူသည် အစဉ်မရှိသည်ကိုလည်း၊ အမြဲမရှိဟူသည်ကိုလည်း၊ ဤကမ္ဘာလောကၐ အရာအားလုံးတို့တွင် အစဉ်ရှိသော အမြဲတည်ရှိနေသော စိတ်ဝိညာဉ်သည် မဟုတ်မမှန်ကြောင်းကို ၎င်းကိုယ်ပိုင်ဉာဏ်ဖြင့် အမှန်မြင် အမှန်သိသော ဘဝသို့ သက်ဝင်ယုံကြည်ကြကုန်သည် ဖြစ်သောကြောင့် ထို ငါးဦးသော လူသားတို့သည် အရဟန္တ အဖြစ်သို့ ရောက်တော်မူကြကုန်၏။

ထိုအကြောင်းကို ပဿေနဒီ ကောသလမင်းကြီး ကြားလျှင် ဗုဒ္ဓရှင်တော်ထံသို့ကပ်၍ "အရှင်ဘုရား၊ တိတ္ထိတို့သည် တန်ခိုးဖြာဋိဟာ ပြအံ့ဟု မကပ်မျှားဆောက်လုပ်ကြချေပြီ၊ အကျွန်ုပ်လည်း အရှင်ဘုရားအလို၌ ငါမကပ်ဆောက်လုပ်ပါမည်၊ အဘယ်နေရာတွင် ဆောက်လုပ်ရပါအံ့နည်း" ဟုလျှောက်လေရာ ဗုဒ္ဓရှင်က "မင်းကြီး မဆောက်လုပ်လင့်၊ ငါသည် သရက်ဖြူပင်အောက်တွင် နေတော်မူ၍ ပြတော်မူမည်" ဟု မိန့်တော်မူလေ၏၊ ဤသို့မိန့်တော်မူသည်ကို တိတ္ထိတို့ကြားသိရသော် သရက်ဖြူပင်မှန်သမျှတို့ကို လိုက်လံခုတ်လဲပစ်ကြလေသည်၊ ဗုဒ္ဓရှင်သည် ဝါဆိုလပြည့်နေ့ရောက်သောအခါ နံနက်စောစောပင် သာဝတ္ထိမြို့တွင်းသို့ ဆွမ်းခံဝင်တော်မူ၏၊ ထိုအခါ ကောသလမင်း၏ ဥယျာဉ်စောင့်ဖြစ်သော ကဏ္ဍအမည်ရှိ ဥယျာဉ်မှူးသည် မိမိသရက်ဥယျာဉ်တွင်းရှိ သရက်ပင်တပင်ဝယ် ခါချင်အံ့အတွင်း၌ ကြင်းကျန်နေသော သရက်ဖြူသီးတလုံးကိုရ၍ မင်းကြီးအား ထိုသရက်သီးကို ဆက်သရန် ယူဆောင်၍လာစဉ် လမ်းခရီးတွင် ဗုဒ္ဓရှင်နှင့်တွေ့ရာ၌ လှူဒါန်းလိုက်လေ၏ ဗုဒ္ဓရှင်သည် ကဏ္ဍလှူလိုက်သော သရက်သီးကို ခံယူတော်မူပြီး ထိုဥယျာဉ်အနီးမှာပင် ထိုင်၍ ဘုဉ်းပေးသုံးဆောင်တော်မူလေ၏၊ ပြီးလျှင် သရက်စေ့ကို ဥယျာဉ်စောင့်အား ပေးပြီး ဤနေရာ၌ စိုက်လော့ဟု မိန့်ဆိုလေ၏၊ ဥယျာဉ်စောင့်လည်း ဗုဒ္ဓရှင် မိန့်တော်မူသည့်အတိုင်း စိုက်လေသော်၊ ဗုဒ္ဓရှင်သည် သရက်စေ့စိုက်ရာ မြေထက်၌ လက်ဆေးတော်မူ၍ လက်ဆေးရေ မြေသို့ကျလျှင်ပင် တမှုဟုတ်ချင်း ကြီးစွာသော သရက်ဖြူပင်ကြီး ပေါ်ထွန်း၍ လာလေတော့သည်၊ ထိုသို့ ပေါက်ထွန်းလာသောသရက်ပင်ကြီးကို ဥယျာဉ်မှူးကဏ္ဍသည် မြင်တွေ့ရသော

အခါ မင်းကြီးထံသို့ အပြေးအလွှားသွား၍ သံတော်ဦးတင်လေ သော်မင်းကြီးသည် ထိုသရက်ပင်ကို တိတ္တိတို့မခုတ်လှဲရလေအောင် မင်းချင်းယောကျ်ားများကိုစေလွှတ်၍ ဝိုင်းရံစောင့်ရှောက်ရန်စေ ခိုင်းလိုက်လေသည်၊ တချိန်တည်းမှာပင် နတ်တို့၏သေနင်းသိကြား မင်းသည် လေနတ်သားကို ခေါ်၍ တိတ္ထိတို့ ဆောက်လုပ်ထား သော မဏ္ဍာပ်ကြီးကို လေမုန်တိုင်းဆင်၍ ဖျက်ဆီးစေရန် ခိုင်း စေလိုက်သည်၊ လေနတ်သားလည်း သိကြားမင်း၏ အာဏာ အတိုင်း အပိုင်းပိုင်း ကျိုးပြတ်အောင် လုပ်ဆောင်လေသည်၊ ထိုနောက်တဖန်သိကြားမင်းသည်နေနတ်သားကို ခေါ်၍ တိတ္ထိ တို့အပေါ်၌ သာလွန်စွာ နှိပ်စက်ပြင်းထန်စွာ ပူလောဟု စေခိုင်း လေသည်၊ ၎င်းနောက် တဖန်မိုးနတ်သားကိုခေါ်၍ ကဲလွန် သောမိုးကြီးသည်းထန်စွာရွာလောဟုစေခိုင်းပြန်၏၊တိတ္ထိတို့သည် ယင်းသို့ ပြုမူခြင်း ခံရသည့်အတွက် နေစရာမရှိလောက်အောင် ဖြစ်ရလေတော့၏။

ဤအချက်မှာလည်း သိကြားမင်းသည် တိတ္ထိတို့ ဆောက် လုပ်ထားသော မဏ္ဍာပ်ကိုဝင်လျက် ဖျက်ဆီးပြီး လေနတ်သား နေနတ်သား မိုးနတ်သားတို့ကို စေလွှတ်ခိုင်းစေနိုင်ခဲ့သော် အဘယ်ကြောင့် ဒေဝဒတ်၏ ပေဘာတောင်စောင်းမှ ကျောက် မောင်းဆင်ချသည်ကို ဖျက်ဆီးပစ်ခြင်းငှါ မတတ်နိုင်ခဲ့ပါသနည်း၊ မာရိနတ်နှင့် ပလ္လင်လုစဉ်ကလည်း မာရိနတ်၏ စစ်အင်အားတို့ ကို အဘယ်ကြောင့် မဖျက်ဆီးနိုင်ပါသနည်း၊ စဉ်းစားစရာပင်၊ ဤအခါတွင်ဗုဒ္ဓရှင်သည် ထိုသရက်ပင်အောက်မှနေ၍ ရေမီးအစုံ တန်ခိုးပြာဋိဟာတို့ကို ပြတော်မူလေသည်၊ ထိုအခါ ဗုဒ္ဓရှင် သည် ပုံစံတူ ရုပ်ပွားတော်တဆူ ဖန်ဆင်းပြီး တန်ခိုးပြာဋိဟာ

ပြတော်မူလေသည်၊ ဝါဆိုလပြည့်ည အခါဝယ် ဗုဒ္ဓရှင်သည်တာဝတိံသာ နတ်ပြည်သို့တက်၍ ၎င်းဝါတွင်းတွင် မယ်တော်နတ်သား အမျှူးထားသော နတ်ဗြဟ္မာအပေါင်းတို့အား အဘိဓမ္မာ ခုနစ်ကျမ်းကို ဟောကြားတော်မူလေသည်၊ ထိုသို့ တာဝတိံသာ နတ်ပြည်သို့ တက်ကြွသည်ဆိုရာ၌လည်း တာဝတိံသာနတ်ဘုံသို့တက်ခြင်းငှါ လကျွာခြေတော်ကို မြောက်လိုက်သည့် အခါတွင် ယုဂန္ဓိရ်မြင့်မိုရ်တောင်ထိပ်သည် ပြားပြားဝပ်လျက် ဖဝါးတော်အောက်တွင် ခံ၍လာသည်၊ လက်ဝဲခြေကို မ,ချီပြန်လျှင် ယူဇနာရှစ်သောင်း လေးထောင်အမြင့် နှစ်ပြန်ဆောင်သော မြင့်မိုရ်တောင်ကြီးသည် ပြားပြားဝပ်လျက် ဖဝါးတော်အောက်ရောက်၍ လာလေသည်၊ ဤတွင် ဗုဒ္ဓရှင်သည် တာဝတိံသာသို့ နှစ်လှမ်းသုံးဖဝါးဖြင့် တက်လှမ်းရောက်ရှိပြီးလျှင် တာဝတိံသာဘုံဌာန ပင်လယ်ကသစ်ပင်ရင်း၌ တည်နေသော ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာသည်ကား အလျားအားဖြင့် ယူဇနာခြောက်ဆယ်၊အနံအားဖြင့် ယူဇနာငါးဆယ်၊ထုထယ်အားဖြင့် ရှစ်ဆယ့်ငါးယူဇနာရှိရာ ထိုကျောက်ဖျာထက်ဝယ် စံနေတော်မူပြီးလျှင် သိကြားနတ်ဗြဟ္မာတို့အား အဘိဓမ္မာတရား ဟောကြားတော် မူလေသည်ဟု ဆိုသည်။

ထိုနေရာတွင် ဗုဒ္ဓရှင်သည် တန်ခိုးပြာဋိဟာပြပြီးလျှင် နှစ်လှမ်းသုံးဖဝါးဖြင့် မဟာမြင့်မိုရ်တောင်ထိပ်သို့ လှမ်းကြွတော်မူကြောင်း၊ တာဝတိံသာနတ်ဘုံသည် မြင့်မိုရ်တောင်ထိပ်တွင်ရှိသည်ဟု ဆိုထားပြီး၊ တဘက်မှ ပင်လယ်ကသစ်ပင်ရင်းတွင် တည်ရှိသည့်ကျောက်ဖျာတွင် ထိုင်တော်မူပြီးတရားဟောသည်ဆိုရာ ရှေ့နောက် မညီမညွတ်ဖြစ်၍နေသည်။

ဤသို့ မယ်တော် သန္တုသီတနတ်သားကို အမှူးပြု၍ နတ်ဗြဟ္မာတို့အား အဘိဓမ္မာတရားကို ဟောကြားတော်မူ၍ ဆွမ်းဘုဉ်းပေးတော်မူရန်အတွက် ဥတ္တရဂဲရုကျွန်းသို့ ဆွမ်းခံကြွတော်မူရပေမည်၊ သို့ရာတွင် တရားဟော ပြတ်မသွားစေခြင်းငှါ ဗုဒ္ဓ ရှင်သည် သွင်ပြင်ဟန်ပန် အသံရုပ်ရည်တူညီသော ဗုဒ္ဓတဆူကို ဖန်ဆင်းတော်မူ၍ ငါ၏ကိုယ်စား ဤမျှလောက်သော တရားကို ဟောကြား စေသတည်းဟူ၍ အဓိဋ္ဌာန်ပြုတော်မူလျက် ပဏ္ဏာကမ္မလာ ကျောက်နေရာ၌ ကောင်းစွာထားခဲ့ပြီးတော် ဗုဒ္ဓရှင် အစစ်တော်သည်မူကား ဥတ္တရဂုရုကျွန်းသို့ ဆွမ်းခံကြွတော်မူ၏။

ထိုကျွန်းသူ ကျွန်းသားတို့သည် ဗုဒ္ဓရှင်ဟူ၍ အမှတ်မရှိ မိမိဘို့ ယုံကြည်ကိုးကွယ်အပ်သော နတ်မင်းဟု ထင်မှတ်၍ ဆွမ်းကို လှူဒါန်းပူဇော်ကြကုန်၏၊ ဗုဒ္ဓရှင်သည်ဤမျှလောက်ရုံသာအလှူခံပြီးလျှင်မြောက်ကျွန်းသို့ပြန်၍ဆွမ်းဘုဉ်းပေးသုံးဆောင်တော်မူ၏ ပြီးသော် စန္ဒကူးတောသို့ဝင်၍ ရှင်သာရိပုတ္တရာကို တဆင့်ပြန်ကာ ဟောကြားတော်မူလေသည်ဟူ၏၊ “ချစ်သားသာရိပုတ္တရာ၊ ယနေ့ကား ဤမျှလောက်သော တရားတို့ကို နတ်တို့အား ငါဟောကြားခဲ့သတည်း”ဟူ၍ အကျဉ်းအားဖြင့် မြွက်ကြားတော်မူ၏၊ ဤကဲ့သို့ ရှင်သာရိပုတ္တရာအား လူ့ပြည်၌ ပြန်လည်ဟောပြပြီးလျှင် တဝတိံသာသို့ ပြန်ကြွ၍ ဆက်လက်ကာ တရားဟောရလေသည်၊ ထိုဟောကြားသော တဝါတွင်းမျှ ကာလပတ်လုံး တရားတို့သည် အဘိဓမ္မာတရားများသာဖြစ်သည်ဟု ဆိုကြသည်။

ထိုကဲ့သို့ ဗုဒ္ဓရှင်သည် တဝတိံသာသို့ ကြွတော်မူစဉ်ကမှ သုတ်သီးသုတ်ပျာနှင့် နှစ်လှမ်းသုံးဖဝါးမျှဖြင့် လှမ်းတက်ကာ ကြွသွားရပါသည်ဟု ဆိုထားပြီး၊ ကာဝတိံသာမှ လူ့ပြည်သို့

ဆင်းသက်တော်မူ၍ ဆုမ်းခံကြွတော်မူသည့်အခါတွင်မူ မည်သို့လုမ်း၍ မည်ကဲ့သို့ ဆုမ်းခံကြွသည်၊ လူ.ပြည်မှ မည်သို့တဖန် ပြန်တက်သည် စသည်မျှားမပါရှိကြခြင်းမှာ စဉ်းစားစရာ ကောင်းလှပေသည်။

ဤကဲ့သို့သော ဗုဒ္ဓရှင်တော်မြတ်သည် ခြောက်ဝါအလွန် ခုနှစ်ဝါမြောက်တွင် တာဝတိံသာသို့ တက်၍ ဝါဆိုတော်မူကြောင်း၊ အထက်ပါအတိုင်း ယမိုက်တွင်ငင်း ပါရှိလေသည်၊ သို့ရာတွင် တာဝတိံသာကို နှစ်လုမ်းသုံးဖဝါးဖြင့် တက်၍ မယ်တော်နတ်သားကို တရားဟောသည် ဆိုရာတွင် အချို့သော ကျမ်းဆရာဘို့က "မာတရံ ပမုခံကတ္ဝာ" ဟူသော အဘိဓမ္မာအဋ္ဌကထာကိုထောက်၍ နတ်မိန်းမဖြစ်သည်ဟု ဆိုကြပြန်သေးသည်။

ထိုနောက် မဓုသာရတွဲဒီပနီဋီကာကလည်း မယ်တော်မှာ နတ်ယောကျ်ားဖြစ်ကြောင်းကို သံဂါယနာဝင် ကျမ်းတို့၌ မပါကြောင်း၊ ထို့ကြောင့် နတ်မိန်းမပင် ဖြစ်ရမည်ဟု ဆိုထားလေသည်၊ သို့ရာတွင် ထေရ အဋ္ဌကထာ၌ "ဒေဝူပ ပတ္ထိ ပနပုရိသ ဘာဝေနပုတ္တော်ဝ" ဟု ဆိုထားပြန်သည်၊ဓမ္မပဒ အဋ္ဌကထာ၌လည်း "မာတာဘူတ ပုဗ္ဗေသန္တုသိတ ဒေဝပုတ္တော်ဝ" ဟု ဆိုထား၏၊ ၎င်းနောက် အဘိဓမ္မာဝဋ္ဌာရဋီကာ၌ "မာတုဒေဝပုတ္တော်ဝ" ဟူ၍ ဆိုပြန်သေးသည်၊ ၎င်းကျမ်းသုံးကျမ်းကမူမယ်တော်ကို ပြတ်သားစွာပင် နတ်သားဟု ဆိုကြကုန်၏၊ ဤကဲ့သို့ စာပေမျှားကို ရေးသားကြကုန်သော ဆရာမျှားပင် တဦးနှင့်တဦး အယူအဆမတူ

ရှေ့နောက် ကွဲလွဲမှုမျှား အမျှားအပြားရှိ၍ နေကြပေရာအထူး ပင် ဝေဖန်စဉ်းစားဘွယ်ရာမျှား ကောင်းလှပေသည်။

ထိုနောက် အင်္ဂတ္တရနိကာယ်တွင် (၁) ဣဿရနိမ္မာန ဟေတု က ဒိဋ္ဌိ၊ (၂) အဟေတုက အပစ္စယဒိဋ္ဌိ၊ (၃) ပုဗ္ဗေကတ ဟေ တုက ဒိဋ္ဌိ-ဟူသော သုံးမျိုးသော အယူမျှားကို ဗုဒ္ဓရှင် လက်မခံ ကြောင်းပြဆိုထားလေသည်၊ တန်ခိုးတော်ဖြင့် အမျိုးမျိုး အစား စားတို့ကို ဖန်ဆင်းခြင်း၊ မိမိကိုယ်ခန္ဓာကို အကြိမ်အသေး အရွယ် အစားစား၊ နောက်ဆုံး ကိုယ်ကာယသည်ပင်လျှင် ပျောက်ကွယ် သွားလောက်အောင် တန်ခိုးတော်ဖြင့် ဖန်ဆင်းခြင်း၊ နတ်ပြဟ္မာ တို့ ရှိသည်ဟူသော အယူအစွဲမျှား စသည်တို့ကို လက်မခံကြောင်း ပါဠိတော်မျှားတွင် အထင်အရှားပြဆိုထားသည်။

သို့ရာတွင် ယမိုက်တွင်ငင်း၊ ဗုဒ္ဓဝံသတွင်ငင်း ဗုဒ္ဓရှင်သည် အမျိုးမျိုး အဖုံဖုံ အရွယ်အစားစားတို့ကို တန်ခိုးတော်ဖြင့် ဖန် ဆင်းပြသသည်၊ ဗုဒ္ဓရှင်နှင့် ပုံစံတူ ဖန်ဆင်းထားသည်၊ နတ်ပြည် ခြောက်ထပ် တည်ထားသော မြင့်မိုရ်တောင်ထိပ်သို့ နှစ်လှမ်း သုံး ဖဝါးမျှဖြင့် တန်ခိုးတော်နှင့် တက်သည် စသည်တို့ ပါရှိ၍နေပေ သည်၊ ထိုသို့သော တန်ခိုးတော်တို့ဖြင့် အမျိုးမျိုး အစားစား ပုံစံတို့ကို ဖန်ဆင်းပြပြီး တိတ္ထိတို့နှင့် ပြိုင်ဆိုင်သည်ဟူ၍လည်း ပါရှိကြသည်၊ ဗုဒ္ဓရှင်တော်မြတ်ကြီး၏ ဂုဏ်မြောက်မှုအတွက် ချီးကျူး ထောပဏာပြုခြင်းဖြင့် ရည်ရွယ် ရေးသားထားခြင်း များ ဖြစ်ဟန်တူကြသော်လည်း တဘက်သော အယူဝါဒ နတ်စဲ့ ပြဟ္မာစဲ့ ဘုံစဲ့သမားတို့၏ မိမိတို့ အစဲ့တရားမျှား ပျောက်ပျက် မသွားစေရန်၊ ၎င်းတို့ အယူအစဲ့မျှား ခိုင်မြဲစေရန် လုပ်ကြံကြ

သော အခြေအနေသို့သာ လက်တွေ့ ဆက်ဆက်ရောက်ရှိနေသည်မှာ ထင်ရှားလှပေသည်။

ဤကဲ့သို့သော တန်ခိုးတော်နှင့် ပုံစံအမျိုးမျိုး၊ ဖြစ်စဉ် အဖုံဖုံ၊ ကြောက်မက်ဘွယ်ရာ ပုံသဏ္ဌာန် အစားစားတို့ကို ဖန်ဆင်းပြီးလှသားတို့အား ကောင်းကျိုးဆိုးပြစ်၊ ပေးစွမ်း လုပ်ဆောင်ရန် ထာဝရ နတ်ဗြဟ္မာကြီးသည် သူ၏ တန်ခိုးတော်ဖြင့်၊ ရှေ့ဝဘုရားကြီးကို သူကိုယ်တိုင် ဖန်ဆင်းထားလေသည်ဟု ဗုဒ္ဓရှင်မပွင့်ပေါ်မီကာလက ဗြဟ္မာဏပရောဟိတ်များက ရေးသားထားကြသော ဝေဒကျမ်းကြီး လေးကျမ်းတွင် အများအပြား ပါရှိထားကြကုန်သည်၊ ထိုသည့် ရှေ့ဝဘုရားကြီးသည် အဘိညာဉ် ရှစ်ပါးနှင့် ပြည့်စုံသည်၊ ၎င်းအဘိညာဉ်တို့ဖြင့် မြေလျှိုးသည်၊ မိုးပျံနိုင်သည်၊ ကြောက်ခမန်းလိလိ သူ၏ခန္ဓာကိုယ်ကြီးကို ကြီးမားစွာ ဖန်ဆင်းပြနိုင်သည်၊ မုံညှင်းစေ့လောက်ဖြစ်အောင်၎င်း၊ အစွယ်ငါးငါးထွက်၍ ကြောက်မက်ဖွယ် သဏ္ဌာန်အဖြစ်သို့၎င်း၊ ခြေမောလှုပ ရှုမဝရုပ်ဆင်းကိုင်း ဖန်ဆင်း၍ပြနိုင်သည်၊ လူ၏ခန္ဓာကိုယ်မျိုး ပုံစံတုမျှားစွာကိုလည်း ဖန်ဆင်းပြနိုင်သည်ဟူ၍၎င်း စသည်ဖြင့် မြောက်မြားစွာ ပါရှိလေသည်။

ထိုသို့ ဟိန္ဒူ ဗြဟ္မာဏကျမ်းတို့တွင် ဂုဏရနိမ္မာနနှင့် ပတ်သက်၍ရှေ့ဝဘုရားကြီး၏ဂုဏ်ပုဒ်မျှားကို တခမ်းတနားဂုဏ်မြောက်သော စာသားမျှားဖြင့် ပြဆိုထားသည်မျှားကိုတွေ့ရရာ အထက်တွင် ပြဆိုခဲ့သော ဗုဒ္ဓရှင်၏ တန်းခိုးပြာဋိဟာ ပြဋန်းမျှားနှင့် ဆင်တူရိုးမှား အများအပြား ပါရှိနေပေသည်။

ထိုပြင်တဝ ဗုဒ္ဓရှင်ဟောကြား ညွှန်ပြ ဆုံးမတော်မူခဲ့သော အနှစ်သာရတို့နှင့် အပြည့်အဝရှိသော တရားဒေသနာမျှားကို

လေ့လာသိရှိကြရာရာ၌ ဗုဒ္ဓရှင်သည် တပါးသော ပုဂ္ဂိုလ်များနှင့် တူပြိုင်ခြင်း၊ မာန်မာန ထောင်လွှားခြင်း၊ ရန်ညှိုးဖွဲ့ခြင်း၊ ရန်သတ္တုရှုပြုခြင်း၊ အနိုင်ကျင့်ခြင်း၊ ညှင်းပန်းနှိပ်စက်ကလူပြုခြင်း၊ အမျက်စောင်းမာန်ထခြင်းများကို ဖယ်ရှားသုတ်သင်ကင်းစင်စေလျက် ကြီးမားသော မဟာကရုဏာ စေတနာတို့ဖြင့် ဒုက္ခသမုဒယ တရားတို့ ချုပ်ငြိမ်းရာအမှန်ကိုသာ ဟောကြားဆိုဆုံးမတော်မူခဲ့သော ဗုဒ္ဓရှင်ဖြစ်ပေသည်၊ ဤကဲ့သို့ တရားတော်များနှင့် အညီရှိတော်မူသော ဗုဒ္ဓရှင်ကိုယ်တော်မြတ်ကြီးသည် မိမိကိုယ်တိုင်မူ တိတ္ထိတို့နှင့် ဖက်ပြိုင်၍ ရေ-မီး အစုံဖြင့် တန်ခိုးပြာဋိဟာ ပြတော်မူသည်ဟု တခမ်းတနား ဖွဲ့ဆိုကာ ရေးသားဖော်ပြထားခြင်းမှာ လွန်စွာပင် သုတေသန ပြုလုပ်ဘွယ်ရာ ကောင်းလှသော ပြဿနာများသာ ဖြစ်ချေတော့သည်။

သို့ရာတွင် ဗုဒ္ဓရှင်သည် တိတ္ထိတို့နှင့် ပြိုင်ဆိုင်ပြီး တန်ခိုးပြာဋိဟာ တထေပင်ကျော်ပြသည် မပြသည်ကို အပထား၍ နှစ်လှမ်းသုံးဖဝါးဖြင့် တာဝတိံသာသို့ ကြွမြန်းပြီး အဘိဓမ္မာတရားဟောသည်ဟု ဆိုထားခြင်းနှင့် ပါတ်သက်၍ တာဝတိံသာနတ်ပြည်နှင့် မဟာမြင့်မိုရ်တောင် ဆိုသည်တို့၏ တည်ရှိပုံများကိုလည်း၊ ၎င်းတို့ရှိမရှိကိုလည်း သံယုတ်ပါဠိတော်အရ စဉ်းစားကြည့်သင့်လှပေသည်။

ဗုဒ္ဓရှင်သည် ၇-ဝါမြောက်တွင် တာဝတိံသာဘုံသို့ နှစ်လှမ်းသုံးဖဝါးဖြင့် လှမ်းတက်တော်မူပြီး မဟာမြင့်မိုရ်တောင်ထိပ်တွင် တည်ထားသော သိကြားမင်းစံပျော်ရာ တာဝတိံသာဘုံတွင် မယ်တော်နတ်သား အမှူးထား၍ နတ်အပေါင်းတို့အား အဘိဓမ္မာတရား ဟောတော်မူသည်ဟု ဆိုထား၏၊ ဤတွင်

တာဝတိံသာနတ်ပြည်နှင့် ပတ်သက်၍ သံယုတ်ပါဠိတော်များ အရ တင်ပြဦးနှေးလျှင် လက်ရှိ ပါဠိ ပို့ဆက်တို့တွင် အထင် အရှား ပါရှိနေသည်များကို ကျွန်ုပ်တို့နှင့်တကွ ပို့ဆက် တတ် သိနားလည် လိမ္မာကြကုန်သော သုတေသီများ ပညာရှင်များ အားလုံးအသိပင် ဖြစ်ပေသည်။

သိကြားမင်းနေထိုင်ရာ တာဝတိံသာနဟ်ပြည်၏ အကျယ် အဝန်းသည် ယူဇနာ တသောင်းရှိသည်ဟု ဆိုထားသည်၊ ၎င်း နတ်ပြည်သည် ပကတိ မြေပြင်မှာမရှိ၊ မဟာမြင့်မိုရ် တောင်ထိပ် မှာ တည်ထားသည်၊ ထိုမြင့်မိုရ်တောင်ထိပ်မှာလည်း အမြင့်အား ဖြင့် ယူဇနာ ရှစ်သောင်းလေးထောင် နှစ်ပြန်ရှိသည်ဟု ဆိုထား ပြန်လေသည်၊ ထိုမျှကြီးကျယ် မြင့်မားသော မြင့်မိုရ်တောင် ကြီးသည် ယခုနေ့ များရှိလျှင် ကမ္ဘာ့သုတေသီ တောင်တက် အဖွဲ့ဝင်များ သူထက်ငါသွားရောက်၍ အုံးအုံးကြွက်ကြွက်တက် ကြ မည်မှာ သေချာ၍နေပေသည်၊ ၎င်းမြင့်မိုရ်တောင်ထိပ်တွင် တည်ထားသည့် နတ်ပြည်သည် သိကြားမင်းစံပျော်ရာ မြို့တော် ဖြစ်သည်၊ ၎င်းနတ်ပြည်မြို့တော်တွင် ပန်းဥယျာဉ်နှင့်တကွ ရှု မျော်ခင်း အစုံစုံကလည်း ရှိသေးသည်ဟု ဆိုထားသည်၊ ထို့ နောက် နတ်များစည်းဝေးရာဌာန ခန်းမကြီးကလည်း ရှိသေး သေးသည်၊ ဤအထဲတွင် ပဏ္ဍုကမ္ပလာ မြကျောက်ဖျာဆိုသည့် သိကြားမင်းထိုင်သည့် ဆိုဖာကြီးနှင့် နတ်ဧရကန်ကြီး ကလည်း ရှိပြန်သည်၊ ထိုကဲ့သို့ စာပေများက ရေးသား ထား သည်ကို တွေ့ရရာ နတ်ပြည်ဆိုသည်မှာ ပျော်စရာ၊ ရှင်စရာ၊ နေချင်စရာ အလွန်ကောင်းမည်ဟူ၍ စိတ်ကူးယဉ်နှင့် စဲလန်းနေကြမည်မှာ သေချာလှပေ၏။

သို့သော် တာဝတိံသာနတ်ပြည်၏ အကျယ်အဝန်းနှင့် နတ်များ နေသည့် အိမ်ပုံများကို စာဆိုအတိုင်း အကဲ့က်ချ တည် ဆောက် ကြည့်လိုက်လျှင်ကား၊ ဂဂဒ-အိမ်မျှသာ ရှိနိုင်မည်ကို အထင်အရှား တွေ့ကြရပေသည်၊ အဘယ်ကြောင့်ဟူမူ နတ်ကျွန် နတ်ဆင်းရဲ- နတ်မဲ့- နတ်စုတ်တို့၏ အိမ်သည်ပင်လျှင် တအိမ်လျှင် တဆယ့်နှစ်ယူဇနာ အကျယ်အဝန်း ရှိသည်ဟု ဆိုထားရာ ထို တဆယ့်နှစ်ယူဇနာကို အတောင်ဖွဲ့လျှင် အတောင်ပေါင်း ၆၄၀၀ ရှိ၏၊ အလံဖွဲ့လျှင် ၁၆၀၀- ရှိသည်၊ ပေဖွဲ့လျှင်ပေပေါင်း ၉၆၀၀ ရှိသည်၊ ၎င်းပေ ၉၆၀၀-သည် တယူဇနာဖြစ်သည့်အတွက် ၁၂-ယူဇနာ ပေပေါင်း တသိန်း တသောင်း ငါးထောင် နှစ်ရာ ရှိမှ နတ်နေအိမတအိမ် တည်ဆောက်နိုင်ပေမည်။

ထိုသို့ဖြစ်လျှင် တာဝတိံသာ နတ်ပြည်၏ မြေအကျယ်အဝန်း ဖြစ်သည့် ယူဇနာတသောင်းကို တဆယ့်နှစ်ယူဇနာ ရှိသော (၀၂)ပေပေါင်း တသိန်း တသောင်း ငါးထောင် နှစ်ရာရှိသော နတ်ဆင်းရဲအိမ်များ တည်ဆောက်လိုက်လျှင် အိမ်ခြေ ဂဂဒ-အိမ်သာ တည်ရှိနိုင်၍ တာဝတိံသာနတ်ပြည်ဆိုသည်မှာ ယခု မြန်မာနိုင်ငံတော် မဟာရန်ကုန်မြို့တော် အပါအဝင် ဥက္ကလာပ သဒ္ဒကေတ မြို့ကလေးများလောက်မျှ အိမ်ခြေမများသည်မှာ သေချာ၍နေပေသည်။

ဤသို့စာပေအရ နတ်ပြည်ကို စံနစ်တကျ မြေဝေချမ်းပြီး အိမ်ဆောက် ကြည့်လိုက်လျှင် အထက်တန်းစား၊ အလတ်တန်း စား၊ အလယ်တန်းစား၊ နတ်အခွင့်ထူးခံများ မပါသေးဘဲ ခွေး နတ်သား၊ ဖါးနတ်သား စသည့် နတ်ဆင်းရဲ- နတ်မဲ့- နတ်စုတ်

များ၏ အိမ်များနှင့်ပင် ကုန်၍နေလေတော့သည်၊ ဤအတိုင်း ဆိုလျှင် ဆင်းရဲသား ရပ်ကွက်နှင့်ပင် နေရာပြည့်နေသော နတ်ပြည်သို့ နောက်ထပ် သွားနေကြရန်ကို မဆိုထားဘိ၊ လက်ရှိသိကြား, မာတလိ, ဝိသကြ်ံ, တိုလို အာဏာပိုင်တွေပင်လျှင်နေစရာမရှိလောက်အောင်ပင်ဖြစ်၍ နေချေသည်၊ အကယ်၍ မြေကို ခဲ့ရမည်ဆိုလျှင်လည်း၊ မြင့်မိုရ်တောင်ထိပ်မှာ မြေပိုမရှိတော့၊ မြေပြင်ကိုဆင်းပြီး နေကြရန် ဆိုပြန်လျှင် ပို၍ပင် ဆိုးတော့သည်၊ နတ်ဆိုသည်မှာ လူတွေ၏ အနံ့ကို မခံနိုင်၍ ယူဇနာတရာလောက်ကနေပြီး သွားကြသည်ဟု စာပေကဆိုထားသည် သို့လင့်ကစား နတ်တို့၏သေနင်း သိကြားမင်း ကျပြန်တော့လည်း၊ လူပြည်ကို တန္ခုစ်တခါဆင်းပြီး လူထဲတိုးဝင်ကာ သင်းကြန်ရေကစားသည်ဟု ဆို၍ ထားပြန်ချေသည်၊ စဉ်းစားစရာပင်—

သံယုတ်ပါဠိတော် သဂါထာဝဂ္ဂ သံယုတ် အဋ္ဌကထာ ဒေဝပုတ္တသံယုတ် စာမျက်နှာ ၉၄-တွင် သီဟိုအရှင်ဗုဒ္ဓဂေါသ ရေးသားပြဆိုထားသည်မှာလည်း နတ်သားတယောက် တယောက်လျှင် သုံးဂါဝုတ်မျှရှိသည်ဟု ဆိုထားသေးသည်၊ တဂါဝုတ်လျှင် ပေပေါင်း ၂၄၀၀-ဆိုသဖြင့် သုံးဂါဝုတ်တွင် ပေပေါင်း ၇၂၀၀ ရှိနေပေသည်၊ ယင်းသည့် သုံးဂါဝုတ်ရှိသော နတ်သား နေထိုင်ရန် နတ်ဗိဗ္ဘာန်တည်ဆောက်မည်ဆိုလျှင် ထိုသည့် မြေအကျယ်အဝန်းကို ပေတသိန်း တသောင်း ငါးထောင်နှစ်ရာကို ဝေပုံချတွက်ကြည့်လိုက်လျှင် နတ်သား တဆယ့်ခြောက်ယောက်မျှသာ နေထိုင်နိုင်မည့်အခြေတွင် ရှိနေ၏၊ သို့သော် တအိမ်ထောင်လျှင် နတ်သားတယောက်မျှသာ နေသည်ဟု ဆိုထားသဖြင့် တော်ပေသေးသည်။

တဘက်ကလည်း ရှိပြန်ချေသေးသည်၊ခွေးနတ်သား၊ဖါးနတ်သား၊ ဆင်းရဲသား ပါမှုးမျှးပင်လျှင် နတ်သားတယောက်တယောက်မှာ လက္ခဏာတက်မှ တထောင့်ငါးရာ လက်ဝဲဘက်တထောင့်ငါးရာမျှသော နတ်သိမ်းပေါင်း သုံးထောင်ရှိနေပြန်သည်၊ ၎င်း ကိုစာရေးဆရာများက ကိလေသာဝက် သုံးထောင်စက်ကိုဟူ၍ တင်စား ရေးသား ကြဟန်တူသည်၊ နတ်သားတယောက်လျှင် နတ်သိမ် ၃၀၀၀-နှင့်နေသည့် ပြဿနာမှာလည်း စဉ်းစားချင့်ချိန်စရာ အများကြီးရှိပေသည်၊ ၎င်းနတ်သိမ်းဇနီးသည်များကလည်း မောင်တော်ဖြစ်သည့် လင်နတ်သားမှာ သုံးဂါဝုတ်ရှိသည်ဆိုလျှင်မူ ရှေ့သွားနောက်လိုက်ညီမျှရန် အနည်းဆုံးအားဖြင့် နှစ်ဂါဝုတ်ခွဲမျှတော့ ရှိရပေမည်၊ ဤမှုဆက်၍ နတ်သိမ်းများ၏ အိမ်ခန်းများကို တွက်ချက်ကြည့်လိုက်လျှင် အလိမ္မာလာ အခန်းများရှိစဉ်က လူ့ပြည်က နတ်သိမ်းများလောက်ပင် အနေချောင်ကြမည်မဟုတ်သည်ကို အထင်အရှားတွေ့ကြရပေရာ နတ်အိမ်ထောင်ရေး ဇီမံခံကိစ္စ၏ ဂုကျကျ အဆင်မပြေပုံများသည် အများအပြား ပေါ်ထွက်၍ နေလေသည်။

ထို့ထက် ယခုကဲ့သို့ လောကီသိပ္ပံပညာရပ်များ အလွန်မတန်ထွန်းကား တိုးတက်နေသည့် ခေတ်တွင် ဤမျှ ဒုဒယ်ကြီးမားလှသော မြင့်မိုရ်တောင်ကြီးကို ရှာမတွေ့သေးခြင်းမှာ ယနေ့သိပ္ပံပညာရှင်များအဘို့ ညံ့လွန်းရာ ကျနေသောအချက်ပင် ဖြစ်နေသည်၊ စဉ်းလည်း စဉ်းစားစရာပင်။ဤသည့် မြင့်မိုရ်တောင်ကိုရှာမတွေ့သောကြောင့် တာဝတိံသာသွားရန် လက်မှတ်ယူထားကြသည့် လူသားများအဘို့ မည်ကဲ့သို့ အကြံအဖန်လုပ်ကြရမည်ကို စဉ်းစားစရာဖြစ်၍ နေသည်။

ထိုကဲ့သို့ တာဝတိံသာ နတ်ဘုံတွေကို သေချာစွာ ယခုကဲ့သို့ သုတေသန ပြုကြည့်လိုက်ပါလျှင် ရှိနိုင်မရှိနိုင် သဘာဝယုတ္တိကျသည် မကျသည် မှန်သည် မှားသည်များကို ဝေဖန်စိစစ် သိမြင်နိုင်ပေသည်၊ ယင်းကဲ့သို့ နတ်ဘုံ နတ်နန်းတွေ ဆိုသည်မှာ လူသားတို့သွားရောက်နေချင်လာအောင် ပျော်စရာ၊ ရွှင်စရာ၊ သာယာမက် မောစရာ အဖြစ်စိတ်ကူးယဉ်ဆန်ဆန် ရေးသားထားခြင်းသာဖြစ်ပေသည်။

အမှန်အားဖြင့်ဆိုရသော် ဗုဒ္ဓရှင်သည် သူ၏ဝါဒနှင့် လမ်းစဉ်ကို ပြဆိုရာ၌ အနတ္တမမှန့် အနိစ္စဝါဒသာဖြစ်သည်၊ ဟိန္ဒူ။ ဗြဟ္မဝါဏမျှားကမူ အတ္တဝိညာဉ်နှင့် နတ်ဘုံ ဗြဟ္မာဘုံ အယူဝါဒမျှားဖြစ်သည်၊ ဗုဒ္ဓရှင်အနေဖြင့် တန်ခိုးတော်နှင့် ဖန်ဆင်းသောဝါဒကိုလက်မခံကြောင်း ဟောကြားထားပါလျက် ယခုမူ ဗုဒ္ဓရှင်သည် ၆-ဝါအလွန် ၇-ဝါမြောက်တွင် တန်ခိုးတော်နှင့် ပြာဋိဟာဇ်တန်ပြသည်၊ ဗုဒ္ဓရှင်ဖြင့် ပုံစံတူ နိမ္မိတ ကိုယ်ခဲ့ ဖန်ဆင်းသည်၊ ထိုနောက် ထင်ရှားမရှိသော မဟာမြင့်မိုရ်တောင်ထိပ်ကို နှစ်လှမ်း သုံးဖဝါးဖြင့်နင်း၍ တာဝတိံသာ နတ်ဘုံကြွပြီး အဘိဓမ္မာတရားဟောသည်ဟု စာပေကရေးသားထားသည့်အတွက် ကျွန်ုပ်တို့အဘို့ မစဉ်းစားဘဲ မဝေဘန်ဘဲ မနေနိုင်လောက်အောင် ဖြစ်ရချေသည်။

အကြောင်းကား ဗုဒ္ဓရှင်သည် ဟိန္ဒူဗြဟ္မဝါဏအယူဝါဒဖြစ်သည့် အတ္တဝါဒနှင့် နတ်ဗြဟ္မာဘုံများကို လက်မခံ သော်လည်း မဟာကြားသည်မှာ ထင်ရှားလှပေသည်၊ သို့ပါသောကြောင့် ဗုဒ္ဓရှင်သည် လူသားမှဗုဒ္ဓအဖြစ်သို့ ရောက်ရသည်ဖြစ်သောကြောင့် ခန္ဓာ

ငါးပါးနှင့် သစ္စာလေးပါး အခြေခံပြီး အနတ္တမမှ လူ့အဘိဓမ္မာတရားကို လူသားတို့ထံ ချဉ်းကပ်လျက် လက်တွေ့ မျက်တွေ့ ကိုယ်တွေ့ လူသားတို့ ဒုက္ခဆင်းရဲခြင်းတို့မှ ချုပ်ငြိမ်းစေရန် ဟောညွှန်ဆိုဆုံးမတော်မူသည်ကို ကျွန်ုပ်တို့သည် ဦးလည်းမ သုံ ယုံကြည်မှုများ ဖြစ်ပေသည်၊ သို့ရာတွင် ဟိန္ဒူဗြဟ္မဏတို့၏ စိတ်ကူးယဉ်ဆန်သော အတ္တဝါဒနှင့် နတ်ဗြဟ္မာ အယူဝါဒတွေသည် မျက်တွေ့ လက်တွေ့ ကိုယ်တွေ့မဟုတ်သော အယူဝါဒတွေသာ ဖြစ်ပြီး ဗုဒ္ဓရှင်၏ အယူဝါဒများအတွင်း ရောထွေးယှက်တင်ဝင်ရောက် လွှမ်းမိုးလာခြင်းများကိုသာ လက်မခံ တင်ပြနေရခြင်း ဖြစ်ပေသည်၊ ဗုဒ္ဓရှင်သည် ထိုကဲ့သို့ စိတ်ကူးစိတ်သန်းနှင့် အကန်းယုံ အရမ်းယုံဝါဒကို လက်မခံပေ၊ အမှန်စင်စစ်အားဖြင့် သံဒိဋ္ဌကမ္မ အကာလိကမ္မ ဟိပယျိကမ္မ လက်တွေ့ မျက်တွေ့ ကိုယ်တွေ့ဖြစ်သည့် မှန်မြတ်သောတရားကို လူသားတို့အား ဟောပြောညွှန်ပြခဲ့ခြင်းများသာ ဖြစ်လေသည်။

ဗုဒ္ဓရှင်သည် အတ္တဝါဒ အယူရှိကြကုန်သော လူသားတို့အား အတ္တဝါဒကို တော်လှန်ရန် အနတ္တမမှ အနိစ္စဝါဒကို "အတ္တံ-အနိစ္စံ အာဘူတံ" ဟု ကျေငြာလိုက်လေတော့သည်၊ အတ္တသည် (ဝါ) ဝိညာဉ်သည်၊ အဘူတဘာဝ ဖြစ်၍ အစဉ်မြဲသော သဘောမှ ဆိပ်သုဉ်း၏ ဟူသော ဗုဒ္ဓရှင်၏ အနတ္တလက္ခဏာသုတ် မုက္ခပါဒ်ဆည် အတ္တဝါဒကိုလက်ခံကြသော လူသားလောကတခုလုံးကို ကျေငြာလိုက်သော ဧရာမစကားလုံးကြီးဖြစ်လေရာ အတ္တဝါဒ အယူအစွဲရှိကြသော လူသားတို့သည် ဤသို့ကြွေးကြော်လိုက်သော အသံကြောင့် မခံနိုင်ဘဲ ဆတ်ဆတ်တုန် နာကျင်ကြလေကုန်၏။

ဗုဒ္ဓရှင်၏ ကြေးကြော်သံသည် အတ္တဝါဒ အယူအစွဲရှိသူ လူသားတို့၏ ခန္ဓာကိုယ်ကာယတွင် နာပြင်းခံခက် အလွန်ပင် စူးရှလှသော ကြာပွတ် ကြိမ်လုံးနှင့် ရိုက်ခပ်လိုက်ခြင်းဖြစ်၏၊ ဆိုသင့်စ့၊အကြောင်းကား ဗုဒ္ဓရှင်မပေါ်မီ ခေတ်သမယတို့၌ဌင်း၊ ဗုဒ္ဓဖြစ် ထွန်းရာခေတ်အခါ၌ဌင်း၊ ဗုဒ္ဓပရိနိဗ္ဗာန်စံပြီး နောက်ဖြစ်သော နှောင်းကာလ၌ဌင်း၊ ဤကမ္ဘာလောကတွင် ပေါ်ပေါက်ခဲ့ကြကုန်သော လူပညာရှိ၊ ရဟန်း-ပုဏ္ဏား ပညာရှိတို့သည် သတ္တဝါ၏ ဤခန္ဓာကိုယ်ကာယအတွင်း၌ ၎င်းခန္ဓာကိုယ်ကာယနှင့် ခဲမရအောင် တဲစပ်၍သော်ငင်း၊ သို့တည်းမဟုတ် ရုပ်ကာယမှတပါး အခြားသီးသန့်ဟု ခေါ်ဆိုအပ်သော သဘောတရားသည် မုချအားဖြင့် ရှိသည်၊ (ဝါ) အရှိသဘောအားဖြင့် ရှိနေသည်ဟူ၍ စွဲယူထားကြကုန်၏။

ထိုသို့အမြဲရှိသည်ဟု စွဲယူတားကြသော အယူဝါဒကား၊ အတ္တဝိညာဉ် ဖြစ်လေသည်၊ ဤသည့် အတ္တဝိညာဉ်သည် နိစ္စအမြဲသဘော၊ ဓုဝ၊ အတဲ့သဘော၊ သဿတ၊ မလဲ့သဘောရှိ၍ အဝိနာသီ၊ ပျက်စီးချုပ်ပျောက်ခြင်း မရှိသည့်အပြင် သဗ္ဗဗျာပီ၊ အရာ အားလုံး၌လည်း ပျံ့နှံ့၍တည်၏ဟု စွဲယူထားကြကုန်၏။

အကြင်အခါ၌၊ ထိုအတ္တခေါ်ဝိညာဉ်သည် သတ္တဝါ၏ ရုပ်ကာယအတွင်းသို့ ချဉ်းနင်း ဝင်ရောက်၍ ကပ်မှီတည်နေလာ၏၊ ထိုအခါ သတ္တဝါ၏ ရုပ်ကာယ၌ ပူနွေးနွေးရှိသော ဥဿမာဓါတ် မီးတောက်၍ လာမြဲဖြစ်၏၊ ဤတေဇောဓါတ်သည် ဥဿမာဟူသော ဂုဏ်ထူးကို ခံယူသည်နှင့် တပြိုင်နက် ၎င်း၏ ဖြစ်ပေါ်ဖြစ်ဖက် ဝါယောဓါတ်ကြီးသည်လည်း အာယူ၊ ဟူသော နာမံ

သစ်ကို ခံယူလျက် ပူးတွဲဖြစ်ပေါ်လာမြဲ ဓမ္မတာပင် ဖြစ်ချေတော့သည်။

ထိုမှနောက်၌ ၎င်းသတ္တဝါ၏ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ ဟဒယ ဟူသော ခြောက်လုံးသောစက်တို့သည် အစဉ်မပျက် ဆက်ခါဆက်ခါလည်၍ လာကုန်၏၊ ထိုမှတပါး ထိုအတ္တခေါ် ဝိညာဉ်ကလေးသည် အကြင်အခါ၌ သတ္တဝါ၏ ဤကာယ၊ ဤခန္ဓာအတွင်းမှ ထွက်ခွါ၍ သွား၏၊ ထိုအခါ ထိုကာယ၊ ထိုခန္ဓာသည် အေးစက်စက်ကြီး ဖြစ်လာပြီးလျှင် စေတနာကင်းမဲ့သော (၀၊) ဝိညာဉ်မရှိသော ရုပ်ဘဝသို့ ရောက်မြဲဖြစ်၏ဟု ထိုကဲ့သို့သော အနက်သွားနှင့် သဘောတရားရှိသော စေတနာသတ္တဝါကလေးကို လူပညာရှိ ရဟန်းပညာရှိ ပုဏ္ဏားပညာရှိတို့သည် အတ္တဟူ၍၎င်း၊ ဝိညာဉ်ဟူ၍၎င်း နာမ်ဟူ၍၎င်း၊ ခေါ်ဆိုသမုတ်ကြပြီး စဲယူထားကြကုန်၏။

ဤကဲ့သို့ အတ္တဝိညာဉ် အယူအစွဲရှိကြသူများကား အတော်ပင်မနည်းလှပေ၊ ဗုဒ္ဓရှင်သက်တော်ထင်ရှားရှိစဉ်က ထိုသည့် အတ္တဝိညာဉ် အယူအစွဲရှိသူ သစ္စကပရိဗိုက်သည် ဝေသာလီပြည် လိစ္ဆဝီအမျိုးဇာတ်မှ ဆင်းသက်လာသော သစ္စကပရိဗိုက်ဖြစ်လေသည်၊ ထိုသည့် သစ္စကသည် အတ္တ ဝိညာဉ်ဝါဒ ဖြစ်သည့် အမိဘက်ကဝါဒ ငါးရာ၊ အဖဘက်ကဝါဒ ငါးရာတို့ကို သူ၏ ခန္ဓာကိုယ် ဝမ်းဗိုက်ထဲ သွတ်သွင်း၍ ထားလေသည်ဟု ဆိုထားလေသည်။

ထိုသည့် အတ္တဝိညာဉ် တည်၍လာခြင်း၊ ၎င်းအတ္တဝိညာဉ်သည် ထိုသည့်ရုပ်မှထွက်၍သွားခြင်း စသည်တို့ကို အထက်တွင်

တင်ပြ၍ လာခဲ့လေပြီ၊ သို့ရာတွင် သစ္စကပရိုက်သည် အထက်ပါ အတ္တဝိညာဉ်ဝါဒ အယူအစွဲနှင့် ဗုဒ္ဓရှင်ထံသို့ လာရောက်၍ ဆွေးနွေးသည့်အခါတွင် ဗုဒ္ဓရှင်ကိုယ်တော်မြတ်ကြီးက သစ္စကပရိုက်ကို မျက်တွေ့ ကိုယ်တွေ့ဖြစ်သည့် (သံဒိဋ္ဌိက ဓမ္မ) အရ တင်ပြဟောကြားသည်မှာ အောက်ပါအတိုင်းဖြစ်ပေသည်။

မင်္ဂလ ပဏ္ဏာသ ဒီဃနခ သုတ် ပါဠိတော်

အယံပနဂ္ဂိဝေဿန ကာယော၊
ရူပီ စတုမဟာဘူတိကော။
မာတာပေတ္တိကသမ္ဘဝေါ၊
ဩဒနကုမ္မာသူပစယော။ ။

အို....အဂ္ဂိဝေဿန၊ အယံကာယော၊ ဤခန္ဓာကိုယ်ကာယသည်ကား ခေါပန၊ အမှန်စင်စစ် အားဖြင့် ရူပီ၊ ရုပ်ဖြင့်ပြီး၏၊ စတုမဟာဘူတိကော၊ မဟာဘူတ် ဓါတ်လေးပါးတို့သာဖြစ်၏၊ မာတာပေတ္တိကသမ္ဘဝေါ၊ အမိ၊ အဖ နှစ်ဦးတို့၏ သွေးပေါင်းစပ်မှုဖြင့် စခဲ့၏၊ ဩဒနကုမ္မာသူပစယော၊ ထမင်း၊ ဟင်း၊ အဖျော်ယမကာ၊ အစား အစာတို့ကြောင့် ကြီးပွါးတိုးတက်၍ လာခဲ့၏ ဟု ဤကဲ့သို့ ဗုဒ္ဓရှင်သည် သစ္စကပရိုက်ကို မျက်တွေ့ကိုယ်တွေ့ ဖြစ်သည့် (သံဒိဋ္ဌိကဓမ္မ) ကျကျဟောကြားတော်မူ၏။

ကျွန်ုပ်တို့သည် အပြည့်အစုံဖြစ်သော ကိုယ်အင်္ဂါ အစိတ်အပိုင်းတို့နှင့်ဘက္ခ ကြီးထွားရင့်ကျက် အခက်အလက် စုံလင်ပြီးဖြစ်သော လူသားအပါအဝင် အားလုံးသော သက်ရှိသတ္တဝါတို့ကို နေ့စဉ်နှင့်အမျှ တွေ့မြင်၍ နေကြရပေသည်၊ သို့ရာတွ

အမိဝမ်းတွင်း ဥခွံတွင်း စ သည် တို့ ၌ ကိန်းအောင်းလျက် ရင့်ကျက်တိုးတက် နေဆဲဖြစ်သော သက်ရှိသတ္တဝါကို မူကား မမြင်ဘူးဧသးဟု ဆိုရလောက်အောင်ပင် အတွေ့အမြင်နည်းပါး ခဲ့ကြကုန်၏၊ သို့ဖြစ်၍ ထိုသို့ထွားကြိုင်း ရင့်ကျက်ပြီးဖြစ်သော မျက်စိမြင် သက်ရှိသတ္တဝါကို ၎င်း၏ပဋိသန္ဓေတည်နေစဉ် (ဝါ) အမိဝမ်းတွင်း ဥခွံတွင်းစသည်တို့၌ ကိန်းအောင်းနေစဉ်အခါက အသွင်အပြင် အနေအထား ပုံပန်းသဏ္ဌာန်တို့နှင့် ယှဉ်ပြိုင်၍ ပြလိုက်ရပါမူ ၎င်းကိုယ်တိုင်ပင် အံ့သြငေးမော၍ တွေးတော မရနိုင်လောက်အောင် (ဝါ) မယုံကြည် နိုင်လောက်အောင် ကြီးကျယ်လှသော ခြားနားကဲပြားမှုကို တွေ့မြင်ရပေလိမ့်မည်။

သို့စဉ်တမျှ ထူးဆန်း၍ အံ့သြလောက်အောင်ဖြစ်သော လူသား၏ ကိုယ်ခန္ဓာသည် အမိဝမ်းတွင်း ဥခွံတွင်းတည်၍ နေစဉ် အခိုက်အတန့်၌ အထက်နားတွင် ကျွန်ုပ်ဖေါ်ထုတ် ကိုးကား၍ တင်ပြခဲ့သော ဒီဃနခသုတ် ပါဠိတော်နှင့်အညီ အတိအလင်း ခပ်ရှင်းရှင်းနှင့် ဘုင်းဘုင်းပြောဆိုရသော် မြေ-ရေ-လေ-မီး ဟူသော မဟာဘုတ်ခါတ်လေးပါးဖြင့်ပြီးသော အမိ-အဖ နှစ်ဦး တို့၏ သွေးရောစပ်မှုကြောင့် ဖြစ်လာရသော ရုပ်ကလပ် ရုပ်အစု ကလေးသာဖြစ်ချေသည်။

ထိုသည့်အလွန်နုးညံ့သော မဟာဘုတ်ခါတ် သား ရုပ်စု ကလေးသည် မိခင်၏စားသောက်ရှုရှိုက်သော အစာအဟာရ တို့သည် အပြင်လောကမှ မြေ-ရေ-လေ-မီး ခါတ်လေးပါးတို့ဖြင့် အကြောင်းပြု လုပ်ပေးသောကြောင့် တဖြည်းဖြည်း တစတစ တိုးတက်သန်မာထွားကြိုင်း၍ လာခဲ့လေသည်၊ ထိုအမိ၏ ဝမ်း တွင်း ဥခွံတွင်း၌ထိုသတ္တဝါ၏ ဖြစ်စဉ်ပျက်စဉ် တိုးတက်ရင့်ကျက်

စဉ်ကား ထူးခြားခက်ခဲ၍ အလွန်နက်နဲလှစွာ၏၊ သို့ရာတွင် စာဖတ်သူများ လွယ်ကူသဘောပေါက် နားလည်နိုင်ရန် ရေးသားတင်ပြလိုက်ခြင်းဖြစ်ပေသည်။

ဤကဲ့သို့ ဗုဒ္ဓရှင်သည် သတ္တဝါတို့၏ ဖြစ်စဉ်အကြောင်းရင်းပဓါနဖြစ်သည့် မဟာဘုတ်ဓါတ်လေးပါးကို အခြေခံ၍ ဟောကြားတော်မူသည်မှာ လူပညာရှိ-ရဟန်း-ပုဏ္ဏား ပညာရှိများကား ထာဝရ နတ်ဗြဟ္မာဘုရားကြီးသည် သူ၏တန်ခိုးတော်ဖြင့်ဖန်ဆင်းထားသော အတ္တဝိညာဉ်သည် ကောင်းကံ·မကောင်းကံ တို့နှင့် တကွ ဘဝသစ်တွင် ရုပ်ခန္ဓာသစ်ထူထောင် တည်ဆောက်လေသည်ဟု အယူအစွဲရှိကြလေသည်။

ဤနေရာတွင် စာဖတ် သုတေသီတို့အား တင်ပြပါဦးအုံ၊ ကျွန်ုပ်တို့၏ မြန်မာပြည်ရှိ ပိဋကတ်များကို သီဟိုဠ်မှတဆင့် ကူးယူခဲ့သော အရှင်မဟာဗုဒ္ဓဃောသ ဆရာတော်ရေးသား ပြုစုထားတော်မူခဲ့သည်၊ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ အဘိညာဉ်နိဒ္ဒေသ စာမျက်နှာ(၄၅) စာကြောင်းရေ(၃)၌ ရေးသားထားသည်ကို အောက်ပါအတိုင်း တွေ့ရှိဖတ်ရှုရပေသည်။

တဒါစ အာဘာဿရ ဗြဟ္မာလောကေ၊
ပဌမ တရာဘိနိဗ္ဗတ္တာ။
သတ္တာအာရုက္ခယာဝါ ပုညက္ခယာဝါ၊
တတော စဝိတ္ဝာ ဣဓူပ ပဇ္ဇန္တိ။

တဒါစ၊ ထိုလူ့ပြည် တည်သော အခါ၌ အာဘာဿရဗြဟ္မာလောကေ၊ အာဘာဿရဗြဟ္မာဘုံ၌၊ မဠမတရာဘိနိဗ္ဗတ္တာ၊ ရှေးဦး

စ္စာဖြစ်လင့်ကုန်သော၊ သတ္တာ၊ သတ္တဝါတို့သည်၊ အာရုက္ခယာဝါ၊ အသက်ကုန်ခြင်းကြောင့်ဝင်း၊ ပုညက္ခယာဝါ ကံကုန်ခြင်းကြောင့်ဝင်း၊ တတော၊ ထိုအာဘာသရဘုံမှ စဝိတ္ဘာ စုတေ၍ ဣဓ၊ ဤလူ့ဘုံ၌၊ ဥပပဇ္ဇန္တိ၊ လာ၍ ဖြစ်ကုန်၏ဟု ယင်းကဲ့သို့ ဆိုထားလေသည်။

(မှတ်ချက်) ထိုသည့် အာဘာသရဗြဟ္မာသည် အဘယ်ကဖြစ်၍ လာပါသနည်းဟု မေးစရာဖြစ်၍လာပေမည်၊ ဓမ်းသင့်၏၊ လူပြည်က လူသားတို့သည် ကမ္မဋ္ဌာန်း ဘာဝနာကို စီးဖြန်းအားထုတ်သော ကုသိုလ်ကံအဟုန်ကြောင့် အာဘာသရဗြဟ္မာဘုံသို့ ရောက်ရသည်၊ ထိုမှတဖန် ဗြဟ္မာဘုံက စုတေကာ လူလာ၍ ဖြစ်သည်၊ ဤသည့်ကုသိုလ်ကံ အကုသိုလ်ကံ အဟုန်လေးကသာလျင် ကျဉ်လည်၍ဖြစ်သည်ဟု ဆိုထားရာ ဓရောက်၍နေလေတော့သည်။

ထိုကဲ့သို့ ဗုဒ္ဓရှင်သည် တပည့်သာဝကရဟန်းတော်များအား သြဝါဒမိန့်ခွန်းတော် ခမျှတ်သည်မှာ ရဟန်းတို့၊ သင်တို့သည် လှည့်လည်ကြွသွားကြ၍ သတ္တဝါလူသားတို့အား အမှန်တရားကို ဟောညွှန်ကြကုန်လော့၊ ရဟန်းတို့၊ သတ္တဝါလူသားတို့သည် စားသောက်ရေးအတွက်၊ ဝတ်ဆင်မြန်းရေးအတွက်၊ နေထိုင်ရေးအတွက်တို့နှင့် စပ်ဆိုင်၍ ပူပန်ခြင်း ဆင်းရဲတို့နှင့် တွေ့ကြုံဆုံ၍နေကြကုန်၏။

ရဟန်းတို့၊ ထိုသို့သော သတ္တဝါလူသားတို့၏ စားသောက်ရေး၊ ဝတ်ဆင်မြန်းရေး၊ နေထိုင်ရေး စသော အကျိုးစီးပွါးတိုးတက်ရာတိုးတက်ကြောင်း ချမ်းသာသုခ ရရှိစေခြင်း ဒုက္ခတည်းဟူသော ဆင်းရဲတို့မှ အစဉ်ချုပ်ငြိမ်းရန် မဂ္ဂင်ရှစ်ပါး

တည်းဟူသော လူသား‌တို့လိုက်နာပြုလုပ်ရန် လမ်းစဉ်တရား‌များ‌ကို သင်တို့လှည့်လည်၍ ဟောညွှန်ကြကုန်လော့ ဟု မိန့်တော်မူလေ၏။

ရဟန်း‌တို့ ဤကဲ့သို့သော သတ္တဝါလူသား‌တို့အား စီးပွါးဥစ္စာတိုးပွါးရာ တိုးပွါးကြောင်း ချမ်းသာသုခ ရရှိစေခြင်း ဒုက္ခဆင်းရဲတို့မှ ချုပ်ငြိမ်းရန်စသော ပရဟိတ လုပ်ငန်း‌များ‌ကိုလုပ်ဆောင်ကြကုန်လော့၊ ဤကဲ့သို့ သတ္တဝါလူသား‌တို့အား အမှန်တရား‌များ‌ကို ဟောကြား‌ညွှန်ပြ ပရဟိတ လုပ်ငန်း‌ရပ်များ‌ကို လုပ်ဆောင်ရင်း ရဟန်း‌တို့ သင်တို့ တယောက်စား တဝမ်းစာစား‌သောက်ရန် ထိုသတ္တဝါ လူသား‌တို့ထံတွင် အလှူခံ၍ စား‌သောက်ကြကုန်လော့၊ သင်တို့ခန္ဓာကိုယ် အပူအအေး ကာကွယ်ရန် အလှူခံ၍ ဝတ်ဆင်ကြကုန်လောဟု ဗုဒ္ဓရှင်သည် စည်း‌မျဉ်း‌ဥပဒေ ချမှတ်၍ သာသနာပြု စေလွှတ်တော်မူလေသည်။

ဤကဲ့သို့ အထက်ပါ သာသနာပြု လုပ်ငန်း‌များ‌ကို တင်ပြရခြင်းသည် ဗုဒ္ဓရှင်၏ ဓမ္မဂုဏ်တော်အရ ပစ္စုပ္ပန်တွင် လူသား‌တို့အား စစ်မှန်သည့် ဗုဒ္ဓတရား‌တော်များ‌ကို မျက်တွေ့ လက်တွေ့ကိုယ်တွေ့ အကျိုး‌စီးပွား တိုးပွားလာစေရန်၊ ထိုနောက် လူသား‌တို့သည် ယခုပစ္စုပ္ပန်၌ ကိုယ်နှုတ်နှလုံး သုံးပါး‌တို့ဖြင့် ချမ်းသာစွာ စား‌ဝတ် နေထိုင်နှိုင်စေခြင်း ဤမှတဖန် ပစ္စက္ခမျက်မှောက်၌ တတ်စွဲခြင်း တည်းဟူသော ဥပဒါန်တရား‌စုတို့ကို ပယ်ခွါသုတ်သင်ရှင်း‌လင်း‌နိုင်ရေး ဒုက္ခတည်းဟူသော ဆင်းရဲတို့ ချုပ်ငြိမ်း‌စေရန်၊ ရဟန်း‌တို့ အသင်တို့သည် လှည့်လည်ကြသွား‌ကြ၍ လူသား‌တို့အား ဟောကြား‌ညွှန်ပြ ဆုံး‌မကြ ကုန်လောဟု မိန့်တော်မူ၏။

ဤသို့သော ဗုဒ္ဓရှင်တော်၏ စစ်မှန်သောတရားကို ဟော ကြားညွှန်ပြရန်နှင့် သာဝကများ လိုက်နာရန် စည်းကမ်းဥပဒေသ တရားတော်ထုတ်ဆောင်တော်မူသည်မှာ အောက်ပါအတိုင်း ဖြစ် ပေသည်။

စရထ ဘိက္ခဝေ စရိကံ၊
ဗဟုဇန ဟိတာယ။
ဗဟုဇန သုခါယ၊
လောက နုကမ္ပာယ။
အတ္ထာယ ဟိတာယ၊
သုခါယ မနုဿာနံ၊
ဒေသေထ ဘိက္ခဝေ ဓမ္မံ။

(မဟာဝဂ္ဂ မဟာခန္ဓက ပါဠိတော်)

အဓိပ္ပါယ်ကတော့ ရဟန်းတို့ လောကလူသား အများသတ္တဝါ တို့ ပစ္စက္ခမျက်မှောက်တွင် စီးပွားဥစ္စာ ပေါများကြွယ်ဝ၍ ချမ်းသာစွာ နေထိုင်နိုင်ကြရန် လောကလူသား အများသတ္တဝါ တို့ ဒုက္ခတည်းဟူသော ထင်းရဲခြင်း အစာစားတို့မှ ချုပ်ငြိမ်းကြ စေရန် ထိုထိုသောအရပ် မြို့ရွာနိုဂုံး ဇနပုဒ်တို့မှမကျန် ဒေသန္တရ အစာစားသို့ လျှောက်သွား လှည့်လည်ကြကုန်ပြီးလျှင် တရား တော်ကို ဟောကြား ပြသကြကုန်လော၊ လောကလူသား အပေါင်းတို့သည် အမှားအမှန် ခွဲခြားရှု၍ သိလိုကြကုန်၏၊ တရား မှန်ကို မကြားနာကြရ၍သာ စီးပွားဥစ္စာများ ဆုတ်ယုတ်ကြ ကုန်သည်၊ တရားမှန်ကို ထုတ်ဖော် ဟောညွှန်ပါက အမှန်တရား ကို လိုက်နာကျင့်ဆောင်လိုကြကုန်၏။

အထက်ပါ စကားတော်သည် ဗုဒ္ဓရှင်တော် မိဂဒါဝုန်တော တောတွင် ပထမဝါဆိုပြီးနောက် တန်ဆောင်မုန်းလလောက်တွင် ဟောတော်မူချက် ဖြစ်သည်၊ ဤစကားတော်ကို ရဟန်းတော်တို့ အား ဟောကြားညွှန်ပြတော်မူပြီး ဗုဒ္ဓရှင်တော်၏ သာသနာ တော် စည်ပင်ပြန့်ပွား ကြီးထွားတိုးတက်လာရန် သာသနာပြု စေလွှတ်တော်မူ၏။

ဤကဲ့သို့ ဗုဒ္ဓရှင်တော်သည် သာဝကများအား လျှောက် သွား လှည့်လည်၍ အမှန်တရား ဟောကြားညွှန်ပြကြရန် စေ လွှတ်တော်မူသည်မှာ လောကလူသားတွေ့ ပစ္စက္ခမျက်မှောက်၌ စီးပွားဥစ္စာ တိုးတက်ကြီးပွား၍ ချမ်းသာစွာ နေထိုင်ရမှု ဗုဒ္ဓ ရှင်တော်၏ စစ်မှန်သည့် တရားတော်သည် အဓွန့်ရှည်စွာတည်၍ နေစေခြင်း၊ ၎င်းနောက် ဗုဒ္ဓရှင်တော်၏ တရားကို ခံယူကြကုန် သော ရဟန်းတော်များလည်း ဝတ်ရေးစားရေးကစ စတုပါဒိ သုဒ္ဓိသီလ လေးပါးကို တည်တန့်စွာ ကျင့်သုံး ဆောက်တည်နိုင် စေခြင်းအလို့ငှါ ဤကဲ့သို့ သာသနာပြု စေလွှတ်ခြင်း ဖြစ်ပေ သည်။

ဤသို့သော သာဝကများကို သာသနာပြု စေလွှတ်တော် မူသည့်အခါတွင် ဗုဒ္ဓရှင်သည် သာဝကများကို ဆုံးမညွှန်ကြား လိုက်သည်မှာ ရဟန်းတို့၊ သာသနာပြုလုပ်ငန်း လုပ်ဆောင်ကြ သည့်အခါမှာ ဒကာ ဒကာမများက ကြည်ညိုသဒ္ဓါ၍ လေးဖြာ သော ပစ္စည်းများဖြင့် ထောက်မ ကျေးမွေးရေး ပြုလုပ်၍ ကိုး ကွယ်ကြစေကာ သင်တို့သည် ပစ္စည်းလေးပါးတို့ရော ဒကာ ဒကာမတို့ကိုပါ တွယ်တာမက်မောစွဲလန်းပြီး မနေကြကုန်လင့် လှည့်လည်၍သာ သွားရောက်ကြ၍ တရားတော်ကိုသာ ဟော

ညွှန်ပြသကြကုန်၊ အကြောင်းကား ရဟန်းတော်များသည် တဦး တည်းနေ၊တဦးတည်းအိပ်၊ တဦးတည်းစား၊ ပေါ့သောဝန် ထမ်း ဆောင်ရပေမည်ဟု မိန့်ကြားတော်မူ၏။

ဗုဒ္ဓရှင် မိန့်တော်မူသည်မှာ လူသားတို့ကဲ့သို့ ကိုယ်ပိုင်ဆိုင်ရာ ဌာန၊ ဒကာ၊ ဒကာမ၊ ရွာ၊ မြို့ဟု သီးခြားပိုင်ဆိုင်နှိုင်ခွင့် မရှိ စကောင်း၊ မရှိအပ်၊ ထိုစကားသည် မှန်လှ၏၊ ဗုဒ္ဓရှင်တော်၏ ဓမ္မအမွေခံကြသော ရဟန်းတော်များမှာ လောကလူသားများ စွာတို့ ကောင်းကျိုးဆောင်ရွက်ရန် ရှေ့ဆောင်နည်းပြ ဟော ညွှန်ကြသော ဆရာများသာလျှင် ဖြစ်ကြကုန်၏။

ဤကဲ့သို့ ဗုဒ္ဓရှင်သည် အမှန်တရား တည်တန့်တိုးပွားစေရန် ရဟန်းတော်များကို မြို့ရွာနိုဂုံး မင်းနေပြည်တော်တို့ကို လှည့် လည်ကြွသွားကြပြီးလျှင် လူသားအပေါင်းတို့အား အမှန်တရား ကို ဟောကြားညွှန်ပြကြကုန်လော့ဟု မိန့်တော်မူ၏။

စတုကဏ်ထိုး၏ ဥရုဝေလဝဂ်

ဗုဒ္ဓရှင်သည် ရဟန်းတို့အား မျက်စိ နား နှာ လျှာ ကိုယ်တို့ တွင် ရာဂစသည် ဥပါဒါန်တရားတို့ ငြိမ်းအေးကြောင်း ကျင့် စဉ်တရားများကို ဟောကြားညွှန်ပြ၍ ဆုံးမတော်မူလေသည်။

ရဟန်းတို့၊ ဤသာသနာတော်၌ ရဟန်းတို့သည် ရသမျှသော သက်နှံးဖြင့် တင်းတိမ်ရောင့်ရဲ၏၊ ထိုသည့်သက်နှံးနှင့် စပ်လျဉ်း၍ မအပ်စပ် မသင့်တော်သော ရှာမှီးခြင်းကို မပြုလုပ်၊ သက်နှံးမရ၍ လည်း မတုံလှုပ်၊ မချောက်ချား ရသောသက်နှံးကိုလည်း မတပ် စွန်းမစွဲလမ်း၊ ထိုသည့်သက်နှံးကိုလည်း မက်မက်မောမော သုံး

ဆောင်မှကျဉ်ရှောင်၍ အပူအအေး ကာကွယ်ရန်မျှ သုံးဆောင်၏၊ ထိုသို့ ရဌိသော သက်နှ်း၌ တပ်စွဲခြင်းမှ ကျဉ်ဖယ်၍ တင်းတိမ်ရောင့်ရဲသော အကျင့်ဖြင့် နေထိုင်ကြကုန်လော့၊ ဤသို့သက်နှ်းကိုရရှိရာ၌ မိမိလည်းသွေးမကြွ၊ သူတပါးကိုလည်း ကဲ့ရဲ့ရှုံချခြင်းမှရှောင်ကျဉ်ကြကုန်လော့ ရဟန်းတို့ထိုသို့သောအစွဲဥပါဒါန် ချုပ်ငြိမ်းရေးဖြစ်သည့် ကျင့်စဉ် တရား၌ လုလ္လထားရှိ မပျင်းရိဘဲ ကျင့်ကြကုန်လော့။

ရဟန်းတို့၊ ထိုနောက် သင်ရဟန်းတို့သည် ရသမျှသော အစာအဟာရတို့ဖြင့် တင်းတိမ်ရောင့်ရဲခြင်းနှင့် နေထိုင်၍ တရားကို ကျင့်ကြကုန်ရာ၏၊ ရဟန်းတို့သင်တို့၏ ကိုယ်ကာယ မျှတနေထိုင်နှိုင်ရေး အလို့ငှာ ဆွမ်းကိုလူသားတို့ထံတွင်အလှူခံ၍စားသောက်ကြကုန်လော့၊ ဤသည့်ဆွမ်းနှင့်စပ်လျှဉ်း၍ မသင့်တော် မအပ်စပ်သော ရှာမှီးခြင်းကိုလည်း မပြုလုပ်ကုန်ကြလင့်၊ ဆွမ်းမရ၍ မဆုတ်မနစ်ကြကုန်လင့်၊ အလှူခံ၍ရသောဆွမ်းကိုလည်းတပ်မက်ခြင်း စွဲလမ်းခြင်း၊ မက်မောခြင်းတို့မှ ကျင်ဖယ်၍ ခန္ဓာကိုယ်မျှတနေထိုင်နှိုင်ရေး တရားကို ကျင့်ကြံအားထုတ်နှိုင်ရေး အလို့ငှာ ထားလျက် သုံးဆောင်ကြကုန်လော့၊ ထိုကဲ့သို့သော ရသမျှသောဆွမ်း၌ တင်းတိမ် ရောင့်ရဲခြင်းဖြင့် နေထိုင်၍ မိမိလည်းသွေးမကြွ သူတပါးတို့ကိုလည်း ကဲ့ရဲ့ရှုံချခြင်းမှ ရှောင်ကျဉ်ကြကုန်လော့၊ ရဟန်းတို့ ထိုသို့သော အစွဲဥပါဒါန် ချုပ်ငြိမ်းရေးဖြစ်သည့် ကျင့်စဉ်တရား၌ လုလ္လထားရှိ မပျင်းရိဘဲ ကျင့်ကြံကြကုန်ရာ၏။

ရဟန်းတို့၊ သင်တို့သည် ရသမျှသော ကျောင်း၊ အိပ်ရာ၊ နေရာဖြင့် တင်းတိမ်ရောင့်ရဲ၍ နေကြပြီးလျှင်တရားကိုကျင့်ကြံကြကုန်ရာ၏၊ ရဟန်းတို့ သင်တို့သည် ကျောင်း၊ အိပ်ရာ၊ နေရာမတို့ကို ရလိုမှုနှင့် စပ်လျှဉ်း၍ မအပ်စပ် မသင့်တော်သော ရှာမှီခြင်းတို့ဖြင့် မပြုလုပ်ကုန်ကြလင့်၊ ကျောင်း၊ အိပ်ရာ၊ နေရာ ရ၍လည်း၊ မဆင်းရဲမကြောင့်ကြကုန်ကြလင့်၊ ကျောင်းအိပ်ယာ၊ နေရာရ၍လည်း ထိုသည့်ကျောင်း၊ အိပ်ရာ၊ နေရာတို့ကိုတတ်မက်ခြင်း၊ စွဲလမ်းခြင်း၊ မက်မောခြင်းတို့ကို ကျဉ်ဖယ် စွန့်ခွာ၍ ဤသည့်ကျောင်း၊ အိပ်ရာ၊ နေရာတို့သည်၊ နေပူမိုးရွာ ကာကွယ်ရန်အလို့ငှာဌင်း ရပ်-ထိုင်-လျောင်း-သွား လေးပါးသော အရိယာပုတ် မျှတရန်အလို့ငှာ သုံးဆောင်၍ တရားကိုသာ ကျင့်ကြံကုန်ရာ၏၊ ထိုသို့သော ရသမျှ ကျောင်း၊ အိပ်ရာ၊ နေရာ တို့၌ တင်းတိမ်ရောင့်ရဲ၍ နေထိုင်ခြင်းသည် မိမိလည်း သွေးမတက်ကြွ၊ တပါးသောသူကိုလည်း ကဲ့ရဲ့ခြင်းတို့ကို ရှောင်ကျဉ်ကြကုန်ရာ၏၊ ရဟန်းတို့ ထိုသို့သော ကျောင်း၊ အိပ်ရာ၊ နေရာ တို့ကို ရောင်ရဲတင်းတိမ်ခြင်းဖြင့် နေထိုင်ကြကုန်ပြီးလျှင် တတ်စွဲခြင်း ဥပါဒါန် ချုပ်ငြိမ်းရေးဖြစ်သည့် ကျင့်စဉ်တရားကို လုလ္လထား ရှိ မပျင်းရိဘဲ ကျင့်ကြံကြကုန်လော့။

ရဟန်းတို့၊ ထို့ပြင် ဤသာသနာတော်၌ သက်ဝင်ယုံကြည်၍ ဝင်ရောက်ပြီး ရဟန်းပြုကြကုန်သော အသင်တို့သည် ကိလေသာတည်းဟူသော အစွဲဥပါဒါန် ချုပ်ငြိမ်းသည့် ကျင့်စဉ်တရားနှင့် မွေ့လျော်ပျော်ပိုက်ကြ ကုန်ရာ၏၊ ထိုသည့် ကိလေသာတည်းဟူသော အစွဲဥပါဒါန်တရားတို့ကို ပယ်စွန့်ရေး၌ မွေ့လျော်ပျော်ပိုက်ခြင်းဖြင့် မိမိလည်းမတက်ကြွ ၊သူတပါးကိုလည်း မကဲ့

ရဲ့ မရှုတ်ချတော့ချေ၊ ရဟန်းတို့၊ ထိုသို့သော ကိလေသာ အစဲ့ဉပါဒါန်တရားတို့ကို ပယ်စွန့်ရေးအကျင့်တရားကို လုံးလ့ထုတ်၍ မပျင်းမရိ ကျင့်ကြံအားထုတ်မှသာလျှင် အစဲ့ဉပါဒါန် ဖြူစင်ရေးဖြစ်သည့် အရိယာတို့ ကျင့်စဉ်တရား၌ တည်နေကြကုန်သော ရဟန်းများဟု ဆိုအပ်ပေ၏။

ရဟန်းတို့၊ ဤလေးပါးသော တရားတို့သည် ကိလေသာအစဲ့ဉပါဒါန်တို့မှ ဖြူစင်သော အရိယာတို့ ကျင့်စဉ်တရားများဖြစ်၏၊ ရဟန်းတို့ ထိုသို့သော ကိလေသာ အစဲ့ဉပါဒါန်တရားစုတို့ ချုပ်ငြိမ်းသော တရားကို အမြတ်အထွတ်တရားဟု ဆိုအပ်ကုန်၏၊ ဤသည့်ကိလေသာ အစဲ့ဉပါဒါန်တရားတို့၏ ချုပ်ငြိမ်းသောတရားသည် ကျင့်စဉ်၊ ကျင့်ရိုးတရားများဖြစ်၏၊ လက်သစ်တရားတို့နှင့် မရောနှောကုန်၊ မစပ်ဆက်အပ်ကုန်၊ မဆက်ဆံကုန်လတ္တံ့ ကိလေသာ အစဲ့ဉပါဒါန်တရားတို့ ငြိမ်းအေးကြောင်း ကျင့်သူ ငြိမ်းအေးပြီးသူ (၀၊) ထိုတရားစုများကို ပယ်စွန့်ပြီးသူပညာရှိတို့သည် ထိုတရားများကို မစွန့်လွှတ်ကြ မပစ်ပယ်ကြကုန်။

ရဟန်းတို့၊ ဤအရိယာတို့ (၀၊) ကိလေသာ အစဲ့ဉပါဒါန်တရားတို့၏ ချုပ်ငြိမ်းသည့် ကျင့်စဉ်တရားလေးပါးတို့နှင့် ပြည့်စုံသော ရဟန်းတို့သည် အရှေ့ အရပ်၌ နေသည် ဖြစ်စေ၊ အနောက်အရပ် တောင်အရပ် မြောက်အရပ်တို့၌ နေသည်ဖြစ်စေ ထိုရဟန်းတို့သည်သာ ကိလေသာ အစဲ့ဉပါဒါန်တရားတို့ကို ခုခံကာကွယ်၍ ဖျက်ဆီးပစ်နိုင်ကုန်၏၊ ဤသည့် ရဟန်းတို့ကို ကိလေသာ အစဲ့ဉပါဒါန်တရားတို့က မလွှမ်းမိုး မနှိပ်စက်နိုင်၊ ထိုသည့်ရဟန်းတို့သည် ကိလေသာ အစဲ့ဉပါဒါန် ချုပ်ငြိမ်းသည့်

အမှန်တရားနှင့်သာ တည်၍နေလေ၏ဟု ရဟန်းတို့အား ဗုဒ္ဓရှင်သည် ဟောကြားညွှန်ပြ ဆုံးမတော်မူ၏။

ဤကဲ့သို့ ဗုဒ္ဓရှင်သည် တပ်စွဲခြင်းတဏှာ ဥပါဒါန်တရားတို့ ချုပ်ငြိမ်းသည့် ကျင့်စဉ်တရားကို လူရောရှင်ပါ သတ္တဝါအပေါင်း တို့အား လှည့်လည် ကြွသွားတော်မူပြီးလျှင် ဟောကြားညွှန်ပြ ဆုံးမတော်မူလေသည်၊ သာဝကများဖြစ်ကြသော ရဟန်းတော်များကိုလည်း တနေရာတည်းရပ်တည်ပြီးမနေဘဲ လှည့်လည်သွားကြ၍ လူသားအပေါင်းတို့အား အစဉ်ဥပါဒါန်နှင့်တကွသော ဒုက္ခဆင်းရဲတို့သည် ပစ္စက္ခမျက်မှောက်တွင် ချုပ်ငြိမ်းပြီးအေးငြိမ်းသည့် တရားကို ရရောက်ကြစေခြင်းငှာ ရဟန်းများကိုလည်း သြဝါဒပေးပြီး စေလွှတ်တော်မူလေသည်။

သို့ရာတွင် ဗုဒ္ဓရှင်သည် လူသားတို့အား အမှန်တရားကို ဆုံးမဟောကြားသည့် အခါတွင် လူသားအပေါင်းတို့သည် အမှန်တရားများကို မိမိတို့ရရောက်ကြကုန်သည်ဖြစ်၍ ဗုဒ္ဓရှင်နှင့်တကွသော သာဝက ရဟန်းတော်များကိုပါ ကြည်ညိုသဒ္ဓါပွါးများလာကြ၍ လေးပါးသော ပစ္စည်းများကို ပေးကမ်း စွန့်ကြဲလှူဒါန်းလိုကြသော သဒ္ဓါတရားများဖြစ်၍ လာကြကုန်၏၊ သို့ရာတွင် ဗုဒ္ဓရှင်နှင့်တကွ သာဝကများသည် လိုအပ်သမျှသာ အလှူခံယူကြပြီးလျှင် သုံးဆောင်ကြကုန်၏၊ လူသားတို့သည် ဤကဲ့သို့သော ကြည်ညိုသဒ္ဓါပွားများကြသည်ကို အကြောင်းပြု၍ ရဟန်းတို့အား ဗုဒ္ဓရှင်ဟောကြား ညွှန်ပြ ဆုံးမတော်မူသည်မှာ အောက်ပါအတိုင်းဖြစ်လေ၏။

ပဉ္စဂ္ဂါထိုရ် ယောဓါဇီဝဝဂ် ဒဿမ

ကလျာဏကာမီသုတ်

ရဟန်းတို့၊ ဤသာသနာတော်၌ နောင်ဖြစ်ပေါ် လာမည့် ဘေးငါးမျိုးတို့သည် ယခုမဖြစ်ပေါ်ကုန်သော နောင် အခါ ကာလတွင် ဖြစ်ပေါ်၍လာပေမည်၊ သင်တို့သည် ထို့ဖြစ်ပေါ် လာမည့် ဘေးငါးမျိုးတို့ကို ယခုကတင်ကြို သိအပ်ကုန်၏၊ ဤ ကဲ့သို့ နောင်ဖြစ်ပေါ်လာမည့် ဘေးငါးမျိုးတို့ကို ယခုပစ္စက္ခ မျက်မှောက်မှနေ၍ ပယ်ဖျက်ရန် လုလွှဲကိုက်ထုတ်ကြကုန်ရာ၏။။

အဘယ်ဘေးတို့နည်း—

ရဟန်းတို့၊နောင်အခါတွင် ယခုဝတ်ရုံနေသော အဝတ်သက်နှံး ထက် ကောင်းမွန်သော အဝတ်သက်နှံးကို တပ်မက်စဲလမ်းခြင်း ဖြစ်ကုန်သော ရဟန်းတို့ဖြစ်ပေါ်လာကုန်လတ္တံ့၊ ထို့ရဟန်းတို့ သည် သက်နှံးကောင်းကို ကြိုက်ကုန်ကြ၍ ယခုဝတ်ရုံနေသော ဖျင်ကြမ်း အဝတ်တို့ကို ပစ်ပယ်ကုန်လတ္တံ့၊ ဘော-တောင် အရပ် လူတို့မှ ကင်းဝေးရာအရပ်တို့မှ နေထိုင်ကြကုန်သော ကျောင်း အိပ်ရာ နေရာတို့ကိုပယ်စွန့်ကုန်လတ္တံ့၊ ထို့ရဟန်းတို့သည် ရွာ-နိုဂုံး မင်းနေပြည်တို့သို့ လူတို့နှင့်ရောနှော၍ နေထိုင်ကုန်လတ္တံ့၊ ဤကဲ့ သို့ နေထိုင်ကြပြီးလျှင် သက်နှံးကောင်းရလိုမှုနှင့် စပ်လျဉ်း၍ အထူးထူးအပြားပြား မျှားစွာသော မရှာမှီးအပ်သည်ကို ပြုလုပ် ဟောပြောခြင်းတို့ဖြင့် ရှာမှီးကုန်လတ္တံ့၊ ရဟန်းတို့ ဤနောင် ဖြစ်ပေါ်လာမည့် အနာဂတ်ဘေးသည် ယခု မဖြစ်ပေါ်သေး နောင်ဖြစ်ပေါ်လတ္တံ့ သင်တို့သည် နောင်ဖြစ်ပေါ်လာမည့်

ဘေးကို ယခုကတင်ကြိုကာ သိရှိနိုးကြားကြကုန်၍ ပယ်ဖျက်ရန် လူလွှစိုက်ထုတ် အပ်ကုန်၏။

ရဟန်းတို့ ထိုမှတပါးတံ့ နောင်အခါတွင် ဆွမ်းကောင်းကို တပ်စွဲခြင်းရှိကုန်သော ရဟန်းတို့သည် ဖြစ်ပေါ်ကုန်လတ်တံ့၊ ၎င်းတို့သည် ဆွမ်းကောင်းကို တပ်မက်စွဲလန်း ကြကုန်သည်ဖြစ်၍ ဆွမ်းခံအကျင့်ကို ပစ်ပယ်ကုန်လတ္တံ့၊ တော- တောင်- အရပ်လူတို့မှ ကင်းဝေးရာ အရပ်တို့မှ နေထိုင်ကြသော ကျောင်း-အိပ်ရာ နေရာတို့ကိုပယ်စွန့်ကုန်လတ္တံ့၊ လျှာဖျားဥကောင်းမြတ်သော အရသာတို့ကို ရှာကြံလို၍ ရှာ-နိုဂုံး- မင်းနေပြည်ကြီးတို့ဥ လူတို့နှင့် ရောနှောသက်ဝင် နေထိုင်ကုန်လတ္တံ့၊ ထိုရဟန်းတို့သည် ဆွမ်းနှင့် စပ်လျဉ်း၍ မအပ်စပ် မတော်လျော်သည့် အထူးထူး အထွေထွေ အပြားပြားသော ရှာဖွေခြင်းမျိုးတို့ကို ပြုလုပ်ဟော ပြော ရှာမှီးကြကုန်လတ္တံ့၊ ရဟန်းတို့ ဤဒုတိယ အနာဂတ်ဘေး သည် ယခုမဖြစ်ပေါ်သေးကုန် နောင်ဖြစ်ပေါ်လတ္တံ့၊ သင်တို့သည် ထိုဘေးကို ယခုကတင်ကြိုသိရှိ နိုးကြားကြကုန်၍ ပယ်ဖျက်ရန် လူလွှစိုက်ထုတ်အပ်ကုန်၏။

ရဟန်းတို့ ဤမှနောင်အခါ၌ကျောင်း-အိပ်ရာ-နေရာကောင်း တို့ကိုတပ်မက်မောသောရဟန်းတို့သည် ဖြစ်ပေါ်ကုန်လတ္တံ့ ထို ရဟန်းတို့သည် ကျောင်း-အိပ်ရာ-နေရာကောင်းတို့ကို တပ်မက် စွဲလမ်းကြကုန်၍ ယခုနေထိုင်ကြသော တော- တောင်- အရပ် လူသားတို့နှင့် ဝေးကွာသော ဆိပ်ငြိမ်ရာအရပ်တို့မှ ကျောင်း-အိပ်ရာ-နေရာတို့ကို စွန့်ပစ်ကြပြီးလျှင် ထိုရဟန်းတို့သည် ရှာ-နိုဂုံး-မင်းနေပြည်ကြီး တို့၌ လူသားတို့နှင့် ရောနှော သက်ဝင်၍

နေထိုင်ကြကုန် လတ္တံ့၊ ဤကဲ့သို့ နေထိုင်ကြပြီးလျှင် ဇကျောင်း-အိပ်ရာ-နေရာတို့နှင့်စပ်လျဉ်း၍ အထေ့ထေ့ အထူးထူး အပြားပြား မအပ်စပ်သော ရှာမှီးခြင်းတို့ဖြင့် ဟောပြော ပို့လုပ်ကြကုန်လတ္တံ့၊ ရဟန်းတို့ဤတတိယအနာဂတ်ဘေးသည် ယခုမဖြစ်ပေါ်သေးချေ၊ နောင်အခါဖြစ်ပေါ်လတ္တံ့ သင်ရဟန်းတို့သည် ယခုမှ တင်ကြို၍ သိရှိနိုးကြားကြကုန်၍ ထိုဘေးကိုပယ်ဖျက်ရန် လုလွန်စိုက်ထုတ်အပ်ကုန်၏။

ရဟန်းတို့ ထိုမှတပါး နောင်အနာဂတ်အခါ ရဟန်းမရသေ့မ-သာမဏေတို့နှင့် ရောနှောသက်ဝင် နေထိုင်ကုန်သော ရဟန်းတို့ ဖြစ်ပေါ်ကုန်လတ္တံ့၊ ရဟန်းတို့ ရဟန်းမ-ရသေ့မ-သာမဏေတို့နှင့် ရောနှောသက်ဝင် ဆက်ဆံနေထိုင်ခဲ့သော် ထို ရဟန်းတို့သည် မမေ့လျော့ မပျော်ပုတ်ဘဲ သာသနာတော်ကို ကျင့်ကြရကုန်၏၊ ထို့ပြင် ဆိုးဝါးညစ်ငြမ်းသော အာပတ်တစုံတခု ကိုသော်လည်း ရောက်ကုန်လတ္တံ့၊ တရားတော်ကိုကျင့်ကြံအားထုတ်ရန် အားနည်းလာကြကုန်ပြီးလျှ် လူဝတ်သော်လည်း ဝတ်ဆင်ကြကုန်လတ္တံ့ ရဟန်းတို့ ဤစတုတ္ထအနာဂတ်ဘေးသည် ယခုမဖြစ်ပေါ်သေးချေ နောင်အခါဖြစ်ပေါ်လတ္တံ့၊ ရဟန်းတို့ သင်တို့သည် ထိုဘေးမျိုးတို့ကို ယခုတင်ကြို သိရှိနိုးကြားကြကုန်၍ ဤဘေးမျိုးတို့ကို ပယ်ဖျက်ရန် လုလွန် စိုက်ထုတ်အပ်ကုန်၏။

ရဟန်းတို့၊ ထိုမှတပါးတံ့ နောင်အနာဂတ်အခါ၌ အာရာမ်စောင့်-သာမဏေ-ကပ္ပိယတို့နှင့် ရောနှောသက်ဝင် နေထိုင်ကုန်သော ရဟန်းတို့ဖြစ်ပေါ်ကုန်လတ္တံ့ အာရာမ်စောင့်သာမဏေ

၏ မူလရုပ်လုံးကိုခွဲခြားရာ၌ ပဓာန လက်သယ်ဖြစ်ချေတော့သည်၊ မှန်လှ၏၊ ဟိန္ဒူယောဂီတို့၏ လမ်းစဉ်သည်ကား ရှေ့ပိုင်းတွင် ကျွန်ုပ်တင်ပြခဲ့လေပြီ။

ဗုဒ္ဓရှင်၏ အစစ်အမှန်ဖြစ်သော လမ်းစဉ်ကား လူသားတို့၏ ပခက်မှ ခေါင်းသို့မရောက်မှီ လူသားတို့၏ ပစ္စက္ခ မျက်မှောက်၌ တပ်စွဲခြင်း ဥပါဒါန်တရားတို့ ချုပ်ငြိမ်းရန်ဖြစ်သည့် ရှစ်ပါးသော လမ်းစဉ်ကိုသာ ဟောညွှန်တော်မူသည်၊ ဟိန္ဒူတို့၏ လမ်းစဉ်သည်ကား လူသားတို့သေပြီး သင်းချိုင်းကုန်း ဟိုမှာဖက် ဖြစ်သော ဘုံနန်းရိပ်သာတို့တွင် ဇိမ်ရတနာ အမျိုးမျိုးတွေခံ စံစားရလေအောင် ယခုပစ္စက္ခမျက်မှောက်တွင် တည်ရှိနေသည့် ခန္ဓာကိုယ်ဆင်းရဲဒုက္ခကိုသင်လူသားတို့ အောင့်အီးသည်းခံပြီးကျွန်ုပ်တို့ညွှန်ပြသော ကုသိုလ်ကံတရားတို့နှင့်တက္ခ သမထယောဂ လမ်းစဉ်ကို ကျိုးစားအားထုတ်လိုက်စမ်းပါဟု ဆိုထားလေတော့သည်။

ကျွန်ုပ်တို့ ဗုဒ္ဓရှင်၏ အစစ်အမှန်ဖြစ်သည့် လမ်းစဉ်သည်ကား (အယံဓမ္မောသဒိဋ္ဌိကော အယံဓမ္မောအကာလိကော အယံဓမ္မောဧဟိပဿိကော)ဟု လူသားတို့အား ထုတ်ဖော်ညွှန် ပြတော်မူခဲ့ပေ၏၊သို့ပါသောကြောင့် ဗုဒ္ဓရှင်သည် လူသားတို့မျက်မြင် နားကြားကိုယ်တွေ့ မဟုတ်သော သင်းချိုင်းကုန်း ဟိုမှာဘက် ဖြစ်သည့် ဘုံနန်းရိပ်သာ ရှိသည်ဟူသော အနုမာန မျက်ရမ်းဆ၍ လူသားတို့အား စိတ်ကူးယဉ်ဖြင့် မဟောကြား ခဲ့သည်ကို အထက်ပါ ဓမ္မဂုဏ်ကို ထောက်ရှုသောအားဖြင့် ထင်ရှားပေ၏။

သို့ရာတွင် ဟိန္ဒူလမ်းစဉ်ကမူ (သံပရာယီကဓမ္မ) ဖြစ်၏၊ သမထ ကျင့်စဉ် ကျင့်လမ်းများကို ပွားများအားထုတ်၍ အမြဲ

မပြတ် ကုသိုလ်ကောင်းမှုကို ပြုလုပ်သွားပါလျှင် လူသားသေပြီး နောက် ၎င်းကုသိုလ်ကံအဟုန်တို့ကြောင့်ဘုံနန်းရိပ်သာသို့ ရောဂ်၍ အမျိုးမျိုးသောဇိမ်ရတနာတို့ကို ခံစား စံစားရပေမည်ဟု အနုမာန မျက်ရမ်းဆဖြင့်စိတ်ကူးယဉ်သော အဘိဓမ္မာဖြစ်ပေ၏။

ကျွန်ုပ်တို့ ဗုဒ္ဓဝါဒီ သူတော်ကောင်း လူသားတို့အား ပစ္စက္ခမျက်မှောက်တွင် ဒုက္ခတည်းဟူသော ဆင်းရဲချုပ်ငြိမ်းရန် အမှန်ဓမ္မဟောညွှန်သော ရှေ့ဆောင်တဆူဖြစ်သည့် ဗုဒ္ဓရှင်သည် ဥပါဒါန်တရားတို့၏ ချုပ်ငြိမ်းသည့် လမ်းစဉ်တရားကို လေးဆဲ့ငါးနှစ်တိုင်တိုင် လှည့်လည် ကြွသွားတော်မူပြီးလျှင် လူသားတို့အား အနှစ်တစဓမ္မအခြေခံ၍ လူ့သဘာဝဖြစ်စဉ် ပျက်စဉ်တို့ကို လူသားတို့မျက်တွေ့ လက်တွေ့ ကိုယ်တွေ့ ဖြစ်သည့်၊ လူ့အဘိဓမ္မာတရားတို့ အမှန်မြင် အမှန်သိဖြစ်စေ၍ ထိုမှဒုက္ခတည်းဟူသော ဆင်းရဲပစ္စက္ခတွင် ချုပ်ငြိမ်းခြင်း တရားမျှားကို ဟောကြားတော် မူခဲ့လေ၏။

ထိုနောက် ဗုဒ္ဓရှင် ပရိနိဗ္ဗာန်စံလွန်တော်မူပြီးနောက် ဗုဒ္ဓရှင်ဟောကြားတော်မူခဲ့သော စစ်မှန်သည့် ဓမ္မတို့ကို ဗုဒ္ဓရှင်၏ သာဝကမျှားဖြစ်ကြသော ရဟန်းတော်မျှားသည် တဦးနှင့်တဦး အယူဝါဒမတူမညီ ဖြစ်လာကြလေတော့၏၊ ထိုနောက် ရဟန်းတော်မျှားသည် အယူဝါဒတူညီကြသော ရဟန်းမျှားကို စုပေါင်းပြီး အယူဝါဒ မတူညီကြကုန်သော ရဟန်းမျှားကို ဖယ်ရှားပြီး လျှင်(၀၇)နှင်ထုတ်ကြပြီးလျှင်ကျန် အယူဝါဒတူညီကြ ကုန်သော ရဟန်းတော်မျှားစုကသာ ဗုဒ္ဓရှင်၏ တရားမျှားကို သံဂါယနာတင်ပဲ့ ပြုလုပ်ကြကုန်၏။

ဤကဲ့သို့ သံဂါယနာတင်ပဲ့မျှားသည် အထက်ပါအတိုင်း အာယူဝါဒမတူညီမှု ဖြစ်ပေါ်လာတိုင်း သံဂါယနာတင်ပဲ့ ပြုလုပ်ကြရပြန်သည် ယင်းကဲ့သို့ သံဂါယနာတင် ပဲ့ပေါင်းမျှားစွာ ပေါ်ပေါက် ခဲ့ရပေတော့သည်၊ နောက်ဆုံးကျန်ပ်တို့ လက်ထက်ရောက်သည့်အခါတွင် လက်ရှိပိဋကတော်မျှားဌ ပုဒ်-ပါဒ်-အက္ခရာမျှား ချုတ်ယှင်းတိမ်းပါးနေသည်တို့ကို အက္ခရာအမှန်ဖြစ်ရှိရန် ပြင်ဆင်ပြီး သံဂါယနာပဲ့ ပြုလုပ်ရပြန်၏။

သို့ရာတွင် သီဟိုဠ်မှဆင်းသက်လာသည့်အတိုင်း ဖြစ်ပေ၏၊ သို့ပါသောကြောင့် အဘိဓမ္မာ ခုနှစ်ကျမ်းတွင်ပါရှိသည်မှာ ဗုဒ္ဓရှင်ဝါဆိုစဉ်နှင့်စပ်လျဉ်း၍ ဗုဒ္ဓရှင်သည် ခြောက်ဝါအလွန် ခုနှစ်ဝါမြောက်တွင် တာဝတိ်သာသို့ နှစ်လှမ်း သုံးဖဝါးဖြင့် ကြွလှမ်းတော်မူပြီးလျှင် တာဝတိ်သာတွင် လူတို့၏ အရေအတွက်အား ဖြင့် ဝါတွင်းသုံးလပတ်လုံး နတ်ဗြဟ္မာအပေါင်းတို့အား အဘိဓမ္မာ တရားတော်ကို ဟောကြားတော် မူသည်ဟု ပါရှိသည်ကို တွေ့ရှိရပေ၏။

ထိုသို့သော နတ်ဘုံ ဗြဟ္မာဘုံ အပါယ်ဘုံ တို့သည် ရှိသည်ဟု စဲ့ယူကြသော အယူဝါဒတို့သည် ဗြဟ္မဏ ဟိန္ဒူလူမျိုးမျှား၏ အာယူဝါဒသာလျှင် ဖြစ်၏။ ထိုသို့သော ဟိန္ဒူဗြဟ္မဏတို့၏ အယူဝါဒဖြစ်သည့် အတ္တဝါဒနှင့်နတ်ဘုံ ဗြဟ္မာဘုံတွေ့ရှိသည်ဟု စဲ့ယူထားသော အယူဝါဒမျှားကို ဗုဒ္ဓရှင်သည် အလျဉ်းလက်ခံခြင်းမပြုကြောင်း ဓေပါဋိတော်တို့တွင် ထင်ရှားပါရှိသည်မှာ သက်သေခံလျက်ပင်ရှိချေ၏။

သို့ရာတွင် အဘိဓမ္မာခုနှစ်ကျမ်းမှစ၍ သံယုတ် အဂုံတို့ရှိ မဇ္ဈိမနိကာယ် စသည့် ပါဠိတော်တို့တွင် နတ်ဘုံ–ဗြဟ္မာဘုံ အပါယ်ဘုံ တွေ့ပါရှိသည်ကိုလည်း ဖတ်ရှု တွေ့မြင်ရပေသည်၊ ဗုဒ္ဓရှင်၏ဟောကြားညွှန်ပြတော်မူခဲ့သည့် စစ်မှန်သောတရားဂုဏ် ခြောက်ပါးနှင့်သော်၎င်း၊ ဓမ္မစက်နှင့်သော်၎င်း၊ အနတ္တဓမ္မနှင့်သော်၎င်း၊ နိုင်းယှဉ်ချက် ပြုလုပ်လိုက်ပါက အလွန်ပင်ကွာခြားနေသည်မှာ ထင်ရှားလှပေ၏၊ ထိုနောက် ဗုဒ္ဓမိန့်ဆိုတော်မူခဲ့သည်မှာ လူသားတို့ မျက်စိနှင့် နားနှင့် မြင်လည်းမမြင်ရသော နားနှင့် ကြားလည်းမကြားရသော လက်နှင့် ကိုင်တွယ်စမ်းသပ်၍ မရသော ဘုံဘဝစုံတို့သည် သင်လူသားတို့ ဆင်းရဲဖြစ်ရုံမျှအပ ဘာအကျိုးမျှမရနိုင်ကြောင်း ဟောညွှန်တော်မူသည်ကို ထောက်ရှုပါက ထင်ရှားလှပေ၏။

ဤကဲ့သို့မဟုတ်ပါဘဲ ဟိန္ဒူဗြဟ္မဏတို့၏ အယူဝါဒဖြစ်သည့် တာဝတိံသာနတ်ဘုံသို့ တန်ခိုးပြာဋိဟာရပေါင်းများစွာပြတော်မူကာ နှစ်လှမ်းသုံးဖဝါးလှမ်းတက်တော်မူပြီးနတ်ဗြဟ္မာအပေါင်းတို့အား အဘိဓမ္မာတရား ဟောတော်မူသည်ဟု ဆိုထားသည်ကို ဗုဒ္ဓဝါဒီသုတေသီအပေါင်းတို့ လေးလေးနက်နက် သုတေသနပြုလုပ် ကြည့်ရှုကြဘို့ရန် လျော်ကန်သင့်လှပေ၏၊ အကြောင်းကား ဗုဒ္ဓရှင်ကိုယ်တော်မြတ်ကြီးသည် ဣဿရ တန်ခိုးတော်ဖြင့်ရင်း၊ နိမ္မာန ဖန်ဆင်းခြင်းကိုရင်း၊ ဒေဝတာ နတ်ဗြဟ္မာတို့ရှိသည်ဟူသော စွဲယူခြင်းကိုရင်း၊ ဗုဒ္ဓရှင်တော်သည် အလျဉ်းပယ်တော်မူလေသည်။

သို့ရာတွင် ဗုဒ္ဓရှင်တော်၏ ဝါဆိုစဉ်နှင့် စပ်လျဉ်းပြီး ဗုဒ္ဓရှင်တော်သည် ခြောက်ဝါအလွန် ခုနှစ်ဝါမြောက်တွင် ရာဇဂြိုဟ်ပြည်မှ ကြွသွားတော်မူပြီး သာဝတ္ထိပြည်အနီး သရက်ဥယျာဉ်မှ နေ၍ တန်ခိုးတော်ဖြင့် ရေ-မီး အစုံအစုံတို့ကို ဖန်ဆင်းပြတော်မူကြောင်း တခမ်းတနား ရေးသားထားလေသည်၊ ထိုပြင် တန်ခိုးတော်ဖြင့် ရေ—မီး အစုံ တန်ခိုးပြာဋိဟာတွေ ပြပြီးလျှင် နှစ်လှမ်း သုံးဖဝါးဖြင့် ကြွလှမ်းတော်မူပြီးနောက် တာဝတိံသာနတ်ဘုံသို့ တက်ကြ၍ အဘိဓမ္မာတရားကို ဟောတော်မူကြောင်း အကျယ် ဝိတ္ထာရ ရေးသားထားသည်ကို တွေ့ရှိရသဖြင့် အထူးစဉ်းစားစရာကောင်း၍ နေပေ၏။

ထို့နောက် စဉ်းစားစရာ ကောင်းသည့် အချက်မှာ တန်ခိုးတော်ကိုရင်း၊ ဖန်ဆင်းခြင်းကိုရင်း၊ နတ်ပြဟ္မာရှိသည်ဟု စွဲယူသော အယူကိုရင်း၊ ဗုဒ္ဓရှင် လက်မခံသည်က တကြောင်း၊ ရေ—မီး အစုံတို့ကို တန်ခိုးတော်ဖြင့်ဖန်ဆင်း၍ ပြတော်မူပြီးလျှင် နှစ်လှမ်းသုံးဖဝါးဖြင့် တာဝတိံသာ နတ်ဘုံသို့ လှမ်းတက်တော်မူသည်ဟု ဆိုထားသည်ကတဖုံ၊ ၎င်းနောက် ဗုဒ္ဓဝံသ ပါဠိတော်မှာ (အဒ္ဓိတ္တဝစနံဗုဒ္ဓ)ဆိုထားပြန်လေသည်၊ ဗုဒ္ဓရှင်သည် စကားနှစ်ခွန်းမပြောကြောင်း ပါရှိပြန်လေသည်၊ သို့ပါသောကြောင့် ဤအချက်ကို လေးလေးနက်နက် စဉ်းစားကြရန်အလွန်ကောင်းလှပေတော့သည်။

သို့ပါသောကြောင့် ဗုဒ္ဓရှင်သည် နှစ်လှမ်း သုံးဖဝါးဖြင့် မဟာမြင့်မိုရ်တောင်ထိပ်သို့၎င်း၊ တာဝတိံသာကိုရင်း လှမ်းတက်ကော်မူသည်ဟု ဆိုထားရာတွင် နှစ်လှမ်းသုံးဖဝါးလှမ်း၍ တက်

သည်ကို အသာထားပြီးနတ်ပြည်ရှိမရှိ ၎င်းနေ၁က်မြင့်မိုရ်တောင်ရှိမရှိတို့ကို သေသေချာချာ စူးစမ်းလေ့လာရန် အလွန်ကောင်းပေ၏။

ထို့ကြောင့် ကျွန်ုပ်သည် "အတ္တဝါဒနှင့် တာဝတိံသာ အဘိဓမ္မာ" ဆိုသည် အမည်နာမ ကင်ပွန်းတပ်ဆင်ပြီး တာဝတိံသာနတ်ပြည်နှင့်ပတ်သက်သည့် ပါဠိတော်နှင့် အဋ္ဌကထာများတို့၌ ပါရှိသည်အတိုင်း ဟုတ်တန်၏မဟုတ်တန်၏ မှားသည် မှန်သည် ထိုနှစ်လိုတို့အား ဗုဒ္ဓဝါဒီသုတေသီတို့ လေ့လာထောက်ရှုနိုင်ကြစေရန် တာဝတိံသာနတ်ဘုံနှင့် ပတ်သက်၍ ခဲခြား စိတ်ဖြာဝေဖန်ရေးသား တင်ပြလိုက်ရပေသတည်း။

ခေတ်သစ်တခုကို ထူထောင်ရာတွင် အတွေးအခေါ်တော် လှန်ရေးသည်၊ တော်လှန်ရေးအမျိုးမျိုးတို့အနက် အရေးကြီး သော အခန်းကဏ္ဍမှ ပါဝင်၏။

ခေတ်နှင့် မလျော်တော့သော ရှေးဟောင်းအတွေးအခေါ် တို့ကို တော်လှန်ရာတွင် အောက်ပါ စာအုပ်တို့သည်၊ ကြီးစွာ သော အထောက်အကူတို့ကို ပြုလိမ့်မည်သာဖြစ်၏။

(၁) ဗုဒ္ဓဝါဒနှင့် ဘဝသံသရာ ၁- ကျပ်
အာဘိမမ္မာဆရာစိန်။

(၂) ၃၁- ဘုံဝါဒ ဗုဒ္ဓလက်မခံ ၂- ကျပ်
ကိုကိုလေး